The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .18, NO . 1 တနင်္လာနေ့တိုင်းထုတ်ဝေသည် January 1, 2018

# တန်ဖိုးမြှင့်ပြောင်း ပိုမိုထုတ်လုပ်ပြီး ပြောင်းဈေးကွက်တိုးချဲ့တင်ပို့နိုင်ဖို့

စာမျက်နှာ - ၈ ➢



## မြင်းခြံခရိုင်စားသုံးသူအခြေခံပွားမှုဖြေရှင်းရေးအဖွဲ့က တန်ဖိုးကျပ် ၂၇ သိန်းနီးပါးရှိ စားသုံးဆီများအား မြေမြှုပ်ဖျက်ဆီး

စာမျက်နှာ - ၂၃ ➢

## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေသည် နိုင်ငံ၏ စီးပွားရေးကို တိုးတက်စေရန်ရည်ရွယ်သည်ဟု အိုင်အမ်အက်ဖ်က သုံးသပ်

စာမျက်နှာ - ၃၃ ➢

အချပ်ပို (၄)မျက်နှာ ပူးတွဲပါရှိပါသည်။

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၏

### ၂၀၁၇ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် သမိုင်းမှတ်တိုင်များ






ဝိစာရ
ဝိစာရ အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်
စစ်မှန်ပြည့်ဝ ဝိစာရ


Fast Forward Shipping & Logistics Services Co.,LTD
OUR FUNCTION
-AIR FREIGHT AND SEA FREIGHT FORWARDING FOR
LOCAL AND INTERNATIONAL
-CUSTOMS CLEARANCE
-HOUSE-HOLD PACKING AND MOVING
-DOOR TO DOOR SERVICES
-LOOSE CONTAINER LOAD(LCL) CONSOLIDATION
-WAREHOUSING AND DISTRIBUTION LOGISTICS SERVICES
-PROJECT CARGO HANDLING
-HEAVY LIFT CARGO
ADDRESS : Rm C-6,No-646,Hlaing Sabai Condo,Hlaing Sabai Street,Insein Road, Hlaing Township,Yangon,Myanmar.
Tel : 951-519692,519563. HP : 09 514 1096,09 513 0448
E-mail : fastforward@yangon.net.mm,fastforward.ygn@gmail.com


WINMERO 1000
LYKAPANZOL
LYPIME
ANGIVAS
LDNIL 10
ATOREM F 10
RV-TELPHA
Real Value Therapy Pharmaceuticals Co.,Ltd.
No.138, B(1), Ground Floor, New University Avenue Road, Bahan Tsp, Yangon, Myanmar. Ph: 01 553703

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး (၁၆) ကြိမ်မြောက် တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

(၁၆) ကြိမ်မြောက် တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေးကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ရွှေလီမြို့၌ ဒီဇင်ဘာလ ၂၆ ရက်တွင် ကျင်းပခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်အမှာစကား ပြောကြားခဲ့သည်။




ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ကုန်သွယ်ရေးကဏ္ဍစဉ်ဆက်မပြတ်တိုးတက်ရေးတို့အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်မှုဖြင့် မဟာဗျူဟာမြောက် ဆက်သွယ်ဆက်ဆံခဲ့ရုံမျှသာမက ရှေးအစဉ်အလာကတည်းကပင် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုဖြင့် ဆက်ဆံခဲ့ကြသည့်အပြင် အာဆီယံ-တရုတ် မဟာဗျူဟာဆက်ဆံရေးမှာပါ ပိုမိုခိုင်မာအောင် ဆောင်ရွက်နေသည့်အတွက် ကဏ္ဍအသီးသီးမှာ ပူးပေါင်းဆောင်ရွက်မှုပြုလုပ်လျက်ရှိနေပါကြောင်း၊ ယနေ့ပြပွဲအပြင် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှု ပူးပေါင်း ညှိနှိုင်းရေးကော်မတီအစည်းအဝေး (JBTCCC) ကို ကျင်းပသွားမှာဖြစ်ပြီး ကုန်သွယ်မှုပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံကိုယ်စားလှယ်များအနေဖြင့် နည်းလမ်းကောင်းများရှာဖွေညှိနှိုင်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြန်မာ-တရုတ်(နယ်စပ်) ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ငါးဘီလီယံအထိ တိုးတက်ဆောင်ရွက်နိုင်ခဲ့ပြီး ပင်လယ်ရေကြောင်း အပါအဝင် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၈၁ ဘီလီယံအထိ ရှိလာခဲ့ပြီး မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်သည် မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးအတွက် အရေးပါရုံသာမက ဒေသတွင်း အရှေ့တောင်အာရှနှင့် တောင်အာရှနိုင်ငံများအကြား မဟာဗျူဟာကျသည့် ကုန်သွယ်ရေးဇုန်တစ်ခုဖြစ်သည့်အတွက် အခုလိုကုန်စည်ပြပွဲကျင်းပခြင်းဖြင့် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်နိုင်ပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုစေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြပွဲအား နှစ်နိုင်ငံကုန်သွယ်မှုတိုးမြှင့်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့ကို ရည်ရွယ်၍ တံခါးဖွင့်ခြင်း၊ ရင်းနှီးမြှုပ်နှံခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အကျိုးမျှဝေခံစားခြင်းဆိုသည့် ခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားတွင် တယ်ဟုန်တိုင်း၊ ပြည်သူ့အစိုးရပါတီ အထွေထွေအတွင်းရေးမှူး မစ္စတာဝမ်ကျင့်ချန်ကလည်း အဖွင့်အမှာစကားပြောကြားခဲ့သည်။

တရုတ်-မြန်မာ နှစ်နိုင်ငံကုန်စည်ပြပွဲကို ၂၀၀၁ ခုနှစ်မှစတင်၍ နှစ်နိုင်ငံအလှည့်ကျ ကျင်းပလာခဲ့ရာ ယခုအခါ (၁၆) ကြိမ်မြောက် ကျင်းပနိုင်ခဲ့ပြီး ယခုနှစ်တွင် မြန်မာနိုင်ငံမှ ကုမ္ပဏီပေါင်း ၃၉ ခုက ပြခန်းပေါင်း ၅၄ ခန်းပြသခဲ့ကာ တရုတ်နိုင်ငံဘက်မှ ပြခန်းပေါင်း ၁၅၀ ခန့် ခင်းကျင်းပြသခဲ့သည်။

အဆိုပါပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ ကချင်ပြည်နယ်အစိုးရအဖွဲ့၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်း၊ ကူမင်းမြို့ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကောင်စစ်ဝန်ချုပ် ဦးစိုးပိုင်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာကုန်သည်လုပ်ငန်းရှင်များ စုစုပေါင်း တစ်ရာကျော်ခန့် တက်ရောက်ခဲ့ပြီး တရုတ်နိုင်ငံဘက်မှ တယ်ဟုန်တိုင်း၊ ပြည်သူ့အစိုးရပါတီ အထွေထွေအတွင်းရေးမှူး မစ္စတာဝမ်ကျင့်ချန်နှင့် ယူနန်ပြည်နယ်၊ ပြည်သူ့အစိုးရပါတီကော်မတီဝင် မစ္စတာကောက်စူချင်းတို့ဦးဆောင်သော ကုန်သည်လုပ်ငန်းရှင် ၁၅၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC (IR)**

## (၁၆)ကြိမ်မြောက် တရုတ်-မြန်မာ နယ်စပ်ကုန်စည်ပြပွဲအောင်မြင်စွာကျင်းပ

တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ကုန်သွယ်မှု ပိုမိုတိုးတက်စေရန်နှင့် နယ်စပ်နေပြည်သူများ စီးပွားရေး ပိုမိုတိုးတက်စေရန်အတွက် နှစ်စဉ်နှစ်နိုင်ငံအကြား နယ်စပ်ကုန်စည်ပြပွဲအား အလှည့်ကျကျင်းပဆောင်ရွက်လျက်ရှိရာ (၁၆)ကြိမ်မြောက် တရုတ်-မြန်မာ နယ်စပ်ကုန်စည်ပြပွဲအား ဒီဇင်ဘာ ၂၆ ရက်မှ ၃၀ ရက်အထိ တရုတ်နိုင်ငံ၊ ရွှေလီမြို့တွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပါသည်။

(၁၆) ကြိမ်မြောက် တရုတ်-မြန်မာနယ်စပ်ကုန်စည်ပြပွဲ အခမ်းအနားကို မြန်မာနိုင်ငံဘက်မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ တယ်ဟုန်တိုင်း၊ ပြည်သူ့အစိုးရပါတီ အထွေထွေအတွင်းရေးမှူး မစ္စတာဝမ်ကျင့်ချန်ခေါင်းဆောင်သော ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ ကုန်စည်ပြပွဲအခမ်းအနားတွင် မြန်မာနိုင်ငံဘက်မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ တယ်ဟုန်တိုင်း၊ ပြည်သူ့အစိုးရပါတီ အထွေထွေအတွင်းရေးမှူး မစ္စတာဝမ်ကျင့်ချန်တို့က အဖွင့်အမှာစကားအသီးသီးပြောကြားခဲ့ကြပြီး ကုန်စည်ပြပွဲအခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပါသည်။

**နှစ်နိုင်ငံ**

## (၁၂)ကြိမ်မြောက် တရုတ်-မြန်မာ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေးကော်မတီအစည်းအဝေး အောင်မြင်စွာကျင်းပ

တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ကုန်သွယ်မှုပိုမို တိုးတက်စေရန်နှင့် ကုန်သွယ်မှုဆိုင်ရာအခက်အခဲများ ပူးပေါင်းညှိနှိုင်းဖြေရှင်းနိုင်ရန်အတွက် နယ်စပ်ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေးကော်မတီ (Joint Border Trade Coordinating and Cooperating Committee-JBTCCC) အားဖွဲ့စည်း၍ အဆိုပါကော်မတီစည်းအဝေးများကို နှစ်စဉ်နှစ်နိုင်ငံအပြန်အလှန် အလှည့်ကျကျင်းပလျက်ရှိရာ ဒီဇင်ဘာလ ၂၆ ရက်မှ ၃၀ ရက်အထိ တရုတ်နိုင်ငံ၊ ရွှေလီမြို့၌ ကျင်းပခဲ့သည့် (၁၆) ကြိမ်မြောက် တရုတ်-မြန်မာနယ်စပ် ကုန်စည်ပြပွဲကာလအတွင်း (၁၂) ကြိမ်မြောက် တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေးကော်မတီအစည်းအဝေးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။

**စာမျက်နှာ - ၆ သို့**



Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ကြည်မာ

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သုံ့နွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၂၅၃၀၂၈

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ပြည့်ဟိန်းဇော်
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ယခုတစ်ပတ်ဆန်တန်ချိန် ကိုးသောင်းကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်နဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဒီဇင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၇၅၈ သန်းတန်ဖိုးရှိ ဆန်နဲ့ကောက်ညှင်းဆန် ၅၉၈၆၉ တန် တင်ပို့ခဲ့ပါတယ်။ မြန်မာ-တရုတ်နယ်စပ်မှတင်ပို့မှုများမှာ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန်တန်ချိန် ၁၃၀၊ ဧည့်မထဆန် ၄၃၁၂၁ တန်ကျော်နဲ့ ကောက်ညှင်းဆန် ၁၃၃ တန်၊ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန်တန်ချိန် ၂၆၃၀၊လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၁၂၅၈၅ တန်တင်ပို့ခဲ့ပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေ ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန်တန်ချိန်၆၀နဲ့မနောသုခတန်ချိန် ၆၅၀၊ မောင်တောကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန်တန်ချိန် ၅၆၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ကုန်သွယ်ရေးစခန်းများမှ ဆန် ၅၃၃၃၄ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၆၅၃၅တန်ပိုမိုတင်ပို့နိုင်ကြောင်းသိရှိရပါတယ်။

ယခုတစ်ပတ်ဆန်သာမက ဆန်ကွဲပါပိုမိုတင်ပို့နိုင်တာ တွေ့ရပါတယ်။ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၁၆ သန်းတန်ဖိုးရှိဆန်ကွဲ၁၀၃၅ တန်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၀၉ သန်းတန်ဖိုးရှိ ဆန်ကွဲ ၃၆၃ တန် တင်ပို့ခဲ့တဲ့အတွက် စုစုပေါင်းအမေရိကန်ဒေါ်လာသုည ဒသမ ၄၂၅ သန်း တန်ဖိုးရှိ ဆန်ကွဲ ၁၃၉၈ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန်ကွဲ၁၂၇၁တန်တင်ပို့တဲ့အတွက် ယခုတစ်ပတ်မှာ ဆန်ကွဲ ၁၂၇ တန်ပိုမိုတင်ပို့နိုင်ကြောင်းသိရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဒီဇင်ဘာ ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၈၁၅ သန်းတန်ဖိုးရှိ ဆန်ဖြူနဲ့ပေါင်းဆန် ၃၃၈၅၆ တန် တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ် ဆန်တင်ပို့မှုများအနက် အိုင်ဗရီကို့စ်နိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၂၀၀၀၀ တင်ပို့ပြီး အများဆုံးတင်ပို့ခဲ့တာ ဖြစ်ပါတယ်။

အခြားထပ်မံတင်ပို့မှုများမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဧည့်မထဆန် ၃၃၇၅ တန်နဲ့ ပေါင်းဆန် ၄၈၇၅ တန်၊ မက်ဒါဂါစကားနိုင်ငံသို့ ဧည့်မထဆန် ၂၁၂၅ တန်၊ သီရိလင်္ကာနိုင်ငံသို့ ငစိန်ဆန် ၅၆၈ တန်နဲ့ ဧည့်မထဆန် ၃၆၅ တန်၊ တရုတ်နိုင်ငံသို့ ငစိန်ဆန်တန်ချိန် ၁၀၀၊ တောင် အာဖရိကနိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၃၆၀၊ ရုရှားနိုင်ငံသို့ ငစိန်ဆန် ၃၇၅ တန်နဲ့ အီးယူနိုင်ငံများသို့ ပေါင်းဆန် ၁၇၅တန်နဲ့ ဧည့်မထဆန် ၁၅၃၈ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပင်လယ်ရေကြောင်းမှ ဆန် ၁၉၉၉၃ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် ဆန် ၁၃၈၆၃ တန် ပိုမိုတင်ပို့ခဲ့ကြောင်း သိရှိရပါတယ်။

ဆန်အပြင် ဆန်ကွဲတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၃၇ သန်းတန်ဖိုးနဲ့ တန်ချိန် ၆၅၃၀ တန်ရှိပါတယ်။ ဆန်ကွဲကို ယခုတစ်ပတ်မှာ ဗီယက်နမ်နိုင်ငံသို့ ၁၂၅ တန်၊ သီရိလင်္ကာနိုင်ငံသို့ ၁၂၅ တန်၊ စင်ကာပူနိုင်ငံသို့တန်ချိန် ၅၀၊ ဆီနီဂေါနိုင်ငံသို့တန်ချိန် ၁၃၀၀ နဲ့အီးယူနိုင်ငံများသို့ တန်ချိန် ၄၉၃၀တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန်ကွဲ ၂၆၀၄ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၃၉၂၆ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ ကုန်သွယ်ရေးစခန်းများနဲ့ ပင်လယ်ရေကြောင်းမှ ဆန် ၉၃၇၂၅ တန်နဲ့ ဆန်ကွဲ ၇၉၂၈ တန်တင်ပို့ပြီး ယခင်တစ်ပတ်ထက် ပိုမိုတင်ပို့နိုင်ကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၉-၁၂-၂၀၁၇ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၉၅ | ၃၉၅ | □ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၈၅ | ၃၈၅ | □ | ၃၈၇ | ၃၈၅ | ▽ | ၄၀၅ | ၄၁၀ | △ | ၃၇၅ | ၃၈၀ | |
| ဆန်ဖြူ ၁၀% | ၃၈၃ | ၃၈၃ | □ | ၃၈၂ | ၃၈၀ | ▽ | - | - | - | ၃၇၁ | ၃၇၇ | |
| ဆန်ဖြူ ၁၅% | ၃၇၆ | ၃၇၅ | □ | ၃၇၀ | ၃၇၆ | ▽ | - | - | - | ၃၆၇ | ၃၇၄ | |
| ဆန်ဖြူ ၂၅% | ၃၆၀ | ၃၆၀ | □ | ၃၆၅ | ၃၆၅ | □ | ၃၇၅ | ၃၇၀ | ▽ | ၃၄၂ | ၃၄၃ | |
| ပေါင်းဆန် | ၄၃၂ | ၄၃၀ | ▽ | - | - | - | ၄၁၅ | ၄၁၅ | □ | ၄၁၈ | ၄၁၈ | |

*Source: liverice*

# ပြည်တွင်းမြို့ကြီးများ၏ (၂၉-၁၂-၂၀၁၇)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပေါ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပေါ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပေါ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပေါ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၀၀၀ | □ | ၂၁၀၀၀ | □ | ၈၂၈၀ | □ | ၃၃၀၀၀ | |
| ပုသိမ် | ၅၂၄၀ | □ | ၂၁၀၀၀ | □ | ၇၆၂၀ | □ | ၃၁၅၀၀ | |
| ပဲခူး | ၄၉၀၀ | ▽ | ၂၀၀၀၀ | □ | ၆၇၀၀ | □ | ၃၆၀၀၀ | |
| ရွှေဘို | ၆၀၀၀ | □ | ၂၄၀၀၀ | □ | ၁၂၀၀၀ | □ | ၄၁၀၀၀ | |
| စစ်တွေ | ၄၃၀၀ | □ | ၁၉၀၀၀ | □ | ၇၂၀၀ | □ | ၃၆၀၀၀ | |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၅၀၀ | □ | ၂၁၀၀၀ | □ | - | - | ၄၇၀၀၀ | |
| ရန်ကုန်(ဝါးတန်း) | ၄၇၃၀ | □ | ၂၃၀၀၀ | △ | - | - | ၄၃၀၀၀ | |
| မန္တလေး | ၅၇၀၀ | □ | ၂၆၅၀၀ | ▽ | - | - | ၄၆၀၀၀ | |
| မကွေး | ၅၇၀၀ | ▽ | ၂၂၀၀၀ | ▽ | - | - | ၃၇၀၀၀ | |
| မော်လမြိုင် | ၅၀၆၀ | □ | ၁၈၀၀၀ | □ | ၆၉၀၀ | □ | ၂၅၀၀၀ | |
| လှိုင်ကော် | ၆၄၀၀ | ▽ | ၃၂၀၀၀ | □ | - | - | ၆၀၀၀၀ | |
| မြိတ် | ၄၃၀၀ | ▽ | ၂၁၀၀၀ | □ | ၅၃၀၀ | - | ၃၂၀၀၀ | |
| ဘားအံ | ၄၇၀၀ | △ | ၂၄၀၀၀ | ▽ | - | - | ၃၈၀၀၀ | |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

# ဆန်ချောရောဆန်ကြမ်းပါ ဈေးအတက်အကျသိပ်မရှိ

ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်မှာ ဆန်ချောအသစ်များဖြစ်တဲ့ ဖျာပုံ၊ ပုသိမ်၊ မြောင်းမြ၊ ကျိုက်လတ်ပေါ်ဆန်းဆန်များဈေးငြိမ်နေကြောင်း သိရပါတယ်။ ဝါးတန်းကုန်စည်ဒိုင်ရဲ့ ဆန်လက်ကားဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကျပ် ၃၃၀၀၀ နဲ့လတ်စတစ်အိတ်ကျပ် ၃၂၀၀၀၊ပုသိမ်၊ မြောင်းမြပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကျပ် ၃၄၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၃၃၀၀၀၊ နယ်စုံကျိုက်လတ်ထိပ်စတစ်အိတ်ကျပ် ၃၀၀၀၀ နဲ့လတ်စတစ်အိတ်ကျပ် ၂၈၅၀၀ရှိပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။ ပေါ်ဆန်းအသစ်တစ်အိတ်ကျပ် ၂၇၀၀၀ မှ ကျပ် ၂၈၅၀၀ ရှိပြီး တစ်အိတ်ကိုကျပ် ၁၀၀၀ ခန့်အထိ ဈေးကျကြောင်းသိရပါတယ်။ ကျားပျံအသစ်ကတော့ တစ်အိတ်ကို ကျပ် ၃၀၀၀၀ မှ ကျပ် ၃၃၀၀၀ ဖြစ်ပြီး ယခင်တစ်ပတ်ဈေးအတိုင်း မပြောင်းလဲကြောင်းသိရပါတယ်။

ဧည့်မထဆန်၊ ငစိန်ဆန်၊ မိုးသုခဆန်စတဲ့ဆန်ကြမ်းများလည်း ဈေးငြိမ်နေကြောင်းသိရပါတယ်။ ဧည့်မထဆန်ထိပ်စတစ်အိတ်ကျပ် ၂၃၅၀၀နဲ့ လတ်စတစ် အိတ်ကျပ် ၂၀၅၀၀၊ နွေသီးထပ်ရှယ် တစ်အိတ်ကျပ် ၂၅၀၀၀ မှ ကျပ် ၂၇၀၀၀၊ နွေဆန်ရက် ၉၀ တစ်အိတ်ကျပ် ၂၆၀၀၀ မှ ကျပ် ၂၇၀၀၀၊ ဧည့်မထ ၂၅မှတ် တစ်အိတ်ကျပ် ၁၈၅၀၀မှ ကျပ် ၁၉၀၀၀၊ ငစိန်အသစ်တစ်အိတ်ကျပ် ၁၈၀၀၀ မှ ကျပ် ၁၈၅၀၀၊ မိုးသုခတစ်အိတ်ကျပ် ၂၅၅၀၀ မှ ကျပ် ၂၆၀၀၀ ဖြစ်ပြီး ဈေးငြိမ်နေကြောင်း သိရပါတယ်။ ဆန်ကြမ်းအသစ်(ရှယ်) တစ်အိတ်ကျပ် ၂၀၇၀၀ မှ ကျပ် ၂၁၀၀၀ ဖြစ်ပြီး တစ်အိတ်ကို ကျပ် ၅၀၀ ခန့်ဈေးကျပါတယ်။ ရက် ၉၀ အသစ်ကတော့ တစ်အိတ်ကို ကျပ် ၂၃၅၀၀ မှ ကျပ် ၂၄၀၀၀ ဖြစ်ပြီးတစ်အိတ်ကို ကျပ် ၅၀၀ ခန့်ဈေးတက်ကြောင်းသိရပါတယ်။

ယခုတစ်ပတ် မူဆယ်ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ်မော်ဘီတစ်အိတ် ၁၃၇ ယွမ်မှ ၁၃၉ ယွမ်၊ ဧည့်မထ ၅မှတ်စူပါတစ်အိတ် ၁၃၁ ယွမ်မှ ၁၃၂ ယွမ်၊ ဧည့်မထ ၁၀ မှတ်မော်ဘီတစ်အိတ် ၁၃၃ ယွမ်မှ ၁၃၄ ယွမ်၊ ဧည့်မထ ၁၀ မှတ် စူပါတစ်အိတ် ၁၂၈ ယွမ်မှ ၁၂၉ ယွမ်၊ သုခ ၁၅ မှတ်တစ်အိတ် ၁၂၁ ယွမ်မှ ၁၂၂ ယွမ်၊ သုခ ၂၅ မှတ်တစ်အိတ် ၁၁၅ ယွမ်မှ ၁၁၇ ယွမ်၊ ငစိန် ၅မှတ်တစ်အိတ် ၁၂၃ ယွမ်မှ ၁၂၄ ယွမ်၊ ငစိန် ၁၅ မှတ်တစ်အိတ် ၁၁၈ ယွမ်မှ ယွမ် ၁၂၀၊ ငစိန် ၂၅မှတ် တစ်အိတ် ၁၁၅ ယွမ်မှ ၁၁၇ယွမ်ရှိပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေကြောင်း သိရပါတယ်။

မြို့တွင်းနယ်စုံမှ မူဆယ်သို့ ဆန်အဝင်မှာ ဒီဇင်ဘာလ ၂၁ရက်မှ ၂၇ရက်အထိ၄၅၅၀၅တန်ရှိပါတယ်။ဆန်အဝင်ပုံမှန်ရှိပြီး အရောင်းအဝယ်လည်း ပုံမှန်ရှိကြောင်းသိရပါတယ်။ ဒီဇင်ဘာ ၂၉ ရက်ငွေလဲနှုန်းအရ တစ်ယွမ်ကို ၂၀၄ ကျပ် ဈေးပေါက်ကြောင်း မူဆယ်မှသိရပါတယ်။

**ယဉ်ယဉ်အေး**

# ရောဝတီတိုင်းဒေသကြီးအတွင်း လက်ရှိအသစ်/အဟောင်းဆန်၊စပါးဈေးကွက်တွင် မြို့နယ်အချို့ဈေးနှုန်း အပြောင်းအလဲရှိပြီး အရောင်းအဝယ်အေး

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဆန်စပါးဈေးကွက်တွင် ယခုလက်ရှိ မိုးစပါးသစ်များမြို့နယ်စုံမှ အများအပြားဝင်ရောက်လျက်ရှိပြီး စပါးဟောင်းလက်ကျန်မှာလည်း အချို့ မြို့နယ်များတွင် ပြတ်သလောက်ရှိ၍ ဧည့်မထ ဆန်သစ်၊ ပေါ်ဆန်းရင်ဆန်သစ်များအား ဒေသတွင်းနှင့်ရန်ကုန်၊ ပြည်၊ မုံရွာ၊မန္တလေးနှင့်အခြားမြို့များသို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း ဆန်စပါးဈေးကွက်မှ သိရသည်။

လက်ရှိဧည့်မထစပါးဟောင်း ၄၆ ပေါင်တင်း ၁၀၀ကို ကျပ်ငါးသိန်းငါးသောင်းနှင့် ခြောက်သိန်းဝန်းကျင်၊ ဆန်တစ်အိတ်ကို ကျပ် ၂၃၀၀၀ မှ ကျပ် ၂၆၀၀၀ ဈေးရှိပြီး စပါးသစ် ၄၆ ပေါင်တင်း ၁၀၀ လျှင် ကျပ် ငါးသိန်းတစ်သောင်းမှ ငါးသိန်းလေးသောင်းဝန်းကျင်၊ ဆန်တစ်အိတ်လျှင် ကျပ် ၁၉၅၀၀ မှ ကျပ် ၂၂၀၀၀အတွင်းရှိကြောင်းသိရသည်။ ဆန်စပါးအရည်အသွေးပေါ် မူတည်၍ မြို့နယ်အချို့တွင် စပါးဟောင်း စပါးသစ်တင်း ၁၀၀ ကို ကျပ် ၃၀၀၀၀ မှ ကျပ် ၅၀၀၀၀ ဝန်းကျင်၊ ဆန်တစ်အိတ်ကို ကျပ် ၂၀၀၀ မှ ကျပ် ၃၀၀၀ ဝန်းကျင် ဈေးနှုန်းကွာခြားမှုရှိကြောင်း၊ အလားတူ ပေါ်ဆန်းစပါး ၄၆ ပေါင်တင်း ၁၀၀ လျှင် ကျပ် ၈၅၉၁၀၀၊ ဆန်တစ်အိတ်ကျပ် ၄၁၅၀၀၊ စပါးသစ်ပေါ်ဆန်းကျပ် ၇၆၂၀၀၀၊ ဆန်တစ်အိတ်လျှင် ကျပ် ၃၁၀၀၀ နှင့်စပါးဈေးမှာ ကျပ်တစ်သိန်းဝန်းကျင်၊ ဆန်တစ်အိတ်လျှင် ကျပ်တစ်သောင်းဝန်းကျင်ဈေးနှုန်းကွာခြားမှုရှိပြီး အရောင်းအဝယ်အနည်းငယ်အေးလျက်ရှိကြောင်း ဆန်စပါးဈေးကွက်သတင်းများမှသိရသည်။

**မင်းမင်းဦး(ပုသိမ်)**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၉-၁၂-၂၀၁၇ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၂/၁၂ | ၂၉/၁၂ | ပြောင်းလဲမှု | ၂၂/၁၂ | ၂၉/၁၂ | ပြောင်းလဲမှု | ၂၂/၁၂ | ၂၉/၁၂ | ပြောင်းလဲမှု | ၂၂/၁၂ | ၂၉/၁၂ | ပြောင်းလဲမှု |
| မတ်ပဲ | ၉၇၂ | ၉၇၃ | ▲ | ၉၇၃ | ၁၀၃၃ | ▲ | ၉၇၅ | ၁၀၀၀ | ▲ | ၈၉၀ | ၁၀၀၅ | ▲ |
| ပဲစင်းငုံ | ၆၇၀ | ၆၃၂ | ▼ | ၆၀၀ | ၆၀၀ | ■ | ၆၃၀ | ၅၉၅ | ▼ | ၆၇၅ | ၆၉၀ | ▲ |
| ပဲတီစိမ်း | ၁၃၀၀ | ၁၃၀၀ | ■ | ၁၃၈၇ | ၁၄၀၄ | ▲ | ၁၂၆၃ | ၁၂၃၇ | ▼ | ၁၂၈၀ | ၁၂၈၀ | ■ |
| ကုလားပဲရိုးရိုး | ၂၀၂၅ | ၂၀၂၅ | ■ | ၁၇၄၇ | ၁၇၄၇ | ■ | ၁၆၈၄ | ၁၅၀၀ | ▼ | ၁၅၃၀ | ၁၅၄၀ | ▲ |
| ပဲလွန်းဖြူ | ၁၃၈၀ | ၁၂၈၀ | ▼ | ၁၅၀၀ | ၁၅၀၀ | ■ | ၁၅၀၀ | - | - | ၁၄၉၀ | ၁၄၉၀ | ■ |
| ထောပတ်ပဲ | ၁၃၀၀ | ၁၃၀၀ | ■ | - | - | - | - | - | - | - | - | - |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၉-၁၂-၂၀၁၇ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၂၂/၁၂ | ၂၉/၁၂ | ပြောင်းလဲမှု | ၂၂/၁၂ | ၂၈/၁၂ | ပြောင်းလဲမှု | ၂၂/၁၂ | ၂၈/၁၂ | ပြောင်းလဲမှု |
| မတ်ပဲ | ၄၂၀ | ၄၅၀ | ▲ | ၆၇၁ | ၆၄၇ | ▼ | ၆၂၅ | ၆၀၈ | ▼ |
| ပဲစင်းငုံ | ၂၉၅ | ၃၁၀ | ▲ | ၆၆၀ | ၆၁၉ | ▼ | ၆၈၇ | ၆၇၀ | ▼ |
| ပဲတီစိမ်း | ၆၈၀ | ၆၂၅ | ▼ | - | - | - | ၈၂၈ | ၇၉၅ | ▼ |
| ကုလားပဲဖြူလုံးကြီး | ၈၆၀ | ၈၆၀ | ■ | ၇၃၄ | ၆၄၇ | ▼ | ၇၆၅ | ၆၅၅ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၁၆၊၁၂၊၁၇)ထိ | ယခုတစ်ပတ် (၂၃၊၁၂၊၁၇)ထိ | (၁၊၁၊၁၇) မှ (၂၃၊၁၂၊၁၇) ထိ |
| မတ်ပဲ | ၄၇၉၀၂၈ | ၆၇၇၀ | ၄၈၅၇၉၈ |
| ပဲတီစိမ်း | ၁၁၇၁၁၁ | ၁၉၉၈ | ၁၁၉၁၀၉ |
| ပဲစင်းငုံ | ၂၂၀၈၂၉ | ၁၃၀၁ | ၂၂၂၁၃၀ |
| ကုလားပဲ | ၃၉၉၈၈ | ၁၉၆ | ၄၀၁၈၄ |
| ပဲလွန်းဖြူ | ၁၂၉၀၇ | ၂၅ | ၁၂၉၃၂ |
| မြေထောက်ပဲ | ၁၈၅၄၇ | ၁ | ၁၈၅၄၈ |

### ၂၆-၁၂-၂၀၁၇ မှ ၂၉-၁၂-၂၀၁၇ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 895 | 44,235,946.176 |
| 2 | Form D | 78 | 3,405,813.300 |
| 3 | Form E | 129 | 2,706,406.180 |
| 4 | Korea GSP | 9 | 577,414.950 |
| 5 | Form AK | 133 | 4,728,440.280 |
| 6 | Form AJ | 9 | 303,241.420 |
| 7 | Form AI | 79 | 2,865,957.210 |
| 8 | Form AANZ | 7 | 113,758.790 |
| 9 | Form DFTP | 1 | 11,000.000 |
| Grand Total | | 1340 | 58,947,978.306 |

# ဒီဇင်ဘာလကုန်ပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာ ပဲစင်းငုံသစ်ဈေး မြင့်လာသလို ပဲကြီးသီးနှံဈေးအမြင့်ဆုံးနဲ့ အရောင်းအဝယ်ဖြစ်

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်မှာ ဒီဇင်ဘာလကုန်ပတ်အတွင်း မတ်ပဲ၊ ကုလားပဲ၊ ပဲကြီးသီးနှံများမှလွဲ၍ ကျန်ပဲများအားလုံးလိုလို ဝင်ရောက်ခဲ့ပါတယ်။ မတ်ပဲသီးနှံမှာ ပဲဟောင်းလက်ကျန်များဖြင့် ရန်ကုန်ဝယ်လက်သမားများက နေ့စဉ်ဝယ်ယူခဲ့သလို ပဲဈေးနှုန်းလည်း မြင့်တက်လာခဲ့တဲ့အတွက် အိတ် ၂၀၀-၃၀၀ ကျော်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ပဲလှော်လက်သမားအချို့လည်း ပဲဈေးနှုန်းမြင့်တက်လာလို့ရောင်းချလာခဲ့ကြပါတယ်။ ပဲဈေးမှာ ယခင်တစ်ပတ်က ကျပ်နှစ်သောင်းအောက်ဈေးနဲ့သာအရောင်းအဝယ်ဖြစ်ခဲ့ရာမှ ယခုတစ်ပတ်မှာတော့ ကျပ်နှစ်သောင်းအထက် ရရှိလာခဲ့လို့ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်ပိုဖြစ်လာခဲ့ကြောင်းသိရပါတယ်။

ပန်းတောင်း၊ ကံမနှင့် ပြည်အနီးတစ်ဝိုက်မှ ပဲစင်းငုံသစ်များ နေ့စဉ်အနည်းငယ်စီ ဝင်ရောက်ခဲ့ပါတယ်။ ပဲသစ်တစ်တင်းကျပ် ၁၃၅၀၀နှင့် ပဲဟောင်းတစ်တင်း ကျပ် ၁၁၅၀၀ အသီးသီးရရှိခဲ့ပါတယ်။ ရန်ကုန်ဝယ်လက်က ပဲဟောင်းထက် ပဲသစ်ကို ပိုမိုဝယ်ယူခဲ့တာကြောင့် နေ့စဉ်အိတ် ၅၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲစင်းငုံအသစ်မပေါ်ခင်အချိန် ပဲဟောင်းလက်ကျန်များဖြင့် အရောင်းအဝယ်ဖြစ်ချိန်က အရောင်းအဝယ်အေးသလို ဈေးလည်းအေးနေခဲ့လို့ ကျပ်တစ်သောင်းအောက်ဈေးအထိ ဈေးအေးခဲ့တာကို တွေ့ရပါတယ်။

ကုလားပဲသီးနှံမှာ ပဲဟောင်းများသာရှိသေးသလို တချို့ဒေသများက မျိုးပဲအဝယ်ရှိနေတယ်လို့ သိရပါတယ်။ ပဲလက်ကျန်များအား ခွဲစက်သမားများက နေ့စဉ်အိတ် ၁၅၀ မှ ၂၀၀ ကျော်ဝယ်ယူခဲ့ပြီး တစ်တင်းကျပ် ၃၁၀၀၀ ဖြင့် ယခင်တစ်ပတ်ထက်ဈေးအနည်းငယ် ပိုရလာခဲ့ပါတယ်။ မျိုးပဲတစ်တင်းကျပ် ၃၆၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

ပဲကြီးသီးနှံကတော့ ပဲဈေးကွက်အတွင်း ဈေးအမြင့်ဆုံးရတဲ့ သီးနှံဖြစ်လို့(ရွှေကျွန်း) တစ်တင်းကျပ် ၈၀၀၀၀၊(ကမ်းနား) တစ်တင်းကျပ် ၇၀၀၀၀ ဖြင့် ပဲကြော်ဖိုလုပ်ငန်းသမားများက ဝယ်ယူခဲ့ကြတဲ့အတွက် နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲကြီးသီးနှံအနေဖြင့် ယခင်နှစ်ကထက် ဈေးပိုရခဲ့ပြီး ပဲဈေးကွက်အတွင်း စံချိန်တင်မြင့်တက်ခဲ့တဲ့ပဲဖြစ်ခဲ့ပါတယ်။လက်လီပဲများဖြစ်သော ထောပတ်ပဲ၊ ပဲနီပြား၊ စားတော်ပဲသီးနှံများမှာ ပဲသစ် ဝင်ရောက်ခြင်းမရှိသေးတဲ့အတွက် ပဲဟောင်းလက်ကျန်များဖြင့် အိတ်အနည်းငယ်စီ နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့ကာ ပဲဈေးများမှာလည်း ယခင်တစ်ပတ်အတိုင်း ဈေးဆက်ငြိမ်လျက် ပဲနီပြားတစ်တင်းကျပ် ၃၈၀၀၀၊ ထောပတ်ပဲတစ်တင်းကျပ် ၃၁၅၀၀နှင့်စားတော်ပဲ(မင်းတုန်း)တစ်တင်းကျပ် ၅၀၀၀၀၊ (ကနေဒါ) တစ်တင်း ကျပ် ၃၁၀၀၀ တို့ဖြင့် ရောင်းဝယ်ခဲ့ကြတာကိုတွေ့ရပါတယ်။

**ခင်ဆွေဝင်း**

# ဒီဇင်ဘာစတုတ္ထပတ်အတွင်း ပခုက္ကူကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်ပေါ်ခဲ့သော ဈေးကွက်နှင့်ဈေးနှုန်း

ပခုက္ကူကုန်စည်ဒိုင်၌ ယခုတစ်ပတ်အတွင်း ပဲစင်းငုံနီအသစ်များ စတင်ဝင်ရောက်နေပြီဖြစ်ပါတယ်။ ပဲစင်းငုံနီအသစ် တစ်တင်းလျှင်ကျပ် ၁၄၂၀၀ ဖြင့် ၁၅ အိတ်နှင့် ပဲစင်းငုံနီအဟောင်းတစ်တင်းလျှင် ကျပ် ၁၂၅၀၀ ဖြင့် နေ့စဉ်တင်း ၅၀ မှ ၂၀၀ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ရန်ကုန်သို့ အိတ်ရေ ၃၉၀ ခန့်တင်ပို့ခဲ့ပါတယ်။ ကုလားပဲဈေးကွက်တွင် ပြည်ပဝယ်လက်မရှိ၍ ဈေးကျဆင်းနေကြောင်း ဒိုင်မှသိရပါတယ်။ ယခင်လကကုလား ပဲဖြူ V2 တစ်တင်းလျှင်ကျပ်၄၂၀၀၀ ရှိခဲ့ပြီး ယခုလတွင်မူ ကုလားပဲဖြူ V2 တစ်တင်းလျှင် ကျပ် ၃၃၀၀၀ထိကျဆင်းနေပါတယ်။ ၎င်းနည်းတူ ကုလားပဲဝါ HL တစ်တင်းလျှင် ကျပ် ၂၉၅၀၀ထိ ကျဆင်းခဲ့ပြီးအိတ်ရေ ၁၀၀ ခန့်သာအရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပဲတီစိမ်း အသစ် တစ်တင်းလျှင်ကျပ် ၂၄၀၀၀ ဈေးဖြင့် တင်း ၅၀ကျော် ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပဲတီစိမ်းအသစ် တစ်တင်းလျှင် ကျပ် ၂၄၀၀၀ ဖြင့်တင်း ၅၀ ကျော်ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။နှမ်းဈေးကွက်တွင် ပြည်ပမှအဝယ်လိုက်လာသဖြင့် ဈေးမြင့်တက်လျက်ရှိပြီး ယခင်တစ်ပတ်က နှမ်းညိုတစ်တင်းလျှင် ကျပ်၃၀၈၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် ကျပ် ၃၃၀၀၀ ဖြင့် အိတ်ရေ ၅၀၊ နှမ်းနက်စမုံတစ်တင်းလျှင် ကျပ် ၃၅၀၀၀ မှ ၄၀၀၀၀ ဖြင့် အိတ်ရေ ၈၀၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယောဒေသထွက်နှမ်းဝါမှာ အရည်အသွေးကောင်းမွန်၍ဈေးကောင်းရရှိနေပြီး အိတ်ရေ ၅၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင် နှမ်း(၇)နက်ပါအ ရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်တင်းလျှင် ကျပ် ၃၃၀၀၀ဖြင့် အိတ် ၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ တိရစ္ဆာန်စာဖြစ်သည့်ပြောင်းဖူးစေ့ (CP) တစ်တင်းလျှင် ကျပ် ၈၀၀၀ဖြင့် အိတ် ၅၀ခန့်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ပြည်ပဲတီစိမ်းအထွက်လှိုင်လာလို့ ဈေးကျဆင်းသော်လည်း အရောင်းအဝယ်ဖြစ်ခဲ့

ဒီဇင်ဘာလကုန်ပတ် ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ပဲတီစိမ်းသစ်များ ပန်းတောင်း၊ ကံမ၊ ပေါင်းတလည်၊ ပေါက်ခေါင်းမြို့နယ်များမှတစ်ရက်လျှင်အိတ် ၇၀၀ ကျော်အထိ ဝင်ရောက်လာခဲ့တယ်လို့သိရပါတယ်။ မန္တလေးလိုင်းသမားများက အဓိကထားဝယ်ယူလျက်ရှိလို့ ဝင်ရောက်သမျှ အရောင်းအဝယ်ဖြစ်ခဲ့ကာ ပဲတစ်တင်းကျပ် ၂၅၅၀၀ ဖြင့် ယခင်တစ်ပတ်ထက် ဈေးကျဆင်းခဲ့ပြီး အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲအထွက်လှိုင်သလို ပဲအရည်အသွေးပေါ်မူတည်၍ ဈေးကွာခြားမှုရှိကြောင်းသိရပါတယ်။ ယခင်နှစ် နှစ်ကုန်ပိုင်းက ပဲတီစိမ်းသီးနှံဈေးမှာ တစ်တင်း ကျပ် ၂၉၀၀၀ ရရှိခဲ့တဲ့အတွက် ယခုနှစ်ပဲဈေးလျော့နည်းသွားလို့ တစ်တင်းလျှင်ကျပ် ၃၀၀၀ကျော်ခန့် ဈေးကျဆင်းခဲ့တယ်လို့ သိရပါတယ်။ **ခင်ဆွေဝင်း**

# ပြည်ပဲပုပ်သစ် လက်လီ/လက်ကား အရောင်းအဝယ်သွက်နေ

ယခုတစ်ပတ် ပြည်ပဲဈေးကွက်သို့ ပဲပုပ်သစ်များ တစ်ရက်လျှင်အိတ် ၁၀၀ကျော်ထိ ဝင်ရောက်ခဲ့တာကို တွေ့ရပါတယ်။ ပြည်အနီးတစ်ဝိုက် ဒေသများမှ ဝင်ရောက်ခဲ့ကြကာ လှော်သမားအချို့လည်း ဝယ်ယူနေခဲ့သလို လက်လီသမားများလည်း ပုံမှန်အဝယ်ရှိခဲ့ကြတယ်လို့သိရပါတယ်။ ပဲပုပ်သီးနှံမှာပဲအဝင်လှိုင်ချိန်၊ အထွက်လှိုင်ချိန်ကာလများတွင်သာ လက်လီ၊လက်ကား အရောင်းအဝယ်သွက်ခဲ့ပေမယ့် ကျန်ကာလများတွင် အိတ်အနည်းငယ်သာလက်လီအရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဈေးနှုန်းများမှာ တစ်တင်းကျပ်၂၀၅၀၀ဖြင့် လဆန်းရက်ထက် ဈေးကျဆင်းပေမယ့်လလယ်က ဈေးအတိုင်းအပြောင်းအလဲမဖြစ်ဘဲ ဈေးဆက်ငြိမ်လျက် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။

**ခင်ဆွေဝင်း**

## မြန်မာ့ဆိပ်ကမ်းတွင် ၂၈.၁၂.၂၀၁၇ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆီဆိပ်ကမ်း | - MT. VIET STAR | P.Oil(In Bulk) ၄၃၀၀ ကုန်ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၁) | - GSS YANGON | ကုန်သေတ္တာ ၇၃၁ ကုန်တင်ဆဲ |
| ထီးတန်းဆိပ်ကမ်း (၂) | - SINAR BATAM | ကုန်သေတ္တာ၅၄၃ကုန်တင်ဆဲ |
| စက်မှုဆိပ်ကမ်း (၄) | - MALACCA STAR | ကုန်သေတ္တာ၁၂၁ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၁) | - VANTAGE REEF | ဆန် ၂၀၀၀၀ တန်ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၅) | - VANTAGE NAREE | ဆန် ၂၅၀၀၀ တန်ကုန်တင်ဆဲ |
| Myanmar Integrated Port Ltd | - U THAR | ကုန်သေတ္တာ ၁၃၈ ကုန်ချဆဲ |
| သီလဝါဆိပ်ကမ်း (၂) | - LE CHANG | STEEL & EQUIPMENT ၁၇၅၀ကုန်ချဆဲ |
| သီလဝါဆိပ်ကမ်း (၄) | - NACC NAPOLI | Cement (In Bulk) ၁၇၆၅၀ကုန်ချဆဲ |
| သီလဝါဆိပ်ကမ်း (၅) | - JIN SHENG | Steel & Equipment ၂၅၀၀၀ တန်ကုန်ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| ELEFTHEROTRIA | ဆန်တန်ချိန် ၂၀၀၀၀ ကုန်တင်ရန် | SINGAPORE | ၂၉.၁၂.၂၀၁၇ |
| SKY HIGH SW | Steel ၂၀၂၆ တန်ကုန်တင်ရန် | JAPAN | ၂၉.၁၂.၂၀၁၇ |
| BELOCEAN | Steel Equipment ၂၅၀၀၀ တန်ကုန်ချရန် | CHINA | ၂၉.၁၂.၂၀၁၇ |
| BANG SAO TONG | Urea ၇၀၀၀ တန်ကုန်ချရန် | THAI | ၂၉.၁၂.၂၀၁၇ |
| HAN DE | Equipment ၅၁၀ တန်ကုန်တင်ရန် | SINGAPORE | ၂၉.၁၂.၂၀၁၇ |
| OCEAN LADY | Coal (In Bulk) ၂၈၀၀၀ တန်ကုန်ချရန် | RUSSIA | ၂.၁.၂၀၁၈ |
| ORCHID | Steel Bar8542 တန်ကုန်ချရန် | CHINA | ၂.၁.၂၀၁၈ |
| TIBERUS | Steel Equipment ၂၀၀၀ တန်ကုန်ချရန် | CHINA | ၆.၁.၂၀၁၈ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| DAWEI | SINGAPORE | ဗိုလ်တစ်ထောင်ဆိပ်ကမ်း | ၂၈.၁၂.၂၀၁၇ |
| ANAN BHUMLI | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၈.၁၂.၂၀၁၇ |
| THANLWIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၈.၁၂.၂၀၁၇ |
| UNIAMPLE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၉.၁၂.၂၀၁၇ |
| MAENAM-1 | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၉.၁၂.၂၀၁၇ |
| ARCA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၃၀.၁၂.၂၀၁၇ |
| MALLCCA STAR | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၃၀.၁၂.၂၀၁၇ |
| KOTA HASIL | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၀.၁၂.၂၀၁၇ |
| BL PL TRUST | SINGAPORE | ဗိုလ်တစ်ထောင်ဆိပ်ကမ်း | ၃၀.၁၂.၂၀၁၇ |
| SINAR BANDA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၀.၁၂.၂၀၁၇ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၀.၁၂.၂၀၁၇ |
| PACITA | SINGAPORE | အလုံဆိပ်ကမ်း | ၃၁.၁၂.၂၀၁၇ |
| NINOS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၁.၁၂.၂၀၁၇ |
| SHAMIN | SINGAPORE | သီလဝါဆိပ်ကမ်း | ၃၁.၁၂.၂၀၁၇ |
| MCC SHANG HAI | SINGAPORE | သီလဝါဆိပ်ကမ်း | ၃၁.၁၂.၂၀၁၇ |
| BOX ENDURANCE | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၃၁.၁၂.၂၀၁၇ |
| YANTRA BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၃၁.၁၂.၂၀၁၇ |
| TOVE MAERSK | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁.၁.၂၀၁၈ |
| SIMA PERFECT | SINGAPORE | အလုံဆိပ်ကမ်း | ၃.၁.၂၀၁၈ |
| ARCA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၃.၁.၂၀၁၈ |
| KOTA HADIAH | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၄.၁.၂၀၁၈ |
| PATHEIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၅.၁.၂၀၁၈ |
| OCEAN ARROW | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၇.၁.၂၀၁၈ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.OCEN AUTUMN | ဒီဇယ်ဆီ/MOGAS 92 Ron | - | ၂၁.၁၂.၂၀၁၇ |
| MT.OCEN HAWK | ဒီဇယ်ဆီ | - | ၂၉.၁၂.၂၀၁၇ |
| MT.AULAC VENUS | ဒီဇယ်ဆီ | SINGAPORE | ၃၀.၁၂.၂၀၁၇ |
| MT.GREAT DIAMOND | ဒီဇယ်ဆီ | SINGAPORE | ၃၀.၁၂.၂၀၁၇ |
| MT.OCEAN VICTORY | ဒီဇယ်ဆီ/MOGAS 92 Ron | SINGAPORE | ၃၀.၁၂.၂၀၁၇ |
| MT.OCEAN WINTER | ဒီဇယ်ဆီ/MOGAS 92 Ron | SINGAPORE | ၃၀.၁၂.၂၀၁၇ |
| MT.OCEAN AUTUMN | ဒီဇယ်ဆီ/MOGAS 92 Ron | SINGAPORE | ၃၀.၁၂.၂၀၁၇ |
| MT.BABY LON | ဒီဇယ်ဆီ | SINGAPORE | ၃၁.၁၂.၂၀၁၇ |
| MT.GLORY STAR | ဒီဇယ်ဆီ | SINGAPORE | ၁.၁.၂၀၁၈ |
| MT.PRIMOSE | P.Oil (In Bulk) | INDINESIA | ၃.၁.၂၀၁၈ |

# ဒီဇင်ဘာစတုတ္ထပတ်အတွင်း ရေစကြိုကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်ပေါ်ခဲ့သော ဈေးကွက်နှင့်ဈေးနှုန်း

ယခုတစ်ပတ် ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲဆန်ဈေး အနည်းငယ်ကျလျက်ရှိပြီး မြေပဲလုံးဆန်နီ(မြောင်)တစ်ပိဿာ လျှင် ကျပ်၁၉၅၀၊ ကျွန်းဆန် တစ်ပိဿာလျှင် ကျပ် ၁၉၀၀၊ S1 (မြေပဲဖြူလုံးဆန်) တစ်ပိဿာလျှင် ကျပ် ၂၁၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ် လျက်ရှိပါတယ်။

ယခုတစ်ပတ်မှာ ရေစကြိုဒေသထွက် မတ်ပဲဈေးသည် ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်မြင့်တက်နေပြီး အရည် အသွေးကိုလိုက်၍ ဈေးကောင်းလျက်ရှိပါတယ်။ မတ်ပဲတစ် တင်းလျှင် ကျပ် ၁၇၅၀၀ မှ ကျပ်၂၀၀၀၀ ထိရှိပြီး ပဲပိစပ်တစ် တင်းလျှင် ကျပ် ၁၄၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါ တယ်။

ပဲလွန်းဖြူမှာလည်း ယခင်တစ်ပတ်ကထက် ဈေးကောင်း ရရှိနေပြီး တစ်တင်းလျှင် ကျပ်၂၇၀၀၀ ရှိပါတယ်။ ပဲလွန်း ပြာတစ်တင်းလျှင် ကျပ်၂၂၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး ကုလားပဲများဖြစ်သော HL တစ်တင်းလျှင် ကျပ်၂၈၀၀၀၊ 929 တစ်တင်းလျှင် ကျပ် ၂၈၀၀၀၊ ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင် ကျပ် ၃၂၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ် လျက်ရှိပါတယ်။ နှမ်းဖြူသန့်မှာလည်း ဈေးကောင်းနေပြီး တစ်တင်းလျှင် ကျပ် ၄၀၀၀၀ မှကျပ် ၄၂၀၀၀ ထိ အရည် အသွေးကိုလိုက်၍ ဈေးကောင်းရရှိနေကြောင်း ရေစကြို ကုန်စည်ဒိုင်မှသတင်းရရှိပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

# ပြည်ပဲလွန်းဖြူသီးနှံ ပဲသစ်ပေါ်စအချိန်ဈေးကို မမီခဲ့

ပြည်ဈေးကွက်မှာ ပဲလွန်းဖြူသီးနှံသစ်များ နေ့စဉ်ဝင်ရောက်နေတာကို တွေ့ရပါတယ်။ ဒါပေမယ့် အိတ်အနည်းငယ် သာ ဝင်ရောက်လို့ လက်လီသာ အရောင်း အဝယ်ဖြစ်နေခဲ့ပြီး ပဲဈေးမှာလည်း ဈေးကျခဲ့တာကြောင့် တစ်တင်းလျှင် ကျပ် ၂၅၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ကျပ် ၂၀၀၀ ကျော် လျော့နည်းသွားခဲ့ပါတယ်။

ပဲသစ်ပေါ်စ နိုဝင်ဘာလလယ်မှာတုန်းက တစ်တင်းလျှင် ကျပ်လေးသောင်းကျော်ထိ ဈေးကောင်းရခဲ့သော်လည်း ပဲအထွက်လှိုင်လာချိန်မှစ၍ ပဲဈေးမှာ တဖြည်းဖြည်း လျော့နည်းကျဆင်းလာခဲ့ကာ ယခုအချိန်ထိလည်း ဈေးဆက်လက် ကျဆင်းနေခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

# မုံရွာကုန်စည်ဒိုင်ဈေးကွက်တွင် ပဲအသစ်များဝင်ရောက်လာပြီး အရောင်းအဝယ်သွက်

မုံရွာကုန်စည်ဒိုင်ဈေးကွက်၌ ဒီဇင်ဘာနောက်ဆုံးပတ် တွင် ပဲအသစ်များ ဈေးကွက်အတွင်းသို့ ဝင်ရောက်လာပြီး အရောင်းအဝယ် သွက်ခဲ့သလို ပဲဟောင်းလက်ကျန်များမှာ ဈေးငြိမ်ခဲ့ပြီး အရောင်းဝယ်အေးခဲ့တယ်လို့ သိရပါတယ်။ ပဲဟောင်းဈေးကွက်မှာ ကုလားပဲဖြူလုံးကြီး (V2) တစ်တင်း လျှင် ကျပ် ၃၀၀၀၀၊ ထိုင်ဝမ်တစ်တင်းလျှင်ကျပ် ၂၉၂၀၀ နှင့် 929 တစ်တင်းလျှင် ကျပ် ၂၈၅၀၀ ဖြင့် ဈေးဆက်လက် ကျဆင်းခဲ့ပြီး ဒေသတွင်းလုပ်ငန်းသမားအဝယ်ရှိလို့ တစ်ရက် လျှင် ကုလားပဲမျိုးစုံ အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ တယ်လို့ ကုန်သည်ရပ်ကွက်မှ သိရှိရပါတယ်။

ပဲမျိုးစုံဈေးကွက်မှာတော့ ပဲတီစိမ်းကြီး(သစ်) တစ်တင်း လျှင် ကျပ် ၂၃၀၀၀ မှ ကျပ် ၂၀၀၀၀ နှင့် ပဲတီစိမ်းသေး(သစ်) တစ်တင်းလျှင် ကျပ် ၂၄၀၀၀ ဖြင့်ဈေးငြိမ်ခဲ့တာတွေ့ရပါတယ်။ စွန်တာနီ (သစ်) တစ်တင်းလျှင် ကျပ် ၃၉၀၀၀၊ ပဲနီလုံးကြား (သစ်)တစ်တင်းလျှင် ကျပ် ၄၈၀၀၀ နှင့် ပဲလွန်းပြာ (သစ်) တစ်တင်းလျှင်ကျပ်၂၁၅၀၀ ဖြင့် အသီးသီးဈေးဖြစ်ပေါ်ခဲ့တယ် လို့ သိရပါတယ်။ မတ်ပဲအထွက်တိုး တစ်တင်းလျှင် ကျပ် ၁၉၀၀၀၊ မတ်ပဲ(ကုန်း) တစ်တင်းလျှင် ကျပ် ၂၀၃၀၀ ဖြင့် ဈေးအနည်းငယ်မြင့်တက်ခဲ့ပြီး ပဲစင်းငုံ(သစ်) တစ်တင်းလျှင် ကျပ် ၂၄၀၀၀ နှင့် အဟောင်းတစ်တင်းလျှင်ကျပ် ၁၂၅၀၀ ကျပ်ဖြင့် ဈေးငြိမ်ခဲ့တယ်လို့ ကုန်စည်ဒိုင်ရပ်ကွက်မှ လေ့လာ သိရှိရပါတယ်။

ယခုတစ်ပတ် ဆီထွက်သီးနှံဈေးကွက်မှာတော့ မြေပဲ လုံးဆန် ဆက်လက်ဈေးငြိမ်ခဲ့ပြီး မြေပဲလုံးဆန်နီတစ်ပိဿာ လျှင် ကျပ်၂၃၅၀ မှ ကျပ် ၂၃၀၀၊ မြေပဲလုံးဆန်ဖြူအဟောင်း တစ်ပိဿာလျှင် ကျပ် ၂၃၅၀၊ အသစ်တစ်ပိဿာလျှင် ကျပ် ၂၅၀၀ ဖြင့် တစ်ရက် အိတ် ၃၀၀ ခန့်နှင့် မြေပဲဆီဆန်တစ်ပိဿာ လျှင်ကျပ် ၁၉၅၀ ထိဈေးရရှိခဲ့ပြီး တစ်ရက်အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ နှမ်းမျိုးစုံဈေး ကွက်မှာတော့ နှမ်းညိုတစ်တင်းလျှင် ကျပ် ၃၂၅၀၀ ဖြင့်တစ် ရက်အိတ် ၂၀၀ခန့်၊ နှမ်းဖြူတစ်တင်းလျှင် ကျပ် ၄၃၅၀၀မှ ကျပ် ၃၈၀၀၀ ဖြင့် တစ်ရက်အိတ် ၇၀၀ ခန့်နှင့် နှမ်းနက်တစ် တင်းလျှင် ကျပ် ၃၉၀၀၀ မှ ကျပ် ၃၃၀၀၀ ဖြင့် တစ်ရက်အိတ် ၄၀၀ ခန့်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ကုန်စည်ဒိုင်ရပ် ကွက်မှ လေ့လာသိရှိရပါတယ်။

**လင်းလင်းသန့်**

စာမျက်နှာ (၃) (၁၂) ကြိမ်မြောက် တရုတ်-မြန်မာ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှု…… မှအဆက်

(၁၂) ကြိမ်မြောက် နယ်စပ်ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေးကော်မတီအစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက် တရုတ်စံတော်ချိန် နေ့လယ် ၁၄:၀၀ နာရီတွင်ကျင်းပခဲ့ပြီး မြန်မာနိုင်ငံဘက်မှ စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းခေါင်းဆောင်သော ကိုယ်စားလှယ် အဖွဲ့ဝင် ၅၈ ဦးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ် ကုန်သွယ်ရေးဌာနမှ ညွှန်ကြားရေးမှူးချုပ် မစ္စဟွမ် ရှမ်းခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင် ၃၂ ဦးတို့ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ ရေထွက်ပစ္စည်းကဏ္ဍ၊ သစ်တောကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှု ကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍ၊ နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ရောဂါကြိုတင်ကာကွယ်ရေးကဏ္ဍ၊ လူဝင်/လူထွက်နှင့် မော် တော်ယာဉ် ဝင်/ထွက်ရေးကဏ္ဍ၊ မြန်မာနိုင်ငံသား အလုပ်သမားများကဏ္ဍ၊ ကုန်စည်စစ်ဆေးမှုပူးပေါင်းဆောင်ရွက် ရေးကဏ္ဍ၊ ဘဏ်လုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၊ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ စသည့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် အထွေထွေကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာဆွေးနွေး ညှိနှိုင်း ခဲ့ကြပါသည်။

**နှစ်နိုင်ငံ**


## ကြက်သွန်

# ပြည်ကြက်သွန်နီဈေးကွက်အတွင်း သီးနှံအရည်အသွေးပေါ် မူတည်၍ ဈေးနှုန်းသတ်မှတ်ရောင်းဝယ်လျက်ရှိ

ပြည်ဈေးကွက်အတွင်းသို့ ရေနံချောင်း၊ ပခုက္ကူ၊ ဆိပ်ဖြူ၊ တောင်တွင်း အစရှိသည့် နယ်များမှ ကြက်သွန်နီများ တစ်နေ့လျှင်ပိဿာ၃၀ ဝင်အိတ် ၂၅၀-၃၀၀ခန့် ဝင်ရောက်နေပြီး ကြက်သွန်နီ အရည်အသွေးပေါ် မူတည်၍ ဈေးနှုန်းအနိမ့်အမြင့် ခွဲခြားကာ ရောင်းချလျက်ရှိနေတာ တွေ့ရပါတယ်။ ကြက်သွန်နီအဓိကစိုက်ပျိုးရာ မကွေးတိုင်း၊ မန္တလေးတိုင်းတို့တွင် ပြီးခဲ့သည့်လပိုင်းက မိုးရွာသွန်းခဲ့သဖြင့် အထွက်နှုန်းလျော့ကျခဲ့ပြီး အဆိုပါ တိုင်းဒေသကြီးများမှပင် ကုန်ဝင်ရောက်မှုထက် ဝယ်လိုအားကောင်းနေသဖြင့် ဈေးတက်ရခြင်းဖြစ်ကြောင်း ပွဲရုံလုပ်ငန်းရှင်များထံမှ သိရှိရပါတယ်။ ဝင်ရောက်လာသည့် ကြက်သွန်နီများမှာဈေးနှုန်းကလည်း ကြီးမြင့်ပြီး အရည် အသွေးလည်း သိပ်မကောင်းသည့်အတွက် ပြည်ဈေးကွက်မှ ပွဲရုံလုပ်ငန်းရှင်များအနေဖြင့် သုံးစွဲမှုရှိသည့် ပမာဏကိုသာမှာယူပြီး ရောင်းချနေသဖြင့် အရောင်းအဝယ်အနည်းငယ် သာဖြစ်တယ်လို့သိရပါတယ်။ ဈေးနှုန်းအနေနဲ့ ယခုတစ်ပတ်ပွဲရုံလက်ကားဈေးတစ်ပိဿာလျှင်(ကြီး) ကျပ် ၂၅၀၀၊ (လတ်)ကျပ် ၂၄၀၀၊ (သေး)ကျပ် ၂၃၀၀တို့ရှိပြီး ပွဲရုံများတွင် အရည်အသွေးနိမ့် ရေစိုမိုးမိ ကြက်သွန်နီများလည်းရှိသည့်အတွက် တစ်ပိဿာလျှင်ကျပ် ၁၅၀- ၂၀၀ခန့်ကွာခြား၍ အနိမ့်ဈေးဖြင့် ရောင်းချနေကြောင်းသိရပါတယ်။ လက်လီဈေးနှုန်းများမှာ (ကြီး) ကျပ် ၂၇၀၀-၂၈၀၀၊ (လတ်) ကျပ် ၂၅၀၀-၂၆၀၀၊ (သေး)ကျပ် ၂၃၀၀-၂၄၀၀တို့ဖြင့် အသီးသီးရောင်းဝယ်လျက်ရှိပြီး ယခင်တစ်ပတ် လက်လီဈေးနှုန်းများနှင့်နှိုင်းယှဉ်လျှင် တစ်ပိဿာကိုကျပ် ၂၀၀ ခန့် ကျဆင်းသွားကြောင်းသိရပါတယ်။

ပြည်ဈေးကွက်အတွင်းသို့ နေ့စဉ်တရုတ်ကြက်သွန်နီအိတ် ၁၀၀ မှ ၁၅၀ ခန့်ထိ ဝင်ရောက်နေပြီး ဈေးနှုန်းမှာ လက်ကားတစ်ပိဿာလျှင်ကျပ် ၈၀၀-၉၀၀ ရှိကာ လက်လီဈေးများတွင် ကျပ် ၁၀၀၀-၁၂၀၀ တို့ဖြင့်ရောင်းဝယ်နေတာ တွေ့ရပါတယ်။

**ဝင်းလဲ့ဝါ(ပြည်)**



# ပြည်ကြက်သွန်ဖြူ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ဒေသတွင်း အရောင်းအဝယ်အသင့်အတင့်ရှိ

ပြည်ကြက်သွန်ပွဲရုံများသို့ ရှမ်းပြည်နယ်နှင့် တရုတ်ဘက်မှ ကြက်သွန်ဖြူ အိတ်ပုံမှန်ဝင်ရောက်နေတာ တွေ့ရပါတယ်။ ဒေသတွင်းဝယ်ရောင်းသမားများက ပုံမှန်ဝယ်ယူနေတာကြောင့် ကြက်သွန်ဖြူအသင့်အတင့်အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။ ယခုတစ်ပတ် ပြည်ပွဲရုံဈေးကွက်မှာ အရည်အသွေးကောင်းမွန်တာကြောင့် ကြက်သွန်ဖြူတစ်ပိဿာလျှင် ကျပ် ၁၈၀၀၊(ကြူကုတ်စ)နှင့် (ရှမ်းစ) ကျပ် ၂၄၀၀တို့ဖြင့် ရောင်းချလျက်ရှိနေပါ တယ်။ ဒေသတွင်း(လက်လီ) ဈေးများတွင် (ရှမ်းစ)ကျပ် ၃၀၀၀ နှင့် (ကြူကုတ်စ) ကျပ် ၂၀၀၀ ဈေးတို့ဖြင့် ရောင်းချလျက်ရှိနေပြီး နယ်ဝယ်လက်အနည်းငယ်ရှိကြောင်းသိရပါတယ်။

**နီနီဝင်း**

## နနွင်း

# ရှမ်းနနွင်းလက်ကျန်ကိုသာ အရောင်းအဝယ်ပြုလုပ်နေ

နနွင်းမှာလကုန်ခန့်မှသာထွက်မှာဖြစ်လို့ ဈေးကွက်မှာ အဝင်မရှိဘဲ လက်ကျန်အနည်းငယ်ကိုသာ အရောင်းအဝယ်လုပ်နေတယ်လို့ သိရပါတယ်။ နနွင်းကိုပြည်တွင်းသုံးဖို့ အတွက် တပ်ကုန်း၊ ပြည်၊ ရန်ကုန်ဘက်ကဝယ်ယူနေပြီး အမှုန့် ကြိတ်ဖို့နဲ့ ခြင်ဆေးခွေပြုလုပ်ဖို့အတွက် ဝယ်ယူနေတယ်လို့ သိရှိရပါတယ်။ ဒီတစ်ပတ်မှာတော့ ပြည်တွင်းဝယ်လက်သာရှိပြီး ပြည်ပအဆွဲမရှိဘူးလို့ သိရပါတယ်။ နနွင်းဈေးနှုန်းကတော့ အောက်စတွေက တစ်ပိဿာ ကျပ် ၁၀၀၀ ဝန်းကျင်သာရှိပြီး တောင်ပို့လစနနွင်းက တစ်ပိဿာကျပ် ၃၀၀၀၊ ဆင်တောင်နနွင်းက တစ်ပိဿာကျပ် ၄၀၀၀ ဈေးရှိတယ်လို့ သိရှိရပါတယ်။ လကုန်မှာနနွင်းအသစ်များဝင်ရောက်လာမှသာ အရောင်းအဝယ်အပြောင်းအလဲရှိနိုင်မယ်လို့ခန့်မှန်းထားကြောင်း ပွဲရုံများမှသိရှိပါတယ်။

**စောယုထွေး(တောင်ကြီး)**

# ပင်လယ်ရေကြောင်းမှ နနွင်းတင်ပို့မှု လျော့ကျ

ဒီဇင်ဘာ ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း နနွင်း(ရှမ်းစ) အသစ် ၂၈ ဒသမ ၅တန်ကို ပင်လယ်ရေကြောင်းလမ်းမှ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံသို့တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့နနွင်းတန်ချိန် ၁၆၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ နနွင်းတန်ချိန် ၁၃၀ ကျော် တင်ပို့မှုလျော့နည်းခဲ့တယ်လို့သိရပါတယ်။ နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၀၃၇၇ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။

**သီတာဝင်း**(DOT)

## ချင်း

# ရေကြောင်းလမ်းမှ ချင်း ၉၃တန်တင်ပို့

ဒီဇင်ဘာ ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း ချင်း ၉၃ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၈၁ တန်နဲ့ မလေးရှားနိုင်ငံသို့ ၁၂ တန်တင်ပို့ခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က အပို့ပျောက်ခဲ့တဲ့ ချင်းက ဒီတစ်ပတ်မှ ပြန်လည်တင်ပို့ခဲ့ခြင်းဖြစ်ပါတယ်။ ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၉၉၉၅ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။

**သီတာဝင်း**(DOT)

# ရှမ်းချင်းအသစ်များ ဈေးကွက်သို့ဝင်ရောက်လာ

ဒီတစ်ပတ်အောင်ပန်းဈေးကွက်သို့ အောင်ပန်းတစ်ဝိုက်နှင့် အင်းတဝိုက်မှာထွက်သော ချင်းအသစ်များဝင်ရောက်လျက်ရှိပါတယ်။ ငါးရက်တစ်ဈေးကိုပိဿာချိန် နှစ်သောင်း၊ နှစ်သောင်းခွဲခန့် အဝင်ရှိနေပါတယ်။ Export ဝယ်လက်တိုက်ရိုက် မရှိသော်လည်း၊ ရန်ကုန်ဝယ်လက်များမှ ပြည်ပသို့တင်ပို့ရန်အတွက် ပွဲရုံများအထိ ဆင်းဝယ်နေတယ်လို့ သိရှိရပါတယ်။ စစ်တွေဘက်မှ ဝယ်လက်များလည်းရှိနေပေမယ့် ချင်းကိုဈေးနှိမ်ပြီး ဝယ်လို့တောင်သူအချို့က ထုတ်မရောင်းသေးဘူးလို့လည်း သိရှိရပါတယ်။ ထိုးချင်းပြုလုပ်ဖို့နဲ့ လက်လီရောင်းဖို့အတွက် မုံရွာ၊ မကွေး၊ တောင်ငူဘက်က အဝယ်ရှိနေပါတယ်။ ဟိုပုံးချင်းကတော့ ဇန်နဝါရီလလယ်မှ ပေါ် ထွက်မှာဖြစ်ပါတယ်။ အောင်ပန်းဈေးကွက်မှာ ချင်းခက်အလှတွေက တစ်ပိဿာကို ကျပ် ၃၀၀ မှ ကျပ်၄၀၀ ထိရှိပြီး ချင်းအောက်စတွေကတော့ တစ်ပိဿာကို ကျပ် ၂၀၀ မှ ကျပ် ၂၅၀ ဈေးရှိ တယ်လို့လည်း သိရှိရပါတယ်။ ချင်းခြောက် တစ်ပိဿာကို ကျပ် ၁၀၀၀မှ ကျပ် ၁၀၅၀ဈေးရှိတယ်လို့သိရပါတယ်။

**စောယုထွေး(တောင်ကြီး)**

## မြေပဲဆန်

# ပြည်မြေပဲဆန်ဈေး ပြန်ကျလာ

ယခုတစ်ပတ်ပြည်ဈေးကွက်တွင် မြေပဲဆန်၊ ဆီဆန်ရော၊ လုံးဆန်ပါဈေးပြန်ကျလာတာတွေ့ရပါတယ်။ ဝယ်လိုအားရှိပေမယ့် အဝယ်နည်းပြီး အဝင်ရှိနေသဖြင့် ဈေးပြန်ကျလာတာဖြစ်တယ်လို့ သိရပါတယ်။ မြန်အောင်၊ ကြံခင်းနှင့် ပေါက်ခေါင်းဘက်မှ တစ်နေ့လျှင် မြေပဲဆန်အိတ်အိတ် ၁၀၀၀ခန့်အဝင်ရှိသဖြင့် ဈေးကွက်တွင် ပဲလက်ကျန်များနေတာဖြစ်ပါတယ်။ ဆီကြိတ်မြေပဲဆန်ကို မြို့တွင်းဆီစက်နှင့် မကွေးဆီစက်များက ဝယ်ယူနေသဖြင့် တစ်နေ့လျှင် အိတ် ၈၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဆီဆန်(အနီ)တစ်ပိဿာလျှင် ကျပ် ၁၈၀၀၊ ဆီဆန်(အဖြူ)တစ်ပိဿာလျှင် ကျပ် ၂၁၅၀ ဈေးရှိနေပြီး ဆီဆန်(အနီ)မှာ ယခင်တစ်ပတ်ကထက် ဈေးကျလာတာတွေ့ရပါတယ်။ လုံးဆန်ကို မန္တလေးဝယ်လက်များက တစ်နေ့လျှင် အိတ် ၂၀၀ လောက်သာအဝယ်ရှိပြီး ဈေးမှာလုံးဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၃၀၀၊ လုံးဆန်(အနီ) တစ်ပိဿာလျှင် ကျပ် ၂၀၀၀ ရှိတာကြောင့် ယခင်တစ်ပတ်ထက် ဈေးပြန်ကျလာတာတွေ့ရပါတယ်။

**ဝေဝေမင်း**

# "ချင်း(ဂျင်း)တန်ဖိုးမြှင့်ကွင်းဆက်တွင် ပါဝင်သူများအတွက် လုပ်ငန်းခွင်နှင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးအလုပ်ရုံဆွေးနွေးပွဲ"ကို အောင်ပန်းမြို့တွင်ကျင်းပ

အောင်ပန်းမြို့ဟိုတယ်SS တွင် ILO ၏Vision Zero Fund မှစီစဉ်၍ Winrock International နှင့်ပူးပေါင်း ဆောင်ရွက်သည့် "ချင်း(ဂျင်း)တန်ဖိုးမြှင့်ကွင်းဆက်တွင်ပါဝင်သူများအတွက် လုပ်ငန်းခွင်နှင့်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအလုပ်ရုံဆွေးနွေးပွဲ"ကို အောက်တိုဘာလ ၂၄ရက်မှာ ကျင်းပခဲ့ပါတယ်။

အခမ်းအနားတွင် အိုင်အယ်လ်အိုမှ ဆက်သွယ်ရေးအရာရှိ မစ္စတာဂိုရီမန်နဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ရှမ်းပြည်နယ်၊ပြည်နယ်ဦးစီးမှူး ဦးမြသန်းတို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး အိုင်အယ်လ်အိုမှ မစ္စမာရီယာနာက ဗွီးရှင်းဇီးရိုးရန်ပုံငွေ(Vision Zero Fund)အကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။ ထို့ပြင် Winrock International မှ မစ္စအန်းကလဲက ရှမ်းပြည်နယ်အတွင်းရှိ ချင်း(ဂျင်း)တန်ဖိုးမြှင့်ကွင်းဆက်ဆိုင်ရာလုပ်ငန်းများအကြောင်းကိုလည်းကောင်း၊ ချင်း(ဂျင်း)ကျွမ်းကျင်ပညာရှင် ဒေါက်တာရာဖီက မြန်မာ့ချင်း(ဂျင်း) နိုင်ငံတကာ ဈေးကွက်အဆင့်အတန်းမီရန် စိန်ခေါ်မှုများနှင့်အခွင့်အလမ်းများအကြောင်းကိုလည်းကောင်း၊ အိုင်အယ်လ်အိုမှ မစ္စမာရီယံက ချင်း(ဂျင်း)တန်ဖိုး မြှင့်ကွင်းဆက်ရှိလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဆိုင်ရာတွေ့ရှိချက်များ၊ ကန့်သတ်ချက်များနှင့်ဆောင်ရွက်နိုင်သည့်အစီအစဉ်များအကြောင်းကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက အဖွဲ့လိုက် အပြန်အလှန်ဆွေးနွေးခဲ့ကြပါတယ်။ အဆိုပါ အခမ်းအနားသို့ ဖိတ်ကြားထားသည့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ NGO အဖွဲ့အစည်းများ၊ ချင်း(ဂျင်း) သီးနှံအားတန်ဖိုးမြှင့်ထုတ်ကုန်အဖြစ်ထုတ်လုပ်နေသည့် စက်ရုံ လုပ်ငန်းရှင်များ၊ ချင်း(ဂျင်း)သီးနှံရောင်းဝယ်နေသည့် ကုန်သည်လုပ်ငန်းရှင်များ၊ ချင်းစိုက်ပျိုးထုတ်လုပ်သည့် တောင်သူများတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါတယ်။

**စောယုထွေး(တောင်ကြီး)**

# ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မည့်အာဆီယံ

**သိန်းမြင့်ဝေ**

အာဆီယံသည် လက်ရှိအချိန်ကာလတွင် ယခင်ကထက် ပိုမိုပေါင်းစည်းလျက်ရှိပါသည်။ သို့သော်လည်း အရှေ့တောင်အာရှဒေသဆက်လက် တိုးတက်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုကို ပိုမိုစီးဆင်းစေမည့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအဟန့်အတားများ(Trade and investment barriers) ကို ဆက်လက်လျှော့ချရန် လိုအပ်ပါသည်။

ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာရှုထောင့်မှကြည့်ပါက အာဆီယံသည် ၎င်း၏စီးပွားရေးတိုးတက်မှုကို ယခင်ကထက် ပိုမိုကောင်းမွန်စွာ ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းတွေ့ရသည်။ အာဆီယံ၏ပြုပြင်ပြောင်းလဲမှု အလားအလာများ၊ ပေါင်းစည်းရေးအစီအစဉ်များနှင့် လူဦးရေအလားအလာကောင်းများက ဒေသ၏ကြီးမားသောဈေးကွက်အလားအလာကို အလွန်အားကောင်းစေနိုင်သည်။ အထူးသဖြင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးသည် ကိုယ်ကျိုးစီးပွားကာကွယ်သည့် ကုန်သွယ်ရေးမူဝါဒ (Trade Protectionism) ဆီသို့ ပြောင်းလဲနေ ပါသည်။ ထို့ပြင်ချမ်းသာသောနိုင်ငံများရှိ ဈေးကွက်များအတွင်း စီးပွားရေးအကျိုးအမြတ်ရရှိနိုင်မှုအခွင့်အလမ်းများ လျော့နည်းနေပါသည်။အဘယ်ကြောင့်ဆိုသော်အဆိုပါဈေးကွက်များတွင် အလုပ်လုပ်နိုင်သော လူငယ်နှင့် လူလတ်ပိုင်း အရေအတွက် နည်းပါးပြီး မှီခိုသူသက်ကြီးရွယ်အို အရေအတွက် ပိုမိုများပြားလာသောကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် အာဆီယံဒေသသည် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို ဆက်လက်လျှော့ချပါက ရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဆင်းပြီး GDP ကိုလည်း တိုးတက်စေမည်ဖြစ်ပါသည်။ ထိုသို့ ဆက်လက်လျှော့ချပါက အာဆီယံ၏ပျမ်းမျှအမှန် ဂျီဒီပီ (Averagereal gross domestic product) သည် နောင် (၁၀) နှစ်အတွင်း ၅ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်နိုင်ကြောင်း သုတေသနအစီရင်ခံစာဖြစ်သော BMI Research က ခန့်မှန်းပြောကြားထားပါသည်။ အဆိုပါစီးပွားရေးတိုးတက်မှုနှုန်း ၅ ဒသမ ၁ရာခိုင်နှုန်းသည် ကမ္ဘာ့စီးပွားရေး တိုးတက်မှုနှုန်း ၃ ဒသမ ၁ ရာခိုင်နှုန်းထက် ပိုမိုများပြားကြောင်းကိုလည်း BMI Research က ထောက်ပြထားပါသည်။

အရှေ့တောင်အာရှဒေသတွင် ရင်းနှီးမြှုပ်နှံမှုမှပိုမိုအကျိုးအမြတ်ဖြစ်ထွန်းမည့်နိုင်ငံများအဖြစ် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ကို တွေ့ရသည်။

ဖိလစ်ပိုင်နိုင်ငံသည်လည်း လာမည့်ဆယ်စုနှစ်အတွင်း ပျမ်းမျှစီးပွားရေး တိုးတက်မှုနှုန်း ၆ ဒသမ ၂ ရာခိုင်နှုန်းဖြင့် ဆက်လက်တိုးတက်နိုင်သည့် သတင်းကောင်းထွက်ပေါ်လျက်ရှိသောနိုင်ငံဖြစ်သည်။

> "အရှေ့တောင်အာရှဒေသတွင် ရင်းနှီးမြှုပ်နှံမှုမှ ပိုမိုအကျိုးအမြတ်ဖြစ်ထွန်းမည့် နိုင်ငံများအဖြစ် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ကို တွေ့ရ"

## ပိုမိုပေါင်းစည်းမည့်အာဆီယံ

အာဆီယံစီးပွားရေးအသိုက်အဝန်း(Aseam Economic Community-AEC) ကို အကောင်အထည်ဖော်ခြင်းက ကုန်စည်၊ဝန်ဆောင်မှုနှင့်ကျွမ်းကျင်လုပ်သားများကို လွတ်လွတ်လပ်လပ်စီးဆင်းစေပါသည်။ သို့သော်လည်း ဒေသ၏စီးပွားရေးပိုမိုတိုးတက်ရန်အတွက် အကောက်ခွန်မဟုတ်သော ကုန်သွယ်မှုအဟန့်အတားများကို လျှော့ချရန်၊ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများ တစ်ပြေးညီဖြစ်ရန်လိုအပ်လျက်ရှိပါသည်။

ဒေသဆိုင်ရာ ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်(Regional Comprehensive Economic Partnership-RCEP)နှင့် တရုတ်နိုင်ငံ၏ 'ရပ်ဝန်းနှင့်လမ်း အစီအစဉ်' (Belt and Road initiative) တို့က ဒေသကို ပိုမိုပေါင်းစည်းစေပြီး လာမည့်နှစ်များအတွင်း စီးပွားရေးပိုမိုတိုးတက်စေနိုင်သည်။ အာဆီယံတစ်ဝန်းတွင် နိုင်ငံရေး အန္တရာယ်များ (Political risks) ရှိသော်လည်း သက်ဆိုင်ရာနိုင်ငံများက ကောင်းစွာကိုင်တွယ်ဖြေရှင်းနိုင်ဖွယ်ရှိပါသည်။ ဉပမာအားဖြင့် တောင်တရုတ်ပင်လယ်အရေးကိစ္စသည်ဒေသဆိုင်ရာ စီးပွားရေး ပေါင်းစည်းမှုအတွက် အတားအဆီးဖြစ်နိုင်ချေရှိသော်လည်း သက်ဆိုင်ရာနိုင်ငံများက ယင်းတို့၏ အချုပ်အခြာကို ကာကွယ်ရန်နှင့် စီးပွားရေးအကျိုးအမြတ်အတွက် ကောင်းမွန်စွာ ဖြေရှင်းသွားကြမည်ဟု ယုံကြည်ပါသည်။

## ကောင်းမွန်သော ခန့်မှန်းချက်များ

AEC အပြင် RCEP နှင့် တရုတ်နိုင်ငံ၏ 'ရပ်ဝန်းနှင့် လမ်းအစီအစဉ်'တို့က ဒေသဆိုင်ရာစီးပွားရေးကို ပိုမိုပေါင်းစည်းစေပြီး စီးပွားရေးတိုးတက်မှုကိုလည်း ပိုမိုအားကောင်းစေနိုင်ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလကုန်ပိုင်းတွင် ပြောကြားခဲ့သည်။ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည်ဒေသ၏ စီးပွားရေးကို အဓိကမောင်းနှင်မည့်နိုင်ငံများဖြစ်ကြောင်း၊ မြန်မာ့စီးပွားရေးသည် လာမည့် (၁၀) နှစ်အတွင်း ပျမ်းမျှ တစ်နှစ်လျှင် ၇ ဒသမ ၂ ရာခိုင်နှုန်းဖြင့် တိုးတက်နိုင်ကြောင်း၊ စီးပွားရေးပတ်ဝန်းကျင် ပိုမိုကောင်းမွန်ခြင်းနှင့် နိုင်ငံရေးပိုမိုတည်ငြိမ်လာခြင်းတို့က မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု နှင့် စီးပွားရေးကို တိုးတက်စေမည်ဖြစ်ကြောင်း BMI သုတေသန အစီရင်ခံစာကို ကိုးကား၍ ဗီယက်နမ်သတင်းအေဂျင်စီက ပြောကြားခဲ့ခြင်းဖြစ်သည်။

ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးကို ဆက်လက်တိုးတက်စေမည့်အချက်များအဖြစ် နိုင်ငံရေးပတ်ဝန်းကျင်တည်ငြိမ်မှု၊ ပြုပြင်ပြောင်းလဲရေးအရှိန်၊ ကောင်းမွန်သော စီးပွားရေးလုပ်ငန်းအခြေအနေ (Improving business climate)၊ စက်မှုကုန်ချောထုတ်လုပ်မှုတိုးတက်ခြင်း၊ နိုင်ငံစုံကုမ္ပဏီကြီးများဝင်ရောက်မှု၊ ကုန်ထုတ်လုပ်မှုစရိတ် ကျဆင်းခြင်း (lower production costs) တို့ကို တွေ့ရသည်။ အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးအလားအလာသည် အပေါင်းလက္ခဏာဆောင်လျက်ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် အင်ဒိုနီးရှားနိုင်ငံတွင် အလုပ်လုပ်နိုင်သော လူငယ်အရေအတွက်များ အလွန်များပြားသောကြောင့် ဖြစ်ပါသည်။ အင်ဒိုနီးရှားသည် အာဆီယံအတွင်း 'ရပ်ဝန်းနှင့်လမ်းအစီအစဉ်အရ အကောင်အထည်ဖော်မည့် စီမံကိန်းများကိုအများဆုံးလက်ခံမည့် နိုင်ငံများအနက် တစ်နိုင်ငံ (One of the largest recipients of projects) လည်းဖြစ်ပါသည်။

စင်ကာပူနှင့် ဘရူနိုင်းနိုင်ငံတို့သည် ယခင်ကတည်းကပင် လူတစ်ဦးချင်းဝင်ငွေ (GDP per capita) အလွန်မြင့်မားသော နိုင်ငံများဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါနှစ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုမှာ နှေးကွေးဖွယ်ရှိပါသည်။ ထိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့တွင် လာမည့်နှစ်အနည်းငယ်အတွင်း ခေါင်းဆောင်အပြောင်းအလဲရှိသောကြောင့် နိုင်ငံရေးမတည်ငြိမ်မှုများဖြစ်လာနိုင်ဖွယ်ရှိပါသည်။

## ဂျာမနီကို အမီလိုက်မည့် အာဆီယံ

မြန်မာနှင့် ဗီယက်နမ်ကို ဒေသ၏စီးပွားရေးကို အဓိကမောင်းနှင်မည့်နိုင်ငံများအဖြစ် ခန့်မှန်းထားသည်။ ဒေသဆိုင်ရာစီးပွားရေးပေါင်းစည်းမှုအရှိန်မြှင့်တင်ခြင်းနှင့် ပြုပြင်ပြောင်းလဲမှုအရှိန်ကိုဆက်လက်ဆောင်ရွက်သွားပါက အာဆီယံ၏ အမည်ခံ ဂျီဒီပီ (Nominal GDP)သည် ချမ်းသာသောနိုင်ငံများဖြစ်သည့် ဂျာမနီနှင့်ဂျပန်တို့၏ ဝင်ငွေကို အလွယ်တကူ အမီလိုက်နိုင်မည်ဖြစ်သည်။ အာဆီယံသည် ၂၀၂၄ခုနှစ်တွင်ဂျာမနီနိုင်ငံကို လည်းကောင်း၊ ၂၀၂၆ ခုနှစ်တွင် ဂျပန်နိုင်ငံကိုလည်းကောင်း အမီလိုက်ကျော်တက်နိုင်မည်ဖြစ်ကြောင်း BMI အစီရင်ခံစာက ခန့်မှန်းထားသည်။

ကမ္ဘာ့ဘဏ်က ထုတ်ပြန်သော စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရလွယ်ကူမှုအညွှန်းကိန်းများအရလည်း အာဆီယံ၏ အထွေထွေစွမ်းဆောင်မှု (Overall performance) သည် အပေါင်းလက္ခဏာဆောင်နေပါသည်။ အဆိုပါ အညွှန်းကိန်း Ease of Doing Business Index 2018 အရ ထိုင်းနိုင်ငံသည် နေရာ '၂၀'၊ အင်ဒိုနီးရှားသည် '၁၉'၊ ဘရူနိုင်းသည် '၁၆' နှင့် ဗီယက်နမ်သည် '၁၄' သို့ရောက်ရှိပြီး ပိုမိုကောင်းမွန်လာကြောင်း တွေ့ရသည်။ ဖိလစ်ပိုင်နိုင်ငံသည် '၁၉' နေရာသို့ကျဆင်းသွားသည်မှလွဲ၍ ကျန်အာဆီယံနိုင်ငံများသည် အတက်ဘက်၊ အကောင်းဘက်သို့သာ ဦးတည်နေကြောင်းလည်း တွေ့ရပါသည်။

ထို့ကြောင့် အာဆီယံဒေသ၏အဆိုပါအညွှန်းကိန်းများသည် ရေရှည်တွင် ပိုမိုကောင်းမွန်လာနိုင်သည်ကို တွေ့ရကြောင်းပါ ခင်ဗျား။

Source: financialfribune.com

# အင်အားတောင့်တင်းသော ကုန်သွယ်မှုနိုင်ငံဖြစ်လာစေရန်အတွက် တရုတ်နိုင်ငံက အစီအမံများချမှတ်

၂၀၅၀ ခုနှစ်တွင် အင်အားတောင့်တင်းသောစီးပွားရေးနှင့် ကုန်သွယ်မှုနိုင်ငံဖြစ်လာစေရန်အတွက် ဒီဇင်ဘာလ ၂၅ရက်တွင် တရုတ်နိုင်ငံစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဆုံးဖြတ်ခဲ့ပါသည်။

တရုတ်နိုင်ငံ၏ ပြည်တွင်းစားသုံးမှု၊ နိုင်ငံခြားကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအားလုံးတို့သည် အခြားစီးပွားရေးကဏ္ဍများထက် လွန်ခဲ့သောငါးနှစ်ကတည်းက ပိုမိုတိုးတက်ခဲ့ပြီး စီးပွားရေးနှင့်ကုန်သွယ်မှုအခွင့်အလမ်းများသည် တောင့်တင်းခိုင်မာသောအခြေခံအုတ်မြစ်များရှိနေပြီဖြစ်ကြောင်း တရုတ်နိုင်ငံစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး Zhong Shan က အစည်းအဝေးတစ်ခုတွင် ပြောကြားခဲ့ပါသည်။

အကောင်းဆုံးစီးပွားရေးနှင့် ကုန်သွယ်ဖက်နိုင်ငံအဖြစ် ၂၀၂၀ ခုနှစ်မတိုင်မီကာလအတွင်း တည်ထောင်မည်ဖြစ်သည်။ အင်အားတောင့်တင်းသောကုန်သွယ်ဖက်နိုင်ငံအဖြစ် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ၂၀၃၅ ခုနှစ်တွင် ပြီးမြောက်အောင်ဆောင်ရွက်မှာဖြစ်ကာ ကဏ္ဍအားလုံးဟာ ၂၀၅၀ ခုနှစ်တွင် ဆောင်ရွက်ပြီးစီးသင့်ပြီး အဆိုပါရည်မှန်းချက်များကို အချိန်မီပြီးမြောက်အောင်မြင်စေရန် ကြိုးစားအားထုတ်သင့်သည်ဟု ဝန်ကြီး Zhong Shan က ထပ်မံပြောကြားခဲ့ပါသည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့နိုင်ငံများအားလုံးတွင် ပို့ကုန်အများဆုံးနိုင်ငံဖြစ်ပြီး ဒုတိယသွင်းကုန်အများဆုံးနိုင်ငံအဖြစ် ရှစ်နှစ်ကြာရပ်တည်လျက်ရှိပါသည်။

ကမ္ဘာ့ကုန်သွယ်မှုတွင် တရုတ်နိုင်ငံ၏ပို့ကုန်ဈေးကွက်သည် ၂၀၁၁ ခုနှစ်တွင် ၁၀ ဒသမ ၄ရာခိုင်နှုန်းမှ ၂၀၁၆ခုနှစ်တွင် ၁၃ ဒသမ ၂ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ပါသည်။

တရုတ်နိုင်ငံ၏ကုန်သွယ်မှုတိုးတက်လာခြင်းသည် ကမ္ဘာ့စီးပွားရေးနှင့်ကုန်သွယ်မှုကိုများစွာအထောက်အကူပြုလျက်ရှိပါသည်။

တရုတ်နိုင်ငံ၏ သွင်းကုန်တိုးတက်လာခြင်းသည် ကုန်သွယ်ဖက်နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုကိုများစွာ အထောက်အကူဖြစ်စေပြီး ကမ္ဘာတစ်ဝန်းလုံးကိုလည်း အကျိုးကျေးဇူးများစွာဖြစ်ထွန်းစေပါသည်။တရုတ်နိုင်ငံထုတ်ကုန်ပစ္စည်းများသည် ကမ္ဘာ့ဈေးကွက်တွင် အရေအတွက်များပြားပြီး ဈေးနှုန်းသက်သာသော အဓိကအားသာချက်များရှိပါသည်။

ပြည့်စုံကြွယ်ဝသော၊ အင်အားတောင့်တင်းသော၊တရားမျှတသော၊ ယဉ်ကျေးမှုထွန်းကားသော၊ သာယာပျော်ရွှင်ဖွယ်ကောင်းသောနိုင်ငံတစ်နိုင်ငံအဖြစ် ၂၀၅၀ ခုနှစ်တွင် ပြီးမြောက်အောင်ဆောင်ရွက်မည်ဟုတရုတ်နိုင်ငံ ကွန်မြူနစ်ပါတီ၏ ၁၉ ကြိမ်မြောက်အမျိုးသားကွန်ဂရက်တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

Source :http://www.xinhuanet.com/english/2017-12/25/c_136851438.htm

**အောင်ကိုကို**

## ဓာတ်ဆီ/ဒီဇယ်

# ဒီတစ်ပတ် ဓာတ်ဆီ၊ ဒီဇယ်တန်ချိန် ၂၀၀၀၀၀ ကျော်ဝင်

ဒီဇင်ဘာ ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၈၂၉၇၇၄၃၀ တန်ဖိုးရှိ ဒီဇယ် ၁၅၇၉၄၃ ဒသမ ၇၁ တန်နဲ့ အမေရိကန် ဒေါ်လာ ၃၃၄၅၁၉၇၀ တန်ဖိုးရှိ ဓာတ်ဆီ ၆၅၃၆၆ တန်၊ စုစုပေါင်း ၂၂၃၃၀၉ ဒသမ ၇၁ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၄၃၅၇၀ နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၁၄၃၇၀ ကျော် အဝင်ပိုခဲ့သလို ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၃၆၇၉၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဓာတ်ဆီတန်ချိန် ၂၈၅၇၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ် ဓာတ်ဆီရောဒီဇယ်ပါ အဝင်ပိုခဲ့ပါတယ်။ ဒီဇင်ဘာ ၁၆ ရက်မှ ၂၂ ရက်သီတင်းပတ်အတွင်း နယ်စပ်စခန်းဖြစ်တဲ့ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၀၃၄ တန်ဖိုးရှိ Re-export ဒီဇယ် ၁၆၄၄၂ ဒသမ ၈၅၇ တန်ကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဓာတ်ဆီရောဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ အောက်တိန်း (92)နဲ့ (95) မှာ ဈေးအနည်းငယ်မြင့်လာပြီး ဒီဇယ်နဲ့အဆင့်မြင့်ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် ၇၈၅ ကျပ်၊ အောက်တိန်း (92) ကျပ် ၇၉၀၊ အောက်တိန်း (95) ကျပ် ၈၃၀၊ အဆင့်မြင့်ဒီဇယ် ၈၂၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဒီဇင်ဘာ ၂၆ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၆၂၀၀၀၊ ရောင်းဈေး ကျပ် ၁၆၅၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဒီဇင်ဘာ ၂၉ ရက်တွင် ဝယ်ဈေး ကျပ် ၁၆၅၀၀၀၊ ရောင်းဈေး ကျပ် ၁၆၈၀၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီဇင်ဘာလ ၂၆ ရက်မှာ ဓာတ်ဆီဝယ်ဈေး ကျပ် ၁၇၈၀၀၀၊ ရောင်းဈေး ကျပ် ၁၈၀၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာတစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီဇယ်ဈေး အနည်းငယ်မြင့်ခဲ့ပြီး ဓာတ်ဆီဈေးငြိမ်ခဲ့တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း (92)၊ အောက်တိန်း(95)၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးငြိမ်ခဲ့တယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ အောက်တိန်း (95) တစ်လီတာ ၉၃၅ ကျပ်၊ ဒီဇယ်တစ်လီတာ ၈၃၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၅၅ ကျပ်၊ အောက်တိန်း (92)တစ်လီတာ ၈၆၅ ကျပ်၊ ဓာတ်ဆီ တစ်လီတာ ကျပ် ၈၀၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါ ဈေးများမှာ ဒီဇင်ဘာ ၂၆ ရက်တွင် ဒီဇယ်ဝယ်ဈေး ကျပ် ၁၇၀၀၀၀၊ ရောင်းဈေး ကျပ် ၁၇၄၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့ရာ ဒီဇင်ဘာ ၂၉ ရက်တွင် ဝယ်ဈေး ကျပ် ၁၇၇၀၀၀၊ ရောင်းဈေး ကျပ် ၁၈၀၀၀၀ နဲ့ အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း(92)ဈေးမှာ ဒီဇင်ဘာ ၂၆ ရက်တွင် ဝယ်ဈေး ကျပ် ၁၆၈၀၀၀၊ ရောင်းဈေး ကျပ် ၁၇၃၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဒီဇင်ဘာ ၂၉ ရက်တွင် ဝယ်ဈေး ကျပ် ၁၇၀၀၀၀၊ ရောင်းဈေး ကျပ် ၁၇၅၀၀၀ နဲ့ အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီဇယ်ရော ဓာတ်ဆီပါ ဈေးအနည်းငယ်မြင့်ခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအဝယ် ပုံမှန်ရှိပြီး ဈေးအနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာရောင်းချနေတဲ့ တစ်လီတာဈေးများမှာ ဓာတ်ဆီ ၇၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ကျပ် ၈၅၀၊ အောက်တိန်း (92) ၈၃၅ ကျပ်၊ အောက်တိန်း (95) ကျပ် ၈၇၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၃၈၅၀၊ အောက်တိန်း (92)တစ်ဂါလံ ကျပ် ၃၈၀၀၊ အောက်တိန်း (95) တစ်ဂါလံ ကျပ် ၄၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ဒီတစ်ပတ် ဈေးအနည်းငယ်မြင့်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်း များမှာ ဒီဇယ်တစ်လီတာ ကျပ် ၈၄၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၈၆၀၊ အောက်တိန်း (92) ကျပ် ၈၆၀၊ အောက်တိန်း (95) ကျပ် ၁၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဒီဇယ်တစ်ဂါလံ ကျပ် ၃၈၀၀၊ အောက်တိန်း (92) တစ်ဂါလံ ကျပ် ၃၉၀၀ နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။

**MIRT-DOT**

# ပြည်တွင်းရွှေဈေး ဆက်လက်မြင့်တက်

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက စတင်မြင့်တက်ခဲ့သည့် ပြည်တွင်းရွှေဈေးများသည် ယခုတစ်ပတ်အတွင်း ဆက်လက်မြင့်တက်လာခဲ့ကာ ကျပ် ၉၄၀၀၀၀ နီးပါးသို့ ရောက်ရှိလာခဲ့ကြောင်း ပြည်တွင်းရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ကျပ် ၉၂၀၀၀၀ နီးပါးရှိခဲ့သည့် ပြည်တွင်းရွှေဈေးများသည် တစ်ပတ်အတွင်း ကျပ်နှစ်သောင်းနီးပါး မြင့်တက်လာခြင်းဖြစ်သည်။ ကမ္ဘာ့ရွှေဈေး မြင့်တက်လာမှုကြောင့် ပြည်တွင်းရွှေဈေးများ မြင့်တက်လာရခြင်းဖြစ်ပြီး နှစ်သစ်ကူးကာလရောက်ချိန်ဖြစ်နေသဖြင့် ရွှေဈေးများမြင့်တက်လာရခြင်းဖြစ်ကြောင်း ရွှေဈေးကွက်အတွင်းမှ သိရသည်။

"ပြည်တွင်းရွှေဈေးက ပြီးခဲ့တဲ့တစ်ပတ်ကထက် ပိုပြီးမြင့်တက်လာတယ်။ ကမ္ဘာ့ရွှေဈေးမြင့်တက်လာတဲ့အတွက် ပြည်တွင်းရွှေဈေးလည်း မြင့်တက်လာရတာပါ။ ကမ္ဘာ့ရွှေဈေးက အခုဆိုရင် အမေရိကန်ဒေါ်လာ ၁၃၀၀ ကျော်ကို ရောက်နေပြီဖြစ်တဲ့အတွက် ပြည်တွင်းရွှေဈေးလည်း ထပ်ပြီးမြင့်တက်လာနိုင်ပါတယ်။ နှစ်သစ်ကူးကာလဖြစ်နေတဲ့အတွက် ရွှေဈေးအမြင့်ဆုံးအချိန်ကို စောင့်ကြည့်နေကြတယ်။ တချို့က ကျပ် ၉၄၀၀၀၀ ကျော်အထိ ရောက်မယ်လို့ မှန်းထားကြတယ်"ဟု ရွှေကုန်သည်ဦးစံမြင့်ကဆိုသည်။ ပြည်တွင်းရွှေဈေးများသည် ဒီဇင်ဘာ ၂၆ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၉၂၄၀၀၀ ရှိခဲ့ ပြီး ဒီဇင်ဘာ ၂၈ ရက်တွင် ကျပ် ၉၃၁၀၀၀ သို့ ရောက်ရှိလာပြီး ဒီဇင်ဘာ ၃၀ ရက်တွင် ကျပ် ၉၃၇၅၀၀ သို့ ရောက်ရှိလာခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် ဒီဇင်ဘာ ၂၆ ရက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၇၅ ရှိခဲ့ရာမှ ဒီဇင်ဘာ ၂၉ ရက်တွင် အမေရိကန်ဒေါ်လာ ၁၂၉၆ သို့ မြင့်တက်ခဲ့သည်။ ဒီဇင်ဘာ ၃၀ ရက်တွင် အမေရိကန်ဒေါ်လာ ၁၃၀၂ သို့ ဆက်လက်မြင့်တက်ခဲ့သည်။

**မယ်သီတာ**

# ပြည်တွင်းငွေလဲနှုန်းများ ဆက်လက်ကျဆင်း

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက အနည်းငယ်ကျဆင်းခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင် ဆက်လက်ကျဆင်းခဲ့ကြောင်း ပြည်တွင်းငွေလဲဈေးကွက်အတွင်းမှ သိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း ၎င်း၏ရည်ညွှန်းငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာလျှင် ၁၃၆၄ ကျပ်မှ ၁၃၆၂ ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ သည်။

ယခုတစ်ပတ်သည် နှစ်တစ်နှစ်၏ နောက်ဆုံးလ နောက်ဆုံးရက်သတ္တပတ်ဖြစ်ရာ မော်တော်ယာဉ်တင်သွင်းသူများ၏ ဒေါ်လာဝယ်ယူမှုများ ရပ်ဆိုင်းသွားသကဲ့သို့ အစိုးရရုံးပိတ်ရက်များ များပြားစွာရှိနေခြင်းကြောင့် ဝယ်လိုအားများ ကျဆင်းသွားသဖြင့် ယခုကဲ့သို့ ပြည်တွင်းငွေလဲနှုန်းများ ကျဆင်းသွားရခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဝယ်လိုအားကျဆင်းမှုနှင့်အတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း ၎င်း၏ ရည်ညွှန်းငွေလဲနှုန်းကို လျှော့ချသတ်မှတ်ခဲ့သဖြင့်ပြင်ပပုဂ္ဂလိက ငွေလဲစင်တာများတွင် ငွေလဲနှုန်းများ ကျဆင်းသွားရခြင်းဖြစ်ကြောင်း သိရသည်။

ပြည်တွင်းငွေလဲစင်တာများတွင် ဒီဇင်ဘာ ၂၆ ရက်က အမေရိကန် တစ်ဒေါ်လာလျှင် ရောင်းဈေး ၁၃၅၆ ကျပ်၊ ဝယ်ဈေး ၁၃၅၄ ကျပ်ရှိခဲ့ပြီး ဒီဇင်ဘာ ၂၉ ရက်တွင် ရောင်းဈေး ၁၃၅၅ ကျပ်၊ ဝယ်ဈေး ၁၃၅၃ ကျပ်ရှိခဲ့သည်။ ဒီဇင်ဘာ ၃၀ ရက်တွင် ရောင်းဈေး ၁၃၅၄ ကျပ်၊ ဝယ်ဈေး ၁၃၅၂ ကျပ်ရှိခဲ့သည်။

**မယ်သီတာ**

# အွန်လိုင်းမှ ရှယ်ယာဝယ်ယူခြင်းကို အများဆုံး ကျပ်သိန်း ၁၀၀ သာခွင့်ပြုမည်

ရန်ကုန် စတော့အိတ်ချိန်းတွင် ရောင်းဝယ်လျက်ရှိသည့် ကုမ္ပဏီလေးခုအား အွန်လိုင်းစနစ်ဖြင့် ရှယ်ယာများ ရောင်းဝယ်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ အွန်လိုင်းမှ ရှယ်ယာများ ရောင်းဝယ်ခြင်းကို ခွင့်ပြုခဲ့သော်လည်း အွန်လိုင်းမှရှယ်ယာဝယ်ယူသည့် ပမာဏကိုမူ ကျပ်သိန်း ၁၀၀အထိသာ ခွင့်ပြုထားသည်။ သို့သော် ရှယ်ယာဝယ်ယူသည့်အရေအတွက်ပမာဏကိုမူ ကန့်သတ်ထားခြင်းမရှိသကဲ့သို့ ရှယ်ယာရောင်းချသည့် ပမာဏနှင့်ရောင်းချသည့် အရေအတွက်ကိုလည်း ကန့်သတ်ထားခြင်းမရှိကြောင်း သိရသည်။

ယင်းကဲ့သို့ ကျပ်သိန်း ၁၀၀ အထိသာဝယ်ယူရန် ကန့်သတ်ရခြင်းမှာ ငွေကြေးခဝါချမှုကို ကာကွယ်ရန်ဖြစ်ပြီး ယင်းပမာဏထက် ပိုမိုဝယ်ယူလိုပါက ယခင်က သတ်မှတ်ထားသည့်အတိုင်း ငွေချေး သက်သေခံလက်မှတ်ကုမ္ပဏီတွင် သွားရောက်လျှောက်ထား၍ ဝယ်ယူနိုင်ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်း စတင်ဖွင့်လှစ်ပြီး နှစ်နှစ်နီးပါးခန့်ကြာမှသာ အွန်လိုင်းစနစ်ဖြင့် ရောင်းဝယ်ခြင်းကို ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

**မယ်သီတာ**

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 25-December | - - | - | - | - | |
| 26-December | 16.39 | 3252.88 | 2165.65 | 7069.77 | 921.00 |
| 27-December | 16.51 | 3229.52 | 2147.80 | 7115.17 | 921.00 |
| 28-December | 16.75 | 3279.99 | 2237.21 | 7246.97 | 925.00 |
| 29-December | 16.82 | 3279.99 | 2239.26 | 7224.71 | 926.00 |

## Currency Exchange Rate

December 29, 2017
Base Currency is
United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.28 |
| BDT Bangladesh Taka | 83.14 |
| CAD Canada Dollars | 1.26 |
| CNY China Yuan Renminbi | 6.52 |
| EUR Euro | 0.84 |
| H KDHong Kong Dollars | 7.82 |
| I NR India Rupees | 63.96 |
| I DR Indonesia Rupiahs | 13552.83 |
| JPY Japan Yen | 112.72 |
| MYR Malaysia | 4.06 |
| PKR Pakistan Rupees | 110.70 |
| PHP Philippines Pesos | 50.00 |
| RUB Russia Rubles | 57.54 |
| SGD Singapore Dollars | 1.34 |
| KRW South Korea Won | 1067.20 |
| LKR Sri Lanka Rupe | 153.70 |
| THB Thailand Baht | 32.63 |
| GBP United Kingdom Pounds | 0.74 |
| VND | VietnamDon |

22708.55*Source:xe.com*

## World Gold Price

December-2017 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 25 | - | - | - |
| 26 | 1282 | 1280 | 1279 |
| 27 | 1285 | 1284 | 1283 |
| 28 | 1289 | 1289 | 1289 |
| 29 | 1294 | 1297 | 1294 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 25-12- 2017 | - | - |
| 26-12-2017 | 925.50 | 925.80 |
| 27-12- 2017 | 928.00 | 927.00 |
| 28-12-2017 | 935.00 | 934.00 |
| 29-12- 2017 | 933.00 | 931.90 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဒီဇင်ဘာလ ၂၀၁၇ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 25 | 6.54 | 32.75 | 83.16 | 64.02 |
| 26 | 6.54 | 32.79 | 83.06 | 64.07 |
| 27 | 6.55 | 32.84 | 83.15 | 64.15 |
| 28 | 6.53 | 32.61 | 83.14 | 64.07 |
| 29 | 6.52 | 32.63 | 83.14 | 63.96 |

## Energy NYMEX 29-12-2017

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 60.30 | 0.46 | 0.77 |
| Brent Crude Futr (USD/bbl) | 66.03 | 0.44 | 0.67 |
| Gasoline Rbob Fut (Cent/gal) | 180.00 | 0.70 | 0.39 |
| Natural Gas Futr (USD/MMBtu) | 2.96 | 0.04 | 0.41 |
| Heating Oil Futr (Cent/gal) | 205.95 | 0.74 | 0.36 |

## ဘိလပ်မြေ

### ရေလမ်းမှ ဘိလပ်မြေတန်ချိန် ၂၀၀ တင်သွင်း

ဒီဇင်ဘာ ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၉၂၃၃ တန်ဖိုးရှိ ဘိလပ်မြေ တန်ချိန် ၂၀၀ ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် အက်(စ်)စီဂျီ ဘိလပ်မြေ တစ်မျိုးတည်းသာ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေ တန်ချိန် ၃၈၀ နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၈၀ တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

ဒီဇင်ဘာ ၁၆ ရက်မှဒီဇင်ဘာ ၂၂ ရက်အထိသီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာတန်ချိန် ၁၁၈၃၀ ကျော်ရှိပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၉၈၉၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၁၉၃၀ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ် ရေကြောင်းလမ်းမှ အဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ အဝင်ပိုခဲ့ပါတယ်။

### ဘိလပ်မြေဈေးကွက် အရောင်းသွက်

မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာအရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဆင်မြန်မာက ကျပ် ၅၀ ၊ ဆင်(ထိုင်း)ကျပ် ၂၀၀ ဈေးမြင့်ခဲ့ပြီး ကြံ့(မြိုင်ကလေး)က ကျပ် ၅၀ ဈေးကျခဲ့ကာ ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၇၀၀၊ ဆင်(ထိုင်း) ကျပ် ၅၇၅၀၊ ကြံ့(မြိုင်ကလေး) ကျပ် ၄၈၀၀၊ စိန်(ထိုင်း) ကျပ်၅၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်သွက်ပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံးကျပ် ၄၆၀၀၊ ကြံ့နှစ်ကောင် ကျပ် ၄၈၀၀၊ အယ်လ်ဖာ ကျပ် ၄၈၀၀၊ မော်လမြိုင်ဆင် ကျပ် ၅၅၀၀ ၊ ခရောင်း ကျပ် ၅၀၀၀၊ အပါချီ ကျပ် ၄၉၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်း သိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** ရာသီဥတုသာယာတာကြောင့် အရောင်းအဝယ် သွက်တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်က ပစ္စည်းပြတ်နေတဲ့ဆင်(ထိုင်း)က ဈေးကွက်ထဲပြန်ဝင်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ကြံ့က ကျပ် ၁၀၀ ဈေးကျပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၈၀၀၊ ကြံ့ကျပ် ၄၆၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀၊ အပါချီ ကျပ် ၄၈၀၀၊ စိန်(ထိုင်း) ကျပ် ၆၁၀၀ နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး ဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ပွင့်လင်းရာသီနဲ့အတူဆောက်လုပ်ရေးလုပ်ငန်းများ ပြန်လည်စတင်လာတာကြောင့် အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဆင်(ထိုင်း)က ကျပ် ၃၀၀ဈေးကျပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၀၀၀၊ အပါချီ ကျပ် ၄၂၀၀၊ ကမ္ဘောဇ ကျပ် ၄၀၀၀၊ နဂါး ကျပ် ၄၄၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀ နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေသြဇာ

### ဒီတစ်ပတ်မြေသြဇာအဝင်နည်း

ဒီဇင်ဘာ ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၀၄၆၄၂၄ တန်ဖိုးရှိ မြေသြဇာ ၃၇၆၆ ဒသမ ၈၉ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ တန်ချိန် ၁၀၀၀၊ ဂျာမနီနိုင်ငံမှ ၅၁၃ တန်၊ အိန္ဒိယနိုင်ငံမှ သုညဒသမ ၀၄ တန်၊ ဂျပန်နိုင်ငံမှ ၇၆ ဒသမ ၅ တန်၊ ကိုရီးယားနိုင်ငံမှ ၁၁၄၄ ဒသမ၅၇ တန်၊ မလေးရှားနိုင်ငံမှ ၂၂၀ ဒသမ ၄၂ တန်၊ ရုရှားနိုင်ငံမှ ၄၇၆ တန်နဲ့ ထိုင်းနိုင်ငံမှ ၃၃၆ ဒသမ ၃၆ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ကိုရီးယားနိုင်ငံမှ အများဆုံး တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ အမိုးနီးယားဆာလဖိတ်၊ ပိုတက်၊ ပိုတက်ဆီယမ်ကလိုရိုဒ်၊ အော်ဂဲနစ်၊ ဆိုဒီယမ်နိုက်တြိတ်၊ ဓာတ်ဆားနဲ့ ကွန်ပေါင်းတို့ ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေသြဇာတန်ချိန် ၈၁၇၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၄၄၀၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

### မြေသြဇာဈေးကွက်အရောင်းပုံမှန်ရှိ

ဒီဇင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ တန်ချိန် ၁၅၃၅၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာ တန်ချိန်၁၁၇၆၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၃၅၉၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းလမ်းမှ အဝင်လျော့ပြီး နယ်စပ်လမ်းမှ မြေသြဇာ အဝင်ပိုခဲ့ပါတယ်။ ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊ တောင်ကြီး၊ မန္တလေး နဲ့ မကွေးမှာ အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုလဲအသေး(ရွှေတောင်-တရုတ်)က ကျပ် ၅၀၀ ဈေးကျပြီး ကျန်မြေသြဇာများက ယခင်ဈေးအတိုင်းအရောင်း အဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ပုလဲ-အသေး ၄၆%(ရွှေတုံး၊ရွှေပျား-တရုတ်) ကျပ် ၂၄၅၀၀၊ ပုလဲ-အသေး၄၆%(ရွှေတောင်-တရုတ်) ကျပ် ၂၄၀၀၀၊ကွန်ပေါင်း(အစိမ်း) ၁၅း၁၅း၁၅(ထိုင်း) ကျပ် ၄၀၅၀၀၊ ကွန်ပေါင်း(ပန်းရောင်)ကျပ် ၃၃၅၀၀၊ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ်၃၁၅၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၃၅၀၀၊ တီစူပါ ၁၆%(မြားကမ္ဘာ-တရုတ်) ကျပ် ၁၃၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်း သိရှိရပါတယ်။

**မကွေးဈေးကွက်မှာ** ဆောင်းသီးနှံအတွက်အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ဒီတစ်ပတ် မြားကမ္ဘာ၁၂း၁၃ က ကျပ် ၃၀၀၊ ဆင်၁၀း၁၀း၅က ကျပ် ၁၄၀၀၊ အာမို ၁၅ ပတ်လည်နဲ့ တောင်သူမ က ကျပ် ၂၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်)က ကျပ် ၁၂၀၀၊ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်)က ကျပ် ၈၀၀၊ တီစူပါက ကျပ် ၆၀၀ ၊ သီးစုံ(ဝါစိမ်းပြာ)က ကျပ် ၂၀၀၀ဈေးမြင့်ခဲ့ပြီး ကျန်မြေသြဇာများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ဈေးကွက်ထဲအရောင်း အဝယ် ဖြစ်နေတဲ့ ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၅၈၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၆၉၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၂၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ သီးစုံ(ဝါစိမ်းပြာ) ကျပ် ၁၈၅၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၅၂၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၄၈၀၀၊ ဇာမဏီ ကျပ် ၁၇၂၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ တီစူပါ ကျပ် ၂၂၈၀၀၊ တောင်သူမ ကျပ် ၁၅၇၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီတစ်ပတ်အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ယူရီးယား(ကမ္ဘာလုံး-တရုတ်)နဲ့ (ရွှေတောင်-တရုတ်)က ကျပ် ၁၀၀၀၊ ယူရီးယား(ပန်းဖူး-တရုတ်)ကျပ် ၁၄၀၀ ဈေးမြင့်ပြီး ကျန်မြေသြဇာများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၅၂၀၀ ၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၅၂၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၅၆၀၀၊ တီစူပါ ၂၀% (တရုတ်)ကျပ် ၁၇၀၀၀ ၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၇၈၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၆၀၀၀၊ ဓာတ်ဆား (တရုတ်)ကျပ် ၁၄၀၀၀၊ ပိုတက်(တရုတ်) ကျပ်၂၃၅၀၀၊ ယူရီးယား (ယူအေအီး) ကျပ်၂၂၅၀၀ ၊ မြားကမ္ဘာကျပ်၁၆၀၀၀ ဈေးနဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှစုံစမ်းသိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဆောင်းသီးနှံများအတွက် အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ စိုက်ပျိုးရေးပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဒီတစ်ပတ်မှာ ယူရီးယား (ရွှေတောင်-တရုတ်)နဲ့(ပန်းဖူး-တရုတ်) ကကျပ်၇၀၀၊ တီစူပါက ကျပ် ၂၀၀၊ ပန်းသီးစုံက ကျပ် ၈၀၀၊ အာမို ၁၀း၁၀း၅ က ကျပ် ၂၀၀ ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား(ရွှေတောင် -တရုတ်) ကျပ် ၂၃၉၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၄၀၀၀၊ တီစူပါ ၄၆% တရုတ် ကျပ် ကျပ် ၂၁၈၀၀၊ မြားသီးစုံ ကျပ် ၁၄၄၀၀၊ ပန်းသီးစုံ ကျပ် ၁၅၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၆၂၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၁၆၅၀၀၊ အာမို ၁၅း ၁၅း၁၅ ကျပ် ၃၇၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

■

## နို့ဆီ/နို့မှုန့်

### ဒီတစ်ပတ် နို့ဆီပုံမှန်အဝင်ရှိပြီး နို့မှုန့်အဝင်ပိုခဲ့

ဒီဇင်ဘာလ ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၅၈၀၀၀ တန်ဖိုးရှိနို့ဆီ ၂၁၈ ဒသမ ၈၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဒွန်းနို့ဆီတစ်မျိုးသာ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က နို့ဆီ ၂၁၈ တန်ကျော် တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်မှာလည်း ပုံမှန် အဝင်ရှိခဲ့တယ်လို့ သိရပါတယ်။ နို့မှုန့်က ဒီတစ်ပတ်မှာ နယူးဇီလန်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၆၀၃၆၄၈ တန်ဖိုးရှိ နို့မှုန့် ၂၀၃ ဒသမ ၀၇၅တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့မှုန့် တန်ချိန် ၁၇၀ကျော်နဲ့ နှိုင်း ယှဉ်ရင် ဒီတစ်ပတ်မှာ ၂၆ တန်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၆/၁၂ မှ ၂၂/၁၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၉/၁၂ မှ ၁၅/၁၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၇၂.၄၅ | - | (+) | ၁၇၂.၄၅ |
| ၂။ | လွယ်ဂျယ် | ၃၆၀.၀၀ | ၄၅၀.၀၀ | (-) | ၉၀.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၂၁၉၈.၀၀ | ၂၃၆၂.၀၀ | (-) | ၁၆၄.၀၀ |
| ၅။ | တာချီလိတ် | ၄၇၅၀.၀၀ | ၇၀၀၀.၀၀ | (-) | ၂၂၅၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၄၃၅၀ | - | (+) | ၄၃၅၀.၀၀ |
| ၈။ | မြိတ် | - | ၈၀.၀၀ | (-) | ၈၀.၀၀ |
| | စုစုပေါင်း | ၁၁၈၃၀.၄၅ | ၉၈၉၂.၀၀ | (+) | ၁၉၃၈.၄၅ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၆/၁၂ မှ ၉/၁၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၉/၁၂ မှ ၁၅/၁၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၇၉၂၉.၇၀ | ၁၀၂၈၈.၆၀ | (-) | ၂၃၅၈.၉၀ |
| ၂။ | လွယ်ဂျယ် | ၃၁.၀၀ | ၁၈၀.၀၀ | (-) | ၁၄၉.၀၀ |
| ၃။ | ချင်းရွှေဟော် | ၄၄၄.၇၅ | ၁၂၃.၀၀ | (+) | ၃၂၁.၇၅ |
| ၄။ | ကန်ပိုက်တီး | ၁၆၀.၀၀ | ၁၂၀.၀၀ | (+) | ၄၀.၀၀ |
| ၅။ | မြဝတီ | ၉၀၆.၇၂ | - | (+) | ၉၀၆.၇၂ |
| ၆။ | ကော့သောင်း | ၃၁၇၈.၅၀ | ၂၁.၃၈ | (+) | ၃၁၆၆.၁၂ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိုဒ် | ၂၇၀၀.၀၀ | ၁၀၃၀.၀၀ | (+) | ၁၆၇၀.၀၀ |
| | စုစုပေါင်း | ၁၅၃၅၉.၆၇ | ၁၁၇၆၂.၉၈ | (+) | ၃၅၉၆.၆၉ |

ခင်မိုးသူ

## နှမ်း

# မူဆယ်ရော ချင်းရွှေဟော်မှပါ နှမ်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဒီဇင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၁၉ သန်းတန်ဖိုးရှိ နှမ်းရောင်စုံ ၂၅၉၄ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ နှမ်းနက် ၃၂ တန်ခွဲ၊ နှမ်းဖြူ ၃၂ တန်ခွဲနဲ့ နှမ်းဖြူ(အခွံချွတ်) တန် ၆၀၊ ချင်းရွှေဟော်မှ နှမ်းနက် ၁၁၉၉ တန်ကျော်၊ နှမ်းညို ၁၃၉ တန်ကျော်၊ နှမ်းဖြူတန် ၅၇၀ ခွဲနဲ့ နှမ်းဖြူ (အခွံချွတ်) တန် ၅၆၀ ဖြစ်ပါတယ်။

ယခင်သီတင်းပတ်က မူဆယ်နဲ့ ချင်းရွှေဟော်စခန်းနှစ်ခုပေါင်းမှ နှမ်းရောင်စုံ ၂၀၀၉ တန်ကျော်သာ တင်ပို့ခဲ့လို့ ယခုတစ်ပတ် ၅၈၅ တန်ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ဒီဇင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်း နှမ်းဖြူတစ်တန်လျှင် ၁၈၁၂၂၄၅ ကျပ်နဲ့ နှမ်းနက်တစ်တန်လျှင် ၁၉၁၄၂၈၆ ကျပ် ဈေးရှိတယ်လို့ သိရပါတယ်။

အလားတူ မြဝတီကုန်သွယ်ရေးဇုန်မှလည်း အဆိုပါ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၇၀၈၇၅ တန်ဖိုးရှိ နှမ်းနက် ၅၆ တန်ကျော်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

**မော်မော်အောင်**

# ပြည်နှမ်းဈေးကွက်တွင် နှမ်းနီနှင့် စမုံနက်နှမ်းဈေးငြိမ်နေသော်လည်း နှမ်းနက်ဈေးပြန်ကျ

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းနီနှင့်စမုံနက်နှမ်းဈေးငြိမ်ပြီး နှမ်းနက် ဈေးပြန်ကျလာတာတွေ့ရပါတယ်။ စမုံနက်နှမ်းကို မန္တလေးဝယ်လက်များက ပုံမှန် အဝယ်ရှိသဖြင့် ဈေးမှန်နေသော်လည်း နှမ်းနက်ရိုးရိုးကိုအဝယ်မရှိလို့ နှစ်ပတ်ဆက်တိုက်ဈေးပြန်ကျလာတာတွေ့ရပါတယ်။

ဒီဇင်ဘာလလယ်လောက်တွင် နှမ်း နက်ဈေးတစ်ဟုန်ထိုးမြင့်တက်သွားပေမယ့် ယခုအချိန်တွင် ဝယ်လိုအားမရှိလို့ ဈေးပြန်ကျလာတာ တွေ့ရပါတယ်။ ယခုတစ်ပတ်နှမ်းဈေးများမှာ နှမ်းနီသုံးတင်း တစ်အိတ်လျှင် ကျပ် ၁၀၅၀၀၀ ဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်ပြီး ဆီစက်များက အဝယ်ရှိလို့ တစ်နေ့လျှင်အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်တာ တွေ့ရပါတယ်။ စမုံနက်နှမ်း သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၁၅၀၀၀ ဖြင့် တစ်နေ့လျှင် အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး နှမ်းနက်သုံးတင်း တစ်အိတ်လျှင် ကျပ် ၉၃၀၀၀ ဖြင့် အဝယ်မရှိလို့ ယခင်တစ်ပတ်ကထက် ဈေးပြန်ကျလာတာတွေ့ရပါတယ်။

**ဝေဝေမင်း**

## စားအုန်းဆီ

# အခြားသော ဟင်းရွက်ဆီဈေးနှုန်းများအား ထိန်းချုပ်ထားသဖြင့် မလေးရှားစားအုန်းဆီဈေးနှုန်းများ ဆက်လက်ကျဆင်း

မလေးရှားစားအုန်းဆီ ကြိုရောင်းကြိုဝယ်ဈေးကွက်၌ ဒီဇင်ဘာ ၂၈ ရက် ညနေပိုင်းတွင် ဈေးများကျဆင်းလာခဲ့သည်။ ယခုကဲ့သို့ ကျဆင်းခြင်းသည် လေးရက်မြောက်နေ့အဖြစ် ကျဆင်းခြင်းဖြစ်ကြောင်း စတားအွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။

ဒါလီယံကုန်စည်ဒိုင်တွင် မေလအတွက် ပဲပုပ်ဆီစာချုပ်ချုပ်ဆိုဈေးနှုန်းသည် သုည ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းနေချိန်တွင် ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့တွင် မတ်လအတွက် ပဲပုပ်ဆီ စာချုပ်ချုပ်ဆိုဈေးနှုန်းသည် သုည ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ အခြားသော ဟင်းရွက်ဆီဈေးကွက်တွင်မူ အရောင်းအဝယ်များ အေးစက်လျက်ရှိကြောင်း သိရသည်။



တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်တွင် ဇန်နဝါရီလအတွက် စားအုန်းဆီစာချုပ် ချုပ်ဆိုဈေးနှုန်းသည် သုည ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

ကမ္ဘာ့ဟင်းရွက်ဆီဈေးကွက်တွင် အခြားသောစားသုံးဆီဈေးနှုန်းများ အတက်အကျဖြစ်ပေါ်နေခြင်းသည် စားအုန်းဆီဈေးနှုန်းများကို ထိခိုက်စေခဲ့သည်။

ဘာဆာမလေးရှား ကုန်စည်ဒိုင်တွင် မတ်လအတွက် စာချုပ်ချုပ်ဆိုသည့် စားအုန်းဆီစံထားဈေးနှုန်းသည် တစ်တန်လျှင် ၂၅၂၀ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၂၀ ဒသမ ၁၇) ရှိခဲ့ရာ သုည ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့ခြင်းဖြစ်သည်။ စားအုန်းဆီအရောင်းအဝယ်ဖြစ်ခဲ့သည့် ပမာဏမှာ ၂၅ တန်ရှိ အတွဲပေါင်း ၂၆၇၀၁ တွဲရှိခဲ့သည်။

"နှစ်ကုန်ပိုင်းမှာဆိုရင် စားအုန်းဆီလက်ကျန်က မြင့်တက်တတ်ပါတယ်။ နောက်လမှာတော့ စားအုန်းဆီထုတ်လုပ်မှုက ကျဆင်းလာနိုင်ပေမယ့်လည်း စားအုန်းဆီဈေးနှုန်းကတော့ မြင့်တက်လာမလားဆိုတာ စောင့်ကြည့်ရဦးမှာပါ" ဟု ကွာလာလမ်ပူရှိ စားအုန်းဆီ ကြိုရောင်းကြိုဝယ်ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

စားအုန်းဆီထုတ်လုပ်မှုသည် လာမည့်နှစ် ပထမသုံးလအကုန်အထိ ကျဆင်းနိုင်ဖွယ်ရာရှိသည်ဟုဆိုသည်။ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းက စားအုန်းဆီထုတ်လုပ်မှုသည် ၃ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းပြီး တန်ချိန် ၁ ဒသမ ၉၄သန်းသာရှိခဲ့သည်။

သို့သော် ထုတ်လုပ်မှုကျဆင်းလာသော်လည်း နိုဝင်ဘာလ အစပိုင်းကတည်းက စားအုန်းဆီဈေးနှုန်းများ ကျဆင်းလာခဲ့ကာ ဈေးကွက်ဝယ်လိုအားများလည်း ကျဆင်းလာခဲ့သည်။

ထို့ပြင် နိုဝင်ဘာလအတွင်း မလေးရှားနိုင်ငံမှစားအုန်းဆီတင်ပို့မှုသည် ၁၁ ဒသမ ၉ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး တန်ချိန် ၁ ဒသမ ၃၅ သန်းသာ တင်ပို့နိုင်ခဲ့သည်။ သို့သော် ယခုဒီဇင်ဘာလတွင်မူ ပိုမိုတင်ပို့နိုင်ခဲ့သည်။

**မယ်သီတာ**

## ပြည်တွင်းဆီဈေးနှုန်းများ (၂၉-၁၂-၂၀၁၇) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၀၀၀ | ၅၀၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| ရန်ကုန် | ၅၅၀၀ | ၅၂၀၀ | ▽ | ၅၀၀၀ | ၅၀၀၀ | □ | ၁၉၀၀ | ၁၈၅၀ | ▽ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၆၀၀ | ၄၈၀၀ | △ | ၂၀၀၀ | ၁၇၅၀ | ▽ |
| ပဲခူး | ၅၂၀၀ | ၅၂၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၉၀၀ | ၁၈၅၀ | ▽ |
| မကွေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၂၀၀၀ | ၁၉၀၀ | ▽ |
| မုံရွာ | ၄၃၀၀ | ၄၃၀၀ | □ | ၄၃၀၀ | ၄၃၀၀ | □ | ၁၉၈၀ | ၁၉၀၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၉-၁၂-၂၀၁၇ US$/Ton

| အမျိုးအစား | ဒီဇင်ဘာတတိယပတ် | ဒီဇင်ဘာစတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၀၆.၅၀ | ၆၀၇.၀၀ | △ |
| RBD P.Olein | ၆၁၂.၀၀ | ၆၀၈.၀၀ | ▽ |
| RBD P.Stearin | ၆၁၃.၅၀ | ၆၀၈.၀၀ | ▽ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၉-၁၂-၂၀၁၇ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၅၁၃.၃၃ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၇၈ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၅၇ |
| စားအုန်းဆီအလျှော့ | 0.5% x လက်ကားဈေး | ၈.၂၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၂.၀၈ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၀.၀၉ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၆၈ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၅၇.၁၄၀ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၉-၁၂-၂၀၁၇နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၈၀ ဒေါ်လာနှင့် USD ဈေး ၁၃၆၂ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၂၉-၁၂-၂၀၁၇နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၆၄ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# တန်ဖိုးမြှင့်ပြောင်း ပိုမိုထုတ်လုပ်ပြီး ပြောင်းဈေးကွက် တိုးချဲ့တင်ပို့နိုင်ဖို့

[ DTO (နယ်ရုံး) ]

အစေ့ထုတ်ပြောင်းကို လွန်ခဲ့သော နှစ်ပေါင်းမြောက်များစွာက တည်းကပင် စတင်စိုက်ပျိုးခဲ့ကြရာ မူရင်းဒေသမှာ မက္ကဆီကိုနိုင်ငံ ဖြစ်သည်။ သိပ္ပံနာမည်အားဖြင့် Zea Mays ဟုခေါ်ဆိုပြီး မြက်မျိုး ရင်း Poaceae တွင် ပါဝင်ပါသည်။ ပြောင်းမျိုးများကို အခြေခံအားဖြင့် ထိပ်ချိုင့်မျိုး (Dent Corn)၊ အစေ့မာမျိုး (Zlint Corn)၊ အဖူးစား မျိုး(Pod Corn)၊ ပေါက်ပေါက်ဖောက်သောမျိုး (Pop Corn)၊ အမှုန့် ကြိတ်သောမျိုး (Zlour Corn)နှင့် ပြောင်းချိုမျိုး(Sweet Corn)ဟူ၍ အမျိုးအစားခြောက်မျိုး ခွဲခြားလေ့ရှိသည်။ နည်းပညာတိုးတက်မှုနှင့် အတူစပ်မျိုးပြောင်း(Hybrid Corn)များ ထုတ်လုပ်စိုက်ပျိုးလာသကဲ့ သို့ ဇီဝအင်ဂျင်နီယာ (Genetic Engineering) နည်းပညာများ ထွန်း ကားလာသောအခါ မျိုးရိုးဗီဇပြုပြင်ထားသော ပြောင်းမျိုးများ (Genelically Modizied Organism – GMO) ထွက်ပေါ်လာခဲ့ပါ သည်။ ရေနံရှားပါးမှုပြဿနာများနှင့် ရင်ဆိုင်တွေ့ကြုံရသော ကာလ များတွင် အစားထိုးလောင်စာအဖြစ် ဇီဝလောင်စာဆီများစိုက်ပျိုး ထုတ်လုပ်ရန် ကြိုးပမ်းလာကြသည့်အခါ အစေ့ထုတ်ပြောင်းမှာ အာရုံစိုက်ရသည့် သီးနှံတစ်ခုဖြစ်လာခဲ့ပေသည်။

အာဂျင်တီးနားနိုင်ငံသည် ပြောင်းဒုတိယအထွက်ဆုံး နိုင်ငံ ဖြစ်သကဲ့သို့ ပြောင်းအကြီးအကျယ်တင်ပို့သည့်နိုင်ငံဖြစ်ပြီး ဥရောပ တိုက်ရှိ ဒင်းညူမြစ်ဝှမ်းသည် ပြောင်းအကြီးအကျယ် စိုက်ပျိုးရာ ဒေသဖြစ်သည်။ အီတလီ၊ စပိန်နှင့် ပြင်သစ်နိုင်ငံတောင်ပိုင်းတို့၌ လည်း အတော်အသင့်စိုက်ပျိုးကြပြီး အိန္ဒိယနှင့်အာဖရိက တောင် ပိုင်းတို့တွင် စိုက်ပျိုးကြသော်လည်း နိုင်ငံတွင်းစားသုံးရန်မျှသာ လုံ လောက်ပေသည်။

မြန်မာနိုင်ငံ၌ စိုက်ပျိုးသောပြောင်းမှာ နှစ်မျိုးနှစ်စားရှိပြီး တစ် မျိုးမှာ ဖက်ပြောင်း (သို့) အစေ့ထုတ်ပြောင်းဖြစ်၍ အခြားတစ်မျိုးမှာ စားပြောင်းဖြစ်ပါသည်။

## ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုအခြေအနေ

မြန်မာနိုင်ငံတွင်စိုက်ပျိုးသည့် ပြောင်းနှစ်မျိုးလုံးတွင် သက်တမ်း နှင့် မျိုးကိုလိုက်၍ မျိုးကွဲများစွာရှိသည်။ ပြောင်းသည် မြေဩဇာ ထက်သန်သော နုံးမြေများတွင် အထူးသန်စွမ်းဖြစ်ထွန်းသော ကြောင့်မြစ်ချောင်းဘေး၌တည်ရှိသော ချိုင့်ဝှမ်းတို့တွင် ပြောင်းခင်း တို့ကို အများအပြား တွေ့ရသည်။ သဲဆန်သောမြေတွင် စိုက်ပျိုး လျှင်မြေဩဇာထည့်ပေးရသည်။ အစေ့ထုတ်ပြောင်းသည် ရေစိမ့် ဝင်မှုအားကောင်း၍ ရေမဝပ်သောမြေ၊ နုံးမြေ၊ စနယ်မြေ၊ သဲနုံးမြေ၊ မြေနီ၊ စနယ်မြေနက်များတွင်ဖြစ်ထွန်းပါသည်။

မြန်မာနိုင်ငံတွင် အစေ့ထုတ်ပြောင်းစိုက် ဧရိယာ ဧက ၁ ဒသမ ၁၇ သန်းရှိပြီး ပြောင်းတင်းပေါင်း ၇၁ သန်းကျော် (မက်ထ ရစ်တန် ၁ ဒသမ ၇၈ သန်း) ထွက်ရှိကြောင်းသိရှိရပါသည်။ ရာသီ အလိုက် စိုက်ပျိုးမှုအခြေအနေမှာ မိုးရာသီတွင် ၈၈ ရာခိုင်နှုန်းနှင့် ဆောင်း ရာသီတွင် ၁၂ ရာခိုင်နှုန်းဖြစ်ပါသည်။ အစေ့ထုတ်ပြောင်းကို ပြည်နယ်/တိုင်းဒေသကြီးအားလုံးတွင် စိုက်ပျိုးသော်လည်း ရှမ်းပြည်နယ်၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးများတွင် အများဆုံး စိုက်ပျိုးလျက် ရှိပါသည်။

မြန်မာနိုင်ငံအတွင်း အစေ့ထုတ်ပြောင်း စိုက်ပျိုးရာဒေသများမှာ စစ်ကိုင်းတိုင်းဒေသကြီးတွင် ရွှေဘိုခရိုင်အတွင်းရှိ ကန့်ဘလူ၊ ကျွန်းလှ၊ တန့်ဆည်၊ ခင်ဦးမြို့နယ်တို့တွင်လည်းကောင်း၊ မန္တလေး တိုင်းဒေသကြီးတွင် ရမည်းသင်း၊ ပျဉ်းမနား၊ တပ်ကုန်းမြို့နယ်တို့တွင် လည်းကောင်း၊ မကွေးတိုင်းဒေသကြီးတွင် မကွေး၊ ပခုက္ကူ၊ မင်းဘူး၊ သရက်ခရိုင်အတွင်းရှိ မြို့နယ်တို့တွင်လည်းကောင်း၊ ဧရာဝတီတိုင်း ဒေသကြီးတွင် ဟသ်ာတနှင့် မအူပင်ခရိုင်အတွင်းရှိ မြို့နယ်တို့တွင် လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် တောင်ကြီး၊ရပ်စောက်၊ ဆီဆိုင်၊ နမ့်စန်၊ ဖယ်ခုံ၊ ဟိုပုံး၊ ပင်းတယ၊ မိုးနဲမြို့နယ်တို့တွင် လည်း ကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် လားရှိုး၊ တန့်ယန်း၊ ကွတ်ခိုင်၊ သီပေါ၊ ကျောက်မဲ၊ နောင်ချို၊ သိန္နီ၊ မိုင်းရယ်၊ ကွမ်းလုံ၊ နမ္မတူ၊ လောက်ကိုင်မြို့နယ်တို့တွင်လည်းကောင်း၊ ရှမ်း ပြည်နယ် (အရှေ့ပိုင်း)တွင် မိုင်းယန်း၊ မိုင်းဆတ်မြို့နယ်တို့တွင် လည်းကောင်း၊ ကယားပြည်နယ် လွိုင်ကော်နှင့် ဒီမောဆိုမြို့နယ်တို့တွင် လည်း ကောင်း၊ ကရင်ပြည်နယ်အတွင်း မြဝတီမြို့နယ်တွင်လည်းကောင်း၊ ကချင်ပြည်နယ် ဗန်းမော်၊ မိုးမောက်၊ ရွှေကူနှင့် ဝိုင်းမော်မြို့နယ်တို့ တွင်လည်းကောင်း အများဆုံးစိုက်ပျိုးကြပါသည်။

မြန်မာနိုင်ငံ၌ ဒေသအသီးသီးတွင် ရာသီဥတုပေါ်မူတည်ပြီး



ပြောင်းကို ဧပြီလနှင့်မေလတို့တွင် မြေပြုပြင်ပြီး မေလဒုတိယပတ်မှ ဇူလိုင်လ ဒုတိယပတ်အတွင်း အများဆုံးစိုက်ပျိုးကြပါသည်။ ရေ ဆင်းစပ်မျိုး(၂)ပြောင်းစေ့မှာ အဝါရောင်ဖြစ်ပြီး တစ်ဧကအထွက် နှုန်း ၉၅/၁၀၀ တင်း၊ သက်တမ်းမှာ ၉၀/၉၅ ရက် ဖြစ်ကြောင်း၊ ရေဆင်းစပ်မျိုး (၃)ပြောင်းစေ့မှာလိမ္မော်ရောင် ဖြစ်ပြီးတစ်ဧက အထွက်နှုန်း ၁၀၀/၁၁၀ တင်း၊ သက်တမ်းမှာ ၁၀၀/၁၀၅ ရက်နှင့် ၁၁၅/၁၂၀ ရက်ဖြစ်ကြောင်း၊ ရေဆင်းစပ်မျိုး(၄)ပြောင်းစေ့မှာ အဝါ ရောင်ဖြစ်ပြီး တစ်ဧက အထွက်နှုန်း ၈၅/၉၀ တင်း၊ သက်တမ်းမှာ ၉၀/၉၅ ရက်ဖြစ်ကြောင်း၊ ရေဆင်းစပ်မျိုး (၅) ပြောင်းစေ့မှာ လိမ္မော်ရောင်ဖြစ်ပြီး တစ်ဧကအထွက်နှုန်း ၁၀၀/၁၀၅ တင်း၊ သက် တမ်းမှာ ၁၀၀/၁၀၅ ရက်နှင့် ၁၁၅/၁၂၀ ရက်ဖြစ်ကြောင်း သိရ သည်။ စိုက်ပျိုးထုတ်လုပ်သူများသည် အထွက်နှုန်းကောင်းသည့် ရေဆင်းစပ်မျိုး(၃)နှင့် ရေဆင်းစပ်မျိုး (၅) တို့ကို ဦးစားပေးရွေးချယ် ပြီး စိုက်ပျိုးလျက်ရှိသည်။ ဖက်အတွက်စိုက်ပျိုးသည့် ဖက်ပြောင်း၊ အဖူးကို စားသုံးရန်ရည်ရွယ်သည့် ဖူးစားပြောင်းစိုက်ပျိုးကြသော် လည်း အစေ့အတွက် အများဆုံးစိုက်ပျိုးကြသည်။ မြန်မာနိုင်ငံတွင် ဒေသအလိုက် အထွက်ကောင်းမျိုးများနှင့် ရေဆင်းစပ်မျိုးများကို စိုက်ပျိုးကြပါသည်။ ရေဆင်းစပ်မျိုးများမှာ ရေဆင်းစပ်မျိုး(၂)၊ ရေဆင်းစပ်မျိုး(၃)၊ ရေဆင်းစပ်မျိုး(၄)၊ ရေဆင်းစပ်မျိုး (၅) တို့ ဖြစ် ကြပါသည်။ ရေဆင်းစပ်မျိုးများကို ဒေသအလိုက် မြေပြန့်၊ တောင် ပေါ်နှစ်မျိုးစလုံး၌ စိုက်ပျိုးနိုင်ကြပါသည်။ တောင်ပေါ်ဒေသတွင် ဧကရီ၊ ရေဆင်းစပ်မျိုး (၃)၊ ရေဆင်းစပ်မျိုး (၅)နှင့် နိုင်ငံတော်မျိုးစေ့ ကော်မတီမှထောက်ခံထားသော နိုင်ငံခြား မျိုးများကို စိုက်ပျိုးကြပါ သည်။ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် P(888)မျိုး၊ OPVမျိုး၊ ဧကရီမျိုး၊ ဒေသမျိုး၊ 999 မျိုး၊ 898 မျိုး၊ ရေဆင်း (၃) မျိုး၊ Hybrid မျိုးနှင့် @@@ မျိုးများအပြင်လိုအပ်ပါက မူရင်းမျိုးမှ စိုက်ပျိုးထွက် ရှိသောမျိုး (ဒုတိယမျိုးဟုခေါ်) များကိုလည်း စိုက်ပျိုးကြပါသည်။

## ထုတ်လုပ်တင်ပို့မှုနှင့် ဈေးကွက်အလားအလာ

မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသော ပြောင်းများကို တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ စင်္ကာပူ၊ မလေးရှားနှင့် ဟောင်ကောင်ဈေးကွက်စသည့် နိုင်ငံပေါင်း ကိုးနိုင်ငံသို့ တင်ပို့နိုင်ခဲ့ပြီး တင်ပို့မှု၏ ၉၈ ရာခိုင်နှုန်း ကို တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့ပါသည်။ တရုတ်နိုင်ငံသို့ နယ်စပ် ကုန်သွယ်မှုဖြင့် အဓိကတင်ပို့ကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံမှ ထွက်ရှိသော ပြောင်းဖူးစေ့များတွင် အဓိကအားဖြင့် ရှမ်းပြည် မြောက်ပိုင်းဒေသ ကွတ်ခိုင်၊ သိန္နီ၊ လားရှိုး၊ သီပေါ၊ ကျောက်မဲ၊ ပြင်ဦးလွင်စသည့်ဒေသများမှ ပြောင်းများကို မူဆယ်(၁၀၅)မိုင် ကုန် သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်ပြည်၊ ယူနန်ပြည်နယ်သို့ တင်ပို့ ရောင်းချလျက်ရှိပါသည်။ တရုတ်နိုင်ငံမှပြောင်း ဝယ်လိုအားမှာ တစ် နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာကြောင်းတွေ့ရှိရပါသည်။ တရုတ် နိုင်ငံ၊ လင်းချန်ပြည်နယ်တွင် ဝက်မွေးမြူရေးလုပ်ငန်းများ၊ တယ် ဟုန်တိုင်းတွင် အဖျော်ယမကာလုပ်ငန်းများရှိသဖြင့် မြန်မာ့ပြောင်း များကို ပိုမိုတင်ပို့ရောင်းချနိုင်ရေးအတွက် တိုးမြှင့်ထုတ်လုပ်ဆောင် ရွက်သင့်ပါသည်။

နယ်စပ်မှ ပြောင်းတင်ပို့မှုနှင့်ပတ်သက်၍ ပြောင်းအများဆုံး ဝယ်ယူသည့် တရုတ်နိုင်ငံအနေဖြင့် ယခင်က ပြောင်းမှတစ်ဆင့် မက်သနောထုတ်လုပ်ရန် စီစဉ်ထားရှိသော်လည်း ကမ္ဘာ့ရေနံ ဈေး ကွက်ကျဆင်းလာသည့်အတွက် မက်သနောထုတ်လုပ်မှု လျော့နည်း သွားသဖြင့် ယူနန်ပြည်နယ်၏ ပြောင်းဝယ်လိုအား ကျဆင်းခဲ့ကာ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်အတွင်း တရုတ်နိုင်ငံတွင် ပြောင်းဈေးကွက် ကျဆင်းလာကြောင်း သိရှိရပါသည်။ တရုတ်နိုင်ငံ၏ ပြောင်းဈေး ကွက်အရ ဘိန်းအစားထိုး သီးနှံဖြစ်သဖြင့် မြန်မာနိုင်ငံ အနေဖြင့် ပြောင်းများကို ဆက်လက်တင်ပို့ရောင်းချနိုင်ရေးအတွက် တရုတ် နိုင်ငံမှ ခွင့်ပြုထားသော တင်သွင်းခွင့် Quota တိုးမြှင့်ရရှိရေး၊ ကောက်ခံသည့်အခွန်နှုန်းထားများ လျှော့ချပေးရေး၊ မူဝါဒပိုင်း ဆိုင်ရာ ညှိနှိုင်းရမည့်ကိစ္စရပ်များ၊ ပြောင်းဈေးကွက် ရောင်းဝယ်မှု အခြေအနေ၊ လက်ရှိမြေပြင်အခြေအနေတို့အပေါ် ဆောင်ရွက်နိုင် မည့်အခြေအနေ၊ အလားအလာများအား သက်ဆိုင်ရာဌာနများက ပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ပြောင်းကိုပြည်တွင်းစားသုံးမှုထက် နှစ်စဉ် ပိုလျှံစွာ ထုတ်လုပ်နိုင်ခဲ့ပြီး ပြည်ပတင်ပို့မှုတွင်လည်း အာဆီယံ ဒေသအတွင်းနိုင်ငံပေါင်း ၁၀ နိုင်ငံအနက် ဒုတိယအများဆုံးတင်ပို့ နိုင်သော နိုင်ငံအဖြစ် ရပ်တည်လျက်ရှိပါသည်။ ပြည်တွင်း၌ထုတ် လုပ်လျက်ရှိသော ယမကာများအနက် ပိုလျှံသော ယမကာများအား ပြည်ပသို့အပြည့်အဝ တင်ပို့နိုင်ရေးအတွက် နယ်စပ်ကုန်သွယ်ရေး သာမက ပင်လယ်ရေကြောင်းမှပါတင်ပို့၍ ပြည်ပဝင်ငွေ တိုးမြှင့်ရှာ ဖွေသင့်ပေသည်။

ဘဏ္ဍာနှစ်အလိုက်အစေ့ထုတ်ပြောင်းတင်ပို့မှုမှာ အောက်ပါ အတိုင်းဖြစ်ပါသည် -

| စဉ် | ဘဏ္ဍာနှစ် | ရေတွက်ပုံ | ပြောင်း | | |
|---|---|---|---|---|---|
| | | | ပင်လယ်ရေကြောင်း | နယ်စပ် | ပေါင်း |
| ၁ | ၂၀၁၂-၂၀၁၃ | US$ | ၈·၄၃၄ | ၁၉၂·၇၉၂ | ၂၀၁·၂၂၆ |
| | | မတန် | ၂၅၅၅၇·၅၀၀ | ၅၇၄၆၈၆·၉၁၆ | ၆၁၀၂၄၄·၄၁၆ |
| ၂ | ၂၀၁၃-၂၀၁၄ | US$ | ၀·၉၀၆ | ၂၈၅·၆၀၇ | ၂၈၆·၅၁၃ |
| | | မတန် | ၉၄၄·၅၇၆ | ၁၀၆၀၀၈၄·၂၇၉ | ၁၀၆၁၀၂၈·၈၅၅ |
| ၃ | ၂၀၁၄-၂၀၁၅ | US$ | ၁·၅၂၄ | ၃၉၇·၈၂၇ | ၃၉၉· ၃၅၁ |
| | | မတန် | ၄၇၅၀·၇၅၀ | ၁၃၇၂၉၄၁· ၂၀၀ | ၁၃၇၇၆၉၁·၉၅၀ |
| ၄ | ၂၀၁၅-၂၀၁၆ | US$ | ၀·၁၆၅ | ၃၀၄·၉၂၆ | ၃၀၅· ၀၉၁ |
| | | မတန် | ၆၄၈·၇၀၀ | ၁၁၈၇၇၈၉· ၂၄၅ | ၁၁၈၈၄၃၇·၉၄၅ |
| ၅ | ၂၀၁၆-၂၀၁၇ | US$ | ၁၄·၀၃၄ | ၂၃၉·၀၂၉ | ၂၅၃· ၀၆၃ |
| | | မတန် | ၇၉၃၉၉·၄၅၀ | ၁၂၁၅၆၆၁·၁၂၀ | ၁၂၉၅၀၆၀·၅၇၀ |
| ၆ | ၂၀၁၇-၂၀၁၈ (၁-၁၂-၂၀၁၇) ထိ | US$ | ၆·၄၅၃ | ၁၆၁·၆၀၂ | ၁၆၈· ၀၅၅ |
| | | မတန် | ၃၅၄၆၁·၁၅၄ | ၈၀၈၉၇၁·၄၄၉ | ၈၄၄၄၃၂·၆၀၃ |

အစေ့ထုတ်ပြောင်းဖူးစေ့ကို သရေစာအဖြစ် ပြောင်းဖူးပေါက် ပေါက်အဖြစ်လည်းကောင်း၊ တိရစ္ဆာန် အစားအစာအဖြစ်လည်း ကောင်း၊ ကုန်ကြမ်းအတိုင်းပြည်ပသို့ တင်ပို့ခြင်းဖြင့်လည်းကောင်း၊ Value Added (တန်ဖိုးမြှင့် ထုတ်ကုန်) ပြုလုပ်ခြင်းဖြင့်လည်းကောင်း (ဥပမာ-ပြောင်းဖူးဆီ၊ ပြောင်းဖူးမှုန့်၊ ကော်ဖီ၊ အီသနော၊ Biofuel၊ အချိုရည်၊ သကြားရည်၊ အရက်ချက်လုပ်ခြင်း၊ စည်သွတ်ဘူးများပြု လုပ်ခြင်း) အသုံးပြုနိုင်ကြပါသည်။

**စာမျက်နှာ - ၁၃ သို့**

**စာမျက်နှာ (၁၂) တန်ဖိုးမြှင့်ပြောင်း ပိုမိုထုတ်လုပ်ပြီး …… မှအဆက်**

**တရုတ်နိုင်ငံက ပြောင်းဝယ်ယူမှုနှင့် အနာဂတ်တွင် ပြောင်းလိုအပ်ချက်များခန့်မှန်းခြင်း**

တရုတ်နိုင်ငံအနေဖြင့် တစ်နှစ်လျှင် ပြောင်းတန်ချိန် သန်း ၂၀ ကို နှစ်စဉ်တင်သွင်းလျက်ရှိရာ လက်ရှိတင်သွင်းသည်ထက်ခြောက်ဆကျော် ပိုမိုမြင့်တက်လာနိုင်ကြောင်း ဈေးကွက်လေ့လာဆန်းစစ်သူများက ခန့်မှန်းထားသည်။ ၂၀၂၀ ပြည့်နှစ်အရောက်တွင် ကမ္ဘာ့အကြီးဆုံး ကားဈေးကွက်၌ အီသနော ၁၀ ရာခိုင်နှုန်းပါဝင်သော E10 လောင်စာဆီကို သုံးစွဲသွားရန် တရုတ်နိုင်ငံက ရည်ရွယ်ထားကြောင်းကို တရုတ်နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြထားသည်။ အီသနော ၁၀ ရာခိုင်နှုန်း ပါဝင်သော E10 လောင်စာဆီသုံးစွဲရန် စီမံကိန်းကို အကောင်အထည်ဖော်သည့်အချိန်၌ အီသနော တန်ချိန် ၁၅ သန်း(သို့မဟုတ်) ပြောင်းတန်ချိန် ၄၅ သန်းလိုအပ်မည်ဖြစ်ကြောင်း၊ တရုတ်အစိုးရအနေဖြင့် ပြောင်းလက်ကျန်များကို တိုးမြှင့်အသုံးပြုနိုင်ရန်အတွက် စီမံချက်အမျိုးမျိုးဖြင့် ဖော်ဆောင်ခဲ့သဖြင့် ယခုအခါတွင် ပြောင်းပမာဏ အများအပြားကို သုံးစွဲထားပြီးဖြစ်ကြောင်း ရိုက်တာသတင်းဌာနက တွက်ချက်ထားသည်။

တရုတ်နိုင်ငံအနှံ့အပြားရှိ ဒေသများတွင် ပြောင်းကို လောင်စာဆီထုတ်လုပ်သည့် လုပ်ငန်းများတွင် အသုံးပြုခဲ့သဖြင့် တိရစ္ဆာန်အစာများရှားပါးလာနိုင်ကြောင်း၊ တရုတ်နိုင်ငံတောင်ပိုင်း ဒေသတွင် ပြောင်းနှင့်ပတ်သက်၍ အခြေအနေဆိုးနေကြောင်း၊ ပြောင်းလိုအပ်ချက်ကို အမြဲဖြည့်ဆည်းနိုင်ရန် တင်သွင်းနေရမှာဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းဒေသများသို့ ပြောင်းတင်ပို့လျက်ရှိရာ တစ်နှစ်လျှင် တန်ချိန်သန်း ၅၀ မှ သန်း ၆၀ အထိ တင်ပို့နေသော်လည်း နောင် သုံးနှစ်မှ ငါးနှစ်အကြာတွင် တန်ချိန်သန်း ၃၀ လောက်သာ တင်ပို့နိုင်တော့မည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် ပြောင်းရိတ်သိမ်းချိန်တွင် ဈေးကွက်လိုအပ်ချက်ကို ဖြည့်တင်းနိုင်ရေးအတွက် တစ်နှစ်လျှင်ပြောင်းတန်ချိန် ၁၀ သန်းမှသန်း ၂၀ အထိ တင်သွင်းရမည်ဖြစ်ကြောင်းကို Shargh JC Inetlligence Co.,Ltdမှ ပြောင်းဈေးကွက် အကြီးတန်းစစ်ဆေးရေးမှူး ချယ်ရီဇင်းက ပြောကြားခဲ့ပါသည်။

ပြောင်းကို မိမိဘက်မှတရားဝင်တင်ပို့သော်လည်း တစ်ဖက်ကုန်သည်များမှ အခွန်ရှောင်တင်သွင်းမှုများရှိကြောင်း၊ ဘိန်းအစားထိုးသီးနှံအနေဖြင့် ကိုတာစနစ်ဖြင့် ခွင့်ပြုထားသော်လည်း ကိုတာသတ်မှတ်ချက်ပြည့်ပါက အခွန်အနေဖြင့် ၆၅ ရာခိုင်နှုန်းအထိ ကောက်ခံကြောင်း၊ အခွန်နှုန်းမြင့်မားစွာ ကောက်ခြင်းမှာ တရုတ်နိုင်ငံမှ ပြောင်းစိုက်ပျိုးသူတောင်သူများအား အကာအကွယ်ပေးထားခြင်းဖြစ်ပါသည်။

တရုတ်နိုင်ငံသည် ပြောင်းရိတ်သိမ်းချိန်တွင် ဈေးကွက်လိုအပ်ချက် ဖြည့်တင်းနိုင်ရေးအတွက် ပြောင်းတန်ချိန် ၁၀ သန်းမှ သန်း ၂၀ အထိ တင်သွင်းရမည်ဖြစ်ပြီး ၂၀၁၇-၂၀၁၈ သီးနှံ ရာသီတွင် ပြောင်းတန်ချိန် ၁ ဒသမ ၅သန်း တင်သွင်းရမည်ဟုလည်းကောင်း၊ တရုတ်နိုင်ငံတွင် အီသနော လောင်စာဆီလိုအပ်ချက် များပြားလာ၍ ပြောင်းပိုမိုတင်သွင်းလာနိုင်ပြီး တစ်နှစ်လျှင် ပြောင်းတန်ချိန် ၁ ဒသမ ၅သန်း တင်သွင်းမည်ဟုလည်းကောင်း ခန့်မှန်းထားကြောင်း တရုတ်နိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားပါသည်။

လက်ရှိအချိန်တွင် ပြောင်းကို လောင်စာဆီထုတ်လုပ်သည့်လုပ်ငန်းများတွင် အသုံးပြုခဲ့သဖြင့် တိရစ္ဆာန်အစားအစာများ ရှားပါးလာခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တရုတ်နိုင်ငံ၏ ပြောင်းစားသုံးမှုပမာဏမှာ ၈ ဒသမ ၄ ရာခိုင်နှုန်း တိုးလာနိုင်ဖွယ်ရှိကြောင်း တရုတ်နိုင်ငံ အမျိုးသားသီးနှံနှင့် ဆီထွက်ပြန်ကြားရေးစင်တာကခန့်မှန်းထားပါသည်။ တရုတ်နိုင်ငံတွင် SDIC Biotech Investment Co.,Ltd အနေဖြင့် ၂၀၁၈ခုနှစ်၊ ဩဂုတ်လအတွင်း အီသနောထုတ်လုပ်ရေးစက်ရုံကို Lizoning ပြည်နယ်တွင် စတင်ဖွင့်လှစ်မည်ဖြစ်၍ တရုတ်နိုင်ငံ၏ ပြောင်းလိုအပ်ချက်မှာ ပိုမိုတိုးတက်လာမည်ဖြစ်သည်။

**တရုတ်နိုင်ငံသို့ မြန်မာနိုင်ငံမှ ပြောင်းတင်ပို့မှုအခြေအနေ**

တရုတ်နိုင်ငံသို့ မြန်မာနိုင်ငံမှ ပြောင်းတင်ပို့မှုနှင့်ပတ်သက်၍ ကိုတာစနစ်ဖြင့် သတ်မှတ်ထားရာ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အတွက် တန်ချိန် ၁၆၀၀၀ တန်နှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းအတွက် တန်ချိန် ၁၀၀၀၀ ခွင့်ပြုထားကြောင်း သိရှိရပါသည်။ စုစုပေါင်းတန်ချိန် ၂၆၀၀၀ သာ တင်ပို့ခွင့်ရှိပြီး တင်ပို့ပြီးစာရင်းမှာ တန် ၂၀၀၀၀၀ ဖြစ်သည်။ ကိုတာစနစ်မှာ တရုတ်နိုင်ငံ၏ G to G စနစ် တရားဝင်ခွင့်ပြုချက်ဖြစ်ပြီး တရုတ်နိုင်ငံ၏ လိုအပ်ချက်ပမာဏ များပြားသည်ကို အခြားနိုင်ငံများ သိရှိမည်ကို စိုးရိမ်ခြင်း၊ ပြည်တွင်းထုတ်လုပ်မှုများ လျော့နည်းသွားနိုင်ခြင်းနှင့် ဈေးနှုန်းမြင့်တက်လာနိုင်ခြင်းတို့ကြောင့် ကိုတာအရေအတွက်အား တန်ချိန် ၂၆၀၀၀ သာ ခွင့်ပြုထားခြင်းဖြစ်သည်။



၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စုစုပေါင်းတန်ချိန် ၁၁၈၈၄၃၇ တန် တင်ပို့နိုင်ခဲ့ပြီး ဒေါ်လာသန်းပေါင်း ၃၀၅ ဒသမ၀၉၁ သန်း ဝင်ငွေရရှိခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စုစုပေါင်း တန်ချိန် ၁၂၉၅၀၆၀ တင်ပို့နိုင်ခဲ့ပြီး ဒေါ်လာသန်းပေါင်း ၂၅၃ ဒသမ ၀၆၃ သန်း ဝင်ငွေရရှိခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့၍ ထိုင်း၊ စင်္ကာပူ၊ မလေးရှားနိုင်ငံများသို့လည်း တင်ပို့နိုင်ခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အိန္ဒိယနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ တရုတ်(တိုင်ပေ)၊ ဟောင်ကောင်၊ အာရပ်စော်ဘွားများနိုင်ငံ၊ ပါကစ္စတန်နိုင်ငံများသို့ပါ ဈေးကွက်တိုးချဲ့တင်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ပြောင်းကို နယ်စပ်စခန်းများမှသာ အများဆုံးတင်ပို့ခဲ့ပြီး ပင်လယ်ရေကြောင်းမှ အနည်းငယ်သာ တင်ပို့နိုင်ခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဒီဇင်ဘာ ၁ ရက်အထိ ပင်လယ်ရေကြောင်းမှ ၃၅၄၆၁ တန်နှင့် နယ်စပ်မှ ၈၀၈၉၇၂ တန် တင်ပို့ထားပြီး စုစုပေါင်း ၈၄၄၄၃၃ တန်တင်ပို့ခဲ့ရာ အမေရိကန်ဒေါ်လာ ၁၆၈ ဒသမ ၀၅၅ သန်းရရှိပြီး ဖြစ်ပါသည်။

အစေ့ထုတ်ပြောင်း ထုတ်လုပ်မှု အများဆုံးနိုင်ငံ ၁၀ နိုင်ငံမှာ အမေရိကန်နိုင်ငံမှ မက်ထရစ်တန် ၃၇၇ ဒသမ ၅ သန်း၊ တရုတ်နိုင်ငံမှ မက်ထရစ်တန်၂၂၄ ဒသမ ၉ သန်း၊ ဘရာဇီးနိုင်ငံမှ မက်ထရစ်တန် ၈၃ ဒသမ သုည သန်း၊ အိန္ဒိယနိုင်ငံမှ မက်ထရစ်တန် ၄၂ ဒသမ ၃ သန်း၊ အာဂျင်တီးနားနိုင်ငံမှ မက်ထရစ် တန် ၄၀ ဒသမ သုည သန်း၊ ယူကရိန်းနိုင်ငံမှ မက်ထရစ်တန် ၃၉ ဒသမ၂ သန်း၊ မက္ကဆီကိုနိုင်ငံမှ မက်ထရစ်တန် ၃၂ ဒသမ ၆ သန်း၊ အင်ဒိုနီးရှားနိုင်ငံမှ မက်ထရစ်တန် ၁၉ ဒသမ သုည သန်း၊ ပြင်သစ်နိုင်ငံမှ မက်ထရစ်တန် ၁၇ ဒသမ ၁ သန်း၊ တောင်အာဖရိကနိုင်ငံမှ မက်ထရစ်တန်၁၅ ဒသမ ၅ သန်းတို့ဖြစ်သည်။ အစေ့ထုတ်ပြောင်းကို အများဆုံးစားသုံးသည့်နိုင်ငံ ၁၀ နိုင်ငံမှာ အမေရိကန်နိုင်ငံမှ မက်ထရစ်တန် ၃၀၀ ဒသမ ၈၇၇ သန်း၊ တရုတ်နိုင်ငံမှ မက်ထရစ်တန်၂၁၆ ဒသမ သုည သန်း၊ ဥရောပ နိုင်ငံများမှ မက်ထရစ်တန် ၇၈ ဒသမ ၅ သန်း၊ ဘရာဇီးနိုင်ငံမှ မက်ထရစ်တန် ၅၆ ဒသမ ၅ သန်း၊ မက္ကဆီကိုနိုင်ငံမှ မက်ထရစ်တန် ၃၃ ဒသမ ၅ သန်း၊ အိန္ဒိယနိုင်ငံမှ မက်ထရစ်တန်၂၀ ဒသမ သုည သန်း၊ ဂျပန်မှ မက်ထရစ်တန် ၁၅ ဒသမ ၄ သန်း၊ အီဂျစ်နိုင်ငံမှ မက်ထရစ်တန် ၁၃ ဒသမ၉ သန်း၊ ကနေဒါနိုင်ငံမှမက်ထရစ်တန် ၁၂ ဒသမ ၉ သန်း၊ အင်ဒိုနီးရှားနိုင်ငံမှ မက်ထရစ်တန် ၁၂ ဒသမ ၂ သန်း တို့ဖြစ်ပါသည်။

အစေ့ထုတ်ပြောင်း အများဆုံးတင်ပို့သည့် နိုင်ငံများမှာ အမေရိကန်၊ အာဂျင်တီးနား၊ ဘရာဇီး၊ ယူကရိန်း၊ ပြင်သစ်၊ ရုရှား၊ ရိုမေးနီးယား၊ ဟန်ဂေရီ၊ မက္ကဆီကို၊ ဆားဗီးယား၊ ပါရာဂွေး၊ တောင်အာဖရိက၊ ကနေဒါ၊ ဘူလ်ဂေးရီးယားနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပါသည်။

အစေ့ထုတ်ပြောင်း အများဆုံးတင်သွင်းသည့် နိုင်ငံများမှာ ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ မက္ကဆီကိုနိုင်ငံ၊ ချက်နိုင်ငံ၊ အီဂျစ်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ စပိန်နိုင်ငံ၊ တရုတ်နိုင်ငံ၊ နယ်သာလန်နိုင်ငံနှင့် ကိုလံဘီယာနိုင်ငံတို့ဖြစ်ပါသည်။

**တန်ဖိုးမြှင့်ထုတ်ကုန်ပြုလုပ်ခြင်း (Value Added)**

ပြောင်းကိုပြည်တွင်း၌ သာမန် ချက်ပြုတ်စားသောက်ခြင်း၊ သာမာန်တိရစ္ဆာန်အစားအစာအတွက် အသုံးပြုခြင်းအပြင် ပြည်ပမှသွင်းကုန်အစားထိုးဖြစ်သည့် ပြောင်းဖူးချိုချဉ်၊ ပြောင်းဖူးကော်မှုန့်၊ ပြောင်းဖူးဆီ(စားသုံးဆီ)၊ ပြောင်းဖူးဝေဖာချောင်း၊ ပြောင်းဖူးဖြင့်ပြုလုပ်ထားသော တာရှည်ခံမုန့် အမျိုးမျိုး၊ ကြက်၊ ဘဲ၊ ဝက်၊ ကျွဲ၊ နွား စသည့်မွေးမြူရေးတိရစ္ဆာန်အစားအစာများ၊ ပြောင်းဖူးကွေကာအုပ်၊ ပြောင်းဖူးပေါက်ပေါက်၊ ပေါက်ပေါက်ဆုပ်များ ပြုလုပ်ပြီး ထုတ်လုပ်တင်ပို့ရမည်ဖြစ်သည်။

ပြည်ပနိုင်ငံများတွင်မူ ပြောင်းမှ တန်ဖိုးမြှင့်ထုတ်ကုန်များ ပြုလုပ်လျက်ရှိရာ ပြောင်းဖူးဆီ(စားသုံးဆီ)၊ ပြောင်းဖူးကစီမှုန့်၊ ပြောင်းဖူးဂလူးကိုစ့်(အမှုန့်)၊ ပြောင်းဖူးဂလူးကိုစ့် (အရည်)၊ ပြောင်းဖူးအမျှင်၊ ပြောင်းဖူးဖြင့်ပြုလုပ်သော တစ်ဆင့်မြင့်အရည်၊ အဆင့်မြင့်သကြားတစ်မျိုး ပြောင်းဖူးရည်၊ အီသနောလောင်စာ၊ အရက်ချက်လုပ်ခြင်း၊ စည်သွတ်ဘူး၊ ကော်ဖီတို့ကို ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ရင်းနှီးမြှုပ်နှံမှုအတွက် လိုအပ်ချက်များ**

မြန်မာနိုင်ငံသည် စိုက်ပျိုးမည့်မြေဧက ပေါများသည့် နိုင်ငံဖြစ်သည့်အတွက် ပြည်တွင်း၊ ပြည်ပမှ လုပ်ငန်းရှင်များကို ဖိတ်ခေါ်ပြီး ပြောင်းစိုက်ပျိုးရန် နှစ်တိုနှစ်ရှည်စီမံကိန်းများချမှတ်၍ ရင်းနှီးမြှုပ်နှံရန်လိုအပ်ပါသည်။ ရင်းနှီးမြှုပ်နှံရာတွင် တွေ့ကြုံရမည့် ငွေကြေး၊ နည်းပညာများ လိုအပ်ခြင်းနှင့်ဆင့်ပွားသင်တန်းပေးခြင်း၊ အခြေခံအဆောက်အဦ လိုအပ်ချက်များ၊ သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာ သုတေသနလုပ်ငန်းများ၊ ရာသီအလိုက်သာ ထုတ်လုပ်နိုင်ပြီး တစ်နှစ်ပတ်လုံးမထုတ်လုပ်နိုင်ခြင်း၊ ပိုးမွှားအန္တရာယ်ကာကွယ်ရေးနှင့် သိုလှောင်ထိန်းသိမ်း နည်းစနစ်၊ တန်ဖိုးမြှင့်ထုတ်ကုန်ပြုလုပ်ခြင်း၊ နိုင်ငံခြားသားများနှင့်ဖက်စပ်လုပ်ကိုင်ရန်အတွက် စိုက်ပျိုးမြေငှားရမ်းခြင်း၊ သွင်းအားစုများကို ဈေးနှုန်းချိုသာစွာဖြင့်ရရှိအောင် ဆောင်ရွက်ပေးခြင်း၊ ပုဂ္ဂလိကကဏ္ဍကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ SME လုပ်ငန်းများကို တွင်တွင်ကျယ်ကျယ်ဖြစ်အောင် ဆောင်ရွက်ပေးခြင်း၊ ဖြေလျှော့ပေးသင့်သည့် ဥပဒေများကို ဖြေလျှော့ပေးခြင်း၊ မိမိနိုင်ငံဘက်ခြမ်းတွင် အဆင့်မြင့်သိုလှောင်ရုံများဆောက်ပေးခြင်း (နယ်စပ်တင်ပို့မှုအတွက်)၊ ရေဆိပ်များတွင် အဆင့်မြင့်သိုလှောင်ရုံများ ဆောက်ပေးခြင်း (ပင်လယ်ရေကြောင်း)၊ ပြောင်းစိုက်ပျိုးထုတ်လုပ်မှုမှစ၍ နိုင်ငံတကာဈေးကွက်တွင် ခိုင်မာသည့်နေရာရရှိသည်အထိ နိုင်ငံတော်အဆင့်မှ သက်ဆိုင်ရာဝန်ကြီးဌာနများ ပေါင်းစပ်၍ စီမံချက်ချမှတ်ဆောင်ရွက်ရန် လိုအပ်ခြင်း စသည့် အခက်အခဲများကို ဖြေရှင်း ပေးရမည်ဖြစ်သည်။

ပြောင်း စိုက်ပျိုးထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ နိုင်ငံတကာအဆင့်မီ ပြောင်းမျိုးများအား စမ်းသပ်ထုတ်လုပ်ခြင်း၊ ပြောင်းကို Value Added ပြုလုပ်၍ ပြည်ပသို့တင်ပို့နိုင်ရန်အတွက် ပြည်တွင်းရှိလုပ်ငန်းရှင်များအား လိုအပ်သောအကူအညီများပေးခြင်း၊ ငွေကြေးဆိုင်ရာကဏ္ဍများတွင် ကူညီပံ့ပိုးပေးခြင်း၊ ရေတိုရေရှည်စီမံကိန်းများချမှတ်၍ နိုင်ငံတကာအဆင့်မီ ပြောင်းမျိုးများအား တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ခေတ်မီနည်းစနစ်များဖြင့် စိုက်ပျိုး ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာများ၊ သွင်းအားစုများပံ့ပိုးပေးနိုင်ရေး၊ ပြည်ပနိုင်ငံများမှ ဝယ်လက်များ၏အခြေအနေ၊ စားသုံးမှုပုံစံတို့ကို သတင်းအချက်အလက်ရယူရေးစသည့် အချက်များကို လုပ်ဆောင်ပေးမှသာလျှင် တန်ဖိုးမြှင့်ပြောင်း ပိုမိုထုတ်လုပ်နိုင်မည်ဖြစ်သကဲ့သို့ မြန်မာ့ပြောင်းကိုလည်း ပြည်ပဈေးကွက်အသီးသီးသို့ တိုးချဲ့တင်ပို့နိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

## အကြံပြုစာများ ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုလုပ်ငန်းသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ နိုင်ငံတော်အနေဖြင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် အပတ်တကုတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများကို အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များကို စာဖတ်သူများထံမှ အကြံပြုချက်များအား ဖိတ်ခေါ်ပါသည်။ ပေးပို့လာသော အကြံပြုချက်များကို သက်ဆိုင်ရာများ သိရှိနိုင်စေရန်အတွက် ဂျာနယ်တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

အကြံဉာဏ်များကို ပေးပို့ရာတွင် အမည်၊ မှတ်ပုံတင်နှင့် နေရပ်လိပ်စာကို ဖော်ပြပေးရမည်ဖြစ်ပြီး အဆိုပါ ကိုယ်ရေးအချက်အလက်များကို ဖော်ပြသွားမည်မဟုတ်ပါ။

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁–၁–၂၀၁၈)

သန်းထိုက်အောင်

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးငြိမ်နေပြီး အရောင်းအဝယ်ကောင်းနေ

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေးငြိမ်နေပြီး အရောင်းအဝယ်လည်း ကောင်းနေကြောင်း သိရပါတယ်။ ယခုတစ်ပတ်ပြောင်းတစ်ပိဿာ ကျပ် ၄၇၀ (တစ်တန်ကျပ် ၂၈၇၈၂၀) ဈေးရှိခဲ့ရာ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း ဈေးအတက်အကျမရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က ၂၀၆၈၈၃၇၁ ပိဿာ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၂၀၇၄၈၉၉၈ ပိဿာရှိခဲ့လို့ အရောင်းအဝယ်လည်း ကောင်းခဲ့ကြောင်း သိရပါတယ်။ သယ်ယူပို့ဆောင်ခအနေနဲ့ လားရှိုးမှ မူဆယ်အထိ ယခင်တစ်ပတ်က ပြောင်းတစ်ပိဿာ ၃၅ကျပ်ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ ပြောင်းတစ် ပိဿာ ၃၇ကျပ်ရှိခဲ့လို့ သယ်ယူပို့ဆောင်စရိတ် အနည်းငယ်တက်လာခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ မတ်ပဲဈေးတက်ပြီး ပဲစင်းငုံနီနဲ့ ပဲတီစိမ်းလုံးကြီး ဈေးကျ

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ မတ်ပဲဈေးတက်ပြီး ပဲစင်းငုံနီနဲ့ ပဲတီစိမ်းလုံးကြီးကတော့ ဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ၉၁၅ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၁၀၀၀ (တစ်တန် ကျပ် ၆၁၂၃၉၀) ရှိခဲ့ကြောင်း သိရပါတယ်။ မြို့ခံဝယ်လက်နဲ့ မန္တလေးဝယ်လက်တွေက မတ်ပဲကို ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ်ဖြစ်မှု များခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းလုံးကြီး တစ်ပိဿာ ၁၃၁၅ ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ဈေးပြန်ကျခဲ့ပြီး တစ်ပိဿာ ၁၂၃၆ကျပ် (တစ်တန် ကျပ် ၇၅၆၉၁၀)ဈေး ရှိခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းလုံးကြီးကို မန္တလေးဝယ်လက်တွေက ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ် ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ အလားတူ ယခင်တစ်ပတ်က ပဲစင်းငုံနီတစ်ပိဿာ ကျပ် ၆၁၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၅၉၅ကျပ် (တစ်တန် ကျပ် ၃၆၄၃၇၀) ဖြင့် ဈေးကျခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်တွေက ဝယ်ယူခဲ့လို့ အရောင်းအဝယ်လည်း ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းဖြူ တစ်ပိဿာ ကျပ် ၂၈၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၉၀၀(တစ်တန်ကျပ် ၁၇၇၅၉၃၀) နဲ့ ဈေးမြင့်ခဲ့ပြီး မန္တလေးဝယ်လက်တွေက ဝယ်ယူမှုများခဲ့ကြလို့ အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။ လွန်ခဲ့တဲ့ လပိုင်းကတည်းက အရောင်းအဝယ်သွက်နေခဲ့တဲ့ မြေပဲလုံးဆန်ကလည်း ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၂၅၀၀ (တစ်တန် ၁၅၃၀၉၇၀)နဲ့ ယခင်တစ်ပတ်ကဈေးအတိုင်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲ၊ပဲစင်းငုံနီနဲ့ ပဲတီစိမ်း (အညာရွှေဝါ)ဈေးမြင့်နေ

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံနီနဲ့ ပဲတီစိမ်း(အညာရွှေဝါ)တို့ ဈေးမြင့်တက်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ကျပ်၉၅၀ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၀၁၇ ကျပ် (တစ်တန်ကျပ် ၆၂၂၈၀၀)ရှိခဲ့ပြီး ရန်ကုန်ဝယ်လက်နဲ့ မြို့ခံပဲခွဲစက်တွေက ဝယ်ယူမှုများခဲ့လို့ အရောင်းအဝယ်ဖြစ်မှုများခဲ့ပါတယ်။ ပဲစင်းငုံနီကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ၅၈၃ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၆၁၇ကျပ် (တစ်တန်ကျပ် ၃၇၇၈၄၀)နဲ့ ဈေးမြင့်လာခဲ့သလို ရန်ကုန်ဝယ်လက်တွေက ဝယ်ယူမှုများခဲ့လို့ အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း (အညာရွှေဝါ)တစ်ပိဿာ ၁၃၈၇ ကျပ်ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၁၄၀၄ကျပ် (တစ်တန် ကျပ် ၈၅၉၇၉၀) နဲ့ ဈေးပြန်တက်လာခဲ့ပေမယ့် ပဲတီစိမ်း (အညာရွှေဝါ)ကို ပုံမှန်ဝယ်ယူနေတဲ့ တရုတ်ဝယ်လက်တွေကအဝယ်နည်းခဲ့လို့ အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။

ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းဖြူ တစ်ပိဿာ ၂၅၅၆ ကျပ်(တစ်တန်ကျပ် ၁၅၆၅၂၆၀) ဈေးနဲ့ ယခုတစ်ပတ်မှာလည်း ဈေးအတက်အကျမရှိခဲ့ကြောင်း သိရပါတယ်။ နှမ်းညိုကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၂၄၀၀ ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၂၃၃၃ ကျပ် (တစ်တန် ကျပ် ၁၄၂၈၇၀၀) နဲ့ ဈေးကျခဲ့ကြောင်း သိရပါတယ်။ အရည်အသွေးကောင်းတဲ့ နှမ်းဖြူနဲ့ နှမ်းညိုကိုသာ တရုတ်ဝယ်လက်တွေက ရွေးချယ်ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ်ဖြစ်မှုတော့ နည်းခဲ့ကြောင်း သိရပါတယ်။ တရုတ်ဝယ်လက်တွေနဲ့ အစာစပ်လုပ်ငန်းရှင်တွေက ပုံမှန်ဝယ်ယူနေတဲ့ အစေ့ထုတ်ပြောင်းလည်း ယခင်တစ်ပတ်က ၄၆၃ကျပ်(တစ်တန် ကျပ် ၂၈၃၅၃၀)နဲ့ပဲ ယခုတစ်ပတ်မှာ ဈေးအတက်အကျမရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ပဲတီစိမ်းဈေးငြိမ်နေပြီး ပဲစင်းငုံနီနဲ့ မတ်ပဲတို့ ဈေးတက်

ယခုတစ်ပတ် မကွေးဈေးကွက်မှာ ပဲတီစိမ်းဈေးငြိမ်နေပြီး မတ်ပဲနဲ့ ပဲစင်းငုံနီကတော့ ဈေးတက်လာခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းတစ်ပိဿာ ကျပ်၁၂၈၀ (တစ်တန် ကျပ် ၇၈၃၈၅၀)ဈေးရှိခဲ့သလို ယခုတစ်ပတ်မှာလည်း ဈေးအတက်အကျမရှိခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ကျပ် ၈၉၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၁၀၀၅ကျပ် (တစ်တန်ကျပ် ၆၁၅၄၅၀)အထိ ဈေးတက်လာခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ၆၇၅ကျပ် ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာကျပ်၇၀၀ (တစ်တန် ကျပ် ၄၂၈၆၇၀)နဲ့ ဈေးတက်ခဲ့ကြောင်း သိရပါတယ်။ နှမ်းရောင်စုံဈေးကွက်မှာတော့ ယခင်တစ်ပတ်က နှမ်းနက်စမုံ တစ်ပိဿာ ကျပ် ၂၆၀၀ (တစ်တန် ကျပ် ၁၅၉၂၂၁၀)ရှိခဲ့ပြီး ယခုတစ်ပတ်မှာလည်း ဈေးအတက်အကျမရှိခဲ့ကြောင်း၊ ယခင်တစ်ပတ်က နှမ်းဖြူထိပ်စ ကျပ် ၂၈၉၀ (တစ်တန်ကျပ် ၁၇၆၉၈၀၀)ရှိခဲ့ပြီး ယခုတစ်ပတ်မှာလည်း ဈေးအတက်အကျမရှိခဲ့ကြောင်း သိရပါတယ်။ ဒါပေမယ့် ယခင်တစ်ပတ်က နှမ်းနက်ရိုးရိုး တစ်ပိဿာကျပ် ၂၆၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၃၁၀ (တစ်တန် ကျပ် ၁၄၁၄၆၂၀)၊ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၂၅၈၀ ဈေးရှိခဲ့ တဲ့ နှမ်းနီကတော့ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၄၉၀ (တစ်တန် ကျပ် ၁၅၂၄၈၅၀)ဈေးကျခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲတီစိမ်းဈေးတက်ပြီး ပဲစင်းငုံနီဈေးကျနေ

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ ပဲတီစိမ်းဈေးတက်ပြီး ပဲစင်းငုံနီကတော့ ဈေးပြန်ကျလာခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းတစ်ပိဿာ ကျပ် ၁၃၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၁၃၅၀ (တစ်တန်ကျပ် ၈၂၆၇၂၀) ဈေးကျခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကို မန္တလေးဝယ်လက်ကဝယ်ယူခဲ့တာကြောင့် အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီတစ်ပိဿာ ၅၇၅ကျပ်ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၅၅၀ (တစ်တန် ကျပ် ၃၃၆၈၁၀) နဲ့ ဈေးကျခဲ့ကြောင်း သိရပါတယ်။ ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် ယခုတစ်ပတ်မှာ နှမ်းနက်ရိုးရိုး တစ်ပိဿာ ၂၃၃၅ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၂၂၉၀(တစ်တန် ကျပ် ၁၄၀၂၃၇၀) နဲ့ ဈေးကျခဲ့ပေမယ့် မန္တလေးဝယ်လက်တွေက ပုံမှန်ဝယ်ယူခဲ့တာကြောင့် အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က နှမ်းနီ တစ်ပိဿာ ၂၃၃၅ ကျပ်ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ကျပ်၂၄၀၀(တစ်တန် ကျပ် ၁၄၆၉၇၃၀)ဈေးရှိခဲ့ကြောင်း သိရပါတယ်။ နှမ်းနီကို မြို့ခံဝယ်လက်တွေက ဝယ်ယူမှုများခဲ့လို့ အရောင်းအဝယ်ဖြစ်မှု များခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၂၆၄၅ကျပ် ဈေးရှိနေခဲ့တဲ့ သိပ္ပံနှမ်းနက်ကတော့ အခုတစ်ပတ်မှာ ဈေးထပ်ကျခဲ့ပြီး တစ်ပိဿာ ၂၅၅၅ ကျပ်(တစ်တန် ကျပ်၁၅၆၄၆၅၀) ရှိခဲ့ကြောင်း သိရပါတယ်။ သိပ္ပံနှမ်းနက်ကို မန္တလေးဝယ်လက်က ဝယ်ယူမှုနည်းခဲ့လို့ အရောင်းအဝယ်ဖြစ်မှု နည်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ အစေ့ထုတ်ပြောင်းဈေးငြိမ်နေပြီး အရောင်းအဝယ်ကောင်းနေ

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ အစေ့ထုတ်ပြောင်းဈေးငြိမ်နေပြီး အရောင်းအဝယ်ကောင်းနေကြောင်း သိရပါတယ်။ အစေ့ထုတ်ပြောင်း ၅၀ ကီလိုဂရမ်တစ်အိတ်ကို မြန်မာဘက်တွင် ၇၅ ယွမ်မှ ရွှေလီဘက်တွင် ၈၂ယွမ် နဲ့ ယခင်တစ်ပတ်ကဈေးအတိုင်း အပြောင်းအလဲမရှိဘူးလို့ သိရပါတယ်။ ယခင်တစ်ပတ်က အစေ့ထုတ်ပြောင်း ၅၀၆၇၄ တန် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ ၅၀၈၂၃ တန် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ တစ်ယွမ်ကို မြန်မာငွေ ၂၀၄ကျပ်ပေါက်ဈေးရှိခဲ့လို့ ယခင်တစ်ပတ်ကအတိုင်း ငွေလဲနှုန်းဈေး အတက်အကျမရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ပဲဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီ ဈေးတက်နေ

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဈေးတက်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ (RC) တစ်တန် ကျပ် ၅၆၅၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန်ကျပ် ၆၀၇၀၀၀ အထိ၊ ယခင်တစ်ပတ်က မတ်ပဲ SQ(RC) တစ်တန် ကျပ်၇၀၀၀၀၀ ဈေးရှိခဲ့ရာမှ ယခုတစ် ပတ်မှာ တစ်တန်ကျပ် ၇၅၅၀၀၀၊ ပဲစင်းငုံနီသီးနှံကတော့ ယခင်တစ်ပတ်က တစ်တန် ကျပ် ၃၉၆၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန် ကျပ် ၄၀၅၀၀၀ အထိ ဈေးတက်လာခဲ့ကြောင်း သိရပါတယ်။

××××××××××××××××


## ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေးတက်ပြီး အရောင်းအဝယ်ကောင်းနေ

ယခုတစ်ပတ် ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေးတက်ခဲ့ပြီး အစေ့ထုတ်ပြောင်းကတော့ ကုန်ပစ္စည်းလက်ကျန်မရှိတော့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာ ကျပ် ၉၇၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၁၀၅၀ (တစ်တန် ကျပ်၆၄၃၀၀၀)ဈေးရှိခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကို နယ်ခံကုန်သည်နဲ့ ရန်ကုန်ဝယ်လက်တွေက အဝယ်များခဲ့တာကြောင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

# ထောပတ်သီး၏ အကျိုးကျေးဇူးများနှင့် ဈေးကွက်အလားအလာ

[ ခင်ချောစု (ကုန်သွယ်မြှင့်) ]



ထောပတ်သီးသည် လူသားများအတွက် များစွာအကျိုးရှိပြီး၊ ကျန်းမာရေးနှင့်ညီညွတ်လိုသူတိုင်း ထောပတ်သီးကို ပုံမှန်စားသုံးပါက ကျန်းမာရေးဆိုင်ရာအကျိုးအကျေးဇူးများစွာ ရရှိနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့အပြင် GLutatione ဟုခေါ်သည့် အင်တီအောက်စီဒင့် ကြွယ်ဝစွာပါဝင်သည့်အတွက် ထိုပစ္စည်းများသည် အသက်အရွယ်အိုမင်းရင့်ရော်မှုကို နှေးကွေးအောင် ဖန်တီးနိုင်သော အစွမ်းသတ္တိများရှိကြောင်းကိုပါ တွေ့ရှိရပါသည်။ ကျန်းမာရေးအနေဖြင့် များစွာအထောက်အကူဖြစ်စေပြီး နှလုံးရောဂါနှင့် ကင်ဆာရောဂါတို့ကိုလည်း ကာကွယ်နိုင်သည့် အစွမ်းများစွာရှိသောသီးနှံတစ်ခုဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ထောပတ်သီး၏ အင်္ဂလိပ်အမည်မှာ Avocado ဖြစ်ပြီး မျိုးရင်းမှာ (Persea Americana) ဖြစ်ပါသည်။ မျိုးရင်းအမည်မှာ (LAU RACEAE)၊ မူရင်းဒေသမှာအမေရိကတိုက် အလယ်ပိုင်းမက္ကဆီကိုနိုင်ငံဖြစ်ကြောင်း သိရှိရပါသည်။

ထောပတ်သီးကို နေ့စဉ်ပုံမှန်စားသုံးပေးခြင်းဖြင့် နှလုံးသွေးကြောရောဂါ ဖြစ်နိုင်ခြေလျော့ကျစေခြင်း၊ သွေးတွင်းအဆီဓါတ်ကျဆင်းစေခြင်း၊ လေဖြတ်ခြင်းကိုကာကွယ်ခြင်း၊ အိုမင်းရင့်ရော်ခြင်းကိုနှေးကွေးစေခြင်း၊ အာဟာရစုပ်ယူမှု ပိုကောင်းစေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း အာဟာရသိပ္ပံပညာရှင်များ၏ တွေ့ရှိချက်အရ သိရသည်။

အာဟာရဓာတ်စုံလင်ကြွယ်ဝပြီး ဆေးဖက်ဝင်အာနိသင်များစွာပါဝင်သော ထောပတ်သီးကို အမေရိကန်နှင့် ဥရောပနိုင်ငံများတွင်သာမက နိုင်ငံတကာဈေးကွက်များတွင်ပါ လူကြိုက်များရေပန်းစားလျက်ရှိကြောင်း သိရပါသည်။ ဈေးကွက်တွင် နာမည်ကြီးရေပန်းစားနေသော ထောပတ်သီးသည် ပြည်ပပို့ကုန် သီးနှံများအနက် အလားအလာအကောင်းဆုံးသီးနှံ ဖြစ်လာနိုင်သည်ဟု သစ်သီးပို့ကုန်လုပ်ငန်းရှင်များက ခန့်မှန်းထားကြကြောင်း သိရပါသည်။

ထောပတ်သီးအား တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ပြီး အစားအသောက်များတွင် လည်းကောင်း၊ လူသုံးကုန်ပစ္စည်းများဖြစ်သော အလှကုန်ပစ္စည်းများ၊ ရေချိုးဆပ်ပြာဆီများတွင် လည်းကောင်း တွင်တွင်ကျယ်ကျယ်အသုံးပြုလာသည်ကိုတွေ့ရပါသည်။ ထို့ကြောင့် ထောပတ်သီးကို တိုးချဲ့စိုက်ပျိုးသင့်ပြီး ပြည်ပပို့ကုန်အဖြစ် တင်ပို့သင့်သော သီးနှံဖြစ်ပါသည်။ သစ်သီးဝလံ ကုန်သွယ်မှုကဏ္ဍသည် လွန်ခဲ့သော ဆယ်စုနှစ်များကတည်းက တစ်စတစ်စ အရေးပါလာကြောင်း၊ စိုက်ပျိုးထုတ်လုပ်သူများအတွက် ဝင်ငွေကြီးမားစွာ တိုးတက်ရရှိစေကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ထုတ်လုပ်သူ၊ ရောင်းဝယ်သူ၊ စားသုံးသူများအားလုံးပါဝင်သော supply chain တစ်ခုလုံးအတွက် အကျိုးကျေးဇူးများစွာရှိလာပြီး ကုန်သွယ်မှုကိုလည်း မြင့်မားတိုးတက်လာစေပါသည်။


မြန်မာနိုင်ငံတွင် ရှမ်းပြည်နယ်၊ ချင်းပြည်နယ် ၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်း၊ ပြင်ဦးလွင်ဒေသတစ်ဝိုက်တွင် ထောပတ်ပင်များ စိုက်ပျိုးထားကြောင်း သိရှိရပါသည်။ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်ရန် အရည်အသွေးမြင့်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် မျိုးရွေးချယ်သည့်အချိန်မှ ပြုစုစောင့်ရှောက်ဆွတ်ခူးသည့်အချိန်ထိ အဆင့်ဆင့်စနစ်တကျရှိရေးသည် လွန်စွာအရေးပါလျက်ရှိသည်။

ရှမ်းပြည်နယ်တောင်ပိုင်းတွင် ထောပတ်သီးစိုက်ဧကမှာ ၇၀၀ ခန့်ရှိပြီး တောင်ကြီး ၊ ရွှာငံပင်လောင်း၊ ဟိုပုံးမြို့နယ်တို့တွင်အများဆုံး စိုက်ပျိုးကြောင်း၊ ယခင်ကကျေးရွာများတွင် အိမ်ခြံဝင်းများ ခြံစည်းရိုးများတွင် အများဆုံးစိုက်ပျိုးကြသော်လည်း ယခုအခါတွင် ဧကအလိုက်စိုက်ပျိုးလျက်ရှိကြောင်း သိရပါသည်။ ထောပတ်သီးသီးနှံမှာ စိုက်ပျိုးပြုစုမှု၊ ထိန်းသိမ်းစောင့်ရှောက်မှုစရိတ်သက်သာပြီး နေ့စဉ်ပုံမှန်ဝင်ငွေရရှိသော သီးနှံဖြစ်ကြောင်း တွေ့ရှိရပါသည်။ ရှမ်းပြည်နယ်တောင်ပိုင်းအနေဖြင့် ထောပတ်သီးစိုက်ဧက ၇၀၀ ခန့်ရှိရာ အသီးခူးဆွတ်ရိတ်သိမ်းမှု ဧကမှာ ၄၅၀မှ ၅၀၀ခန့်ရှိပြီး အထွက်နှုန်းမှာ အလုံး ၉၅၀၀ ခန့်ဖြစ်သဖြင့် အထွက်လုံးရေ ၄၂၇၅၀၀၀ လုံး၊ အထွက်တန်ချိန် ၁၇၁၀ ခန့်ရှိကြောင်း သိရပါသည်။

မက္ကဆီကိုနိုင်ငံသည် ကမ္ဘာတွင် ထောပတ်သီးအများဆုံးထုတ်လုပ်သောနိုင်ငံဖြစ်ပြီး တန်ချိန် ၁ ဒသမ ၅၂ သန်းခန့် ထုတ်လုပ်ပါသည်။ ဒိုမီနီကန်နိုင်ငံမှာ ဒုတိယအများဆုံးထုတ်လုပ်ပြီး တန်ချိန် သုညဒသမ ၄၂ သန်းခန့် ထုတ်လုပ်ပါသည်။ တတိယအများဆုံး ထုတ်လုပ်သည့် နိုင်ငံမှာ ပီရူးနိုင်ငံဖြစ်ပြီး တန်ချိန် သုည ဒသမ ၃၅ သန်းခန့်ထုတ်လုပ်ပါသည်။ ကမ္ဘာတွင် ထောပတ်သီးတင်ပို့သည့်နိုင်ငံမှာ အမေရိကန်နိုင်ငံ၊ မက္ကဆီကို၊ ပီရူး၊ ချီလီ၊ တောင်အာ ဖရိက၊ နယူးဇီလန်နှင့် အစ္စရေးတို့ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ကမ္ဘာတွင် ထောပတ်သီးတင်သွင်းသော နိုင်ငံများမှာ ကနေဒါ၊ ချီလီ၊ တရုတ်၊ အီးယူ၊ ဟောင်ကောင်၊ ဂျပန်နှင့် အမေရိကန်နိုင်ငံတို့ တင်သွင်းလျက်ရှိကြောင်းကို Avocado Trade Reports 2017 စာရင်းများအရ လေ့လာတွေ့ရှိရပါသည်။

Value of Dutch imports စာရင်းအရ နယ်သာလန်နိုင်ငံသို့ ထောပတ်သီး တင်သွင်းသည့် နိုင်ငံများအား အောက်ပါအတိုင်း တွေ့ရှိရပါသည် -




MFVP မှ မြန်မာ့ထောပတ် ကဏ္ဍဖွံ့ဖြိုးရေးအတွက် လွန်ခဲ့သောနှစ်များကပင် စတင်စည်းရုံးဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံခြားမှ ကျွမ်းကျင်ပညာရှင်များ လာရောက်၍ တောင်သူများထံ တိုက်ရိုက်သင်တန်းများပို့ချလျက်ရှိကြောင်း၊ ထောပတ်စိုက်ပျိုးရေး သင်တန်းကို ၂၀၁၃ ခုနှစ်တွင် ရှမ်းပြည်နယ် တောင်ကြီးမြို့၊ ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာနတွင် ပြုလုပ်ခဲ့ရာ ထောပတ်သီးစိုက်ပျိုးရန် စိတ်ဝင်စားသူ တောင်သူနှစ်ရာခန့်တက်ရောက်ခဲ့ကြောင်း၊ စိတ်ပါဝင်စားသူတောင်သူများ တဖြည်းဖြည်းများလာပြီး ရှမ်းပြည်နယ်တောင်ပိုင်း၌ ထောပတ်အစုအဖွဲ့ (Avocado Cluster) ကို ဖွဲ့စည်းနိုင်ခဲ့ကြောင်း သိရှိရပါသည်။

ပြည်တွင်းထောပတ်သီးမျိုးများကို စနစ်တကျ မျိုးရွေးချယ်ပြီး ကိုင်းကူး၊ ကိုင်းဆက်နည်းများကိုပါ အမေရိကန်ပညာရှင်များက လာရောက်ပို့ချခဲ့သည်။ ထွက်ရှိလာသည့် ထောပတ်သီးများသည် အရွယ်အစားတူညီပြီး အနာအဆာကင်းသောအသီးများကို ရွေးချယ်ထုပ်ပိုး၍ ပြည်ပဈေးကွက်သို့ ချိတ်ဆက်တင်ပို့နိုင်ရေးအတွက် စမ်းသပ်တင်ပို့ခဲ့ရာ အထိုက်အလျောက် အောင်မြင်မှုခဲ့ကြောင်း သိရပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဒီဇင်လာလ ၈ ရက်ထိ ထောပတ်သီးပြည်ပတင်ပို့မှုမှာ အောက်ပါဇယားအတိုင်း ဖြစ်ပါသည်။

၎င်းဇယားကိုကြည့်ခြင်းအားဖြင့် ထိုင်းနိုင်ငံသို့ ပိုမို တင်ပို့လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ထောပတ်သီးသီးနှံသည် ပြည်ပဈေးကွက် အလားအလာကောင်းများရှိနေသည့် သစ်သီးဝလံအဖြစ် တွေ့မြင်နေရပါသည်။ ဈေးကွက်တိုးချဲ့ပြီး ပို့ကုန်တိုးမြှင့်ရေးသို့ ဦးတည်ကာ ပိုမိုတိုးတက်တင်ပို့နိုင်ရန်အတွက် အဘက်ဘက်မှ ဝိုင်းဝန်းကြိုးစားကြရန် လိုအပ်ပါကြောင်း၊ သစ်သီးဝလံများအား မူလအနေအထားအတိုင်း စိုက်ပျိုးထုတ်လုပ် ရောင်းချခြင်းအပြင် တန်ဖိုးမြှင့်ပစ္စည်းများအဖြစ် ထုတ်လုပ်ရောင်းချကြခြင်းဖြင့် စိုက်ပျိုးရေးအခြေခံ စက်မှုစားကုန်ကဏ္ဍတိုးတက် မြင့်မားစေရေးအတွက်ပါ ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

■

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (၈-၁၂-၂၀၁၇) ထိ
ယာယီနိုင်ငံအလိုက် ထောပတ်သီးတင်ပို့မှုစာရင်း (ပင်လယ်ရေကြောင်း + နယ်စပ်)

တန်ဖိုး-ကန်ဒေါ်လာသန်း

| စဉ် | နိုင်ငံ | ရေတွက်ပုံ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် | | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (၈-၁၂-၂၀၁၇) ထိ | |
|---|---|---|---|---|---|---|---|---|
| | | | အရေအတွက် | တန်ဖိုး | အရေအတွက် | တန်ဖိုး | အရေအတွက် | တန်ဖိုး |
| ၁ | **တရုတ်** | **တန်** | ၉.၅၀၀ | ၀.၀၀၇ | ၁၅ .၄၀၀ | ၀.၀၁၁ | ၂၃. ၀၀၀ | ၀.၀၁၃ |
| | ပင်လယ်ရေကြောင်း | တန် | | | | | | |
| | နယ်စပ်လမ်းကြောင်း | တန် | ၉. ၅၀၀ | ၀. ၀၀၇ | ၁၅.၄၀၀ | ၀.၀၁၁ | ၂၃. ၀၀၀ | ၀.၀၁၃ |
| ၂ | **ထိုင်း** | **တန်** | ၄၁၉. ၉၉၅ | ၀. ၁၉၆ | ၇၀၀.၀၀၀ | ၀.၃၂၀ | ၄၀၀. ၀၀၀ | ၀.၁၀၀ |
| | ပင်လယ်ရေကြောင်း | တန် | | | | | | |
| | နယ်စပ်လမ်းကြောင်း | တန် | ၄၁၉. ၉၉၅ | ၀. ၁၉၆ | ၇၀၀.၀၀၀ | ၀.၃၂၀ | ၄၀၀. ၀၀၀ | ၀.၁၀၀ |
| ၃ | ဟောင်ကောင် | တန် | | | ၀. ၂၁၀ | ၀.၀၀၀၄ | ၀. ၂၄၀ | ၀.၀၀၀၅ |
| ၄ | ရုရှား | တန် | | | | | ၀. ၀၂၀ | ၀.၀၀၀၀၃ |
| | **စုစုပေါင်း** | **တန်** | ၄၂၉.၄၉၅ | ၀. ၂၀၃ | ၇၁၅ .၆၁၀ | ၀.၃၃၁ | ၄၂၃. ၂၆၀ | ၀.၁၁၄ |

# ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများနဲ့ စစ်တွေကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်များ ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေးစခန်းများမှ ဒီဇင်ဘာ ၁၆ ရက်မှ ၂၂ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၇၇၇ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၇၈၄၄ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၆၆၅၈ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၁၈၆ တန် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်မှ ရေထွက်ကုန်လျော့နည်းတင်ပို့ခဲ့ပေမယ့် ကော့သောင်းကုန်သွယ်ရေးစခန်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းတို့မှ ရေထွက်ကုန်များ ပိုမိုတင်ပို့ခဲ့တဲ့အတွက် ယခုလိုပိုမိုရခြင်းဖြစ်တယ်လို့ သိရပါတယ်။ တင်ပို့မှုကိုကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၇၆ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ပုစွန်၊ ကဏန်းတို့ကို ၁၃၄ တန်၊ ကော့သောင်း ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၀၉ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကင်းမွန်၊ ပုစွန်၊ ကဏန်း၊ အခြားရေထွက်၊ ရေဘဝဲ၊ ပင်လယ်ငါးရှဉ့် တို့ကို ၅၅၅၁ တန်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၉၂ သန်း တန်ဖိုးရှိ ကင်းမွန်(လိပ်)၊ ငါးမှုန့်၊ ငါးမျိုးစုံ၊ မွေးပုစွန်၊ သဲကဏန်း၊ ကင်းမွန်တို့ကို ၂၁၅၈ တန်တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

အလားတူ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှလည်းအမေရိကန်ဒေါ်လာ သုညဒသမ ၂၁၉ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၂၂၅ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၂၁၃ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၂ တန်ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါ တယ်။ တင်ပို့မှုကိုကြည့်ပါက အမေရိကန်ဒေါ်လာ သုညဒသမ ၁၉၅ သန်း တန်ဖိုးရှိ ငါးမြစ်ချင်း ၂၁၁ တန်နဲ့ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂၄ သန်းတန်ဖိုးရှိ ငါးခေါင်းပွ ၁၄ တန်ကို တင်ပို့ခဲ့ပါတယ်။ စစ်တွေကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်များအပြင် အမေရိကန်ဒေါ်လာ သုညဒသမ ၂၆၂ သန်းတန်ဖိုးရှိ ဧည့်မထ ၂၅ မှတ်ဆန်၊ မနောသုခ ၂၅ မှတ်ဆန်၊ မန်ကျည်းစေ့၊ ဆီးဖတ်၊ ဆီးယိုထုပ်တို့ကို ၈၇၃ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# တရုတ်နိုင်ငံသို့ ပျားရည် ပုံမှန်တင်ပို့

ဒီဇင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၄၂၀၀၀ တန်ဖိုးရှိ ပျားရည်တန် ၆၀ ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်ကလည်း တန် ၆၀ တင်ပို့ခဲ့တာကြောင့် တရုတ်နိုင်ငံသို့ ပျားရည်ပုံမှန်တင်ပို့နေတာ တွေ့ရပါတယ်။

ပျားအုံတစ်အုံတွင် လုပ်သားပျား အကောင်ရေ ၃၀၀၀၀ ဝန်းကျင်ရှိပြီး ပျားဘုရင်မတစ်ကောင်စီရှိကာ အနီးရှိ စိုက်ပျိုးရေးခြံများမှ ပန်းများရှိဝတ်ရည်များကို စုပ်ကြကြောင်း၊ ပျားအုံတစ်အုံလျှင် ထိန်းသိမ်းခကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၆၀ ရှိကြောင်း၊ ပျားမွေးတောင်သူများကို ၂၀၁၃ ခုနှစ်ကတည်းက သင်တန်းများ ပို့ချပေးနေပြီး မြန်မာနိုင်ငံပျားမွေးမြူရေးဈေးကွက် အစအဆုံးကို TAG အင်ဂျီအိုအဖွဲ့က ကူညီပေးလျက်ရှိကြောင်း၊ လက်ရှိတွင် ပျားမွေးတောင်သူ ၅၀၀ ကျော်ကို ရှမ်းပြည်နယ်ရှိ ရွာပေါင်း ၂၀ တွင် သင်တန်းပေးထားပြီးဖြစ်ကြောင်း ရှမ်းပြည်နယ်ပင်းတယမြို့ရှိ ပျားမွေးမြူရေးအသင်းမှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

## မူဆယ်ရော ချင်းရွှေဟော်မှပါ သကြားပိုမိုတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ဒီဇင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၆၀၂ သန်း တန်ဖိုးရှိ Re-export သကြား ၂၄၀၀၃ တန်ကျော်ကို တင်ပို့ ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၂၀၀၀၃ တန်ကျော်နဲ့ ချင်းရွှေဟော်မှ တန် ၄၀၀၀ ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်မှ ၁၀၁၅၄တန်ကျော်နဲ့ ချင်းရွှေဟော်မှ တန် ၂၃၉၀ တင်ပို့ခဲ့လို့ ယခုတစ်ပတ် စခန်းနှစ်ခုပေါင်းမှ ၁၁၄၅၈ တန်ကျော် ပိုမိုတင်ပို့ခဲ့ပါတယ်။မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က သကြားတစ်တန်ကို မိမိဘက်ပေါက်ဈေးကျပ် ၈၄၈၆၄၀ ရှိရာမှ ဒီဇင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်းကျပ် ၈၈၉၄၄၀ သို့လည်းကောင်း၊ တစ်ဖက်နိုင်ငံဈေး ယွမ် ၄၁၆၀မှ ၄၃၆၀ သို့လည်းကောင်း ဈေးမြင့်တက်ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# ကုန်သွယ်ရေးစခန်းများနဲ့ ပင်လယ်ရေကြောင်းမှ ရော်ဘာပိုမိုတင်ပို့

ဒီဇင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်း ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၈ ဒသမ ၉၉၈ သန်းတန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၇၇၆၃ တန် တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ် မြန်မာ-တရုတ်နယ်စပ်မှ တင်ပို့မှုများမှာ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ RSS1 ၁၇ တန်၊ RSS 3 ၂၄၅၁ တန်၊ RSS 5 ၁၂၂၅ တန် ကျော်၊ MSR 20 ၂၃၂၃ တန်၊ လွယ်ဂျယ် ကုန်သွယ်ရေးစခန်းမှ Crepe Rubber ၁၀ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS3 ၃၁၃ တန်ခန့်၊ RSS5 ၄၂၉ တန်၊ MSR 20 တန်ချိန် ၄၅၀ တင်ပို့ခဲ့ပါတယ်။ မြန်မာ-ထိုင်းနယ်စပ်တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ရော်ဘာ ၅၄၅ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ရော်ဘာပိုမို တင်ပို့လာတာ တွေ့ရပါတယ်။ ယခင်တစ်ပတ်က ရော်ဘာ ၅၃၅၃ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန်ချိန် ၂၄၁၀ ပိုမို တင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာပေါက်ဈေးမှာ RSS3 တစ်တန်လျှင်ကျပ် ၂၀ ဒသမ ၁၆ သိန်းရှိပြီး ယခင်တစ်ပတ်ဈေးထက် တစ်တန်ကို ၅၃၆၃ ကျပ်ဈေးကျကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဒီဇင်ဘာ ၁၇ ရက်မှ ၂၃ ရက်အထိသီတင်းပတ်အတွင်း အမေရိကန်ဒေါ် လာ ၁ ဒသမ ၅၄၅ သန်းတန်ဖိုးရှိ ရော်ဘာ ၁၁၅၃ တန်တင်ပို့ခဲ့ရာ မလေးရှားနိုင်ငံသို့ RSS3 တန်ချိန် ၅၅၀ နဲ့ MSR 20 ၂၀၁ တန်ကျော်၊ ဂျပန်နိုင်ငံသို့ MSR 20 ၁၉၆ တန်၊ အိန္ဒိယနိုင်ငံသို့ MSR 20 ၁၀၁ တန်၊ တရုတ်နိုင်ငံသို့ Synthetic Rubber (99% RSS-3 1%) ၁၀၅ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ရော်ဘာ ၈၀၈ တန်ကျော်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် ရော်ဘာ၃၄၅ တန်ပိုမိုတင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။ နိုင်ငံတကာရော်ဘာပေါက်ဈေးကတော့ အတက်အကျ သိပ်မရှိတဲ့အတွက် ပြည်ပတင်ပို့ မယ့်မြန်မာ့ရော်ဘာ FOB ဈေးမှာလည်း ယခင်တစ်ပတ်ဈေးအတိုင်း မပြောင်းလဲကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်းရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရပါတယ်။

**ယဉ်ယဉ်အေး**

## မူဆယ်မှ ရေထွက်ကုန်တန်ဖိုးပိုမိုပြီး တန်ချိန်လျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဒီဇင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၂၆ သန်းတန်ဖိုးရှိ ရေထွက်ကုန် တန်၂၆၁၀ ကျော်ကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၇၁၂ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၁၀၁ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပေမယ့် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သုညဒသမ ၅၇၄ သန်း ပိုမိုခဲ့တာ တွေ့ရပါတယ်။

ယခုတစ်ပတ်တွင် ငါးမျိုးစုံ၊ ကဏန်းနဲ့ ပုစွန်ခြောက်တို့ ပိုမိုတင်ပို့ခဲ့တာကြောင့် ယခုလို တန်ဖိုးပိုမိုရတာဖြစ်ကြောင်း သိရပါတယ်။

**မော်မော်အောင်**

## မူဆယ်မှ ပရဆေးကုန်ကြမ်း ပုံမှန်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဒီဇင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၅၈၁ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်းအမယ် ၁၄ မျိုး၊ တန်ချိန်အားဖြင့် ၃၇၂ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်ကလည်း ၃၇၈ တန်တင်ပို့ခဲ့တဲ့အတွက် မူဆယ်မှတစ်ဆင့် ပရဆေးကုန်ကြမ်း ပုံမှန်တင်ပို့နေတာ တွေ့ရပါတယ်။ ယခုတစ်ပတ်အတွင်း တင်ပို့ခဲ့တဲ့ ပရဆေးအမယ်များမှာ ကွမ်းစားဂမုန်း၊ နနွင်းတက်၊ တောချင်း၊ တောဂျုံးမြစ်၊ ဒရင်ကောက်မြစ်၊ ဆီးဆန်၊ နေလဲစေ့၊ ကြောင်ပန်းစေ့၊ ကြောင်လျှာစေ့၊ ဝဥ (အစို/အခြောက်)၊ ရွှေးရွက်နဲ့ ချဉ်ပေါင်ဖာလာ (အခွံပါ/မပါ) တို့ဖြစ်ပါတယ်။

မြန်မာ-အိန္ဒိယနယ်စပ်ရှိ ရိဒ်ကုန်သွယ်ရေးစခန်းမှလည်း အဆိုပါရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၄ သန်းတန်ဖိုးရှိ တောင်လုံးကျော်၂၂၃ ကီလိုဂရမ်ကို မြန်မာနိုင်ငံသို့ တင်သွင်းလာခဲ့ကြောင်း သိရပါတယ်။

**မော်မော်အောင်**

## မူဆယ်မှ ဝဥစို ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဒီဇင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ ရက် သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၀ သန်းတန်ဖိုးရှိ ဝဥ (စို) ၄၂ တန်နဲ့ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၈၂ သန်းတန်ဖိုးရှိ ဝဥခြောက် ၄၄ တန်ကျော်ကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က ဝဥ(စို) ၁၄ တန်၊ ဝဥခြောက် ၁၃၃ တန် ကျော်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ဝဥခြောက် ၈၉ တန် လျော့နည်းတင်ပို့ခဲ့ပေမယ့် ဝဥ(စို) ၂၈ တန်ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

ဝဥကို ပူပြင်းခြောက်သွေ့တဲ့ ဒေသများမှလွဲပြီး စိုက်ပျိုးအောင်မြင်ကြောင်း၊ ဝဥပင်မှာ လူတစ်ရပ်ခန့်ရှိပြီး ပန်းရောင်၊ အဖြူရောင်နဲ့ အဝါရောင် သုံးမျိုးရှိပေမယ့် ပန်းရောင်ကတော့ ပြည်ပဈေးကွက်အကောင်းဆုံးဖြစ်ကြောင်း သိရပါတယ်။

**မော်မော်အောင်**

## ပြည်တွင်းသို့ ဆိုင်ကယ်များ ပိုမိုတင်သွင်း

ကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေးစခန်းများမှ ဒီဇင်ဘာ ၁၆ ရက်မှ ၂၂ ရက် ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၅၀၁ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၈၆၉၉ စီး တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၈၃၅၀ စီး တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၃၄၉ စီးပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းမှ ဆိုင်ကယ်များ တင်သွင်းမှုလျော့နည်းခဲ့ပေမယ့် မူဆယ်ကုန်သွယ်ရေးဇုန်၊ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းနဲ့ တမူးကုန်သွယ်ရေးစခန်းတို့မှ ပိုမိုတင်သွင်းခဲ့တဲ့အတွက် ယခုလိုပိုမိုရခြင်းဖြစ်ပါတယ်။ တင်သွင်းမှုကိုကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၂၃ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၇၃၆၇ စီး၊ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၁၁ သန်းတန်ဖိုးရှိ ဆိုင်ကယ် အစီး ၅၀၊ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာသုညဒသမ ၀၁၅ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၄ စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၅၂ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၂၆၈ စီးကို တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# လူတိုင်းကိုယ်စီ တာဝန်ရှိပါသည်

[ မြင့်ဦး(ပခုက္ကူ) ]

မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးအသင်း (Consumer Protection Association of Myanmar)က ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်စွဲဖြင့် တာဝန်ရှိသူများကဦးဆောင်၍ ပဲစားသုံးမှုမြှင့်တင်ပွဲ၊ ပဲစားပွဲတော်များပြုလုပ်နေခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးအသင်းမှ ကန့်ကွက်ကြောင်း သဘောထားကြေညာချက်ဆိုတာ လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ပေါ်ထွက်လာပါတယ်. . . သူ့ရဲ့သဘောထားကြေညာချက်က အောက်ပါအတိုင်းဖြစ်ပါတယ်။

*“မြန်မာနိုင်ငံမှ ပုံမှန်ဝယ်ယူနေကျဖြစ်သော အိန္ဒိယနိုင်ငံမှ မူဝါဒ အပြောင်းအလဲကြောင့်မြန်မာနိုင်ငံမှ ပဲများဝယ်ယူမှု ရပ်ဆိုင်းသွားခဲ့ပါသည်။*

*ဂျပန်နိုင်ငံနှင့် ဥရောပနိုင်ငံများတွင် ပဲဈေးကွက်များရှိသော်လည်း မြန်မာနိုင်ငံမှ စိုက်ပျိုးထုတ်လုပ်နေသော ပဲများမှာ လက်ခံနိုင်သော ပမာဏထက် ပိုးသတ်ဆေးဓာတ်ကြွင်းများပိုမိုများပြားနေ၍ ဝယ်ယူမှုမရှိကြောင်း သိရပါသည်။*

*သို့ဖြစ်၍ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ပဲစိုက်တောင်သူများအား ဘေးကင်းလုံခြုံစိတ်ချ၍ အရည်အသွေးပြည့်မီသောပဲများထုတ်လုပ်နိုင်စေရန် ပဲစိုက်ပျိုးရာတွင် မလိုအပ်ဘဲ ပိုးသတ်ဆေးသုံးစွဲနေမှုကို ရှောင်ကြဉ်ခြင်း၊ အော်ဂဲနစ်စိုက်ပျိုးနည်း၊ သဘာဝမြေဩဇာဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရန် ပညာပေးခြင်း၊ ကုန်သည်များအနေဖြင့် ပဲသိုလှောင်ရာတွင် ပိုးသတ်ဆေးပြားများကို အသုံးမပြုဘဲ သဘာဝနည်းစနစ်ဖြင့် သုံးတတ်စေရန် သိုလှောင်နည်းများကိုပညာပေးခြင်းတို့ကို ဆောင်ရွက်ရမည့်အစား ဈေးကွက်နှင့်အရောင်းအဝယ် ကျဆင်းမှုတို့ကြောင့် ရောင်းမကုန်သော၊ ပိုးသတ်ဆေး ဓာတ်ကြွင်းများပြားနေသော ပဲများကိုပြည်တွင်းစားသုံးသူများကိုရောင်းချရန်ရည်ရွယ်၍ ပဲစားပွဲတော်များ၊ ပဲစားသုံးမှုမြှင့်တင်ပွဲများ ပြုလုပ်နေကြောင်း တွေ့ရှိရပါသည်။*

*ပိုးသတ်ဆေး ဓာတ်ကြွင်းများပြားသော ပဲအမျိုးမျိုးနှင့် သီးနှံများကို စားသုံးမိပါက အာရုံကြောထိခိုက်ခြင်း၊ ကိုယ်တစ်ခြမ်းသေခြင်း၊ လေဖြတ်ခြင်း၊ ကိုယ်ဝန်ပျက်ကျခြင်း၊ ကလေးအသေမွေးခြင်းနှင့် ကင်ဆာရောဂါအမျိုးမျိုးပါဖြစ်ပွားစေနိုင်ပါသည်။*

*ထို့ကြောင့် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများအနေဖြင့် စားသုံးသူကိုကာကွယ်ရမည့်အစား ပဲစိုက်တောင်သူနှင့် ပဲကုန်သည်များ၏ မျက်နှာတစ်ခုတည်းကိုသာကြည့်၍ ပြည်တွင်းတွင် ပဲစားသုံးမှုမြှင့်တင်ပွဲများ၊ ပွဲတော်များကို ဦးဆောင်ကျင်းပနေခြင်းကို ရပ်ဆိုင်းရန် မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးအသင်းမှ ကန့်ကွက်ကြောင်း”* သဘောထားကြေညာချက်ထုတ်ပြန်ပါသည်။

**မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးအသင်း**

“ပဲစိုက်ပျိုးရာမှာ မလိုအပ်ဘဲ ပိုးသတ်ဆေးသုံးစွဲနေမှု၊ အော်ဂဲနစ်စိုက်ပျိုးနည်း၊ သဘာဝမြေဩဇာ အသုံးပြုနည်း၊ ကုန်သည်တွေ ပဲသိုလှောင်ရာမှာ ပိုးသတ်ဆေးပြားများ အသုံးမပြုဘဲ သဘာဝနည်းစနစ်ဖြင့် သိုလှောင်နည်းများကို ပညာပေးခြင်း ဆောင်ရွက်ရမည့်အစား ရောင်းမကုန်သည့် ပိုးသတ်ဆေးကြွင်း၊ ဓာတ်ကြွင်းများနေသော ပဲများကို ပြည်တွင်းစားသုံးသူများကို ရောင်းချရန် ရည်ရွယ်ခြင်း၊ စားသုံးသူကို အကာအကွယ်ပေးရမည့်အစား ပဲစိုက်တောင်သူနှင့် ကုန်သည်များ၏ မျက်နှာတစ်ခုတည်းကို ကြည့်သောကြောင့် ကန့်ကွက်သော သဘောထားကြေညာချက်”လို့ ဖော်ပြထားပါတယ်။ မြင်သာပွင့်လင်းတဲ့ခေတ်ထဲမှာ အယူအဆတစ်ခုကို ဘက်စုံကြည့်ပြီးတော့ ယူဆမှု၊ ယုံကြည်မှု၊ အမြင်ကွဲလွဲမှု၊ လွတ်လပ်စွာသဘော ထားကွဲလွဲနိုင်ပါတယ်။ ဒါပေမဲ့ ကိုယ့်ရဲ့သဘော ထား ကြေညာချက် ကွဲလွဲမှုကို ခိုင်လုံစေချင်ပါတယ်။ “ဓာတ်ကြွင်းပါတဲ့ပဲတွေကို ကလေးတွေကို ပဲမုန့် လုပ်ကျွေးတာတို့၊ ပဲနို့လုပ်တာတို့၊ ပဲစားသုံးမှု မြှင့်တင်ရေး ပဲစားပွဲတော်လုပ်တာတို့ စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူတွေက ဦးဆောင်ပြီး လုပ်နေတယ်။ ကုန်သည်တွေနဲ့ပေါင်းပြီး ဒီပဲကုန်သည်တွေ၊ တောင်သူတွေရဲ့ မျက်နှာကိုပဲကြည့်ပြီး စားသုံးသူသန်း ၅၀ မျက်နှာကို မကြည့်သလိုဖြစ်နေတယ်ဆိုတဲ့စကားပြောပြီး ကန့်ကွက်ကြောင်းဆိုပြီး မြန်မာနိုင်ငံ စားသုံးသူအကာအကွယ်ပေးရေးအသင်းရဲ့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

အရောင်းအဝယ်ရဲ့သဘောကို နားမလည်တာလို့ပြောရင် ကျွန်တော်လွန်ရာကျပါလိမ့်မယ် မြစ်တို့ချောင်းတို့ထဲမှာ စီးတဲ့ရေဟာ မြင့်ရာမှနိမ့်ရာသို့ စီးဆင်းပါတယ်။ ကုန်ဈေးနှုန်းရဲ့သဘောကတော့ နိမ့်ရာကမြင့်ရာကို စီးပါတယ်။ ရေကိုမလိုရင် တမံတုတ်တယ် ရေကာတာထားတယ်ပေါ့။ ဒီလိုပါပဲ ကုန်ဈေးနှုန်းကို ဘယ်လိုတားမလဲဆိုတာ စဉ်းစားဉာဏ်ရှိသူတိုင်း ၊ ဦးနှောက်ရှိသူတိုင်းစဉ်းစားကြရမှာပါ။ သူလည်းစိုက်တယ်၊ ကိုယ်လည်းစိုက်တယ်၊ သူလည်း ထွက်တယ်၊ကိုယ်လည်းထွက်တယ်။ ဒါပေမယ့် စားသုံးသူပြည်သူအရေအတွက် အင်အားကွာခြားသွားတယ်၊ ထွက်ရှိစားသုံး၊ ပိုလျှံနဲ့ထွက်ရှိ၊ စားသုံး ၊အလို၊ လိုအပ်ချက်ရှိရင်သူများ နိုင်ငံကတင်သွင်းရတယ်။ ဒီလိုလိုအပ်ချက်တင်သွင်းရမှုအရ ဒေါ်လာယိုပေါက်ကို ဘယ်လိုပိတ်မလဲ. . ဆို့မလဲ. . ကာကွယ်ရမလဲ. . စဉ်းစားကြရမှာပါ။ ဒီတော့ကိုယ့်နိုင်ငံရဲ့အလိုကို ပိုမိုထွက်ရှိအောင် ကြိုးစားကြတယ်။ လုပ်ဆောင်ကြတယ်။ သူ့နိုင်ငံက တစ်နှစ်ထက်တစ်နှစ်ပိုမိုထွက်ရှိလာတော့ လုံလောက်လာတယ်။ ဒီတော့ ဝယ်ယူမှုရပ်ဆိုင်းတယ်။ မြန်မာ့ပဲလောကဂယက်ထပွက်တယ်။ ကိုယ့်နိုင်ငံက နိုင်ငံငယ်ပါ။မြန်မာစကားပုံမှာလည်း ရှိပါတယ် “ဆင်ကျီစားရာ. . ဆိတ်မခံသာ”ဆို သလိုပေါ့။ ဒီတော့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက “တောင်သူလယ်သမားအကျိုးစီးပွားအတွက် နည်းလမ်းပေါင်းစုံရှာပြီး လုပ်ကိုင်ဆောင်ရွက်မှုကို နားလည်ပေးပြီး ပူးပေါင်းဆောင်ရွက်ရင် ဘယ်လောက်ကောင်းမလဲ။ တစ်ဦးအားဖြင့် ယူသော်မရ တစ်သောင်းအားဖြင့် ယူသော်ရ၏ဆိုတဲ့ စကားပုံလေးကို သတိရစေလိုပါတယ်။ စိုက်ပျိုးထုတ်လုပ်ရန် ပညာပေးခြင်းကို သက်ဆိုင်ရာဝန်ကြီးဌာနက GAP စနစ်တွေဖြစ်ဖို့ ဆောင်ရွက်နေတယ်။ ပဲသိုလှောင်ရာမှာ အသုံးပြုတဲ့ ပိုးသတ်ဆေးပြားများအကြောင်း စားသုံးသူရေးရာဦးစီးဌာနက ပညာပေးနေကြောင်း သိစေလိုပါတယ်။

စားသုံးသူ အကာအကွယ်ပေးရေးဟောပြောပွဲတွေသွားရင် ဒီစာရေးသူကိုယ်တိုင်အိတ်ထဲမှာ Celphos ဆေးတောင့်တွေပါတယ်။ မိဘပြည်သူတွေကိုပြောရင်း ဒီဆေးပြားတွေမြင်ဖူးသလား၊ သုံးဖူးသလားမေးပါတယ်။ ပြောကြပါတယ်။ သုံးပါတယ်ဆရာ- ဘယ်လိုသုံးသလဲ မျိုးထားတဲ့ အိတ်တစ်အိတ်ကိုတစ်ပြားသုံးပါတယ်။ ဒီကတည်းကမှားနေတယ်။ အသုံးပြုနည်းက တစ်တန် (အရပ်လိုပြောရင် တစ်တင်းခွဲဝင်အိတ် ၂၀၊ တင်းရေအားဖြင့်တင်း ၃၀) မှတစ်ပြားသုံးရတာပါ။ မျိုးဘဝတည်းက ပိုးသတ်ဆေးကြွင်းများနေပြီဆိုတာကို ရှင်းပြရတယ်။ ခင်ဗျားတို့ ကျွန်တော်တို့တတွေ နေ့စဉ်စားနေတဲ့ ဆန်၊ ပဲ၊ စိုက်ပျိုး ထုတ်လုပ်တဲ့တောင်သူ၊ ဝယ်ယူသိုလှောင်တဲ့ ကုန်သည်တွေ မသိနားမလည် ပိုးသတ်ဆေးတွေ တအားသုံးနေလို့ ကျွန်တော်တို့ပြည်သူတွေမှာ နေ့စဉ်ပိုးသတ်ဆေးကြွင်းတွေကို စားနေကြတာပါ၊ အဆိပ်တွေကို နည်းနည်းချင်းစားသုံးနေရလို့ ရောဂါတွေရနေတဲ့အကြောင်း ထည့်ပြောပညာပေးနေပါတယ်ဆိုတာကို သိစေလိုပါတယ်။ ပညာပေးတိုင်းရမလား၊ တတ်မလား၊ သိမလား၊ ပြင်မလားဆိုတာတွေကိုတော့ ထည့်သွင်းစဉ်းစားစေချင်ပါတယ်။

သက်ဆိုင်ရာဌာနက တာဝန်ရှိဝန်ထမ်းတွေက အစည်းအဝေးခေါ်ရင် မလာချင်သူ၊ ဟောပြောပွဲတွေလုပ်ရင်မလာချင်သူ၊ ဒီနေရာမှာအမှိုက်မပုံရလို့ ဆိုင်းဘုတ်ညနေက ချိတ်တယ်။ နောက်နေ့နံနက်မှာအမှိုက်တွေ အပြည့်ပုံထားတာတွေရှိနေတဲ့ ပြည်သူတွေ အားလုံး အစစအရာရာအကုန်လုံးပြောင်းလဲရမှာဆိုတာကို သဘော ပေါက်နေရမှာဖြစ်ပါတယ်။ အိန္ဒိယနဲ့ သူ့နိုင်ငံဖူလုံလို့ ပဲဝယ်ယူရေးစတယ်ဆိုရင်ပဲ ပခုက္ကူကုန်စည်ဒိုင်က တာဝန်ရှိသူတွေနဲ့ တွေ့ဆုံဆွေးနွေးလက် ကျန်အခြေအနေ စုံစမ်းတယ်။ ပခုက္ကူမှာ ဝယ်ယူသိုလှောင်သူ ၇၇ ဦး ရှိနေတယ်။ လက်ကျန်ပဲတစ်တင်းခွဲအိတ် ၂၅၀၀၀၀ ကျော်၊ ၃၀၀၀၀၀ နီးပါးကျန်တယ်။ ဘာကြောင့် မရောင်းသလဲမေးကြည့်တယ်။ ပဲစင်းငုံတစ်တင်းအရင်း ကျပ် ၃၆၀၀၀ တစ်ပတ်လည် ဈေးနဲ့ဝယ်ရတယ်။ တစ်တင်း ကျပ် ၄၉၅၀၀ လာပေးတယ်။ ကျပ် ၅၀၀၀၀ ဈေးမရလို့ တစ်တင်းကျပ် ၅၀၀ ကွာနဲ့ အရောင်းအဝယ်ပျက်ခဲ့တယ်။ ယခုဈေးနဲ့ဆိုရင် များစွာဈေးကွာနေတယ်။ ကွာပေါ့--- ကိုယ့်လောဘ ကိုယ့်အမြင်နဲ့ ကိုယ့်အထင် မရောင်းခဲ့တာကို။ နယ်ဆင်းရင် နယ်မှာလည်း တောင်သူကုန်သည်တွေမှာ ကျန်တယ် ဘာဖြစ်လို့လဲ ကျပ် ၅၀၀၀၀ မရလို့ဆိုတဲ့ အဖြေသွားတွေ့တယ်။ ဘာဖြစ်လဲ ကိုယ့်လောဘနဲ့ကိုယ်ခံကြလို့ ပြောရတာပေါ့။ ပဲစင်းငုံတစ်တင်းစိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်တွေတွက်တယ်။ ကျပ် ၇၀၀၀၊ ကျပ် ၈၀၀၀ ကနေ ကျပ် ၁၁၀၀၀၊ ကျပ် ၁၂၆၀၀ ပဲကျတာကို လေ့လာတွေ့ရှိရပါတယ်။

မြန်မာပြည်ဟာစိုက်ပျိုးရေးကိုအခြေခံတဲ့ တိုင်းပြည်မှာတိုင်းပြည်ရဲ့လူဦးရေ ၇၀ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းဟာစိုက်ပျိုးထုတ်လုပ်သူတောင်သူလယ်သမားတွေပါ။ ဒီတော့တောင်သူလယ်သမားအကျိုးစီးပွားဆိုတာကာကွယ်ပေးရမှာဖြစ်ပါတယ်။ ထန်းသမား၊တောင်သူဆူဖြိုးမှတိုင်းပြည်ချမ်းသာတယ်ဆိုတဲ့စကားပုံတောင်ရှိပါတယ်။ ယခုအခြေအနေမှာဆိုရင်လည်း မတ်ပဲတစ်တန်ခြောက်သိန်းကျော်၊ ပဲစင်းငုံအသစ်တစ်တန်လေးသိန်းတစ်ပတ်လည်၊ ပဲစင်းငုံအဟောင်း ၃ ဒသမ ၅ သိန်းတစ်ပတ်လည် အရောင်းအဝယ်ဖြစ်နေပါတယ်။ တခြားနိုင်ငံတွေကဝယ်ကြတာပါ။ မြန်မာနိုင်ငံကထွက်တဲ့ပဲတွေမှာ ပိုးသတ်ဆေးကြွင်းများနေတယ်ဆိုတာကို လက်ခံရမှာဖြစ်ပါတယ်။ ဒီအခုအစမှာကို မသိလို့၊ နားမလည်လို့ ဆေးတွေအလွန်သုံးစွဲလို့ ပိုးသတ်ဆေးကြွင်းတွေများနေကြောင်း တင်ပြခဲ့ပြီးဖြစ်ပါတယ်။

ဒီလိုဖြစ်နေတာကို ဘယ်လိုကုစားမလဲ ဘယ်လိုအကြံဉာဏ်ပြုမလဲ၊ ကောင်းအောင် ဘယ်လိုလုပ်မလဲဆိုတာကို ဝိုင်းဝန်းတွေးခေါ် အပြုသဘောဆောင်တဲ့နည်းလမ်းတွေနဲ့ လုပ်ကိုင်ဆောင်ရွက်ကြမယ်ဆိုရင် အမိနိုင်ငံတော်အတွက်သော်လည်းကောင်း၊ ကိုယ့်ကျေးဇူးရှင်တောင်သူလယ်သမားအကျိုးအတွက်သော် လည်းကောင်း ဘယ်လောက် ကောင်းလောက်မလဲ။ ဒီကိစ္စမှာ ကျွန်တော် တင်ပြလိုတာကတော့ “လူတိုင်းကိုယ်စီတာဝန်ရှိသည်”လို့ပဲ တင်ပြပါရစေ စာရှုသူ. . . . ။



## Golden Thurain Linn Agricultural Machinery And Technology Trading Co., Ltd.

MEGASUN Agri-Tech

OIL-FREE CHAFF FURNACE DRYER




Web
http://www.sunshen.com.tw

Email
goldensun103@gmail.com

တိုက်အမှတ်-၁၁၀(ဘီ)၊အခန်း(ရ)၊၄ထပ်ဆောင်၊နဝဒေးဥယျာဉ်အိမ်ရာ၊ပီမိုးနင်းလမ်းအနီး၊လှိုင်သာယာမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း- ၀၉၂၅၀၀၃၀၃၉၇၊၀၉၂၅၀၆၄၁၅၅၀၊၀၉၄၅၂၁၁၇၈၄၅-၄၆-၄၇

## ZABUAYE

ACMV ENGINEERING SERVICES
YOUR PARTNER IN PROGRESS

We have been accomplishing our projects co-operating with

- OK Myanmar Co.ltd.,
- OAH Co.ltd.,
- Airtemp air con; Engineering Services
- Heaven Co.ltd.,
- Clancy Global(Myanmar) Co.ltd.,
- Myanmat Interactive Telecom Co.ltd.,
- M &W Co.Ltd
- MTES Co.ltd.,
- CNQC Co.ltd..,
- Min Aircon Co.ltd.,

In the various construction sites



No.437/438, First Floor, U Chit Tun Street, Myangone Township, Yangon.
Tel: 09422547034




No(3), Yadanarmon(7)Street, Yadanarmon Housing, Hlaing Township, Yangon, Myanmar.
Ph : 09-73111123, 09-73111166, 09-73250959, Office : 09-31646740, 09-31642345 gmail:hyperautosalecentre@gmail.com

# AYAR THUKHA SAN

## Pulses & Beans Trading Co.,Ltd

Office-No.B-4,Naung Yoe Street,Bayintnaung,Mayangon Tsp,Yangon.

Phone-01-9688916,01-9688917,09-73118861,09-425309449,09-5135721, 09-5131727

Fax -01-9688918

E-mail-bean.ayarthukhasan@gmail.com

# SONG YẾN

Brand Of Health
Thương hiệu vì sức khỏe

ဆောင်ယမ်း
ငှက်သိုက်

# C.P. Medicine စီ ပီ ဆေး ဝါး များ

选择 CP 药是您成功之路

အောင် မြင် မှု များ ရ ရှိ ဖို့ စီ ပီ ဆေး ကို သုံး ကြ စို့



**Available on every dealer shop, medicine shop and CP branches.**

စီပီ လတ္တားဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

HEAD OFFICE
Pyinmabin Factory,
Mingalardon Township, Yangon
Ph : 095121606,095162536,095133988

OFFICE (Taunggyi)
West Myo Pat Street,
Yadanathiri Quarter,Taunggyi
Ph : 081 22759, 092029044

OFFICE (Mandalay)
Pa/28 No.902,78xTheik Pan street,
Near Mokeoo,Chanayetharzan Tsp,
Ph : 092052533, 092166146

BRANCHES
Taungoo, Pyinmana,Pyay, Pathein,
Mawlamyine, Pyinoolwin, kyaukmae,
Lashio, Meiktila, Monywa, Myitkyina,Bamaw

# Do can Do Company Limited




No-42A, Parami Road, 4th Ward, South, Oakkalarpa, Yangon.
Ph: 09 440224422

# PRO PARAGON

## CONSTRUCTION CO., LTD.

We Offer Our Hearty Services for :

- Civil Engineering Design & Estimation
- Construction of Residential & Commercial Buildings
- Construction of Industrial Buildings
- Construction of Infrastructures
- General Renovation & Interior Decoration
- M & E Engineering and Installation

We are aiming to provide :
COST EFFECTIVE, EFFICIENT AND TIMELY SERVICES

No.17,Kyaik Wine Pagoda Road,
Myaing Hay Wun Housing
Mayangone Township,Yangon.
Tel: 09977919001

www.proparagon-mm.com

# တိုးတက်လာတဲ့နည်းပညာတွေက ၂၀၂၅ ခုနှစ်မှာ လူသားတွေရဲ့ လူနေမှုကို ဘယ်လိုပြောင်းလဲပစ်မှာလဲ

## လာမယ့်ဆယ်စုနှစ်အတွက် ခန့်မှန်းချက်

[ ထက်အောင်ခိုင် ]

**၁။ ဦးနှောက်စွမ်းရည်လျော့ပါးပျောက်ဆုံးစေတဲ့ရောဂါတွေ ဖြစ်ပွားမှုကို လျှော့ချနိုင်လိမ့်မယ်။**

လူသားမျိုးရိုးဗီဇနဲ့ပတ်သက်တဲ့ လက်ရှိ သုတေသနလုပ်ငန်းတွေဟာ ၂၀၂၅ ခုနှစ် အရောက်မှာ အတော်လေးခရီးပေါက်နေမှာ ဖြစ်ပါတယ်။ လက်ရှိမှာ သုတေသီတွေဟာ Dementia နဲ့ Alzheimer's အစရှိတဲ့ ဦးနှောက်စွမ်းရည်လျော့ ပါးပျောက်ဆုံးစေတတ်တဲ့ရောဂါတွေ ဖြစ်ဖို့အားပေးတဲ့ ခရိုမိုဆုမ်းတွေကို ဦးစားပေး လေ့လာနေကြပါတယ်။ ဒီလေ့လာမှုက လူသားမျိုးရိုး ဗီဇအမျိုးမျိုးရဲ့ ကွဲပြားပုံတွေကို လေ့လာရေးမှာအဓိကအထောက်အကူဖြစ်စေပြီး အကျိုးဆက်အနေနဲ့ မျိုးရိုးဗီဇဆိုင်ရာချို့ယွင်းမှုတွေကို ကုစားနိုင်တော့မှာဖြစ်ပါတယ်။

ယခုအခါမှာတော့ Dementia ရောဂါ ဝေဒနာသည်တွေကို လေ့လာထားတဲ့ဆေးသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းတွေအရ ဝေဒနာသည်တွေရဲ့ခရိုမိုဆုမ်းများထဲကနေ Dementia ရောဂါကိုဖြစ်စေတဲ့ ခရိုမိုဆုမ်းတွေကို ခွဲခြားသိရှိနိုင်ပြီ ဖြစ်ပါတယ်။

**၂။ နေစွမ်းအင်ဟာ ကမ္ဘာကြီးရဲ့အကြီးဆုံးစွမ်းအင်အရင်းအမြစ်ဖြစ်လာတော့မှာ ဖြစ်ပါတယ်။**

၂၀၂၅ ခုနှစ်မှာ နေစွမ်းအင်ကို ဖမ်းယူခြင်း၊ သိုလှောင်ခြင်းနဲ့ အခြားစွမ်းအင်များအဖြစ် ပြောင်းလဲခြင်းနည်းပညာတွေဟာ အတော်တိုးတက်လာပြီဖြစ်တဲ့အတွက် နေစွမ်းအင်ဟာ ကမ္ဘာရဲ့ အကြီးဆုံးစွမ်းအင်ရင်းမြစ် ဖြစ်လာပါလိမ့်မယ်။ ယခုအခါ သိပ္ပံပညာရှင်တွေက နေစွမ်းအင်ကို ပိုမိုထိရောက်စွာ ဖမ်းယူသိုလှောင်ထားပြီး လိုအပ်တဲ့အခါ ထုတ်ယူသုံးစွဲနိုင်မယ့် နည်းပညာတွေကို အဆင့်မြှင့်တင်လျက်ရှိကြပါတယ်။

**၃။ အမှတ်(၁)ဆီးချိုရောဂါ အမျိုးအစားကို ကြိုတင်ကာကွယ်နိုင်တော့မှာ ဖြစ်ပါတယ်။**

နောက်ဆယ်စုနှစ်မှာ သက်ရှိတွေရဲ့ အဓိက ဇီဝမော်လီကျူးတွေဖြစ်တဲ့ RNA, DNA နဲ့ ပရိုတင်းမော်လီကျူးတွေရဲ့သဘာဝကို ယခုထက်ပိုပြီး အသေးစိတ်နားလည်သဘောပေါက်နိုင်တော့မှာဖြစ်တဲ့အတွက် အကျိုးဆက်အနေနဲ့ ကြွက်တွေနဲ့ ဘက်တီးရီးယားတွေရဲ့ မျိုးဗီဇကို ပုံစံသွင်းနိုင်ခဲ့သလို လူသားတွေရဲ့ မျိုးဗီဇကိုလည်းလိုအပ်သလို ပုံဖော်ထိန်းညှိနိုင်တော့မယ်လို့ဆိုပါတယ်။ ဒါ့ကြောင့် မျိုးဆက်တစ်ခုကနေ တစ်ခုကို မျိုးရိုး ဗီဇလက်ဆင့်ကမ်းရာမှာ အမှတ် (၁)ဆီးချိုရောဂါလိုမျိုး ရောဂါတွေကို ဖြစ်ပေါ်စေတတ်တဲ့ မျိုးရိုးဗီဇတွေကို ဖယ်ရှားပေးနိုင်တော့မှာ ဖြစ်ပါတယ်။

**၄။ စားနပ်ရိက္ခာ ရှားပါးပြတ်လပ်မှုနဲ့ ဈေးနှုန်းတက်လိုက် ကျလိုက်ဖြစ်မှုတွေ မရှိတော့ပါဘူး။**

သီးပင်စားပင်တွေကို အခန်းထဲမှာ အပူရှိန်ရအောင် အလင်းရောင်ပေးတဲ့ နည်းပညာ၊ အပင်တွေရဲ့ချို့ယွင်းချက်နဲ့ ရောဂါတွေကို ရှာဖွေဖော်ထုတ်ပေးမယ့် သုံးဘက်မြင်ပုံရိပ်ဖော်နည်းပညာတွေအပြင် အပင်မျိုးရိုးဗီဇပြုပြင်ပြောင်းလဲမှု အတတ်ပညာများကြောင့် ၂၀၂၅ ခုနှစ်အရောက်မှာ ကောက်ပဲသီးနှံတွေကို အဆောက်အဦတွေထဲမှာ စိုက်ပျိုးလို့ရတော့မှာဖြစ်ပါတယ်။ အပင်တွေ ကြီးထွားမှုအတွက် လိုအပ်တဲ့အလင်းလှိုင်းတွေကို ထုတ်လွှတ်ပေးနိုင်မယ့် စွမ်းအင်အကုန်အကျနည်း တဲ့ LED မီးလုံးတွေက သီးနှံတွေအထွက်တိုးဖို့ ကူညီမှာဖြစ်သလို အပင်တွေရဲ့ အသေးစိတ်ပုံရိပ်ကို သုံးဘက်မြင်ရုပ်လုံးရုပ်ကြွနည်းပညာနဲ့ ဖော်ပြနိုင်မှာဖြစ်တဲ့ အတွက် ပိုးမွှားနဲ့ရောဂါကျရောက်မှုတွေကို စောစောစီးစီးသိရှိနိုင်မှာ ဖြစ်ပါတယ်။ ဒီလိုလယ်ယာသီးနှံစိုက်ပျိုးရေးမှာ ဘေးအန္တရာယ်ကျရောက်မှုတွေကို လျှော့ချနိုင်တဲ့အတွက် သီးနှံဈေးနှုန်း တက်လိုက်ကျလိုက်ဖြစ်ခြင်းနဲ့ စားနပ်ရိက္ခာရှားပါးမှုတွေကို လူသားတွေကြုံတွေ့ရတော့ မှာ မဟုတ်ပါဘူး။

**၅။ လျှပ်စစ်စွမ်းအင်သုံး လေကြောင်းပို့ဆောင်ရေးဖွံ့ဖြိုးနေမှာ ဖြစ်ပါတယ်။**

၂၀၂၅ မှာ ကားတွေနဲ့ လေယာဉ်ပျံတွေဟာ ဘက်ထရီစွမ်းအင်ကို သုံးစွဲကြတော့မှာ ဖြစ်ပါတယ်။ လျှပ်စစ်စွမ်းအင်ကို ထိထိရောက်ရောက်သိုလှောင်နိုင်မယ့် လီသီယံအိုင်းယွန်းဘက်ထရီတွေ၊ လောင်စာဆဲလ်တွေထဲက နာနိုနည်းပညာသုံး လျှပ်သိုပစ္စည်းတွေ၊ ဖလင်ပါးနည်းပညာသုံးဘက်ထရီစတဲ့ ပစ္စည်းတွေကြောင့် လျှပ်စစ်စွမ်းအင်သုံးသယ်ယူ ပို့ဆောင်ရေးဟာ လူသားတွေအတွက် နေ့စဉ်သုံးဝန်ဆောင်မှုဖြစ်လာပါတော့မယ်။

လီသီယံအိုင်းယွန်းဘက်ထရီသုံး လေယာဉ်တွေဟာ နည်းပညာသစ်တွေသုံးပြီး ကိုယ်ထည်အလေးချိန်ကို လျှော့ချနိုင်တော့မှာဖြစ်တဲ့အတွက် ခေါက်တိုပြေးဆွဲတဲ့ စီးပွားဖြစ်လေယာဉ်ငယ်လုပ်ငန်းတွေ တွင်ကျယ်နေတော့မှာ ဖြစ်ပါတယ်။

**၆။ ဒစ်ဂျစ်တယ်နည်းပညာက အရာရာကို လွှမ်း မိုးထားတော့မှာပါ။**

လူသားတွေရဲ့တစ်ကိုယ်ရည်သုံးအသေးစားပစ္စည်းတွေကစလို့ ပထဝီဝင်တိုက်ကြီးတွေအထိ ဒစ်ဂျစ်တယ်နည်းနဲ့ ချိတ်ဆက်ထားပြီး လူသားတွေဖြစ်လိုတဲ့ အရာမှန်သမျှနဲ့ လူသားတွေရဲ့အကြိုက်ကို တုံ့ပြန်လုပ်ဆောင်ပေးတော့မှာ ဖြစ်ပါတယ်။ ကာဗွန်နာနို တည်ဆောက်ပုံတွေနဲ့ ကာဗွန်အခြေခံ ကွန်ပို့စစ်တွေကြောင့် စွမ်းအင်ပမာဏများစွာကို ဒစ်ဂျစ်တယ်ချိတ်ဆက်မှုတွေအတွက် သိုလှောင်ပေးထားနိုင်တော့မှာဖြစ်ပါ တယ်။ အဲဒီအခါမှာ လူသုံးကုန်ပစ္စည်းတွေမှာ လူတွေကိုထိတွေ့ချိန်ထက် အင်တာနက်ကို ထိတွေ့ချိန်က ပိုများနေမှာ ဖြစ်ပါတယ်။

**၇။ ပလတ်စတစ်တွေအစား (၁၀၀)ရာခိုင်နှုန်းပြန် လည်အသုံးပြုနိုင်တဲ့ နာနိုဆဲလ်အလွှာ (Nanacellulose) အခြေခံ ဇီဝနာနိုဒြပ်ပေါင်းပစ္စည်းတွေနဲ့ပစ္စည်းတွေကို ထုပ်ပိုးကြတော့မှာဖြစ်ပါတယ်။**

ဇီဝနာနိုဒြပ်ပေါင်းပစ္စည်းတွေဟာ အပင်စတဲ့ ဇီဝရင်းမြစ်တွေက ရရှိတာဖြစ်တဲ့အတွက် ၂၀၂၅ ခုနှစ်အရောက်မှာ ထုပ်ပိုးမှုပစ္စည်းတွေကို ရာနှုန်းပြည့်ပြန်လည်ကျိုချက်အသုံးပြုနိုင်တော့မှာ ဖြစ်ပါတယ်။ အစားအသောက်၊ ဆေးဝါး၊ အီလက်ထရောနစ်ပစ္စည်း၊ အထည်အလိပ်နဲ့ လူသုံးကုန်ပစ္စည်းတွေကို အဲဒီဇီဝဆဲလ်အလွှာနည်းပညာသုံးပြီး ထုပ်ပိုးမှာဖြစ်တဲ့အပြင် သောက်သုံးရတဲ့ဆေးတောင့်တွေကို ထုတ်လုပ်ရာမှာလည်း အသုံးပြုတော့မှာ ဖြစ်ပါတယ်။

**၈။ ကင်ဆာရောဂါကုသမှုတွေမှာ ဘေးထွက်ဆိုးကျိုးတွေ လျော့နည်းသွားလိမ့်မယ်။**

ကင်ဆာရောဂါကုသဖို့ ထုတ်လုပ်ထားတဲ့ ဆေးဝါးတွေထဲမှာ ပရိုတင်းဓာတ်တွေနဲ့ ပေါင်းစပ်ပြီး ရောဂါကုသပေးတဲ့ Antibody တွေကို ပိုမိုထိထိရောက်ရောက် အသုံးပြုမှာဖြစ်တဲ့အတွက် အဆိပ်သင့်ဓာတုပစ္စည်းတွေရဲ့ ဆိုးကျိုးတွေကို သိသိသာသာ လျှော့ချပေးနိုင်တော့မှာ ဖြစ်ပါတယ်။

**၉။ မွေးကင်းစကလေးတွေရဲ့ DNA အချက်အလက် အပြည့်အစုံကို မှတ်တမ်းတင်တာဟာ ထုံးစံလိုဖြစ်လာတော့မှာပါ။**

အသေးစိတ် အလုံးစုံဆန်းစစ်လေ့လာမှုစနစ် (Micro-total Analysis Systems) နဲ့ ကျယ်ပြန့်လာနေတဲ့ Big Data နည်းပညာအခြေခံနာနိုနည်းပညာတွေကြောင့် မွေးစကတည်းက လူသားတွေရဲ့ DNA အချက်အလက်ကို မှတ်တမ်းတင်ထားတာတွေကို ပုံမှန်လုပ်ဆောင်လာကြတော့မှာ ဖြစ်ပါတယ်။ အဲဒါကြောင့် ကိုယ့်ရဲ့ DNA အချက်အလက်ကို တစ်နှစ်တစ်ခါဆရာဝန်ဆီမှာ စစ်ဆေးပြီး ပြောင်းလဲမှုတစ်ခုခုရှိ-မရှိနဲ့ ရောဂါဖြစ်ပွားမှုတွေကို ဖော်ထုတ်သိရှိနိုင်တော့မှာ ဖြစ်ပါ တယ်။

**၁၀။ အဝေးကို အရာဝတ္ထုတွေ ချက်ချင်းပို့နိုင်တဲ့နည်းပညာ (Teleportation) ကို စမ်းသပ်နေကြမှာ ဖြစ်ပါတယ်။**

ယခုအခါ အရာဝတ္ထုပစ္စည်း၊ နျူကလိယအမှုန်စတာတွေရဲ့ ဒြပ်ထုနဲ့ အဲဒီအရာတွေကို ရွေ့လျားစေတဲ့ တွန်းအားကိုထည့်မတွက်ဘဲ ရွေ့လျားမှု သက်သက်ကိုသာ လေ့လာတဲ့ Kinematics ဘာသာရပ်ကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာနေကြပြီဖြစ်ပါတယ်။ Ster Trek သိပ္ပံရုပ်ရှင်တွေထဲမှာ ပါဝင်တဲ့ Transporter ခေါ် လူနဲ့အရာဝတ္ထုတွေကို အမှုန်အမွှားတွေအဖြစ်ခွဲထုတ်ပြီး တစ်နေရာကနေ တစ်နေရာကို ချက်ချင်း သယ်ယူပို့ဆောင်ပေးတဲ့ စက်ကိရိယာကြီးတွေဟာ ၂၁ ရာစုထဲမှာ စိတ်ကူးယဉ်သက်သက်ကနေ လက်တွေ့အကောင်အထည်ပေါ်လာနိုင်တယ်လို့ ခန့်မှန်းနေကြပါတယ်။ အခြေခံအကျဆုံး နျူကလိယအမှုန်တစ်မျိုးဖြစ်တဲ့ Higgs Boson Particle လို့ယူဆရတဲ့ ဒြပ်ထုမှုန်တစ်မျိုးကို ၂၀၁၂ခုနှစ်က ကမ္ဘာကျော် Large Hadron Collider (LHC) နျူကလိယ သိပ္ပံရူပဓာတ်ခွဲခန်းထဲမှာ ရှာဖွေတွေ့ရှိခဲ့တဲ့အတွက် Teleportion နည်းပညာ ပေါ်ပေါက်လာနိုင်ခြေအတွက် မျှော်လင့်ချက်တွေ မြင့်တက်လာနေပါတယ်။ ၂၀၂၅ ခုနှစ်မှာ လူသားတွေကို အထက်ပါနည်းပညာသုံးပြီး သယ်ယူပို့ဆောင်ဖို့ မဖြစ်နိုင်သေးပေမယ့် အခြားသော ဒြပ်ထုတွေကို အသုံးပြုပြီး စမ်းသပ်မှုတွေလုပ်ဆောင်နေကြလိမ့် မယ်လို့ ခန့်မှန်းရပါတယ်။

**ကိုးကား -**

**The World in 2015: 10 Preditions of Innovation by Thomson Reuters**

**Photo Credit to Original Pages**

# ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ယခုတစ်ပတ်အတွင်း ပြောင်းတန်ချိန် (၇၀၀၀)ကျော် ရန်ကုန်၊ မန္တလေး၊ မူဆယ်သို့တင်ပို့

ယခုတစ်ပတ်အတွင်း ရှမ်းပြည်နယ်(တောင်ပိုင်း)မှ အခြားမြို့များသို့ ပြောင်းတန်ချိန် ၇၀၀၀ ကျော်၊ ပြောင်းဆန် အိတ်ပေါင်း ၁၄၀၂၅၄ အိတ် စီးထွက်နိုင်ကြောင်း ပြောင်းကုန်သည်အသိုင်းအဝိုင်းမှ သိရပါတယ်။ မန္တလေး၊ ရန်ကုန် ဘက်ကိုတော့ အစာစပ်လုပ်ငန်းများအတွက် အနည်းငယ်တင်ပို့နေကြောင်းနှင့် လားရှိုး၊ မူဆယ်ဘက်ကိုတော့ တရုတ်ဝယ်လက်အတွက် အများဆုံးတင်ပို့ကြောင်း သိရပါတယ်။ ပြောင်းဈေးနှုန်းတွေကတော့ ပြောင်းတစ်ပိဿာ ဟဲဟိုး/အောင်ပန်းကျပ် ၄၀၀၊ တောင်နီ/ရေပူ ကျပ် ၄၁၀၊ ဟိုပုံး ၄၀၅ ကျပ်၊ တောင်လေးလုံး ကျပ် ၄၁၀၊ ရပ်စောက် ကျပ် ၄၀၀၊ တောင်ကြီးကျပ် ၄၁၀ ဈေးအသီးသီးရှိကြောင်း သိရပါ တယ်။ အေးသာယာမြို့အစွေ့ထုတ်ပြောင်း စက်ရုံကတော့ အစိုဒီဂရီ အနိမ့်အမြင့်အလိုက်ပြောင်းတစ်ပိဿာကျပ်၄၁၀မှကျပ်၄၅၀အထိဝယ်ယူကြကြောင်းသိရပါတယ်။ လဲချား၊ ကျေးသီး၊ မိုင်းကိုင်၊ နမ့်စန်၊ လင်းခေး၊ လွိုင်လင်မြို့နယ်မှ လားရှိုး/ မူဆယ်ဘက်သို့ အများဆုံးတင်ပို့ပါတယ်။ ရပ်စောက်မှလည်း နောင်ချိုမှတစ်ဆင့် မူဆယ်သို့တင်ပို့ပါတယ်။ တောင်ကြီး၊ အောင်ပန်း၊ ဟဲဟိုး၊ ကလောမြို့နယ်များမှရန်ကုန်ဘက်သို့ အများဆုံးတင်ပို့ပြီး မန္တလေးသို့ အနည်းငယ်တင်ပို့တာကို တွေ့ရကြောင်း ပဲပြောင်းနှမ်းအသင်းအတွင်းရေးမှူး ဦးသိန်းဦးက ပြောပြပါတယ်။

အေးသာယာစက်မှုဇုန် CP ကုမ္ပဏီပြောင်းအခြောက်ခံစက်ရုံမှ တာဝန်ခံဦးရည်သန့်ကတော့ ပြောင်းတန်ချိန် ၁၇၀၀၀ ခန့်ဝယ်ယူသိုလှောင်သွားမယ်လို့ သိရပါတယ်။ တောင်လေးလုံး မြနဒီပြောင်းအခြောက်ခံစက်ရုံတာဝန်ခံဦးသန်းဇော်အေးကတော့ ဇန်နဝါရီလဆန်းလောက်မှာ ဆိုင်သိုလှောင်ရုံများတွင် ဝယ်ယူသိုလှောင်သွားမယ်လို့သိရပါတယ်။ ယခင်တစ်ပတ်က ပြောင်းအိတ်ပေါင်း ၉၁၁၆၅၊ တန်ချိန်အားဖြင့် ၄၅၅၀ တင်ပို့နိုင်ခဲ့သဖြင့် ယခင်တစ်ပတ်ထက် ပြောင်းတန်ချိန်ပေါင်း ၂၄၅၀ ကို လားရှိုး၊ မူဆယ်သို့ အဓိကတင်ပို့ခဲ့ကြောင်း သိရပါတယ်။

**စောမောင်(တောင်ကြီး)**

# စားသုံးသူများ ကျန်းမာကြံ့ခိုင်ဖို့ ပဲမျိုးစုံ နေ့စဉ်စားသုံးကြပါစို့

| နိုင်ဦး၊ မြင့်မြင့်ချို |


အမေနဲ့ရွာကို ကျွန်တော်လွမ်းသည်။ ရွာစဉ်လှည့်၍ ဟော့ဒီက ပဲပြုတ်ဟု နံနက်စောစော မဂ်လာအချိန်တွင် အော်သော လမ်းလျှောက်တေးသံရှင် ပဲပြုတ်သည်အရီးပု၏ ပုံရိပ်ကိုလွမ်းသည်။ နံနက်စောစာပဲပြုတ်ကိုပင်တိုင်ထား၍ ထမင်းနှင့်ဖြစ်စေ၊ တစ်ခါတစ်ရံ အဆင်ပြေပါက ကောက်ညှင်းပေါင်း အငွေ့တထောင်းထောင်းကိုဖြစ်စေ စားခဲ့ရသည်ကို လွမ်းမိသည်။ အဟောင်းအဟောင်းတို့နေရာတွင် အသစ်အသစ်တို့ဖြင့် အစားထိုးနေကြသည်။ ကျွန်တော်တို့ရွာသည် နံနက်စောစောတွင် ကြက်တွန်သံ၊ တုံးမောင်းခေါက်သံများနေရာ၌ တီဗွီမှလာသော ဆရာတော်ကြီးများ၏ ဓမ္မတရားတော်သံများအစားထိုးလာသည်။ ပဲပြုတ်သည် အရီးပုနေရာသို့ တစ်ခါတစ်ရံမှလာသည့် စက်ဘီး၊ ဆိုင်ကယ်ဖြင့် လှည့်လည် ဈေးရောင်းသည့်သူများ အစားထိုးလာသည်။ နံနက်စောစာကို လက်ဖက်ရည်၊ ကော်ဖီ၊ အမြင်လှလှအသွင်ကြွကြွ ပါကင်ထုပ်ထားသော မုန့်များဖြင့် အစားထိုးစားသုံးလာကြသည်။ တစ်နည်းအားဖြင့် အလွယ်သုံးစွဲလာကြသည်။ သက်သာရင်ပြီးရော၊ ဗိုက်ပြည့်ရင်ပြီးရော သဘောထားလာကြသည်။

ခေတ်ပေါ်ပစ္စည်းများ၊ အစားအသောက်များကို အထင်ကြီးစွာ၊ ခုံမင်စွာ ဂုဏ်တုဂုဏ်ပြိုင် စားသုံးလာကြသည်။ နောင်ခါလာနောင်ခါချေးဟု ပေါ့ပေါ့ပါးပါး သဘောထားလာကြပြီး မြန်မာ့မြေမှ ထွက်ရှိသော သဘာဝပစ္စည်းများကို သုံးစွဲရမှန်း မေ့လာကြသည်။ အကျိုးကျေးဇူးများကို ကျောခိုင်းခဲ့ကြသည်။ လွယ်လွယ်ပစ်ပယ်လာကြသည်။ ထို့ကြောင့်ပင် မြန်မာတို့၏ ကိုယ်ခန္ဓာကြံ့ခိုင်မှု၊ သန်မာမှု၊ စိတ်ဓာတ်ပြင်းပြမှုများ တဖြည်းဖြည်း ပျောက်ဆုံးလာသည်။ ချည့်နဲ့လာသည်။ အရင်းစစ်တော့ အမြစ်မြေကဆိုသလို နေထိုင်စားသောက်မှုပုံစံများ ပြောင်းလဲလာ၍ ဖြစ်သည်။ အထူးသဖြင့် အာဟာရဓာတ် လွန်စွာကြွယ်ဝသော၊ မြန်မာ့မြေမှ အလျှံပယ် ထွက်ရှိနေသော ပဲမျိုးစုံကိုမူ ရွာနားက မြက် ရွာနွားမစားဆိုသလို ပစ်ပယ်ထားကြသည်။ ချက်ရပြုတ်ရ အချိန်ကြာလို့ထင်းမီးပိုကုန်လို့စသည်ဖြင့် အမျိုးမျိုး အကြောင်းပြ၍ တဖြည်းဖြည်း စားသုံးမှုနည်းလာရာမှ ပျောက်ကွယ်သွားမှာ စိုးရိမ်မိသည်။ မြန်မာနိုင်ငံမှ ထွက်သောပဲမျိုးစုံကို မြန်မာပြည်သူများကိုယ်တိုင် စားသုံးရန်မဟုတ် ပြည်ပရောင်းရန်အတွက်သာ ဖြစ်သည်ဟု မျိုးဆက်သစ်များ ထင်မြင်လာကြနိုင်သည်။

ပဲမျိုးစုံသည် သဘာဝကပေးသောလူသားများ ကျန်းမာကြံ့ခိုင် သက်ရှည်ဖွံ့ဖြိုးရေးအတွက် တန်ဖိုးမဖြတ်နိုင်သော လက်ဆောင်ပစ္စည်းများဖြစ်သည်။ ပဲမျိုးစုံတွင် ပရိုတင်းဓာတ်၊ သံဓာတ်၊ ထုံးဓာတ်၊ အမျှင်ဓာတ်များစွာပါဝင်၍ ယေဘုယျအားဖြင့် နှလုံးရောဂါ၊ အရိုးပွရောဂါ၊ ဆီးနှင့်ကျောက်ကပ်ဆိုင်ရာရောဂါ၊ အသည်းရောဂါ၊ ကူးစက်ရောဂါ၊ အဝလွန်ရောဂါ၊ သွေးအတွင်း သကြားဓာတ်ကို ထိန်းညှိပေးနိုင်၍ လူသားများအတွက် သက်စောင့်အစားအစာတစ်မျိုးဖြစ်ပေသည်။ အထူးသဖြင့် လူတိုင်းသေမင်းတမျှ ကြောက်ကြရသည့် ကင်ဆာရောဂါကိုလည်း ကာကွယ်ပျောက်ကင်းနိုင်ကြောင်း သိရှိရသည်။ ဤမျှရောဂါမျိုးစုံကို ကာကွယ်ပေးသော၊ ပျောက်ကင်းစေသောပဲမျိုးစုံ၊ ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးစေသည့် ပဲမျိုးစုံကို နေ့စဉ်မှန်မှန် စားသုံးရန်လိုသည်။ ဈေးနှုန်းလည်းမကြီးမြင့်၊ အလွယ်တကူလည်း ဝယ်ယူနိုင်သည့် ပဲမျိုးစုံအစား ရောဂါဖြစ်မှ တန်ဖိုးမြင့်ပဲမျိုးစုံမှ ထုတ်လုပ်သောဆေးဝါးများကို ဈေးကြီးပေး ဝယ်ယူစားသုံးကြသည်မှာ စဉ်းစားဖွယ်ရာပင်ဖြစ်သည်။ အစာအာဟာရ တန်ဖိုးမြင့်မားစွာပါဝင်သော၊ သက်စောင့်ဓာတ်များစွာ ပါဝင်သော၊ ရေရှည်စားသုံးပါက ခန္ဓာကိုယ်ကြီးထွားကြံ့ခိုင်ရေးအတွက် ကောင်းမွန်သော၊ သက်ရှည်ကျန်းမာခြင်းနှင့် ပြည့်စုံသောပဲမျိုးစုံကို နေ့စဉ်မှန်မှန်စားသုံးခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေး၊ ကျန်းမာကြံ့ခိုင်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ရေး စသည့်အချက်များကို အထောက်အကူပြုနိုင်သလို မိသားစုအတွင်း၌လည်း ကျန်းမာပျော်ရွှင်ရောဂါကင်း၍ ကိုယ်စီတာဝန်များကို ထမ်းဆောင်နိုင်ကြမည်။ မိသားစုဝင်ငွေတိုးမည်၊ တိုးတက်သောဘဝသစ်ကို တည်ဆောက်နိုင်ကြမည်ဖြစ်သည်။ ကလေးများအား ကိုယ်ဝန်သည် မိခင်လောင်းဘဝမှစ၍ ပဲမျိုးစုံအား နေ့စဉ်ကျွေးမွေးပါက မွေးဖွားလာသော ကလေးသည် ဘဝတစ်လျှောက်လုံး ပဲကို ကြိုက်သွားသည်။ ဉာဏ်ရည်မြင့်လာသည်။ ခန္ဓာကိုယ် ကြံ့ခိုင်သန်မာလာသည်။ ရောဂါဘယ ကင်းဝေးမည်ဖြစ်သည်။

သုတေသနပြုချက်အရ ရောဂါမျိုးစုံ ခံစားနေရသူများ၏ ၄၀ ရာခိုင်နှုန်းကျော်သည် အာဟာရချို့ယွင်းမှုကြောင့်ဖြစ်ကြောင်း သုတေသနပြုချက်အရ သိရှိရသည်။

အမေရိကန်နိုင်ငံသည် ပဲမျိုးစုံမှ ရောဂါပေါင်းစုံ၏ ၂၀ ရာခိုင်နှုန်းကို တိုက်ဖျက်နိုင်သည့်၊ ကုသနိုင်သည့်၊ ကာကွယ်နိုင်သည့် ဆေးဝါးများစွာကို သုတေသနပြုထုတ်လုပ်တင်ပို့ခြင်းမှာ ဘဏ္ဍာငွေများစွာရရှိသည်ဟု သိရှိရပါသည်။ လူသားများ ရောဂါဖြစ်ပွားမှုများကိုခြုံ၍ သုံးသပ်လျှင် အာဟာရချို့ယွင်းမှု၊ စိတ်ဖိစီးမှု၊ အလှပြင်ပစ္စည်းနှင့် အိမ်တွင်းသန့်ရှင်းရေးသုံးပစ္စည်းများကြောင့် ဖြစ်သည်ကို တွေ့ရှိရသည်။ အာဟာရချွတ်ယွင်းမှုအတွက် လူသားတို့၏ ကိုယ်ခံစွမ်းအားကိုမြှင့်တင်ရန်လိုသည်။ ထိုစွမ်းအားကို မြှင့်တင်ရန်အတွက် အကောင်းဆုံး သဘာဝပစ္စည်းမှာ ပဲမျိုးစုံဖြစ်သည်ကို တွေ့လာရသည်။ ပဲမျိုးစုံတွင်ပါဝင်သော အီလိုက်ထရိုလိုက် သတ္တုဓာတ်များ (minerals) သည် ခန္ဓာကိုယ်တွင်း ခုခံအားစနစ်ကို တည်ဆောက်ရာတွင် အခြေခံအုတ်မြစ်ဖြစ်သည်။ အောက်စီဂျင်ပမာဏကို မြင့်တက်စေရန် လုပ်ဆောင်ပေးသည်။ လူသားတို့၏ခန္ဓာကိုယ်တွင် အောက်စီဂျင်ဓာတ် လုံ



လောက်စွာမရပါက ရောဂါဝေဒနာပေါင်းစုံ ခံစားကြရပေမည်။

ပဲမျိုးစုံတွင်ပါဝင်သော အိုင်ဆိုဖလေဗုန်းဓာတ် (Isoflavones)သည် သဘာဝအားဖြင့် ကြီးမားသောမော်လီကျူးအစုများ စုပေါင်းထားသည်။ ထိုမော်လီကျူးများသည် ခန္ဓာကိုယ်အနှံ့သို့ ရောက်ရှိကာ အစာချေစနစ်ကိုမြှင့်တင်ရန် အင်ဇိုင်းများ ထုတ်လွှတ်သည်။ ဆီး၊ ဝမ်း၊ လေမှန်ကန်ရေးအတွက် အထောက်အကူပြုသည်။ ခန္ဓာကိုယ်အတွက် အကျိုးပြုသော၊ ခန္ဓာကိုယ်ကြီးထွားရေးအတွက် အထောက်အကူပြုသော ဓာတ်များကို စုပ်ယူထားပြီး ခန္ဓာကိုယ်အတွက် ဆိုးကျိုးဖြစ်စေသော ဓာတ်များကို စွန့်ပစ်ထုတ်ပယ်ပေးသည်။ ထို့ကြောင့်ပင် ဘေးဥပဒ်အန္တရာယ်ရှိ လူသုံးအိမ်သုံးပစ္စည်းများစွာ သုံးစွဲစားသုံးသူသည် ပဲမျိုးစုံ နေ့စဉ် စားသုံးသင့်သည်။

ပဲမျိုးစုံမှ အာဟာရမုန့်၊ ခေါက်ဆွဲ၊ ကြာဆန်၊ ပဲမုန့်၊ ဆန္ဒွင်းမကင်း၊ ပဲကိတ်၊ တို့ဟူးကြော်ဖျော်ရည်၊ ပဲချောင်း၊ ကွတ်ကီး၊ ပဲနို့၊ ပဲငံပြာရည်၊ ပဲကြော်အမျိုးမျိုး၊ ယိုအမျိုးမျိုး၊ ပဲပြား၊ ဆပ်ပြာရည်၊ ခေါင်းလျှော်ရည်၊ ကိုယ်တိုက်ဆပ်ပြာစသည်ဖြင့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်သည်။ သင်တန်းများလည်း ပို့ချပေးလျက်ရှိသည်။ ထိုအခါ ပြည်တွင်းသွင်းကုန်များ လျော့နည်းသွားမည်။ တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုပေးမည်ဖြစ်သည်။ ထို့အပြင် ဆင်းရဲနွမ်းပါးမှုများကို ထိုက်သင့်သလောက် လျှော့ချပေးနိုင်သည်။ အိုးမကွာ အိမ်မကွာ မိသားစုဝင်ငွေတိုးလာနိုင်သည်။ အလုပ်အကိုင်သစ်များ ထူထောင်နိုင်လာမည်။ SMEs လုပ်ငန်းများ ပိုမိုတိုးတက်လာမည်။ ပြည်သူများကြား နည်းပညာများ ပြန့်ပွားကာ ပြည်ပသွင်းကုန်များအစား ပြည်တွင်းသွင်းကုန် အစားထိုးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာမည်။ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းပြီး ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိသော၊ အာဟာရဓာတ်ပြည့်ဝသော တန်ဖိုးမြင့်ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်လာနိုင်မည်ဖြစ်သည်။

ရှေ့ကမြန်မာများသည် သဘာဝမှပေးသည့် ဆန်နှင့် ပဲမျိုးစုံကိုသာလျှင် အဓိကထား စားသုံးကြသဖြင့် ကိုယ်ခန္ဓာကြံ့ခိုင်ကြသည်။ စိတ်ဓာတ်မာကြောကြသည်။ ရောဂါဘယ ဖြစ်ပွားမှုနည်းကြသည်။ ယနေ့ခေတ်တွင် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော်လည်း အစာအာဟာရကွင်းဆက်ပြတ်မှုကို လိုက်မမီရန် ထုတ်လုပ်သောဓာတုဆေးသုံး အစားအစာ၊ လူသုံးကုန်ပစ္စည်းများကိုသာ အလွယ်ရယူသုံးစွဲနေကြ၍ ကိုယ်ခန္ဓာများ သေးကွေးနေသည်။ စိတ်ဓာတ်များ ပျော့ညံ့လာ၍ ခိုးဆိုးလုနှိုက်မှုများ၊ ကြိုးဆွဲချသေဆုံးမှုများ၊ အဓမ္မကျူးလွန်မှုများကို လွယ်လွယ်ကျူးလွန်လာကြသည်။ မှားသည်မှန်သည် ဝေဖန်ပိုင်းခြားမှုများ အားနည်းလာကြသည်။ အဆိုးဆုံးမှာ ရောဂါဆန်းပေါင်းစုံဖြစ်ပွားနေခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ဖွင့်လိုက်သည့် ဆေးရုံများစွာ ရှိသည်။ အထူးကုဆေးရုံကြီးများစွာရှိသည်။ ကျေးလက်တောရွာ မြို့ငယ်များတွင် ဆေးခန်းပေါင်းစုံရှိသည်။ လူနာများကျဲသည်ဟူ၍ မရှိ။ တချို့ဆို မြန်မာနိုင်ငံဆေးရုံ၊ ဆေးခန်း၊ အထူးကုများ ကုသနိုင်စွမ်းမရှိ၍ ပြည်ပသို့ပါ သွားရောက် ကုသနေရသည်။ လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးသည်။ ငွေကြေးများဆုံးရှုံးသည်။ အရင်းစစ်တော့ အမြစ်မြေကဆိုသလို ခန္ဓာကိုယ်၏ ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးနိုင်စွမ်းရှိသည့် ပဲမျိုးစုံ အားစားသုံးသည့်ဓလေ့ ပျောက်ကွယ်နေ၍ ဖြစ်သည်။

ပဲနေ့စဉ်စားသုံးမှု၏ အကျိုးကျေးဇူးကို သိရှိ၍ အိန္ဒိယနိုင်ငံ၊ ဂျပန်နိုင်ငံ၊ အာရပ်နိုင်ငံတချို့၊ တရုတ်နိုင်ငံ၊ အမေရိကန်နိုင်ငံ၊ စင်ကာပူနိုင်ငံများတွင် ကလေးများအား ပဲထမင်း၊ ပဲဆန်ပြုတ် အစရှိသည့် ပဲနှင့်ပြုလုပ်သော အစားအစာများကို နေ့စဉ်ကျွေးမွေး၍ ဦးနှောက်ဉာဏ်ရည်တိုးတက်သော၊ ခန္ဓာကိုယ်ကြံ့ခိုင်သော၊ စိတ်ဓာတ်မာကြောသော အသိပညာရှင်၊ အတတ်ပညာရှင်များစွာထွက်ပေါ်လာသည်။ ကမ္ဘာနှင့်လူသားအကျိုးအတွက် ဆောင်ရွက်ခဲ့ကြသည်။ ပဲမျိုးစုံနေ့စဉ် စားသုံးခြင်းသည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးလုံး အတွက် ရေရှည်အကျိုးပြုစေသည့်၊ အကျိုးဖြစ်ထွန်းစေမည့် စားသုံးမှုဖြစ်ပေသည်။

သို့ဖြစ်ပါ၍ ကိုယ်ခန္ဓာကြီးထွားကြံ့ခိုင်ရေး၊ ဉာဏ်ရည်မြင့်မား ရေး၊ ရောဂါဘယကင်းရှင်းရေး အတွက် ပဲမျိုးစုံကို နေ့စဉ်စားသုံးကြပါ။ ပဲမျိုးစုံဖြင့် ပြုလုပ်သော လူသုံး၊ အိမ်သုံးပစ္စည်းများကို ထုတ်လုပ်ကြပါ။ အားပေးကူညီပါ။ ပဲမျိုးစုံ နေ့စဉ်စားသုံးခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးရေးကို အထောက်အကူပြုရာရောက်သည်။ SMEs လုပ်ငန်းများ တိုးတက်ရန် အားပေးရာရောက်သည်။ ပဲစားသုံးသည့် ဓလေ့ကို အကောင်အထည်ဖော်ရာ ရောက်သည်။ မိသားစုထွက်ငွေကို ချိုးခြံချွေတာရာ ရောက်သည်။ အာဟာရဓာတ်များ ပြည့်စုံကြွယ်ဝစွာ ရရှိသည်။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလသုံးပါးလုံး အတွက် သက်ရှည်ကျန်းမာစွာ၊ ကိုယ်ခန္ဓာကြီးထွား ကြံ့ခိုင်စွာ နေထိုင်နိုင်မည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ■

# ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်း

ရခိုင်ပြည်နယ်၏ စီးပွားရေးလုပ်ငန်းများအနက် ရေလုပ်ငန်းသည် အဓိက နေရာမှ ပါဝင်လျက်ရှိသည်။ ရခိုင်တိုင်းရင်းသားများသည် ငါး၊ ပုစွန်ဖမ်းဆီးရေးလုပ်ငန်းများနှင့် သဘာဝနည်းဖြင့် ရေငန်ပုစွန် မွေးမြူသည့်လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြသည်။ ဒေသခံများ၏ စီးပွားရေး တောင့်တင်းခိုင်မာမှု အားနည်းသည့်အတွက် ကမ်းဝေးငါးဖမ်းစက်လှေကြီးများဖြင့် ငါးဖမ်းသည့်လုပ်ငန်းများကို ဆောင်ရွက်ခြင်း မပြုနိုင်ဘဲ ကမ်းနီးငါးဖမ်းလုပ်ငန်းများကိုသာ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

ယခုအချိန်အခါတွင် ရခိုင်ဒေသခံငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများ အဓိကအားထားရာ ကမ်းရိုးတန်း ကမ်းဦးရေပြင်တွင် ငါး၊ ပုစွန် သယံဇာတများ ယခင်ထက်စာလျှင်များစွာ လျော့နည်းကျဆင်းလာသောကြောင့် ရေရှည်ထုတ်ယူသုံးစွဲနိုင်ရေးအတွက် သဘာဝအခြေခံဖမ်းဆီးရေးလုပ်ငန်းများကိုအကန့်အသတ်များဖြင့် ထိန်းသိမ်း ဆောင်ရွက်ရမည့် အခြေအနေသို့ ရောက်ရှိနေကြောင်း သိရှိရပါသည်။

ရခိုင်ပြည်နယ်ကမ်းရိုးတန်းတစ်လျှောက်တွင် လွန်ခဲ့သည့် ၂၅ နှစ်ခန့်မှ စတင်၍ ပင်လယ်ဒီရေ တက်သည့် ဒေသများတွင် ကန်ဘောင်များ တူးဖော်၍ ပင်လယ်ရေဖြင့်ပါလာသည့် ရေငန်ပုစွန်ကျားသားပေါက်များကို ကန်တွင်းသို့သွင်းကာ အစာမကျွေးဘဲ သဘာဝနည်းဖြင့် မွေးမြူထုတ်လုပ်ခဲ့ရာ ငါးလုပ်ငန်းဦးစီးဌာန၏ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်စာရင်းများအရ ပုစွန်မွေးတောင်သူ တစ်သောင်းကျော်သည် ပုစွန်ကန်ဧက ၁ ဒသမ ၅ သိန်းကျော်ကို မွေးမြူလျက်ရှိကြောင်း သိရှိရပါသည်။

စတင်ဆောင်ရွက်စဉ်က ကန်ပေါင်များ တောင့်တင်းခိုင်မာခြင်း၊ သဘာဝမှ ပုစွန်သားပေါက် ဝင်ရောက်မှုများခြင်း စသည့် အားသာချက်များကြောင့် ပုစွန်မွေးကန်တစ်ရာသီတွင် တစ်ဧကလျှင် ပုစွန်ကျား ၂၅ ပိဿာခန့် ရရှိခဲ့ကြောင်း သိရှိရပါသည်။

သို့ပါသော်လည်း လက်ရှိကာလတွင် ပုစွန်မွေးမြူရေးကန်များ၏ ကန်ပေါင်များ တောင့်တင်း ခိုင်မာမှု အားနည်းလာကာ မွေးမြူရန်သင့်တော်သည့် ရေထုကိုမထိန်းသိမ်းနိုင်ခြင်း၊ သဘာဝဘေးအန္တရာယ်များဖြစ်သည့် မုန်တိုင်းများ ဝင်ရောက်တိုက်ခတ်သဖြင့် ကန်ပေါင်ထုများ အားနည်းကာရေကြီး၊ ရေလျှံခြင်း၊ ရေနစ်မြုပ်ခြင်းစသည်တို့ နှစ်စဉ်လိုလိုကြုံတွေ့နေရခြင်း၊ သဘာဝမှ ပုစွန်သားပေါက်ဝင်ရောက်မှုများစွာ လျော့နည်းလာခြင်း စသည့် အကြောင်းရင်းများကြောင့် ပုစွန်မွေးမြူရေးကန်များတွင် တစ်ရာသီလျှင် တစ်ဧက ပုစွန်ကျားပိဿာချိန် ငါးပိဿာခန့်သာ ထွက်ရှိတော့ကြောင်း သိရှိရပါသည်။

မျက်မှောက်ကာလတွင် ရခိုင်ပြည်နယ်အတွင်း စီးပွားရေးနိမ့်ကျမှုအပေါ် အခြေခံကာလူမှုပဋိပက္ခများ ဖြစ်ပေါ်လျက်ရှိပါသည်။ အဆိုပါ လူမှုပဋိပက္ခများ ပြေငြိမ်းစေရေးအတွက် ဆောင်ရွက်ရာ၌ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ပေးခြင်းသည်လည်း အဓိကနည်းလမ်းတစ်ခု ဖြစ်ပါသည်။ ဆောင်ရွက်ရမည့် နည်းလမ်းများအနက်မှ ပုစွန်မွေးမြူရေးလုပ်ငန်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုပေါ်တွင် တစ်ဖက်တစ်လမ်းမှ များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း သိရှိရပါသည်။

သဘာဝ ပုစွန်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အားပေးကူညီဆောင်ရွက်ရာတွင် ပုစွန်မွေးမြူရေးကန်များ၏ ကန်ပေါင်များ တောင့်တင်းခိုင်မာ၍ ရေကိုသိုလှောင်ထိန်းသိမ်းနိုင်ပြီး သဘာဝဘေးအန္တရာယ်များမှ ကင်းလွတ်စေရန် စက်ယန္တရားကြီးများ အသုံးပြုကာ နှစ်ရှည်ပေးဆပ်သည့်စနစ်ဖြင့် ပြန်လည် တူးဖော်ပေးခြင်း ၊ ကျန်းမာသန်စွမ်းသည် ရေငန်ပုစွန် ကျားသားပေါက်များ လုံလောက်စွာ ထုတ်လုပ်ပေးနိုင်မည့် သားပေါက်စခန်းများ တည်ထောင်ပေးခြင်း၊ မွေးမြူရေးတောင်သူများအား မွေးမြူရေးဆိုင်ရာ နည်းစနစ်များ သင်ကြားပို့ချပေးခြင်းစသည့် လုပ်ငန်းစဉ်များကို ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရ အဖွဲ့များမှ စနစ်တကျ အားပေးကူညီဆောင်ရွက်ပေးနိုင်ပါက ပုစွန်မွေးမြူရေးလုပ်ငန်းများအနေဖြင့် ထုတ်လုပ်မှုများစွာ တိုးတက်လာပြီး ပြည်နယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာ အထောက်အကူပြုခြင်း ၊ နိုင်ငံတကာဈေးကွက်များတွင် ဈေးကောင်း ရရှိလျက်ရှိသော ပုစွန်ကျားအကောင်ကြီးများကို ပြည်ပသို့ တင်ပို့နိုင်မည့်အတွက် နိုင်ငံခြားဝင်ငွေ တိုးမြင့်ရရှိခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက် ရရှိခြင်းစသည့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကျိုးကျေးဇူးများကို လက်တွေ့ကျကျ ခံစားရမည်ဖြစ်ကြောင်း သိရှိရပါသည်။

ရခိုင်ပြည်နယ်၏ လက်ရှိသဘာဝပုစွန်မွေးမြူရေးကန် ၁ ဒသမ ၅ သိန်းမှ ပုစွန်ကျား တစ်ဧကလျှင် ၂၅ ပိဿာထွက်ရှိစေရန် စနစ်တကျ စီမံဆောင်ရွက်နိုင်ပါက ပုစွန်ပိဿာချိန် ၃၇၅၀၀၀၀ တန်ချိန်အားဖြင့် မက်ထရစ်တန် ၆၁၀၀ ထွက်ရှိမည်ဖြစ်ရာ လက်ရှိနိုင်ငံတကာ ပုစွန်သားပေါက်ဈေး ပျမ်းမျှမက်ထရစ်တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၁၀၀၀၀ နှုန်းဖြင့် စုစုပေါင်း အမေရိကန်ဒေါ်လာသန်း ၆၀ ခန့်ရရှိနိုင်ပါကြောင်းနှင့် ပိုမိုကောင်းမွန်သည့် မွေးမြူရေးစနစ်များသို့ ကူးပြောင်းနိုင်ပါက ပိုမိုထွက်ရှိလာပြီး ပြည်ပဝင်ငွေနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေမည် ဖြစ်ပါကြောင်း သတင်းရရှိပါသည်။

**ခိုင်သဥ္ဇာ (MYANTRADE)**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မအူပင်စက်မှုဇုန်မှ တာဝန်ရှိသူများတွေ့ဆုံဆွေးနွေး

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ရှိ မအူပင်စက်မှုဇုန်စီမံကိန်းမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ဒေသအာဏာပိုင်များ၊ စီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံပွဲကို မအူပင်မြို့ ရေဝတီခန်းမ၌ ဒီဇင်ဘာလ ၂၃ ရက်တွင် ကျင်းပခဲ့ပါသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက မအူပင်စက်မှုဇုန် တည်ဆောက်မှုအတွက် လိုအပ်သည်များကို မှာကြားခဲ့ပြီး Maubin United Development Co.,Ltd. မှ တာဝန်ရှိသူများက စက်မှုဇုန်တည်ဆောက်ရာတွင် လိုအပ်သောအခက်အခဲများအား တင်ပြ၍ ၎င်းစီမံကိန်းအား ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စတင်အကောင်အထည်ဖော်တည်ဆောက်မည်ဖြစ်ကြောင်း၊ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများပါဝင်လျက် ဒေသခံများအလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် မိမိတို့ဒေသစီးပွားရေးအခွင့်အလမ်းများရရှိစေရန် ရည်ရွယ်၍ ၎င်းစီမံကိန်းကိုအကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း အဆိုပါကုမ္ပဏီမှ သိရသည်။

**မင်းမင်းဦး(ပုသိမ်)**

## မကွေးမြို့၊ မြို့မဈေးရှိ ကုန်စုံဆိုင်သုံးဆိုင်အား မကွေးခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့က ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ကွင်းဆင်းစစ်ဆေး

မကွေးခရိုင်၊ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သည် ဒီဇင်ဘာလ ၂၇ ရက်က မကွေးမြို့၊ မြို့မဈေးရှိကုန်စုံဆိုင်သုံးဆိုင်အား ရှောင်တခင် ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

ထိုကွင်းဆင်းစစ်ဆေးရာတွင် ဦးမျိုးသိန်း+မခိုင် ကုန်မျိုးစုံဆိုင်၊ ဒေါ်သန်းသန်းနုနှင့်ညီမများ ကုန်မျိုးစုံဆိုင်၊ သမာဓိ(ကုန်စုံဆိုင်)တို့တွင် သက်တမ်းလွန် ကုန်ပစ္စည်းများကို စစ်ဆေးတွေ့ရှိရသဖြင့် သိမ်းယူခဲ့ပြီး ဆိုင်ပိုင်ရှင်များအားလည်း သက်တမ်းလွန်ကုန်စည်များအားရောင်းချခြင်းမပြုရန် အသိပညာပေးခဲ့ပြီး စစ်ဆေးတွေ့ရှိပါက ပြင်းထန်စွာအရေးယူသွားမည်ဖြစ်ကြောင်း သတိပေးခဲ့သည်။

အလားတူ ပွင့်ဖြူမြို့၊ မြို့မဈေးအတွင်းရှိ ဈေးဆိုင်များ၌လည်း ကွင်းဆင်းစစ်ဆေးခြင်းခဲ့ကြောင်း သတင်းရရှိပါသည်။

**စန္ဒာစိုးလွင် (မကွေး)**

## နှစ်ကုန်ပိုင်းကားဈေးမာပြီး အရောင်းအဝယ်နည်းပါး

နှစ်ကုန်ပိုင်း ရန်ကုန်မြို့ကားဈေးကွက်အခြေအနေမှာ ယခင်ရက်သတ္တပတ်များနည်းတူ အရောင်းအဝယ် ဆက်တိုက်အေးနေကြောင်း သိရသည်။

ယခုလသည်နှစ်တစ်နှစ်၏ နောက်ဆုံးလဖြစ်ကာ ကားမူဝါဒများနှင့် ပတ်သက်၍ နောက်ဆုံးသတ်မှတ်ရက်များလည်း အကျုံးဝင်နေသောကာလ ဖြစ်သဖြင့် အပြေးအလွှား လိုင်စင်လျှောက်နေသည့်အချိန်လည်းဖြစ်ကာ ယခင်က အေးနေသည့် ကားဈေးကွက်မှာ ယခုအခါ အေးသည်ထက် အေးလာရခြင်း ဖြစ်ကြောင်း သိရသည်။

တစ်ဦးချင်းပါမစ်များ လလယ် ၁၅ ရက်ခန့်တွင် ပြီးဆုံးသွားပြီး ၂၇ ရက်တွင် အရောင်းပြခန်းကားများ နောက်ဆုံးထားလျှောက်ထားရသဖြင့် ရန်ကုန်ကားဈေးကွက် အေးစက်နေရခြင်းဖြစ်ကြောင်း ၂၀၁၇ ခုနှစ်အတွင်း ညာမောင်းကဏ္ဍ အပြီးသတ်သွားသဖြင့် ရှေ့ဆက်၍ ကားများတင်သွင်းရာတွင် ဘယ်မောင်း တစ်မျိုးတည်းသာ ဖြစ်သွားပြီး ဖရီးပါမစ်ကဏ္ဍအတွက်သာ ဖြစ်၍ ဂျပန်ကားဟောင်းများမှာ (တစ်နည်း ညာမောင်းများမှာ) လတ်တလောတွင် ဈေးမြင့်သည်ထက်မြင့်လာပြီး ရန်ကုန်လိုင်စင်ကားများမှာ ဈေးပိုခေါ်လာကြ၍ အရောင်းအဝယ်မဖြစ်တော့ကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်း ကိုမြင့်ကျော်က ပြောသည်။

ယင်းအခြေအနေများကြောင့် ရန်ကုန်ဈေးကွက်တွင် ကားဈေးများ မြင့်တက်လာပြီး ခေါ်ဈေးသာရှိပြီး ဝယ်မည့်သူမရှိဘဲ ဈေးတန်းမေးသူသာ ရှိကြောင်း၊ ဘယ်မောင်းသာ တင်သွင်းရတော့မည့် မူဝါဒကြောင့် ညာမောင်းကားများ အလိုအလျောက် ဈေးတန်းခုန်တက်ကာ ယခုနှစ်ကုန်ပိုင်းကာလမှာ အမြင့်ဆုံးဈေးတန်းသို့ ရောက်ရှိနေကြောင်း ၎င်းတို့က ပြောသည်။

လတ်တလော ဈေးကွက်ထဲတွင် ပြည်တွင်းအပ်ဂျပန်ကား ဘယ်မောင်းများနေရာရနေပြီး အမှာစာပြတ်သည် မရှိ အရောင်းရှိကာ လာမည့် ၂၀၁၈ ခုနှစ်တွင် ပိုမိုထုတ်လုပ်ဖြန့်ဖြူးသွားရန် မြန်မာဆူဇူကီးလုပ်ငန်းမှလည်း အသိပေးထားသဖြင့် ကားဟောင်းများအား နှစ်ဆန်းပိုင်းတွင် ဘယ်မောင်းကားသစ်များ ပိုမိုသုံးစွဲလာနိုင်ကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်းက သုံးသပ်ကြသည်။

**SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | အာပီအာ (၂၀၁၀) | I | ၃၆၀ သိန်း | |
| ၂။ | ဒီမီယို (၂၀၁၄) | ယာယီ | ၂၅၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၃။ | ဝင်းရှ်ဒ် (၂၀၁၁) | ယာယီ | ၂၅၀ သိန်း | 1.5 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၄။ | ဟွန်ဒါ၊ အင်ဆိုဒ် (၂၀၁၂) | ယာယီ | ၂၆၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၅။ | ကာလ်ဒီးနား (၂၀၀၃) | H | ၁၈၀ သိန်း | 1.8 ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | အက်ဒီယို (၂၀၁၄) | ယာယီ | ၃၈၀ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | ကလူဂျာ (၂၀၀၆) | M | ၄၇၅ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | ဘယ်လ်တာ (၂၀၁၁) | ယာယီ | ၂၁၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၉။ | ဟိုက်ဂျက် (၂၀၁၄) | ယာယီ | ၁၁၅ သိန်း | .6 ဓာတ်ဆီ |
| ၁၀။ | အပ်ကား (နှစ် ၂၀) | - | ၁၁၈ သိန်း | |

# ရောဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း (ARCCI) ရုံးတွင် Business Plan, Business Proposal ရေးဆွဲနည်းသင်တန်းဖွင့်လှစ်

ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း (ARCCI) ရုံးတွင် တိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များအား အစိုးရထံမှ SME ချေးငွေ၊ ဘဏ်ချေးငွေများ လျှောက်ထားသည့်အခါတွင် လိုအပ်သည့် Business Plan, Business Proposal ရေးဆွဲရာတွင် အခက်အခဲမရှိစေရန်နှင့် မိမိတို့၏စီးပွားရေးလုပ်ငန်းများကို မိမိတို့ကိုယ်တိုင် Business Plan, Business Proposal ရေးဆွဲနိုင်ရေးအတွက် အခမဲ့ တစ်ရက်သင်တန်းအဖြစ် ဖွင့်လှစ်ပို့ချပေးခဲ့ကြောင်း ARCCI ရုံးမှ သိရသည်။ အဆိုပါသင်တန်းကို မြို့ပေါ်ရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့် မြို့နယ်များမှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ပြီး ဒီဇင်ဘာလ ၂၄ ရက်တွင် ARCCI ရုံး၊ ရှင်ပင်ဘုန်းပွင့်လမ်း၊ အမှတ် (၂၃) တွင် ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **မင်းမင်းဦး(ပုသိမ်)**

# မွန်ပြည်နယ်တွင် e-Government အထောက်အကူပြုနည်းပညာ၊ အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတနှီးနှောဖလှယ်ပွဲ ကျင်းပ

e-Government အထောက်အကူပြုနည်းပညာ၊ အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတနှီးနှော ဖလှယ်ပွဲကို ဒီဇင်ဘာလ ၂၂ ရက်တွင် မွန်ပြည်နယ် အစိုးရအဖွဲ့ရုံး၊ ဟသ်ာခန်းမ၌ ကျင်းပခဲ့ပါသည်။

ပထမဦးစွာ မွန်ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး ဦးဝဏ္ဏကျော်က အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

ထို့နောက် မွန်ပြည်နယ် ကွန်ပျူတာပညာရှင်များအသင်း စာရင်းစစ်မှူး ဒေါ်ဇာဇာမြင့်က အသင်း၏ဖွဲ့စည်းပုံ၊ အသင်း၏ ရည်ရွယ်ချက်၊ အသင်း၏ လုပ်ဆောင်ချက်များ၊ ရှေ့ဆက်လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြခဲ့ပါသည်။

ဆက်လက်၍ မွန်ပြည်နယ် ကွန်ပျူတာပညာရှင်များအသင်း ဥက္ကဋ္ဌ ဦးသိန်းဇော်က e-Government to e-Society ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သထုံကွန်ပျူတာတက္ကသိုလ်မှ ကျောင်းအုပ်ဆရာကြီး ပါမောက္ခဒေါက်တာဝင်းဌေးက ရုံးလုပ်ငန်းနှင့် ICT ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်ကွန် ပျူတာပညာရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးနေဥက္ကာဦးက Digital and Electronic Management for Government ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်ကွန်ပျူတာပညာရှင်များအသင်း အတွင်းရေးမှူး ဦးရှင်းသန့်က Future Trend in Technology ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြပါ သည်။

ဆက်လက်၍ တက်ရောက်လာသူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့ကြပါသည်။

အဆိုပါ နှီးနှောဖလှယ်ပွဲသို့ မွန်ပြည်နယ်အစိုးရအဖွဲ့ရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ စိတ်ပါဝင်စားသူများ၊ ဖိတ်ကြားထားသူများ စုစုပေါင်း ၁၇၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မိုးမိုး(စားသုံးသူ-မွန်)**

# ဟသ်ာတကုန်စည်ဒိုင်၏ စတုတ္ထအကြိမ်မြောက် သင်းလုံးကျွတ် အစည်းအဝေးနှင့် အလုပ်အမှုဆောင်သစ် ရွေးချယ်ပွဲကျင်းပ

ဟသ်ာတခရိုင် ဟသ်ာတကုန်စည်ဒိုင်၏ စတုတ္ထအကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေးနှင့် အလုပ်အမှုဆောင်သစ်ရွေးချယ်ပွဲကို ဒီဇင်ဘာလ ၂၈ ရက် တွင် ဟသ်ာတကုန်စည်ဒိုင်၌ ကျင်းပခဲ့ရာ စားသုံးသူရေးရာဦးစီးဌာန ဟသ်ာတ ခရိုင်ဦးစီးမှူး ဦးကြည်ဟန်၊ ဟသ်ာတမြို့နယ်တာဝန်ခံ ဦးလှိုင်ထွန်း၊ ဟသ်ာတ ကုန်စည်ဒိုင် အဖွဲ့ဝင်ကုန်သည်များ၊ ပွဲရုံလုပ်ငန်းရှင်များ စုစုပေါင်း ၁၂၅ ဦး တက်ရောက်ခဲ့ပါသည်။

အခမ်းအနားတွင် စားသုံးသူရေးရာဦးစီးဌာန ဟသ်ာတခရိုင်ဦးစီးမှူး ဦးကြည်ဟန်က အဖွင့်အမှာစကား ပြောကြားရာတွင် ဟသ်ာတကုန်စည်ဒိုင်ကို ၂၀၀၇ ခုနှစ်မှစ၍ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ယခုအခါ (၁၀) နှစ်ပြည့်ပြီဖြစ်ကြောင်း၊ ကုန်စည်ဒိုင်အင်္ဂါရပ်များနှင့်အညီ ရောင်းဝယ်ကြရန် ပြောကြားခဲ့ပါသည်။ ဆက်လက်၍ တက်ရောက်လာသော လုပ်ငန်းရှင်များ၏ သဘောဆန္ဒနှင့် အညီ ဟသ်ာတကုန်စည်ဒိုင်၏ နာယကငါးဦးကို ရွေးချယ်ခဲ့ပြီး ဥက္ကဋ္ဌ ဦးမြင့်သိန်းဦး၊ အတွင်းရေးမှူး ဦးအောင်ဆန်းနှင့် ဒုတိယဥက္ကဋ္ဌ၊ တွဲဖက်အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ တွဲဖက်ဘဏ္ဍာရေးမှူး၊ စာရင်းစစ်၊ စည်းကမ်းထိန်းသိမ်းရေးနှင့် ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့ဝင်များပါဝင်သည့် အလုပ်အမှုဆောင် ၁၇ ဦးအား အောင်မြင်စွာ ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သတင်းရရှိပါသည်။

**မောင်မောင်မြတ်ခိုင်**

# မကွေးမြို့နယ်၊ ကံလှကျေးရွာနှင့် ကန်ရွာလေးကျေးရွာတို့တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပ

မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနနှင့် မိတ်ဖက်အဖွဲ့များပူးပေါင်း၍ ဒီဇင်ဘာလ ၂၇ ရက်တွင် မကွေးမြို့၊ ကံလှကျေးရွာနှင့် ကန်ရွာလေးကျေးရွာတို့တွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများ ကျင်းပခဲ့ပါသည်။

အဆိုပါ ဟောပြောပွဲများတွင် မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယကြီးကြပ်ရေးမှူး ဦးသိန်းဦးက စားသုံးသူရေးရာဦးစီးဌာနဖြစ်ပေါ်လာပုံ၊ ဌာန၏ မျှော်မှန်းချက်နှင့် ရည်မှန်းချက်များ၊ သတိပြုဖွယ်ရာ အစားအသောက်များအကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေများနှင့် ပြည်တွင်းကုန်သွယ်မှုကဏ္ဍသို့၊ ဆိတ်မွေးမြူရေးများနှင့်စပ်လျဉ်း၍ ဟောပြောဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပညာရေး၊ စိုက်ပျိုးရေးဌာနများမှ တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြပြီး တောင်သူများ၏ သိလိုသည်များမေးမြန်းမှုအပေါ် ပြန်လည်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**စန္ဒာစိုးလွင်**

# မြင်းခြံခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့က တန်ဖိုးကျပ် ၂၇ သိန်းနီးပါးရှိ စားသုံးဆီများအား မြေမြှုပ်ဖျက်ဆီး

မြင်းခြံခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သည် ဒီဇင်ဘာလ ၂၉ ရက်တွင် သက်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များနှင့်အတူ မြင်းခြံမြို့၊ ဆူးဖြူကုန်းသုသာန်၌ ဘေးဥပဒ်အန္တရာယ်ရှိသော၊ အက်ဆစ်ဓာတ်မြင့်မားနေသည့် တန်ဖိုးငွေကျပ် ၂၇၀၀၀၀၀ နီးပါးတန်ဖိုးရှိ မြေပဲဆီပိဿာချိန် ၆၀၀ ခန့်အား စနစ်တကျ မြေမြှုပ်ဖျက်ဆီးခဲ့ပါသည်။

မြင်းခြံခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၂/၂၀၁၇ အစည်းအဝေး ဆုံးဖြတ်ချက်အရ မြင်းခြံမြို့မှ လုပ်ငန်းရှင်တစ်ဦး၏ ဆီစက်ကို ကွင်းဆင်းစစ်ဆေးခဲ့ရာ အဆိုပါ ဆီစက်မှ ထုတ်လုပ်သည့်မြေပဲဆီများတွင် အက်စစ်ဓာတ်မြင့်မားစွာ ပါဝင်နေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ၃/၂၀၁၇ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် အဆိုပါ စားသုံးဆီများအား ဖျက်ဆီးပစ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိပါသည်။

**မျိုးသီတာ(မြင်းခြံ)**

## နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

(၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) ဖုန်း-၀၁ ၂၅၄၀၂၄ ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com

(၂) Myanmar-EU Trade Help Desk ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ အီးမေးလ်- mmeu.tradehelpdesk@gmail.com

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

(၁) ရန်ကုန်တိုင်းဒေသကြီး — ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com

(၂) ပဲခူးတိုင်းဒေသကြီး(အနောက်) — ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020

(၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) — အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036

(၄) ဧရာဝတီတိုင်းဒေသကြီး — ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com

(၅) မန္တလေးတိုင်းဒေသကြီး — မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com

(၆) ရခိုင်ပြည်နယ် — စစ်တွေမြို့။ Fax:043-23426,Ph:043-23426

(၇) မကွေးတိုင်းဒေသကြီး — အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197

(၈) ရှမ်းပြည်နယ်(တောင်ပိုင်း) — အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com

(၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) — ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034

(၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) — အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039

(၁၁) ကရင်ပြည်နယ် — ဘားအံမြို့။ Fax:058-21666,Ph:058-21041

(၁၂) တနင်္သာရီတိုင်းဒေသကြီး — ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012

(၁၃) ကချင်ပြည်နယ် — အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459

(၁၄) ကယားပြည်နယ် — (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com

(၁၅) မွန်ပြည်နယ် — အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318

(၁၆) စစ်ကိုင်းတိုင်းဒေသကြီး — သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

Vol: 18, No.1 Monday January 1 2018

## (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

## ၁-၁-၂၀၁၈ မှ ၇-၁-၂၀၁၈ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး

(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် အဆိုးအကောင်းရောထွေးနေမည့်ကာလဖြစ်သည်။ လုပ်ငန်းများထင်သလောက်မသွက်ဖြစ်နေမည်။ စကားပြောမမှန်ရှိနေတတ်သည်။ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူတို့ အခက်အခဲ အနည်းငယ်ရှိနေတတ်သည်။ ပညာရေးတွင်ကြိုးစားမှုအားနည်းနေတတ်သည်။ အချစ်ရေးတွင် အတိုက်အခံပြုပြီးမှ ပျော်ရွှင်မှုကိုရရှိတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် အဆစ်အမြစ် ကိုက်ခဲသောဝေဒနာခံစားရတတ်ပါသည်။

**ယတြာ။ ။ဉ၊ အုန်းစားခြင်းရှောင်ပါ။**



**တနင်္လာသားသမီးများအတွက်** ကံကောင်းမှုများကြုံဆုံနေရတတ်သည်။ စားသောက်ကုန်လုပ်ငန်းအဆင်ပြေမည်။ အပူနှင့်ပတ်သက်သောအစားအစာ၊ လက်ဖက်ရည်ဆိုင်၊ ဟော့ပေါ့ဆိုင် လုပ်ငန်းအကျိုးပေးမည်။ ပညာရေး ကံကောင်းနေတတ်သည်။ အချစ်ရေးတွင် အဝေးရောက်ချစ်သူ၏ လွမ်းသဝဏ်လွှာရရှိလိမ့်မည်။ အိမ်ထောင်ရေး သင့်တင့်နေမည်။ ကျန်းမာရေးအနေဖြင့် အဆုတ်အအေးမိသော ဝေဒနာခံစားရမှုရှိနေတတ်ပါသည်။

**ယတြာ။ ။ငွေဆွမ်းကပ်လှူပါ။**



**အင်္ဂါသားသမီးများအတွက်** မျှော်လင့်ထားသောလုပ်ငန်းများမှ အကျိုးခံစားခွင့်ရရှိလိမ့်မည်။ အခက်အခဲများသောကများ ရှိနေတတ်သော်လည်း အကြီးအကဲတို့၏ကူညီမစမှုကိုရရှိမည်ဖြစ်သည်။ စိတ်ရှည်ရှည်ထား၍ လုပ်ဆောင်ပါက အောင်မြင်မှုကို ရရှိမည် ဖြစ်သည်။ ပညာရေး၊ ဉာဏ်အားကောင်းနေမည်။ အချစ်ရေးတွင်တစ်နယ်စီ ဝေးနေရတတ် သည်။ အိမ်ထောင်ရေးတကျက်ကျက်ရှိလိမ့်မည်။ ကွဲကိန်း၊ ပျက်ကိန်းမရှိပါ။ ကျန်းမာရေးဂရုစိုက်မှုများနေတတ်သည်။

**ယတြာ။ ။သစ်သီးဖျော်ရည်လှူဒါန်းပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းတွင် အလှပြင်လုပ်ငန်း၊ မင်္ဂလာအခမ်းအနားပြင်ဆင်ခြင်းလုပ်ငန်းများ အကျိုးပေးပါသည်။ ပညာရေး၊ ဉာဏ်ရည်ထက်မြက်မှုရှိမည်။ အချစ်ရေးတွင် ချစ်ရသူ၏လှည့်ဖြားမှုကိုခံရတတ်သည်။ အိမ်ထောင်ဖက်အပေါ် သဝန်တိုမှုများနေတတ်သည်။ ကျန်းမာရေး၊ အရေပြားနှင့်ပတ်သက်သော ဝေဒနာခံစားရမှုရှိနေတတ်သည်။

**ယတြာ။ ။အိမ်သုတ်ဆေးလှူပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင်မိမိယုံကြည်ရသူများ၏ ယှဉ်ပြိုင်တိုက်ခိုက်မှုကို ခံရတတ်သည်။ စပါးနှင့်ဆီထွက်သီးနှံများမှ ဝင်ငွေကောင်းနေမည်။ ပညာရေးကံကောင်းမည်။ အချစ်ရေးတွင်တူညီချက်ရှိသူ၊ ညှိနှိုင်းယူ၍ရသောချစ်သူနှင့်လက်တွဲဖြစ်လိမ့်မည်။ ကျန်းမာရေးချူချာမှုရှိနေမည်။ ဆရာကောင်း သမားကောင်းတွေ့ရတတ်သည်။ **ယတြာ။ ။ကျန်းမာရေးညံ့သူအား ဆေးဝါးလှူပါ။**



**သောကြာသားသမီးများအတွက်** လုပ်ငန်းများတွင်ကျယ်မှု ရှိနေမည်။ စက်ရုံ၊ အလုပ်ရုံများနှင့်ပတ်သက်ပြီး လက်အောက်ငယ်သားများအတွက် ပြဿနာအမှုအခင်းများဖြေရှင်းပေးရတတ်သည်။ နိုင်ငံရပ်ခြားနှင့်ဆက်သွယ်သော စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလိမ့်မည်။ ပညာရေးသင့်တင့်မှုရှိမည်။ အချစ်ရေးတွင် စိတ်တိုင်းကျသူနှင့်တွေ့ရတတ်သည်။ ကျန်းမာရေး၊ ဝမ်း၊ ရင်ဥပဒ်ရတတ်သည်။ ဂရုစိုက်သင့်ပါသည်။ **ယတြာ။ ။ဆီထမင်းလှူပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများ ခိုင်မာမှုရှိနေမည်။ ဝင်ငွေသင့်တင့်မှုရှိမည်။ ပစ္စည်းဟောင်းများနှင့်ပတ်သက်ပြီး စီးပွားရေးကံကောင်းမည်။ ဝပ်ရှော့လုပ်ငန်း ပိုမိုဖြစ်ထွန်းမည်။ ပညာရေးတွင် ကြိုးစားသင်ယူနေရတတ်ပါသည်။ အချစ်ရေးတွင် ပတ်ဝန်းကျင်၏တိုက်ခိုက်မှုကြောင့် ပျက်စီးနိုင်သောကွဲကွာမှုများကြုံရမည်။ ကျန်းမာရေးကောင်းနေမည်။

**ယတြာ။ ။ နှမ်းပစ်လှူပါ။**

## ဖျာပုံခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၃)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ဖျာပုံခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏(၁၃) ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုခရိုင်စားသုံးသူရေးရာ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာလ ၆ ရက်က ကျင်းပခဲ့ရာ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသောမိတ်ဖက်ဌာနများ၊ စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံများ၊ ဌာနခွဲမှူးများ စုစုပေါင်း ၂၈ ဦးတက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူးဦးမြင့်အောင် (ခရိုင်ဦးစီးမှူး) က အထက်ဌာန၏ လမ်းညွှန်ချက်များနှင့် ယခင်တစ်ပတ်က စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများ၊ နိုဝင်ဘာလအတွင်း စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းဆောင်ရွက်မှုအား မှတ်တမ်းတင်ရန်နှင့် ဒီဇင်ဘာလတွင် ဆောင်ရွက်မည့် လျာထားချက်အစီအမံများ၊ ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှူးကြီးမှူး၍ ဌာနဆိုင်ရာဝန်ထမ်းများအား စားသုံးသူ အသိပညာတိုးပွားစေရန်အတွက် ဌာနဆိုင်ရာများသို့လည်း အခြားလူထုဟောပြောပွဲများကဲ့သို့ စားသုံးသူရေးရာ ဟောပြောပွဲများ ကျင်းပသွားရန် စီစဉ် ဆောင်ရွက်နေမှု အခြေအနေများအား တင်ပြဆွေးနွေးခဲ့ပါသည်။

ထို့နောက် တက်ရောက်လာသူများက ပြန်လည်ဆွေးနွေးခဲ့ကြပြီး ခရိုင်အုပ်ချုပ်ရေးမှူးက ဈေးရုံဈေးတန်းများ၊ ကျောင်းမုန့်ဈေးတန်းများနှင့် ထုတ်လုပ်သောကုန်ပစ္စည်းများ စစ်ဆေးမှုပြုလုပ်ရာတွင် အားနည်းချက်မရှိစေရန်၊ ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့အနေဖြင့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးဦးစီးအဖွဲ့ဖြင့် လစဉ် ဈေး (၂) ဈေး၊ အလုပ်ရုံ (၂) ခုထက် မနည်းစစ်ဆေးနိုင်ရေး ဆောင်ရွက်သွားရန်၊ ဌာနဆိုင်ရာများအား စားသုံးသူအသိပညာ တိုးပွားရန်အတွက် လစဉ် စီမံချက်ရေးဆွဲ၍ ဟောပြောပွဲ ကျင်းပပြုလုပ်သွားရန်၊ ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့အနေဖြင့် တားမြစ်ထားသည့် စားသောက်ကုန်၊ လူသုံးကုန် ပစ္စည်းများအား စားသုံးသူများအနေဖြင့် ဘေးဥပဒ် အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေး ဦးစားပေး ဝိုင်းဝန်း ကြိုးပမ်းလုပ်ဆောင်ကြရန် ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**မင်းမွန် (ဖျာပုံ)**

## ရန်ကုန်အရှေ့ပိုင်းခရိုင်၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၁၁/၂၀၁၇) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၁/၂၀၁၇) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဒီဇင်ဘာလ ၂၇ ရက်တွင် ရန်ကုန်အရှေ့ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပခဲ့ပါသည်။

အစည်းအဝေးသို့ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဒေါ်ခင်မာချိုနှင့် ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အဖွဲ့ဝင်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့်ဝန်ထမ်းများ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားရာ၌ စားသုံးသူကာကွယ်ရေးလုပ်ငန်းများ ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးအတွက် အဖွဲ့ဝင်များမှ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် ပြောကြားခဲ့ပါသည်။ ဆက်လက်၍ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးတင့်က ဒီဇင်ဘာလအတွင်း တောင်ဥက္ကလာပမြို့နယ်အတွင်းရှိကျောင်းများတွင် ပညာပေးဟောပြောမှု ဆောင်ရွက်ခဲ့မှု အခြေအနေ၊ ပုဇွန်တောင်ဈေးနှင့် သာကေတမြို့နယ် ၁၀ ဈေးတို့တွင် ပညာပေးဟောပြောခြင်းနှင့် ကွင်းဆင်း စစ်ဆေးဆောင်ရွက်ခဲ့မှုအခြေအနေများအား တင်ပြခဲ့ပြီး ကုန်စည်နှင့်ဝန်ဆောင်မှုများ၌ စားသုံးသူများလိမ်လည် လှည့်ဖျားမှုမခံရစေရန် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာကိစ္စရပ်များနှင့် ဥပဒေရေးဆွဲပြီး ပြည်သူများသို့ ချပြဆောင်ရွက်နေခြင်းများအား အကျယ်တဝင့် ဆွေးနွေးတင်ပြခဲ့ပါသည်။

အဖွဲ့ဝင်စီးပွားရေးလုပ်ငန်းရှင် ကိုယ်စားလှယ် ဦးကျော်စွာထွန်းမြင့်က ဆွေးနွေးတင်ပြရာ စားသုံးသူများဘက်မှ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ဝယ်ယူအသုံးပြုရာတွင် သတင်းအချက်အလက်များကို သေချာစွာမေးမြန်းရန် အရေးကြီးကြောင်းနှင့် Social Media များမှ ရောင်းချနေသော ထုတ်ကုန်များသည် စားသုံးသူများအတွက် လုံခြုံစိတ်ချမှုမရှိကြောင်း အကြံပြုဆွေးနွေးခဲ့ပါသည်။ စားသုံးသူကိုယ်စားလှယ် ဦးဟံဝင်းအောင်က မြန်မာနိုင်ငံရှိအသေးစား စားသောက်ကုန်လုပ်ငန်းများသည်လည်း စားသုံးသူတို့အား ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်ကုန်များကို ထုတ်လုပ်ရောင်းချပေးရန် လိုအပ်ကြောင်း တင်ပြ ဆွေးနွေးခဲ့ပါသည်။

ထို့နောက် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**ဖြိုးသီဟ**

## မွန်ပြည်နယ်အတွင်းရှိ တက္ကသိုလ်များ၌ ဖွင့်လှစ်ထားသောစားသောက်ဆိုင်၊ စတိုးဆိုင်များအား ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိ/မရှိကွင်းဆင်းစစ်ဆေး

မွန်ပြည်နယ်စားသုံးသူရေးရာ ဦးစီးဌာန၊ ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနမှ တာဝန်ရှိသူများသည် မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ဒီဇင်ဘာလ ၁၉ ရက်မှ ၂၆ ရက်အထိ မွန်ပြည်နယ်အတွင်းရှိ တက္ကသိုလ်၊ ကောလိပ်၊ သင်တန်း ကျောင်းများ၏ ပရဝုဏ်အတွင်းနှင့် အနီးတစ်ဝိုက်တွင် ဖွင့်လှစ်ထားသော စားသောက်ဆိုင်များ၊ စတိုးဆိုင်များ၌ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိ/မရှိ ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဒီဇင်ဘာ ၁၉ ရက်တွင် မော်လမြိုင်တက္ကသိုလ် (ပင်မ) ရှိစားသောက်ဆိုင်၊ စတိုးဆိုင်များအားလည်းကောင်း၊ ဒီဇင်ဘာ ၂၀ ရက်တွင် မော်လမြိုင်တက္ကသိုလ် (ရွှေတောင်)နှင့်မော်လမြိုင်ပညာရေး ကောလိပ်ရှိစားသောက်ဆိုင်၊ စတိုးဆိုင်များအားလည်းကောင်း၊ ဒီဇင်ဘာ ၂၁ ရက်တွင် နည်းပညာတက္ကသိုလ် (ဖားအောက်) နှင့် နည်းပညာတက္ကသိုလ် (ကြာအင်း) ရှိ စားသောက်ဆိုင်၊ စတိုးဆိုင်များအားလည်းကောင်း၊ ဒီဇင်ဘာ ၂၂ ရက်တွင် သူနာပြုနှင့် သားဖွား သင်တန်းကျောင်းနှင့် သင်တန်းကျောင်းရှိ စားသောက်ဆိုင်၊ စတိုးဆိုင်များအားလည်းကောင်း၊ ဒီဇင်ဘာ ၂၆ ရက်တွင် ကွန်ပျူတာတက္ကသိုလ်(သထုံ)နှင့် စိုက်ပျိုးရေးသိပ္ပံ(သထုံ)ရှိ စားသောက်ဆိုင်၊ စတိုးဆိုင်များအားလည်းကောင်း စစ်ဆေးခဲ့ပါသည်။

ထို့ပြင်ဒီဇင်ဘာ ၂၈ ရက်တွင် မွန်ပြည်နယ်စားသုံးသူရေးရာ ဦးစီးဌာနနှင့်မိတ်ဖက်အဖွဲ့များမှ တာဝန်ရှိသူများပါဝင်သည့်ပူးပေါင်းအဖွဲ့သည် မြိုင်ရတနာလေးထပ်ဈေးရှိစတိုးဆိုင်များ၊ ဆေးဆိုင်များအား ထုတ်ကုန်လုံခြုံစိတ်ချမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေးရာ ထုတ်ကုန် လုံခြုံစိတ်ချရမှုမရှိသော အလှကုန် အမယ်လေးမျိုးအား သိမ်းဆည်းရမိပြီး မြို့နယ်အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးကော်မတီသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မိုးမိုး(စားသုံးသူ-မွန်)**

# မြန်မာ-ဂျပန် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအသင်းနှင့် စိန်ဂေဟာတို့ပူးပေါင်း၍ FLEA Market (ဂျပန်စတိုင် ဆယ်ပြားဈေး) ဈေးရောင်းပွဲတော် ကျင်းပမည်

မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း (Myanmar Japan SEDA) နှင့် စိန်ဂေဟာ စူပါမားကက်တို့ပူးပေါင်း၍ FLEAMarket (ဂျပန်စတိုင် ဆယ်ပြားဈေး) ဈေးရောင်းပွဲကို ဇန်နဝါရီ ၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲကျင်းပရခြင်းမှာ ဂျပန်လူမျိုးများ၏ လေးစားအတုယူဖွယ်ကောင်းသည့်အချက်များကို သိရှိစေရန်နှင့် အသုံးမလိုသည့်ပစ္စည်းများကို အသုံးလိုသည့်သူများအား သက်သာသောဈေးနှုန်းနှင့် ပြန်လည်ရောင်းချခြင်းဖြင့် ယဉ်ကျေးမှုဖလှယ်သည့်သဘောသက်ရောက်စေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဈေးရောင်းပွဲတော်က ခုနစ်ကြိမ်မြောက်ရှိပါပြီ။ ဒီလိုဆယ်ပြားဈေးက မြန်မာပြည်သူတွေအတွက်လည်း အဆင်ပြေစေမှာပါ။ အရင်က လူစည်ကားတဲ့နေရာမှာလုပ်ပေမယ့် ဒီလို စူပါမားကတ်မှာ မလုပ်ဖူးသေးတဲ့အတွက် လူသိအောင်လုပ်တဲ့ သဘောအပြင် ပရဟိတလုပ်ငန်းပုံစံလည်းဖြစ် အောင်ရည်ရွယ်ပြီးလုပ်တဲ့သဘောလည်း ပါပါတယ်။ အဟောင်းဈေး လုံး၀ မဟုတ်ပါဘူး။ ဝယ်ထားပြီး ကိုယ်အသုံးမလိုတာနဲ့ တစ်ခါနှစ်ခါသုံးပြီးပေမယ့် အကောင်းအတိုင်းရှိပြီး တခြားသူအတွက်လည်း အသုံးဝင်မယ့်အပြင် ရောင်းတဲ့သူအနေနဲ့လည်း ပရဟိတသဘော သက်ရောက်တဲ့ ပစ္စည်းမျိုးကိုပဲ ရောင်းချပေးတာပါ။ ဆယ်ပြားဈေးရဲ့ ပုံရိပ်ကလည်း အဲဒီလိုပုံစံပါပဲ"ဟု မြန်မာ-ဂျပန် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ အတွင်းရေးမှူး ကိုအောင်နိုင်ထွန်းက ပြောသည်။

အဆိုပါဈေးရောင်းပွဲတော်တွင် ဆိုင်ခန်းပေါင်း ၃၀ ဝန်းကျင်ပါဝင်မည်ဖြစ်ပြီး ဂျပန်နိုင်ငံမှ လူသုံးကုန်ပစ္စည်း (Second Hand) များနှင့် အခြားသောပြည်တွင်း၊ ပြည်ပမှပစ္စည်းများကို အထူးသက်သာသော ဈေးနှုန်းများဖြင့်ရောင်းချပေးမည့်အပြင် ဂျပန် Yukata အလှဝတ်စုံဖြင့် ဓါတ်ပုံရိုက်ခြင်း၊ ဂျပန်ရိုးရာ ဓားသိုင်းပြပွဲများ တင်ဆက်ခြင်း၊ ဆူရှီ အမြန်စားပြိုင်ပွဲနှင့် ကံစမ်းမဲများဖောက်ပေးခြင်းတို့ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဂျပန်စတိုင်ဆယ်ပြားဈေး ဈေးရောင်းပွဲတော်တွင် ဂျပန်ပစ္စည်း ၇၀ ရာခိုင်နှုန်းခန့်ပါဝင်မည်ဖြစ်ပြီး ဇန်နဝါရီလ ၄ ရက် နံနက် ၉ နာရီမှ ည ၉ နာရီအထိ ပြည်လမ်းစိန်ဂေဟာရှိစိန်ဂေဟာ စူပါစင်တာတွင် ကျင်းပမည်ဖြစ်ကာ SEDA အသင်းနှင့် စိန်ဂေဟာတို့မှ ဆုမဲပေါင်း ၁၅၀ ကိုလည်း အချိန်အပိုင်း အခြားဖြင့် လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

## ကလေးငယ်များ၏ ဆန္ဒကိုဖြည့်ဆည်းပေးနိုင်ရန်အတွက် Be The Change Myanmar ပွဲကျင်းပ

ကလေးငယ်များ၏ လိုအင်ဆန္ဒကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် Be The Change Myanmar ပွဲကိုခရစ်စမတ်နေ့တွင် Junction Square ၌ ကျင်းပခဲ့သည်။

အဆိုပါပွဲကျင်းပရခြင်းမှာ ကလေးငယ်များ၏ ဆန္ဒကိုဖြည့်ဆည်းပေးခြင်း၊ ဂရုစိုက်အလေးထား၍ ချစ်ခင်ပေးခြင်းဖြင့် ၎င်းတို့၏နောက်ကွယ်တွင် လူ့အဖွဲ့အစည်းတစ်ရပ် အမြဲရှိနေသည်ဆိုသည့် အတွေးအခေါ်တစ်ခုကို ပြောင်းလဲဖန်တီးပေးလိုသည့် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"ကလေးငယ်တွေက ကျွန်တော်တို့ရဲ့ အနာဂတ်တွေပါပဲ။ ကျွန်တော်တို့ လုပ်ပေးလိုက်တဲ့ အရာသေးသေးလေးတွေကနေတစ်ဆင့် သူတို့ရဲ့ မျှော်လင့်ချက်ကို ရှင်သန်စေနိုင်သလို စိတ်ဓာတ်ခွန်အားကိုလည်း မြှင့်တင်ပေးနိုင်ပါတယ်။ တစ်ဦးတစ်ယောက်ချင်းစီ မဟုတ်ဘဲ လူ့အဖွဲ့အစည်းတစ်ခုလုံးအနေနဲ့သာ အတူတကွလုပ်ဆောင်ကြမယ်ဆိုရင် ပိုမိုကောင်းမွန်တဲ့ နိုင်ငံဖြစ်လာမှာပါ။ သူတို့လေးတွေရဲ့ ပျော်ရွှင်မှုနဲ့ မျှော်လင့်ချက်တွေကို ဖန်တီးပေးနိုင် ဖို့အတွက် မျက်မမြင်ကျောင်းများ၊ မိဘမဲ့ဂေဟာများအပါအဝင် အခြားသော အစိုးရမူလတန်းကျောင်းတွေမှာလည်း သူတို့လိုအပ်တဲ့အရာတွေနဲ့ သူတို့လိုအင်ဆန္ဒတွေကို သိရှိအောင်သွားမေးထားပြီးပါပြီ။ ဒီပွဲက #bethechange-mm ကမ်ပိန်းရဲ့ ပထမဆုံးပွဲဖြစ်ပြီး နောက်ပိုင်းမှာလည်း ဒီလိုပွဲမျိုးတွေ ထပ်မံပြုလုပ်သွားဖို့ရှိပါတယ်"ဟု UAB Bank ၏ အမှုဆောင်အရာရှိချုပ် Mr. Christopher Loh က ပြောသည်။

အဆိုပါပွဲတွင် ကလေးငယ်ပေါင်း ၄၀၀ နီးပါးအတွက် ခရစ်စမတ်လက်ဆောင်များကို တေးသံရှင် အောင်ထက်နှင့်အတူ UAB Bank မှ ဖြည့်ဆည်းပေးခဲ့ပြီး ရွှေဂုံတိုင်ကလေးပြုစုရေးဌာန၊ မလိခအမျိုးသမီးလေးများသင်တန်းကျောင်း၊ ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်း၊ ကြည့်မြင်တိုင်နှင့် ခဝဲခြံမျက်မမြင်ကျောင်း၊ ဗဟန်းမြို့နယ်ရှိ အမှတ် ၁၄ အခြေခံပညာမူလတန်းကျောင်းနှင့် မရမ်းကုန်းမြို့နယ်ရှိ အမှတ်(၉) အခြေခံပညာမူလတန်းကျောင်းတို့မှ ကလေးငယ်များပါဝင်ကြောင်း သိရသည်။

ထို့အပြင် မျက်မမြင်ကလေးငယ်များ၏ ခရစ်စမတ်သီချင်းဖြင့် ဖျော်ဖြေခြင်း၊ ကလေးငယ်များပြုလုပ်ထားသည့် အသုံးအဆောင်ပစ္စည်းများအား ရောင်းချပေးခြင်းနှင့် တေးသံရှင် အောင်ထက်မှ ကလေးငယ်များနှင့်အတူ တေးသီချင်းများ ဖျော်ဖြေခြင်းတို့ ပြုလုပ်ခဲ့ကြောင်း သိရသည်။

# ရခိုင်ပြည်နယ်အစိုးရနှင့် BXT International Co.,Ltd တို့ ပူးပေါင်း၍ Sittwe Waterfront မြို့သစ်စီမံကိန်းလုပ်ဆောင်မည်

ရခိုင်ပြည်နယ်အစိုးရနှင့် BXT International Co.,Ltd တို့ပူးပေါင်း၍ Sittwe Waterfront မြို့သစ်စီမံကိန်းကို အကျိုးတူပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းပြုလုပ်ရခြင်းမှာ နိုင်ငံတကာနှင့် သက်ဆိုင်ရာစီးပွားရေး ကဏ္ဍအလိုက်ယှဉ်ပြိုင်နိုင်ရန်နှင့် မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးအမာခံဒေသ တစ်ခုဖြစ်လာစေရန် ရည်ရွယ်၍ပူးပေါင်း ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

"စစ်တွေကမ်းနားမြို့သစ်စီမံကိန်းက မြန်မာနိုင်ငံမှာ အကျယ်ပြန့်ဆုံးနဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်တဲ့ မြေဖို့မြေယာစီမံကိန်း တစ်ခုပါပဲ။ စစ်တွေမြို့မြစ်ကမ်းတစ်လျှောက်မှာ သဘာဝပတ်ဝန်းကျင်ကို အန္တရာယ်မဖြစ်စေတဲ့ စင်ကာပူနိုင်ငံက အဆင့်မြင့်နည်းပညာတွေကိုအသုံးပြုပြီး အကောင်အထည်ဖော်ထားတာပါ။ နောက်ပြီး နိုင်ငံတကာအဆင့်မီ ဟိုတယ်၊ စားသောက်ဆိုင်တွေ၊ ကွန်ဒိုအခန်းတွေ၊ စုပေါင်းအိမ်ရာတွေ၊ ကုန်သွယ်မှုစီးပွားရေးဇုန်တွေ ပါဝင်တာကြောင့် မြန်မာနိုင်ငံရဲ့ အထူးစီးပွားရေးဇုန်အဖြစ် တည်ရှိလာမှာဖြစ်ပါတယ်" ဟု iMyanmarHouse.com ၏ မန်နေဂျင်းဒါရိုက်တာ ဦးနေမင်းသူက ပြောသည်။

Sittwe Waterfront မြို့သစ်စီမံကိန်း၏ အဓိကအားသာချက်မှာ မြန်မာနိုင်ငံ၏ ရေထွက်ပစ္စည်းများတင်ပို့ရာ အဓိကပင်လယ်ဆိပ်ကမ်းမြို့ ဖြစ်လာနိုင်ခြင်း၊ ပင်လယ်ကိုမျက်နှာမူထားသည့် အိမ်ရာတိုက်ခန်းများတွင် အဆင့်မီမီနေထိုင်နိုင်ခြင်း၊ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမည့်လုပ်ငန်းများ များပြားလာနိုင်ခြင်း၊ ရခိုင်ပြည်နယ်အတွင်း အဆင့်မီမြို့တော်တစ်ခု ပေါ်ထွက်ခြင်းကြောင့် လာရောက်နေထိုင်သူနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် စီးပွားရေးအခွင့်အလမ်းများ ပေါ်ပေါက်လာနိုင်ခြင်း၊ စက်မှုမြို့ဖြစ်သည့် ပုဏ္ဏားကျွန်းမြို့တော်နှင့် ဆက်ရိုးကျတံတားဖွင့်ပြီးပါက မိနစ် ၃၀ ခန့်ဖြင့် သွားလာနိုင်ခြင်း စသည့်အချက်များအပြင် MPA ဆိပ်ခံတံတားနှင့် Kaladan Multi-Modal Transit Transport Project - KMTTP စီမံကိန်းတို့ကို ထောက်ပံ့ပို့ဆောင်ပေးသည့်အဓိကဒေသတစ်ခုဖြစ်လာနိုင်ခြင်းကြောင့်တို့ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းတွင် စုပေါင်းအိမ်ရာ၊ လက်လီလက္ကားဈေးကွက်၊ အလယ်အလတ်အမြင့်ရှိသော ကွန်ဒိုမီနီယံများ၊ ဂိုဒေါင်နှင့် ပို့ဆောင်ရေးဆိုင်ရာဝန်ဆောင်မှုများ၊ ကုန်သွယ်မှုစီးပွားရေးဇုန်၊ ငါးစက်ရုံများနှင့် အပန်းဖြေနေရာများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ■

# တရုတ်နိုင်ငံထုတ် Wuling ကားများ ပြည်တွင်း၌ စတင်မိတ်ဆက်

တရုတ်နိုင်ငံထုတ် Wuling ကားများကို ပြည်တွင်း၌ အရောင်းစင်တာဖွင့်လှစ်၍ စတင်မိတ်ဆက်လိုက်ပြီဖြစ်သည်။

အဆိုပါကားများကို ပြည်တွင်းမှ Myanmar TML Wuling Motors Showroom မှတင်သွင်းရောင်းချပေးခြင်းဖြစ်ပြီး ကနဦးအနေဖြင့် ကားအမျိုးအစားငါးမျိုးကို တင်သွင်းရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

"Wuling ကားတွေကို ကျွန်တော်တို့ Myanmar TML ကုမ္ပဏီက တရားဝင်တင်သွင်းရောင်းချပေးမှာပါ။ ဝယ်ယူတဲ့သူတွေအကြိုက် ဈေးနှုန်း သက်သက်သာသာနဲ့ ရောင်းချပေးမယ့် အပြင် အရစ်ကျစနစ်နဲ့လည်း ရောင်းချပေးသွားမှာပါ"ဟု Myanmar TML ကုမ္ပဏီမှ ဒါရိုက်တာ ဦးသန့်ဇင်ထွန်းက ပြောသည်။

ပြည်တွင်းသို့ တင်သွင်းလာသည့် Wuling ကားအမျိုးအစားများသည် မြန်မာနိုင်ငံ၏ ရေမြေ၊ သဘာဝနှင့် ကိုက်ညီအောင် ထုတ်လုပ်ထားသည့်အပြင် စက်သုံးဆီရည်အသွေးနှင့် ကိုက်ညီစေရန် ထုတ်လုပ်ထားပြီး ဆီစားသက်သာသည့်အမျိုးအစားကို အသုံးပြုထားကြောင်း သိရသည်။

ပြည်တွင်းသို့ တင်သွင်းလာသည့် ကားအမျိုးအစားများနှင့် ဈေးနှုန်းများမှာ Wuling Sunshine (CN120) ကို ကျပ် ၁၃၆ သိန်း၊ Wuling CN112 ကို ကျပ် ၁၉၉ သိန်း၊ Wuling CN100 ကို ကျပ် ၁၂၉ သိန်း၊ Wuling CN050V ကို ကျပ် ၁၄၉ သိန်းနှင့် Wuling N300 ကို ကျပ် ၁၀၅ သိန်းတို့ဖြင့် အသီးသီး ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Wuling ကားအမှတ်တံဆိပ်မှာ တရုတ်နိုင်ငံတွင် အသုံးအများဆုံး ကားအမျိုးအစားဖြစ်သလို Wuling Sunshine (CN120) ကားအမျိုးအစားမှာလည်း ယခုနှစ်အတွင်း ကမ္ဘာ့ရောင်းအားအကောင်းဆုံး နံပါတ်သုံးနေရာတွင် ရှိခဲ့သော ကားဖြစ်ကြောင်း သိရသည်။

**ချောစု စုစည်းတင်ပြသည်။**

# အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၄ မျိုးတွင် ရင်းနှီးမြှုပ်နှံရန်အတွက် DICA မှ ဖိတ်ခေါ်

ကုန်သွယ်မှုနှင့် လမ်းပန်းဆက်သွယ်မှု အချက်အချာကျသောမြို့ကြီးများ၌ အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ ရင်း နှီးမြှုပ်နှံမှုလုပ်ငန်း ၄ မျိုးတွင် ရင်းနှီးမြှုပ်နှံရန်အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် (DICA) မှ ဖိတ်ခေါ်နေကြောင်း သိရသည်။

အဆိုပါ အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ ကုန်းတွင်းဆိပ်ကမ်းလုပ်ငန်းများ၊ အာမခံကုန် လှောင်ရုံများ (Bonded Warehouse)၊ အဝေးပြေးယာဉ်/ကုန်တင်ယာဉ်ရပ်နား စခန်းများ၊ ကုန်သွယ်မှုအထောက်အကူပြုသိုလှောင်ရုံနှင့် လက်ကားရောင်းဝယ်ရေးအထောက်အကူပြုအခြေခံအဆောက်အအုံလုပ်ငန်းများဖြစ်ပြီး ထိုလုပ်ငန်းများတွင် နိုင်ငံသား၊ နိုင်ငံခြားသားများ ရင်းနှီးမြှုပ်နှံမှုပြုကြရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

စိတ်ပါဝင်စားသော နိုင်ငံသား သို့မဟုတ် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ ဆက်သွယ်စုံစမ်းနိုင်သကဲ့သို့ လက်ဝယ်တွင် မြေပိုင်ဆိုင်မှုရှိပြီးသားသူများအနေဖြင့်လည်း အဆိုပြုလွှာများ အမြန်ဆုံးတင်ပြနိုင်ကြောင်း သိရသည်။

Vol: 18, No.1 Monday January 1 2018

## အွန်လိုင်းမှတစ်ဆင့် အစုရှယ်ယာများ ရောင်းဝယ်ခြင်းကို SECM က လုပ်ကိုင်ခွင့်ပြု

အစုရှယ်ယာရောင်းဝယ်မှု ပိုမိုလျင်မြန်လာစေရန်အတွက် ရည်ရွယ်ပြီး အွန်လိုင်းမှတစ်ဆင့် အစုရှယ်ယာရောင်းဝယ်ခြင်း (Online Trading) ကို မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM) က စတင်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

အစုရှယ်ယာများအား အွန်လိုင်းမှတစ်ဆင့်ရောင်းဝယ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များကို ဒီဇင်ဘာ ၁၂ ရက်တွင် SECM က ထုတ်ပြန်ပေးခဲ့ပြီး ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများတွင် လိုအပ်သောအိုင်စီတီစနစ်များကို စမ်းသပ်ဆောင်ရွက်စေခဲ့ကြောင်း၊ Myanmar Securities Exchange Center Co.,Ltd၊ KBZSC Securities Co.,Ltd၊ CB Securities Ltd နှင့် AYA Trust Securities Co.,Ltd တို့အား အစုရှယ်ယာများ အွန်လိုင်းမှတစ်ဆင့် ရောင်းဝယ်ခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့်ပြုလိုက်ကြောင်း သိရသည်။

အွန်လိုင်းစနစ်ဖြင့် အစုရှယ်ယာအရောင်းအဝယ်ပြုလုပ်လိုသူများသည် အထက်ပါ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီလေးခုကို ဆက်သွယ်ကာ အွန်လိုင်းရောင်းဝယ်မှုစည်းမျဉ်းများ သဘောတူညီချက်ကို ထပ်မံချုပ်ဆိုသွားရမည်ဖြစ်ပြီး ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ၏ Online Application ကို Download ပြုလုပ်ခြင်း၊ Install ပြုလုပ်ခြင်းဖြင့် မိုဘိုင်းဖုန်း (သို့မဟုတ်)ကွန်ပျူတာများတွင် တပ်ဆင်အသုံးပြုနိုင်မည်ဖြစ်သည်။

"အခုလို ဆောင်ရွက်ပေးရခြင်းက ရင်းနှီးမြှုပ်နှံသူများအနေနဲ့ အစုရှယ်ယာတွေကို အွန်လိုင်းကနေ လွယ်လွယ်ကူကူ အရောင်းအဝယ်ပြုလုပ်စေချင်လို့ဖြစ်ပါတယ်။ ဒါ့အပြင် လက်ရှိမြန်မာနိုင်ငံရဲ့ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူပြုနိုင်မှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးဌေးချွန်ကပြောသည်။

ရန်ကုန် စတော့အိတ်ချိန်းတွင် အစုရှယ်ယာ အရောင်းအဝယ်ဖြစ်မှုအနေဖြင့် နိုဝင်ဘာလကုန်အထိ အစုရှယ်ယာ ပေါင်းလေးသန်းခန့်ကို ကျပ် ၂၂ ဒသမ ၈၇၈ ဘီလီယံဖြင့် အရောင်းအဝယ်ပြုလုပ်ခဲ့ကြောင်း သိရသည်။

## စစ်တွေကမ်းနားမြေဖို့မြေယာစီမံကိန်း မြေယာရောင်းချပွဲကို ရန်ကုန်မြို့နှင့် စစ်တွေမြို့တို့၌ ပြုလုပ်မည်

စစ်တွေကမ်းနား မြေဖို့မြေယာဖော်ထုတ်ရေးစီမံကိန်း (Sittwe Waterfront New City Project) ၏ မြေယာရောင်းချပွဲကို ရန်ကုန်မြို့နှင့် စစ်တွေမြို့၌ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း iMyanmarHouse.com ၏ မန်နေဂျင်းဒါရိုက်တာ ဦးနေမင်းသူကပြောသည်။

အဆိုပါမြေယာရောင်းချပွဲကို ဇန်နဝါရီ ၆ ရက်တွင် ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌လည်းကောင်း၊ ဇန်နဝါရီ ၇ ရက်တွင် စစ်တွေမြို့၌ လည်းကောင်းပြုလုပ်သွားမည်ဟုသိရသည်။

"အဓိကကတော့ မြေကွက်ကို ဖော်ထုတ်ရောင်းချပေးမှာဖြစ်ပါတယ်။ မြေကွက်ကို ရခိုင်ပြည်နယ်အစိုးရက နှစ် ၃၀ ဂရန်မြေအဖြစ် ထုတ်ပေးမှာဖြစ်ပါတယ်။ ဒီမှာလာပြီး ရင်းနှီးမြှုပ်နှံချင်တဲ့သူတွေ ဘယ်လိုမျိုး အကျိုးတူပူးပေါင်းပြီး လုပ်ဆောင်လို့ရမလဲဆိုတာ ရခိုင်ပြည်နယ်အစိုးရနဲ့ ညှိနှိုင်းပြီးတော့ လုပ်ဆောင်ပေးမှာဖြစ်ပါတယ်။ မြေယာဝယ်ယူချင်တယ်ဆိုပြီးတော့ စာရင်းပေးထားတာတွေ ရှိပါတယ်။ ဒီအရောင်းပွဲတွေကနေပဲ ရောင်းချပေးသွားမှာပါ။ တစ်စတုရန်းပေကို ငွေကျပ် သောင်းဂဏန်းပဲကျသင့်မှာဖြစ်ပါတယ်။ မြေယာအနေအထားကို မူတည်ပြီး မြင်ကွင်းကောင်းလေ၊ ဈေးမြင့်လေဖြစ်သွားမှာပါ"ဟု ကိုနေမင်းသူက ပြောကြားသည်။

အဆိုပါစီမံကိန်းမှာ ၅၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ပြီး အခြေခံအဆောက်အအုံပိုင်းဖြစ်သော လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေးတို့ကို စီမံကိန်းကိုဖော်ဆောင်နေသည့် BXT International Co.,Ltd က ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

စစ်တွေကမ်းနား မြေဖို့မြေယာဖော်ထုတ်ရေးစီမံကိန်း (Sittwe Waterfront New City Project) ကို ယခင်အစိုးရလက်ထက်ကတည်းက စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ရရှိခဲ့ကြောင်း သိရသည်။

## iflix တွင် စိုင်းစိုင်းခမ်းလှိုင်၏ ရုပ်ရှင်ဇာတ်ကားများကို ကြည့်ရှုနိုင်ပြီဟုဆို

အင်တာနက်မှတစ်ဆင့် ရုပ်ရှင်များကြည့်ရှုနိုင်ရန် ဝန်ဆောင်မှုပေးနေသော iflix သည် အဆိုတော်သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်၏ ရုပ်ရှင်ဇာတ်လမ်းများကို iflix မှတစ်ဆင့် စတင်ကြည့်ရှုနိုင်ပြီဖြစ်ကြောင်း ဒီဇင်ဘာ ၁၅ ရက်က Myanmar Plaza တွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲမှ သိရသည်။ အရှေ့တောင်အာရှရှိ iflix အသုံးပြုသူများသည် အာဒမ်ရယ် ဧဝရယ် ဒသရယ် ရုပ်ရှင်ဇာတ်ကား၊ ကာလာစုံ လက်ဆင်ရုပ်ရှင်ဇာတ်ကား၊ ဧဒင်ရဲ့ နတ်သမီး ရုပ်ရှင်ဇာတ်ကား၊ ဗန်ကောက်မှမန္တလေးသို့ရုပ်ရှင်ဇာတ်ကားများ အပါအဝင် ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်လမ်း ၃၀ ကျော်ပါဝင်သည့် စိုင်းစိုင်းခမ်းလှိုင် သီးသန့်ကဏ္ဍကို iflix တွင် စတင်ကြည့်ရှုနိုင်ပြီဖြစ်ကြောင်း သိရသည်။

" ကျွန်မတို့အနေနဲ့ ပြည်တွင်းမှာရှိတဲ့ အနုပညာရှင်တွေရဲ့ စွမ်းဆောင်ရည်နဲ့ ပင်ကိုယ်အရည်အသွေးတွေကို ကမ္ဘာကသိအောင် ပြသနိုင်မယ့် စနစ်တစ်ခုကို ဖော်ဆောင်ပေးခြင်းအားဖြင့် ပြည်တွင်းဖျော်ဖြေရေးလုပ်ငန်းကဏ္ဍကို ဆက်လက်ပံ့ပိုးပေးသွားဖို့ လုပ်ဆောင်နေသလို မြန်မာပြည်သူတွေကြိုက်နှစ်သက်မယ့် ရုပ်ရှင်ဇာတ်လမ်းတွဲတွေကိုလည်း ဆက်လက်တင်ဆက်သွားဖို့ ဆောင်ရွက်နေပါတယ်။ ဒီနေ့ စိုင်းစိုင်းခမ်းလှိုင်ရဲ့ အထူးကဏ္ဍသစ်ကိုထပ်မံထည့်သွင်းလိုက်ခြင်းဟာဆိုရင် သူရဲ့တကယ့်ကိုအောင်မြင်ခဲ့တဲ့ ရုပ်ရှင်ဗီဒီယိုဇာတ်လမ်းတွေကို ဒစ်ဂျစ်တယ်နည်းပညာနဲ့ ပထမဦးဆုံးလုပ်ဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။ စိုင်းစိုင်းရဲ့ပရိသတ်တွေဟာဆိုရင် အခုအချိန်ကစပြီးတော့ သူရဲ့ ရုပ်ရှင်ဇာတ်ကားတွေကို အချိန်မရွေး၊ နေရာမရွေး အလွယ်တကူ ကြည့်ရှုနိုင်ပြီဖြစ်ပါတယ်"ဟု iflix အင်ဒိုချိုင်းနားဒေသဆိုင်ရာ အကြီးအကဲ Adeana Greenlee က ပြောကြားသည်။

iflix သည် အာရှ၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကတို့ရှိ နိုင်ငံပေါင်း ၂၃ နိုင်ငံမှ သုံးစွဲသူ တစ်ဘီလီယံကို ဝန်ဆောင်မှုပေးနေပြီး ဟောလိဝုဒ်၊ အာရှနှင့် အရှေ့အလယ်ပိုင်း၊ ဒေသတွင်းနှင့် ပြည်တွင်းရုပ်ရှင်ဇာတ်လမ်းတွဲများကို လစဉ်ကြေးပေးဆောင်၍ ဖုန်း၊လက်ပ်တော့၊ တက်ဘ်လက်နှင့် တီဗွီတို့မှတစ်ဆင့် အချိန်မရွေး၊နေရာမရွေးကြည့်ရှုနိုင်ကြောင်း သိရသည်။

## ၂၀၁၇ခုနှစ် ပြည်တွင်း အိမ်ခြံမြေဈေးကွက်မှာ တိုးတက်မှုမရှိဟု လုပ်ငန်းရှင်များပြောကြား

၂၀၁၇ ခုနှစ်အတွင်း ပြည်တွင်းအိမ်ခြံမြေဈေးကွက်မှာ မျှော်မှန်းသလောက်တိုးတက်မှုမရှိခဲ့ကြောင်း အိမ်ခြံမြေဈေးကွက် ကျွမ်းကျင်သူများက ပြောကြားသည်။

၂၀၁၇ခုနှစ်အတွင်း အိမ်ခြံမြေဈေးကွက်၌ မြေအရောင်းအဝယ်မှာ ထူးခြားမှုမရှိခဲ့ဘဲ ကွန်ဒိုတိုက်ခန်းများမှာမူ နှစ်ကုန်ပိုင်းတွင် အနည်းငယ်ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရသည်။

" ၂၀၁၇ အိမ်ခြံမြေဈေးကွက်က တော်တော်လေးအေးခဲ့ပါတယ်။ အစိုးရသစ်တက်ပြီးနောက်ပိုင်း အိမ်ခြံမြေဈေးကွက်ကောင်းလာမယ်လို့ ခန့်မှန်းခဲ့ပေမယ့် ထင်သလောက်ဖြစ်မလာခဲ့ဘူး။ အစိုးရသစ်တက်လာပြီးနောက်ပိုင်းမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုက လျော့ကျသွားတာမျိုးလည်းရှိလို့ အိမ်ခြံမြေဈေးကွက်ကိုပါ ရိုက်ခတ်မှုတွေရှိခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် တစ်နှစ်လုံးအတွက်ကတော့ သီတင်းကျွတ်ကာလအထိ တော်တော်လေးအေးနေခဲ့ပေမယ့် နှစ်ကုန်ပိုင်းမှာတော့ အငှားပိုင်း နည်းနည်းတက်လာတယ်လို့ဆိုရပါမယ်"ဟု iMyanmarHouse.com ၏ မန်နေဂျင်းဒါရိုက်တာ ကိုနေမင်းသူက ပြောကြားသည်။

၂၀၁၇ ခုနှစ်အတွင်း အိမ်ခြံမြေဆိုင်ရာပြပွဲများပြုလုပ်ခဲ့ရာ ဝယ်ယူသူနည်းပါးခဲ့သလို အွန်လိုင်းမှတစ်ဆင့် အိမ်ခြံမြေအရောင်းအဝယ် ကြည့်ရှုမှုမှာလည်း ယခင်နှစ်အရေအတွက်ခန့်သာရှိကြောင်း House.com.mm ၏ Head of Sale and AM ဖြစ်သူမအိမြတ်မွန်က ပြောသည်။

"အငှားပိုင်းမှာ ဈေးအမြင့်ပိုင်းကို နိုင်ငံခြားသားကပဲ ငှားပါတယ်။ လွန်ခဲ့တဲ့နှစ်တွေတုန်းက နိုင်ငံခြားသားကုမ္ပဏီတွေ၊ နိုင်ငံခြားသားတွေ ဝင်ရောက်တာတွေရှိလို့ အငှားပိုင်းကသွက်နေခဲ့ပေမယ့် ဒီဘက်နှစ်တွေမှာ အဆင့်မြင့်ကွန်ဒိုတိုက်ခန်းတွေကလည်း ဆောက်လုပ်ပြီးစီးတာတွေရှိလာတယ်။ ဒါကြောင့် အခန်းတွေများလာသလို နိုင်ငံခြားသားဝင်ရောက်မှုကလည်း နည်းလာလို့ တိုက်ခန်းငှားခတွေလည်း ဈေးကျလာပါတယ်"ဟု အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။ ပြည်တွင်းအိမ်ခြံမြေဈေးကွက်မှာ ၂၀၁၅ခုနှစ်မှစတင်၍ အရောင်းအဝယ်များ နည်းပါးလာကာ ဈေးကွက်နွေးကွေးလာခဲ့ကြောင်း သိရသည်။

## အူရီဒူးမြန်မာ၏ နှစ်သစ်ကူးကံစမ်းမဲအစီအစဉ်တွင် iPhone X အထူးဆုခြောက်ဆု ကံစမ်းနိုင်

အူရီဒူးမြန်မာ၏ နှစ်သစ်ကူး ကံစမ်းမဲအစီအစဉ်တွင် iPhone X ဖုန်းအမျိုးအစားအထူးဆုခြောက်ဆု ထည့်သွင်းထားကြောင်း အူရီဒူးမြန်မာ၏သတင်းထုတ်ပြန်ချက်အရသိရသည်။

အဆိုပါ နှစ်သစ်ကူး ကံစမ်းမဲအစီအစဉ်ကို အူရီဒူး ဖုန်းဆင်းကတ်သုံးစွဲသူများအနေဖြင့် My Ooredoo App မှတစ်ဆင့် Funtoneဝန်ဆောင်မှုကို စာရင်းသွင်းရယူခြင်း(သို့မဟုတ်) Funtone သီချင်းတစ်ပုဒ်ကို My Ooredoo Appမှတစ်ဆင့် ဝယ်ယူခြင်းဖြင့် ပါဝင်နိုင်မည်ဖြစ်ပြီး အပတ်စဉ် iPhone X တစ်ဆုနှင့် နေ့စဉ်ဆုအဖြစ် ၂၅၀၀၀ ကျပ်တန်ဖိုးရှိ ဖုန်းငွေဖြည့်လက်ဆောင်ကို ကံထူးနိုင်မည်ဖြစ်ကြောင်း သိရသည်။

"၂၀၁၈ခုနှစ်မှာ ဟန်းဆက်အသစ် လိုချင်သူတွေအတွက် Funtone ကို စာရင်းသွင်းရယူတာပဲဖြစ်ဖြစ်၊ Funtone သီချင်းဝယ်ယူတာပဲဖြစ်ဖြစ် iPhone X ကို ကံထူးရှင်ဖြစ်ဖို့ ဒီအစီအစဉ်မှာပါဝင်နိုင်မှာဖြစ်ပါတယ်။ ကံစမ်းမဲကာလကို ဒီဇင်ဘာ ၂၅ ရက်ကနေ ၂၀၁၈ ဖေဖော်ဝါရီ ၅ ရက်အထိ သတ်မှတ်ထားပါတယ်။ ကံထူးရှင်အားလုံးကို အူရီဒူးမြန်မာဖေ့ဘုတ်စ်စာမျက်နှာမှာ ကြေညာပေးမှာပါ"ဟု အူရီဒူးမြန်မာ၏ Marketing & Communication Director ဒေါ်ပွင့်ဦးဆွေက ပြောကြားသည်။

အူရီဒူးမြန်မာ ဝန်ဆောင်မှုရယူထားသူများအနေဖြင့်*565#သို့ဖုန်းခေါ်ခြင်းဖြင့် My Ooredoo App Link ကိုဒေါင်းလုဒ်ရယူနိုင်မည်ဖြစ်ပြီး Funtone စာရင်းသွင်းတစ်ပတ်စာဝန်ဆောင်ခမှာ ၂၇၅ကျပ်၊ Funtone သီချင်းတစ်ပုဒ်အတွက် တစ်လစာ ဝန်ဆောင်ခမှာ ကျပ် ၃၂၀ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်အောင်စုစည်းသည်။**



## မြို့ကြီးများ၏ ၁-၁-၂၀၁၈ မှ ၅-၁-၂၀၁၈ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁-၁-၂၀၁၈) | အင်္ဂါ(၂-၁-၂၀၁၈) | ဗုဒ္ဓဟူး(၃-၁-၂၀၁၈) | ကြာသပတေး(၄-၁-၂၀၁၈) | သောကြာ(၅-၁-၂၀၁၈) |
|---|---|---|---|---|---|
| နေပြည်တော် | တိမ်အသင့်အတင့် ၂၇°C/၈၀°F | တိမ်အသင့်အတင့် ၂၆°C/၇၈°F | တိမ်အသင့်အတင့် ၂၆°C/၇၈°F | တိမ်အသင့်အတင့် ၂၇°C/၈၁°F | တိမ်အသင့်အတင့် ၂၇°C/၈၁°F |
| ရန်ကုန်မြို့ | တိမ်အသင့်အတင့် ၃၂°C/၈၉°F | တိမ်ထူထပ် ၃၁°C/၈၇°F | တိမ်ထူထပ် ၂၈°C/၈၃°F | တိမ်အသင့်အတင့် ၃၁°C/၈၈°F | တိမ်အသင့်အတင့် ၃၂°C/၈၉°F |
| မန္တလေးမြို့ | တိမ်အသင့်အတင့် ၂၈°C/၈၃°F | ၆၀% ၂၈°C/၈၃°F | တိမ်အသင့်အတင့် ၂၅°C/၇၇°F | တိမ်အသင့်အတင့် ၂၆°C/၇၉°F | တိမ်အသင့်အတင့် ၂၆°C/၇၉°F |
| မြစ်ကြီးနား | တိမ်အသင့်အတင့် ၂၆°C/၇၉°F | တိမ်အသင့်အတင့် ၂၂°C/၇၂°F | တိမ်အသင့်အတင့် ၂၂°C/၇၁°F | တိမ်အသင့်အတင့် ၂၄°C/၇၅°F | တိမ်အသင့်အတင့် ၂၄°C/၇၅°F |
| လားရှိုး | ၆၀% ၂၁°C/၇၀°F | ၇၀% ၁၉°C/၆၆°F | တိမ်အသင့်အတင့် ၂၀°C/၆၈°F | တိမ်အသင့်အတင့် ၂၂°C/၇၂°F | တိမ်အသင့်အတင့် ၂၃°C/၇၃°F |
| ကျိုင်းတုံ | ၇၀% ၂၁°C/၇၀°F | တိမ်အသင့်အတင့် ၂၂°C/၇၂°F | ၇၀% ၁၉°C/၆၆°F | တိမ်အသင့်အတင့် ၂၄°C/၇၅°F | တိမ်အသင့်အတင့် ၂၄°C/၇၆°F |
| လွိုင်ကော် | တိမ်အသင့်အတင့် ၂၂°C/၇၁°F | ၆၀% ၂၃°C/၇၃°F | ၇၀% ၂၀°C/၆၈°F | တိမ်အသင့်အတင့် ၂၃°C/၇၄°F | ၆၀% ၂၄°C/၇၆°F |
| တောင်ကြီး | ၈၀% ၁၇°C/၆၃°F | ၈၀% ၁၇°C/၆၃°F | ၇၀% ၁၇°C/၆၂°F | တိမ်အသင့်အတင့် ၂၁°C/၆၉°F | တိမ်အသင့်အတင့် ၂၁°C/၆၉°F |
| မော်လမြိုင် | တိမ်အသင့်အတင့် ၃၁°C/၈၈°F | တိမ်အသင့်အတင့် ၃၁°C/၈၇°F | တိမ်အသင့်အတင့် ၃၀°C/၈၆°F | တိမ်အသင့်အတင့် ၃၂°C/၈၉°F | နေသာ ၃၃°C/၉၁°F |
| ဘားအံ | တိမ်အသင့်အတင့် ၃၄°C/၉၁°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F | တိမ်ထူထပ် ၃၀°C/၈၇°F | တိမ်အသင့်အတင့် ၃၂°C/၉၁°F | တိမ်အသင့်အတင့် ၃၂°C/၉၂°F |
| တောင်ငူ | တိမ်အသင့်အတင့် ၂၉°C/၈၄°F | တိမ်အသင့်အတင့် ၂၈°C/၈၂°F | တိမ်အသင့်အတင့် ၂၇°C/၈၀°F | တိမ်အသင့်အတင့် ၂၈°C/၈၂°F | တိမ်အသင့်အတင့် ၂၉°C/၈၄°F |
| မုံရွာ | တိမ်အသင့်အတင့် ၂၅°C/၇၇°F | ၆၀% ၂၃°C/၇၄°F | တိမ်အသင့်အတင့် ၂၆°C/၇၈°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၆°C/၇၉°F |
| ပုသိမ် | တိမ်အသင့်အတင့် ၃၁°C/၈၈°F | တိမ်အသင့်အတင့် ၂၈°C/၈၃°F | တိမ်အသင့်အတင့် ၂၇°C/၈၀°F | တိမ်အသင့်အတင့် ၂၉°C/၈၅°F | တိမ်အသင့်အတင့် ၃၀°C/၈၆°F |
| မြိတ် | တိမ်အသင့်အတင့် ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F | တိမ်အသင့်အတင့် ၃၃°C/၉၁°F | တိမ်အသင့်အတင့် ၃၃°C/၉၁°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F |
| စစ်တွေ | ၇၀% ၂၅°C/၇၇°F | ၈၀% ၂၄°C/၇၆°F | တိမ်အသင့်အတင့် ၂၇°C/၈၀°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၀°F |
| မကွေး | ၇၀% ၂၄°C/၇၅°F | ၈၀% ၂၃°C/၇၄°F | ၄၀% ၂၆°C/၇၈°F | တိမ်အသင့်အတင့် ၂၇°C/၈၀°F | တိမ်အသင့်အတင့် ၂၇°C/၈၀°F |
| ဖလမ်း | တိမ်အသင့်အတင့် ၁၉°C/၆၆°F | တိမ်အသင့်အတင့် ၁၇°C/၆၂°F | တိမ်အသင့်အတင့် ၁၉°C/၆၇°F | နေသာ ၁၉°C/၆၇°F | နေသာ ၁၉°C/၆၇°F |

# ဖိလစ်ပိုင်နိုင်ငံသို့ တိုင်ဖွန်းမုန်တိုင်း တမ်ဘင် ဝင်ရောက်တိုက်ခတ်၊ လူပေါင်း ၂၃၀ ကျော်သေဆုံး

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း၊ မင်ဒါနာအိုဒေသသို့ ဒီဇင်ဘာ ၂၂ ရက်က တိုင်ဖွန်းမုန်တိုင်းတမ်ဘင် ဝင်ရောက်တိုက်ခတ်ခဲ့ရာ လူပေါင်း ၂၃၀ ကျော် သေဆုံးခဲ့ကြောင်း၊ အဆိုပါမုန်တိုင်းသည် ဖိလစ်ပိုင်နိုင်ငံမှတစ်ဆင့် ဗီယက်နမ်နိုင်ငံ တောင်ပိုင်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့ပြီး အားပျော့ပျက်ပြယ်သွားခဲ့ကြောင်း ဗီယက်နမ်သတင်းများတွင်ဖော်ပြထားသည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် မင်ဒါနာအိုဒေသတွင် ရေလွှမ်းမိုးမှုများ၊ မြေပြိုကျမှုများ ဖြစ်ပွားခဲ့သည်။ မြေပြိုကျမှုကြောင့် ဇန်ဘူအန်ဂါကျွန်းဆွယ်ဒေသတွင် အဆောက်အဦးများ ပြိုကျပျက်စီးခဲ့ရကြောင်း သတင်းများတွင် ဖော်ပြထားသည်။

"ဇန်ဘူအန်ဂါကျွန်းဆွယ်မှာ လျှပ်စစ်မီးတွေ ရော၊ လမ်းပန်းဆက်သွယ်ရေးတွေပါ အကုန်ပြတ်တောက်ကုန်တယ်။ တံတားတွေ ကျိုးခဲ့သလို အဆိုးရွားဆုံး ရေလွှမ်းမိုးမှုနဲ့ မြေပြိုကျမှုတွေကြောင့် တစ်နေရာနဲ့တစ်နေရာ အဆက်အသွယ်တွေပါ ပြတ်တောက်ကုန်ပါတယ်"ဟုသဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ကာ စပါးစိုက်ခင်းများ၊ နေအိမ်များ၊ အခြားသော အဆောက်အဦးများ ရေနစ်မြုပ်ခဲ့ရသည်။

ထို့ပြင် အဆိုပါဒေသမှ ပြည်သူ ငါးသိန်းကျော်မှာ မုန်တိုင်းဒဏ်ကိုခံစားခဲ့ကြရပြီး ပြည်သူကိုးသောင်းကျော်မှာ ကယ်ဆယ်ရေးစခန်းများတွင် ခိုလှုံနေကြရသည်ဟု ဆိုသည်။

ကယ်ဆယ်ရေးသမားများသည် မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျောက်ဆုံးနေသူများအား လိုက်လံရှာဖွေလျက်ရှိသဖြင့် သေဆုံးသူအရေအတွက် ပိုမိုမြင့်တက်လာနိုင်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါမုန်တိုင်းသည် ဒီဇင်ဘာ ၂၅ ရက်တွင် ဗီယက်နမ်နိုင်ငံ တောင်ပိုင်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် အားပျော့ပျက်ပြယ်သွားခဲ့ကြောင်း သိရသည်။

ထို့ပြင် ဒီဇင်ဘာလလယ်က ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းဒေသသို့ Kai-Tak မုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့သဖြင့် လူပေါင်း ၁၅ ဦးခန့် သေဆုံးခဲ့ရသည်။ အလားတူ စက်တင်ဘာ ၁၅ ရက်ကလည်း ဗီယက်နမ်နိုင်ငံတောင်ပိုင်းသို့ တိုင်ဖွန်မုန်တိုင်း ဒွေါဆူရီ ဝင်ရောက်တိုက်ခတ်ခဲ့သဖြင့် လူ ၁၅ ဦး သေဆုံးခဲ့ကာ အမေရိကန်ဒေါ်လာ သန်းပေါင်း ၇၂၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ရသည်။ **မယ်သီတာ**



# အင်ဒိုနီးရှားနိုင်ငံရှိ ဆီနာဘန်းမီးတောင်မှ မီးခိုးများ၊ ချော်ရည်များ၊ ဓာတ်ငွေ့များကို မှုတ်ထုတ်

အင်ဒိုနီးရှားနိုင်ငံရှိ ဆီနာဘန်းမီးတောင်သည် ဒီဇင်ဘာ ၂၇ ရက်က မီးခိုးများ၊ ချော်ရည်များ၊ ဓာတ်ငွေ့များကိုမှုတ်ထုတ်ခဲ့ရာ ယခုနှစ်အတွင်း ပေါက်ကွဲခဲ့သည့်အကြိမ်များထက် ပိုမိုပြင်းထန်ခဲ့ကြောင်း ဖိလစ်ပင်းစတားတွင် ဖော်ပြထားသည်။

အဆိုပါမီးတောင်သည် ရာစုနှစ် လေးခုတာမျှ ငြိမ်သက်နေခဲ့ပြီးနောက် ၂၀၁၀ ပြည့်နှစ်မှစတင်ကာ ပြန်လည်လှုပ်ရှားလာခဲ့ခြင်းဖြစ်သည်။ ထို့နောက် ၂၀၁၅ ခုနှစ်တွင် မီးတောင်မှ မီးခိုးပြာများ၊ ချော်ရည်များ စီးကျလာသဖြင့် မီးတောင်ဝန်းကျင်တွင် နေထိုင်ကြသည့် မိသားစုပေါင်း ၃၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ မီးတောင်မှ မီးခိုးပြာများကို မှုတ်ထုတ်လျက်ရှိရာ စူးမားတြားကျွန်းပေါ်တွင်နေထိုင်ကြသည့်နေရာအများအပြား၌ ပြာများဖုံးလွှမ်းလျက်ရှိကြောင်း၊ သို့သော် ထိခိုက်ဒဏ်ရာရရှိမှုနှင့်ပျက်စီးဆုံးရှုံးမှုများ မရှိကြောင်း၊ အဆိုပါဒေသကို ဘေးအန္တရာယ်ရှိသည့် ဒေသအဖြစ် သတ်မှတ်ထားကြောင်း အင်ဒိုနီးရှားနိုင်ငံ သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ခေါင်းဆောင် Sutopo Purwo Nugroho က ပြောကြားခဲ့သည်။

မီးတောင်ပေါက်ကွဲမှုကြောင့် ချော်ရည်ပူများစီးကျလျက်ရှိရာ သီးနှံများ ပျက်စီးဆုံးရှုံးခဲ့သဖြင့် အဆိုပါဒေသမှ တောင်သူများမှာ ပျက်စီးဆုံးရှုံးမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်ဟုဆိုသည်။

၂၀၁၄ ခုနှစ်က အဆိုပါ မီးတောင်ပေါက်ကွဲစဉ် လူ ၁၆ ဦး သေဆုံးခဲ့ပြီး ၂၀၁၅ ခုနှစ်က ပေါက်ကွဲစဉ် လူခုနစ်ဦး သေဆုံးခဲ့ရသည်။

အင်ဒိုနီးရှားနိုင်ငံရှိ အခြားသော မီးတောင်တစ်လုံးဖြစ်သည့် မောင့်တ်အန်းမီးတောင်သည် စက်တင်ဘာလကတည်းက ပေါက်ကွဲမည့်ပုံစံများပြသလာခဲ့ရာ အဆိုပါမီးတောင်အနီးတစ်ဝိုက်တွင် နေထိုင်ကြသည့် ဒေသခံပြည်သူပေါင်း ၁၄၀၀၀၀ ကို ကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ ထို့ပြင် အဆိုပါဘာလီကျွန်းပေါ်ရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်ကိုလည်း ပိတ်ထားခဲ့ရသည်။

အင်ဒိုနီးရှားနိုင်ငံသည် မီးတောင်များဖြင့် ထင်ရှားကျော်ကြားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ရာ မီးတောင်ပေါက်ကွဲမှုများ၊ မြေငလျင်လှုပ်မှုများ မကြာခဏ ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

**မယ်သီတာ**

## တောင်ကြီးမြို့ပေါ်ရှိ ထမင်းဆိုင်နှင့် စားသောက်ဆိုင် လုပ်ငန်းရှင်များအား စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲကျင်းပ

တောင်ကြီးမြို့၊ စားသုံးသူရေးရာဦးစီးဌာနသည် တောင်ကြီးမြို့ပေါ်ရှိ ထမင်းဆိုင်နှင့် စားသောက်ဆိုင်လုပ်ငန်းရှင်များအား စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဆွေးနွေးဟောပြောပွဲကို ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာနအစည်းအဝေးခန်းမတွင် ဒီဇင်ဘာလ ၂၁ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲတွင် ပြည်နယ်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးမြသန်းက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် စားသုံးသူရေးရာဦး စီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းအောင်၊ စည်ပင်သာယာရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဝင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဦးစီးအရာရှိဦးဝေဖြိုးဆွေ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မြသင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှဒေါက်တာနန်း စုစန္ဒီ၊ စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းလဲ့တို့က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေများ၊ စားသောက်ဆိုင်ဖွင့်လှစ်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ စားသောက်ဆိုင်များအတွက် စားသောက်ကုန်ရောင်းချရာတွင် ဆောင်ရွက်သင့်သည့် အကြံပြုမှုများ စသည်တို့ကို ရှင်းလင်း ဆွေးနွေးခဲ့ကြပါသည်။

အစည်းအဝေးသို့ ပြည်နယ်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ လေ့လာသူများ၊ စားသုံးသူရေးရာဦးစီးဌာနမှဝန်ထမ်းများ စုစုပေါင်း ၈၆ ဦး တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသူများအား စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး လက်ကမ်းစာစောင်များ၊ ပဲမျိုးစုံချက်ပြုတ်နည်းလမ်းညွှန်များကို ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**စောမောင်(တောင်ကြီး)**

## ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့၏ (၇/၂၀၁၇) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ပြည်ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ၇/၂၀၁၇ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၇ ရက်တွင် ပြည်ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ရုံးချုပ်(နေပြည်တော်)နှင့် ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးတို့မှ တက်ရောက်လေ့လာသူ ဦးစီးအရာရှိများနှင့် ခရိုင်/မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများအပါအဝင် စုစုပေါင်း ၂၆ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

အစည်းအဝေးတွင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဉာဏ်ဇော်က အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ ဆက်လက်၍ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ပြည်ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးမြင့်ဝင်းက ယခင် ၆/၂၀၁၇ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး ပြည်ခရိုင်အတွင်း စားသုံးသူများဘက်မှ နစ်နာမှုများအပေါ် တိုင်ကြားမှုမရှိသေးသည့်အတွက် အဖွဲ့အနေဖြင့် စစ်ဆေးဆုံးဖြတ်ဖြေရှင်းပေးရခြင်းများ မရှိသေးသဖြင့် စားသုံးသူပြည်သူများအား Awarenessဖြစ်အောင် အသိပညာပေးမှုများ ကျယ်ကျယ်ပြန့်ပြန့်ဆက်လက်ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ဈေးကွက်အတွင်း အန္တရာယ်ရှိစားသောက်ကုန်များ ရောင်းချနေခြင်းများကိုလည်း စုံစမ်းစစ်ဆေး၍ တားမြစ်ရမှာဖြစ်ကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝင်းနိုင်က စားသုံးသူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အစားအသောက်နှင့် ပတ်သက်သည့် အပိုင်းကိုသာ ဦးစားပေး အသိပညာပေးမှုများ တွေ့ရှိနေရသည့်အတွက် အခြားလူသုံးကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုအပိုင်းကိုလည်း ထိထိမိမိ အသိပညာပေးဖို့လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။ **ဝင်းလဲ့ဝါ (ပြည်)**

## မြိတ်မြို့ စန္ဒဝတ်ကျေးရွာအုပ်စု၊ အခြေခံပညာမူလတန်းလွန်ကျောင်း (စန္ဒဝတ်)၌ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

မြိတ်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြိတ်ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဝန်ထမ်းများသည် နိုဝင်ဘာလ ၂၃ ရက်တွင် မြိတ်မြို့နယ်၊ စန္ဒဝတ်ကျေးရွာအုပ်စု၊ အခြေခံပညာမူလတန်းလွန်ကျောင်း (စန္ဒဝတ်)၌ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ပါသည်။

အသိပညာပေး ဟောပြောရာတွင် စားသုံးသူရေးရာဦးစီးဌာန ပေါ်ပေါက်လာပုံနှင့်လုပ်ငန်းဆောင်ရွက်မှုများအားလည်းကောင်း၊ ခွင့်မပြုဓာတုဆိုးဆေးများအကြောင်းကိုလည်းကောင်း၊ လုံခြုံစိတ်ချရမှုမရှိသောစားသုံးရန်/သုံးစွဲရန်မသင့်တားမြစ်ထားသည့် စားသောက်ကုန်များ၏ ဆိုးကျိုးများအကြောင်းကိုလည်းကောင်း၊ သက်တမ်းလွန်မုန့်များ၊ ဆိုးဆေးပါသောအစားအစာများ၊ အရောင်ချွတ်ဆေး၊ တာရှည်ခံဆေးများပါသည့် အစားအစာများအားသတိပြု ရွေးချယ်စားသောက်နိုင်ရန် တို့ကို လည်းကောင်းဟောပြောခဲ့ရာအဆိုပါ ကျောင်းမှဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများစုစုပေါင်း ၁၆၅ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မြိတ်စားသုံးသူ**

## ပုသိမ်မြို့ပေါ်ရှိ တက္ကသိုလ်/ပညာရေး ကောလိပ်တို့တွင် စားသောက်ကုန်များအား ဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေး

ဧရာဝတီတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနနှင့် မိတ်ဖက်အဖွဲ့အစည်းတို့ ပူးပေါင်း၍ ဒီဇင်ဘာလ ၁၄ ရက်တွင် နည်းပညာတက္ကသိုလ်ရှိ စားသောက်ဆိုင်ခုနစ်ဆိုင်၊ ပညာရေးကောလိပ်ရှိ စားသောက်ဆိုင် ခုနစ်ဆိုင်၊ ဒီဇင်ဘာလ ၁၅ ရက်တွင် ပုသိမ်တက္ကသိုလ်ရှိ စားသောက်ဆိုင် ၂၂ ဆိုင်၊ ကွန်ပျူတာတက္ကသိုလ်ရှိ စားသောက်ဆိုင် လေးဆိုင်သို့ သွားရောက်ပြီး ငါးပိ/ငံပြာရည်၊ ငရုတ်ဆီ၊ ခေါက်ဆွဲခြောက်နှင့် မုန့်ဟင်းခါးဖတ်တို့ကို နမူနာကောက်ယူကာ စစ်ဆေးခဲ့သည်။ ကွန်ပျူတာတက္ကသိုလ်နှင့် ပုသိမ်တက္ကသိုလ်ရှိ စားသောက်ဆိုင် သုံးဆိုင်မှ မုန့်ထုပ် ၁၄၁ ထုပ်အား ကုန်အမှတ်တံဆိပ် ဥပဒေအရ မြန်မာစာနှင့် အင်္ဂလိပ်ဘာသာ ပူးတွဲဖော်ပြမှု မရှိခြင်း၊ ထုတ်လုပ်သည့်ရက်စွဲ၊ နောက်ဆုံးသုံးစွဲရမည့် ရက်မရှိခြင်း၊ ရက်လွန်နေခြင်းတို့ကြောင့် အဆိုပါမုန့်များကို သိမ်းဆည်းခဲ့သည်။ ထို့ပြင် ကျောင်းအတွင်းရောင်းချနေသည့် မုန့်ဟင်းခါးဖတ်များ၌ ဖော်မလင်များ ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိခဲ့ရကြောင်း သတင်းရရှိသည်။ **မင်းမင်းဦး (ပုသိမ်)**

## တပ်ကုန်းမြို့နယ် နွယ်ရစ်အုပ်စု၊ နွယ်ရစ်ကျေးရွာမှ တောင်သူများအား ပိုးသတ်ဆေးစနစ်တကျ သုံးစွဲတတ်စေရန် ဟောပြောဆွေးနွေး

တပ်ကုန်းမြို့နယ် စားသုံးသူရေး ရာဦးစီးဌာနနှင့်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာအုပ်စု၊ နွယ်ရစ်ကျေးရွာတွင် GAPစနစ်ဖြင့် စိုက်ပျိုးလျက်ရှိသော တောင်သူများနှင့်တွေ့ဆုံ၍ ဓာတုပိုးသတ်ဆေးကို နည်းစနစ်မှန်ကန်စွာ အသုံးပြုနိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် စားသုံး သူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးစိုးထင်လင်းက မိမိတို့ထုတ်လုပ်သည့် ကုန်ပစ္စည်းများအား စားသုံးသူပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းစွာ အသုံးပြုနိုင်ရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချမှုရှိစေရေးအတွက် အသိပညာပေးဟော ပြောဆွေးနွေးခဲ့သည်။ ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန နွယ်ရစ်အုပ်စု ကျေးရွာတာဝန်ခံ ဒုတိယလက်ထောက်ဦးစီးမှူး ဒေါ်မာမာမြင့်က စပါးနှင့် ဟင်းသီးဟင်းရွက်များတွင် ကျရောက်တတ်သော ဖျက်ပိုးများကို ဘက်စုံ နည်းစနစ်များဖြင့် ကာကွယ်နှိမ်နင်းခြင်း အကြောင်းနည်းပညာပေးခြင်း၊ ဓာတုပိုးသတ်ဆေးများကို အညွှန်းအတိုင်း စနစ်တကျသုံးစွဲရန်နှင့် ပိုးသတ်ဆေးဖြန်းပြီး သတ်မှတ်ရက်ပြည့်မှသာခူးဆွတ်ကြရန် အကျယ်တဝင့်ရှင်းလင်း ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲသို့ စားသုံးသူရေးရာ ဦးစီးဌာန မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်း များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် GAPစနစ်ဖြင့် စိုက်ပျိုးထား သော တောင်သူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**စိုးထင်လင်း (နေပြည်တော်၊ တပ်ကုန်း)**

## မန္တလေးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၄/၂၀၁၇) ကျင်းပ

မန္တလေးခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄/၂၀၁၇) ကို မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနတွင် ဒီဇင်ဘာလ ၂၉ ရက်က ကျင်းပခဲ့ရာ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ (ကိုယ်စား) မန္တလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးဦးတင့်လွင်၊ အတွင်းရေးမှူး ဦးတင်အောင်ကျော်နှင့် ခရိုင် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ကော်မတီဝင်များစုစုပေါင်း ၁၂ ဦး တက်ရောက်ခဲ့ပါတယ်။

အစည်းအဝေးတွင် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ဥက္ကဋ္ဌ (ကိုယ်စား) မန္တလေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးဦးတင့်လွင်က အဖွင့်အမှာစကား ပြောကြားရာ စားသုံးသူပြည်သူများကိုပညာပေးအစီအစဉ်များပြုလုပ်ဆောင်ရွက်နေသော်လည်း လိုက်နာဆောင်ရွက်မှုအားနည်းနေသေးသောကြောင့် ပြည်သူများအား အသိပညာများသိရှိ၍ လမ်းကြောင်းမှန်ပေါ် ရောက်ရှိပြီး ဘေးကင်းလုံခြုံသောကုန်ပစ္စည်းများ သုံးစွဲနိုင်ရန်အတွက် သက်ဆိုင်ရာဌာနများမှ မိမိဌာနများအလိုက် အသိပေးအစီအစဉ်များ ဆောင်ရွက်သင့်ကြောင်း ပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီး ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူးဦးတင်အောင်ကျော်က မန္တလေးခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ဆောင်ချက်များ၊ မန္တလေးခရိုင် CICC သို့တိုင်ကြားထားသောကိစ္စရပ်များအား တင်ပြဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်များရယူခြင်း၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအားဆွေးနွေးတင်ပြခြင်းနှင့် တက်ရောက်လာကြသောအဖွဲ့ဝင်များမှ သက်ဆိုင်ရာဌာနအလိုက် ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြပါတယ်။ ထို့နောက် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်လွင်က နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိပါတယ်။

**နေခြည်ဦး၊ စားသုံးသူရေးရာ(မန္တလေး)**

# ကမာရွတ်မြို့နယ် ရန်ကုန်တက္ကသိုလ်သိပ္ပံခန်းမတွင် စားသုံးသူအကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် တာဝန်ရှိသူဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)နှင့် ကမာရွတ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဒီဇင်ဘာလ ၂၇ ရက်တွင် ရန်ကုန်တက္ကသိုလ်သိပ္ပံခန်းမ၌ စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲတွင် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းက အဖွင့်အမှာစကား ပြောကြားပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ ဦးစီးအရာရှိဒေါက်တာ ဖြိုးမာန်သက်ဦးက ဌာန၏ လုပ်ဆောင်ချက်များ၊ ဆေးဝါး၊ အစားအသောက်၊ အလှကုန်ထိန်းချုပ်ခြင်းဆိုင်ရာ လုပ်ငန်းများ၊ ဈေးကွက်မတင်မီနှင့် ဈေးကွက်တင်ပြီးနောက်ဖြစ်ပေါ်နေသည့် ကုန်ပစ္စည်းအခြေအနေများ၊ ဖော်မလင်၏ဆိုးကျိုးနှင့် ဖော်မလင်အသုံးပြုပြီး ထုတ်လုပ်သည့် ပဲသွေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေး အရေးယူခဲ့မှုများကိုလည်းကောင်း၊ ကမာရွတ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာ ဖူးပြည့်ပြည့်ကျော်က အစာလည်းဆေး၊ ဆေးလည်းအစာဆိုသကဲ့သို့ သန့်ရှင်းလတ်ဆတ်သော အစားအစာဖြစ်ဖို့လိုအပ်ကြောင်း၊ ရေခဲသေတ္တာထဲတွင် သားငါးစိမ်းများကို ချက်ပြုတ်ပြီး အစားအစာများနှင့် ရောနှောမထားသင့်ကြောင်း၊ မှိုတက်နေသော အစားအစာများ မစားသင့်ကြောင်း၊ ကျန်းမာရေးနှင့်ဆိုင်သော အသိပညာများ ဗဟုသုတကို အသေးစိတ်ဟောပြောဆွေးနွေးခဲ့ပါတယ်။

စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက စားသုံးသူ အကာအကွယ်ပေးရေးဥပဒေပေါ်ပေါက်လာပုံနှင့် စားသုံးသူများ၏ အခွင့်အရေးနှင့် လိုက်နာရမည့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်နှင့် တားမြစ်ချက်များ၊ ပြစ်မှုပြစ်ဒဏ်များ၊ ကုန်စည်/ဝန်ဆောင်မှုနှင့် ပတ်သက်သည့် တိုင်ကြားလာမှုများအပေါ် ရန်ကုန်တိုင်းဒေသကြီးစားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ ဖြေရှင်းဆောင်ရွက်ခဲ့မှုများ၊ Online Line မှ တစ်ဆင့် ကြော်ငြာရောင်းချနေသည့် ကုန်စည်များအပေါ် နစ်နာမှုမရှိစေရေး စိစစ်ဝယ်ယူကြရန် လိုအပ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အသိပေးကြေညာချက်ကို နိုင်ငံပိုင်သတင်းစာများနှင့် ရုပ်သံမီဒီယာများတွင်လည်း ထည့်သွင်းဖော်ပြထားပြီးဖြစ်သဖြင့် စားသုံးသူများအနေဖြင့် အသိ၊ သတိဖြင့် ဝယ်ယူအသုံးပြုရန်လိုအပ်ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များကလည်း စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများအပေါ် အလေးထား လိုက်နာဆောင်ရွက်သင့်ကြောင်း၊ စားသုံးသူကလည်း မိမိဝယ်ယူသည့် ကုန်စည်/ဝန်ဆောင်မှုအပေါ် သတင်းအချက်အလက်ပြည့်စုံစွာ မေးမြန်းပြီး အညွှန်းပါအတိုင်း ဂရုပြုလိုက်နာရန် လိုအပ်ကြောင်း၊ တိုင်ကြားလာပါက မှန်ကန်သည့်ဖြေရှင်းမှုရရှိနိုင်ရန် အချက်အလက်ပြည့်စုံစွာ သတင်းပေးပို့ရန် လိုအပ်ကြောင်းတို့ကို အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရှိရပါတယ်။

ဟောပြောဆွေးနွေးပွဲသို့ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် အနောက်ပိုင်းခရိုင်ရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ ကမာရွတ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးစီးအရာရှိ၊ ရန်ကုန်တက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် ကထိကများ၊ ကျောင်းသား/သူများ တက္ကသိုလ်အတွင်းရှိ အစားအသောက် ရောင်းချသူများ စုစုပေါင်း ၇၅ ဦး တက်ရောက်ခဲ့ပါတယ်။

အလားတူ ဒီဇင်ဘာလ စတုတ္ထပတ်အတွင်း ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၏ ကြီးကြပ်မှုအောက်ရှိ အရှေ့ပိုင်းခရိုင်တွင်တစ်နေရာ၊ အနောက်ပိုင်းခရိုင်တွင်ငါးနေရာ၊ တောင်ပိုင်းခရိုင်တွင် ၁၁ နေရာ၊ မြောက်ပိုင်း ခရိုင်တွင် ခုနစ်နေရာတို့တွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ ဟောပြောဆွေးနွေးပွဲများနှင့် ကွင်းဆင်းအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**အေးအေးခိုင် (စားသုံးသူ) ရန်ကုန်**

## မြင်းခြံခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၃/၂၀၁၇ ကျင်းပ

မြင်းခြံခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၃/၂၀၁၇ ကိုမြင်းခြံခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ဒီဇင်ဘာလ ၂၁ ရက်က ကျင်းပခဲ့ရာ အဆိုပါ အစည်းအဝေးသို့ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ ဆီစက်လုပ်ငန်းရှင်များနှင့် မြင်းခြံခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများတက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် မြင်းခြံခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဝင်းဦးက အဖွင့်အမှာစကားပြောကြားရာတွင် ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၂/၂၀၁၇ အစည်းအဝေးဆုံးဖြတ်ချက်အရလုပ်ငန်းရှင်တစ်ဦး၏ ဆီစက်ကို ကွင်းဆင်းစစ်ဆေးရာတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ နမူနာ ပေးပို့စစ်ဆေး၍ ဓာတ်ခွဲခန်းအဖြေမရသေးမီ ဈေးကွက်အတွင်းမြေပဲဆီများ ဖြန့်ဖြူးရောင်းချခြင်းကိုရပ်ဆိုင်းပိတ်ပင်ထားခဲ့ပါကြောင်း၊ ယခုအခါအဆိုပါမြေပဲဆီများအား FDA ၏ ဓာတ်ခွဲ စမ်းသပ်မှုအဖြေအရ စားသုံးရန်မသင့်ကြောင်း၊ စစ်ဆေးတွေ့ရှိရသဖြင့် အရေးယူဆောင်ရွက် သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍အတွင်းရေးမှူး ဒေါ်မျိုးသီတာက ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ၂/၂၀၁၇ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက် ပြီးစီးမှုအခြေအနေ၊ ဆီစက်လုပ်ငန်းရှင်၏ ဆီစက်အား အဖွဲ့ဝင်များနှင့် သွားရောက်၍ ထုတ်လုပ်မှုလုပ်ငန်းစဉ်များအား ကွင်းဆင်းစစ်ဆေးမှုအခြေအနေနှင့် စားသုံးရန်မသင့်ဟု ဆုံးဖြတ်ထားသည့် ဆီများအား ဆက်လက်ဆောင်ရွက်မည့်အစီအမံများ၊ သုံးသပ်တင်ပြချက်များနှင့် လုပ်ငန်းရှင်အပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေများအား ရှင်းလင်းဆွေးနွေးတင်ပြခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက အဆိုပါ ဆီစက်ကိစ္စနှင့်စပ်လျဉ်း၍ ဝိုင်းဝန်း ဆွေးနွေးအကြံပြုခဲ့ကြကြောင်း သတင်းရရှိပါသည်။ **မျိုးသီတာ (မြင်းခြံ)**

## ပခုက္ကူမြို့နှင့် ပေါက်မြို့ပေါ်ရှိဈေးများ၊ ကုန်စုံဆိုင်များအားကွင်းဆင်းစစ်ဆေးပြီး ဂန့်ဂေါမြို့နယ်အတွင်း သိမ်းဆည်းရမိသည့် စားသောက်ကုန်များအား မီးရှို့ဖျက်ဆီး

ပခုက္ကူခရိုင် စားသုံးသူရေးရာ ဦးစီးဌာန ဦးစီးမှူးဦးမြင့်ဦးနှင့် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များ၊ မြို့နယ်တာဝန်ခံများ၊ ဝန်ထမ်းများသည် ဒီဇင်ဘာ ၈ ရက်တွင် ပခုက္ကူမြို့ အမှတ် (၂) စည်ပင်သာယာဈေးရှိကုန်စုံဆိုင် ခြောက်ဆိုင်တွင်လည်းကောင်း၊ ၁၂ ရက်တွင် မြို့မဈေးရှိကုန်စုံဆိုင် ၁၀ ဆိုင်တွင်လည်းကောင်း၊ ၁၄ ရက်တွင် ပေါက်မြို့၊ အောင်တံခွန်ရပ်ကွက်အတွင်းရှိ ကုန်စုံဆိုင်ရှစ်ဆိုင်တွင်လည်းကောင်း တားမြစ်စားသောက်ကုန်များရောင်းချမှုရှိ/မရှိ ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပူးပေါင်းအဖွဲ့သည် ပခုက္ကူမြို့ အမှတ် (၂) စည်ပင်သာယာဈေးမှ ကုန်စုံဆိုင် (၆) ဆိုင်တွင် ငရုတ်သီးမှုန့်၊ အကြမ်းမှုန့်၊ အနှစ်မှုန့်၊ အလှော်မုန့်များနှင့် လက်ဖက်များကို FDAမှ နမူနာဝယ်ယူခဲ့ပြီးမြို့မဈေးတွင်လည်း ကွမ်းသီးစိတ် ၃၀ ကျပ်သားအား နမူနာဝယ်ယူခဲ့ပြီး စားသောက်ကုန်များထုတ်ကုန်လုံခြုံ စိတ်ချရမှုရှိစေရန်နှင့် သက်တမ်းလွန် စားသောက်ကုန်များရှိ/မရှိစစ်ဆေးခဲ့ပါသည်။

ဆက်လက်၍ ပေါက်မြို့၊ အောင်တံခွန်ရပ်ကွက်အတွင်းရှိကုန်စုံဆိုင်(၈) ဆိုင်တွင် စားသုံးရန်မသင့်သော လက်ဖက်၊ ဆော့စ်ချဉ်၊ အချိုရည်၊ ချိုချဉ်၊ ငါးပိ၊ ကွမ်းသီး၊ ဂျယ်လီမုန့်မျိုးစုံများအား ထုတ်ကုန်လုံခြုံစိတ်ချရမှု ရှိစေရန်နှင့် သက်တမ်းလွန်စားသောက်ကုန်များရှိ/မရှိ ကွင်းဆင်းစစ်ဆေးခဲ့ပြီး စားသုံးသူများအတွက် ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်များကိုသာ ရွေးချယ်ရောင်းချရန် အသိပညာပေးခဲ့ပြီး ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိသော အချက်(၁၀)ချက်ပါဝင်သည့် လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါသည်။

ထို့ပြင် ပခုက္ကူခရိုင် ဦးစီးမှူး ဦးသန်းဦး ဦးဆောင်သောအဖွဲ့သည် ဂန့်ဂေါမြို့နယ်၊ မြောက်ကုန်းရပ်ကွက်၊ ကန်ရွာနှင့် ကျောတိုက်ရပ်ကွက်ရှိ ကုန်စုံဆိုင်များမှ သိမ်းဆည်းခဲ့သည့် စားသုံးရန်မသင့် စားသောက်ကုန်များအား မီးရှို့ဖျက်ဆီးသည့် အခမ်းအနားကို ဒီဇင်ဘာလ ၂၂ ရက်တွင် ဂန့်ဂေါမြို့နယ် အခြေခံပညာအထက်တန်း ကျောင်းတွင် ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားသို့ ဂန့်ဂေါ ခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်နိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်၊ ဌာန ဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်း သူများ စုစုပေါင်း ၁၁၉၃ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။ **သူဇာကျော် (ပခုက္ကူ)**

## ဂမ်ဘီယာနိုင်ငံ စားသုံးသူ အကာအကွယ်ပေးရေး အသင်းအဖွဲ့က ကောင်းမွန်သောဈေးကွက်နေ့ (Good Market Day) ကျင်းပ

ဂမ်ဘီယာနိုင်ငံရှိ စားသုံးသူ အကာအကွယ်ပေးရေး အသင်းအဖွဲ့သည် အသေးစားလုပ်ငန်းများနှင့် ကုန်သည်များအသင်းနှင့် ပူးပေါင်း၍ ဂျရားမားစားတော်ဆက်တွင် ကောင်းမွန်သောဈေးကွက်နေ့ (Good Market Day) ကို ကျင်းပခဲ့သည်။ အဆိုပါနေ့တွင် ဈေးကွက်အတွင်းမှ သဘာဝဒေသထွက်အစားအစာများ၊ ပြုပြင်ထုတ်လုပ်ပြီး အစားအသောက်များ၊ သဘာဝဒေသထွက်ခန္ဓာကိုယ် ထိန်းသိမ်းသည့် ထုတ်ကုန်များနှင့် လက်မှုထည်များကို ခင်းကျင်းပြသခဲ့ပါသည်။ အဆိုပါပြပွဲနှင့်အတူ စီမံကိန်း၏အခြားလှုပ်ရှားဆောင်ရွက်မှုများအနေနှင့် ဂမ်ဘီယာ တက္ကသိုလ်နှင့် The Partnership for Aflatoxin Control in Africa တို့ ပူးပေါင်း၍ Seminar on Aflatoxin ကို ကျင်းပခဲ့ပါသည်။ ထို့ပြင် ဂမ်ဘီယာ စံချိန်စံညွှန်းအဖွဲ့ကလည်း ဆွေးနွေးပွဲ ကျင်းပခဲ့ရာ တက်ရောက်လာသူများအား ကြက်ဥ၊ ဘဲဥများ၏ စံချိန်စံညွှန်းများ၊ အာဟာရတန်ဖိုးများ၊ အကျိုးကျေးဇူးများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲတွင် လုံခြုံစိတ်ချရမှုရှိပြီး အရည်အသွေးကောင်းမွန်သော အစားအသောက်များကို စားသုံးကြရန် တက်ရောက်လာသူများအား အလေးဂရုပြုမှုမြှင့်တင်နိုင်ရေးအတွက် ပညာရှင်များက ဆွေးနွေးဟောပြောခဲ့ပါသည်။

ကောင်းမွန်သော ဈေးကွက်နေ့ ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ စားသုံးသူတို့၏ ကျန်းမာရေးနှင့် လုံခြုံစိတ်ချရမှုရှိစေရေး ဈေးကွက်အတွင်း လုံခြုံစိတ်ချရမှုရှိသော အစားအသောက်များ ရရှိစေရန်နှင့် စဉ်ဆက်မပြတ် စားသုံးမှုတိုးတက်စေရန်တို့အတွက် ဖြစ်ပါသည်။ ထို့ပြင် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် သမားရိုးကျ လယ်ယာထွက်ကုန်များအစား တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ်သို့ ပြောင်းလဲထုတ်လုပ်နိုင်ရန်နှင့် ပြည်တွင်း အစားအသောက် ပြုပြင်ထုတ်လုပ်သူများနှင့် စက်မှုလုပ်ငန်းများအနေဖြင့် အစိုးရ၏အထောက်အပံ့များ ရရှိစေရန် ဆောင်ရွက်သင့်ကြောင်းကိုလည်း ဆွေးနွေးခဲ့ကြပါသည်။ ကောင်းမွန်သော ဈေးကွက်နေ့အခမ်းအနားအား Consumer International ၏ ရန်ပုံငွေ အထောက်အပံ့ဖြင့်ကျင်းပခဲ့ခြင်းဖြစ်ပါသည်။

**မျိုးမျိုးထိုက် (စားသုံးသူရေးရာဌာနခွဲ၊ နေပြည်တော်)**

# မြန်မာ့ပို့ကုန် တစ်ခေတ်ဆန်းသစ်ကြပါစို့

| ခပ်လျှန်စွမ်း |

ယခင်တစ်ပတ်မှအဆက်

**မြန်မာ့စီးပွားရေးဦးမော့လာစေနိုင်ရေး**

ကျွန်တော် အစနိဒါန်းမှာတင်ပြသလို ကမ္ဘာစစ်ဖြစ်ရခြင်းကလည်း ကုန်သွယ်ရေးအတွက် စားကျက်လုရာကနေ ပေါ်လာတာဖြစ်ပါတယ်။ ဒ့ါကြောင့် ကုန်သွယ်ရေးစကားနဲ့ပြောရရင် "ကုန်သွယ်ရေးမရှိရင် ဘယ်တိုင်းပြည်မှရပ်တည်လို့မရ" ဆိုတဲ့ အဆိုကို ထောက်ခံဆွေးနွေးရခြင်းဖြစ်ပါတယ်။ ကမ္ဘာစစ်နှစ်ခုလုံးမတိုင်မီမှာ ကမ္ဘာ့ခေ ရှင်ကြီးတွေဟာ သူတို့ပို့ကုန်တွေ ဈေးကောင်းရဖို့အတွက် ဈေးကွက်လုခဲ့ကြပါတယ်။ တစ်ဖက်ကလည်း သူတို့ရဲ့ ပို့ကုန် အရည်အသွေးကို အပြိုင်အဆိုင် ထုတ်လုပ်ကြပါတယ်။ အဲဒီအချိန်တုန်းက သူတို့ထုတ်ကုန်တွေ ဈေးကွက်ရရှိဖို့အတွက် အရောင်းမြှင့်တင်ရေးကို ယခုခေတ်လို မီဒီယာတွေ၊ အွန်လိုင်းတွေ မပေါ်သေးတော့ ကြော်ငြာလို့မရသေးဘူးပေ့ါ။ အွန်လိုင်းကြော်ငြာစနစ်မရှိသေးဘူး။ အဲဒါကြောင့်လည်း သူတို့ထုတ်ကုန် ရောင်းအားမြှင့်တင်ဖို့အတားအဆီး ဆူးငြောင့်ခလုတ်ကို ဖယ်ရှားပစ်ဖို့ တစ်ဖက်နဲ့တစ်ဖက် စစ်ခင်းကြတာဖြစ်ပါတယ်။ ဒီနေရာမှာ ဆွေးနွေးလိုတာက အပိုင်းနှစ်ပိုင်းဖြစ်ပါတယ်။ ပထမပိုင်းက မိမိပို့ကုန်ရဲ့ အရည်အသွေးကောင်းမွန်ရေးအပိုင်းနဲ့ ဒုတိယပိုင်းက ဈေးကွက်ရရှိရေးဖြစ်ပါတယ်။

နှစ်ပိုင်းလုံးဟာ ဆက်စပ်မှုရှိပါတယ်။ အရည်အသွေးက ပြိုင်ဘက်ကင်းရင် ဒီပစ္စည်းက ဈေးကွက်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ဂျပန်ကား အထူးသဖြင့် တိုယိုတာအမျိုးအစားဆိုရင်အခြား ဂျပန်ကား အမျိုးအစားတွေက ဈေးကွက်ကို ယှဉ်ပြိုင်လို့မရဘူး။ ခိုင်ခန့်မှု၊ အပိုပစ္စည်းအလွယ်တကူဝယ်ယူလို့ရတာတွေက အားသာချက်တွေ ဖြစ်ပါတယ်။ ယနေ့အထိ တိုယိုတာမော်တော်ကားဆိုရင် မြန်မာနိုင်ငံရဲ့ ဈေးကွက်မှာ အမြဲတမ်း ဦးဆောင်နေဆဲဖြစ်ပါတယ်။ ပို့ကုန်ရဲ့ အရည်အသွေးဟာ ဈေးကွက်ရရှိရေးအတွက် အဓိက ဖြစ်နေပါတယ်။ ဒ့ါကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးက သူတို့ရဲ့ပို့ကုန်ကို သုတေသနပြုလုပ်ဖို့ အချိန်အများကြီးပေးကြတယ်။ ငွေအများကြီး သုံးကြတယ်။ ကောင်းသည်ထက်ကောင်းအောင်ပြုလုပ်ကြတယ်။ ဈေးကွက်ကို လူလွှတ်ပြီး ထောက် လှမ်းခိုင်းကြတယ်။ ပြီးပြီဆိုမှ ကြော်ငြာကြပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံက ဒီစည်းမျဉ်းကို တစ်ခုမှ မလိုက်နာဘူး။ ဒ့ါကြောင့် နံပါတ်(၁) လုပ်ဆောင်ရမှာက ကျွန်တော်တို့ ပို့ကုန်များအတွက် သုတေသနကို ငွေကုန်ကြေးကျခံပြီး လုပ်ရပါမယ်။ ကျွန်တော်တို့ဆီမှာက သုတေသနလုပ်ပါလုပ်ပါဆိုရင် ဖြတ်ညှပ်ကပ်လုပ်ကြတယ်။ သုတေသနစာတမ်းနဲ့ အစည်းအဝေးမှတ်တမ်းက သဲသဲကွဲကွဲမရေးကြဘူး။ သုတေသနရဲ့တန်ဖိုးကို နားမလည်တာလည်းပါမယ်။ တန်ဖိုးမထားတာလည်းပါမယ်။ မိမိထုတ်ကုန်ကို ပိုမိုတိုးတက်အောင် နည်းလမ်းမရှာကြတာလည်း သုတေသနလုပ်ငန်း မလုပ်တာနဲ့ အတူတူပဲဖြစ်ပါတယ်။ တရုတ်နိုင်ငံဆိုရင် သီးနှံရဲ့ မျိုးဗီဇပြောင်းခြင်းကို နှစ်ပေါင်းများစွာ သုတေသနပြုအချိန်ယူပြီး အောင်မြင်တဲ့အခါမှာ သူတို့လယ်သမားတွေ ချမ်းသာကုန်ကြပါတယ်။ တရုတ်နိုင်ငံကလာတဲ့ ပန်းသီးကိုပဲကြည့်ရင် ဩစတြေးလျနိုင်ငံက ပန်းသီးမျိုးကိုယူပြီး မျိုးဗီဇပြောင်းလဲပြီး စိုက်ပျိုးတဲ့အခါမှာ သူတို့နိုင်ငံတင်မက ကျွန်တော်တို့မြန်မာနိုင်ငံမှာပါ ပန်းသီးကို (၁၂) လရာသီ ဝယ်လို့ရနေတာဖြစ်ပါတယ်။ ကျွန်တော်တို့ရော ဘာဖြစ်လို့ မလုပ်နိုင်ရမှာလဲ။ ဒါသုတေသနရဲ့ တန်ဖိုးတွေ ဖြစ်ပါတယ်။

နံပါတ်(၂) အချက်လုပ်ဆောင်ရမှာက ဈေးကွက်သုတေသနကို စနစ်တကျလုပ်ရပါမယ်။ မိမိထုတ်ကုန်ကို ဘယ်နိုင်ငံ၊ ဘယ်သူတွေက၊ ဘယ်လိုစားသောက်ကြလဲ၊ ဘယ်အချိန်မှာ ဝယ်တတ်လဲ၊ ဘယ်လိုနှစ်သက်လဲ၊ ဘယ်လိုတိုးချဲ့ပြီး ပို့ရင်ရနိုင်မလဲ၊ ပြိုင်ဘက်ကဘယ်သူတွေလဲ၊ ပြိုင်ဘက်ကို ဘယ်လိုယှဉ်ပြိုင်ရင်ရမလဲ၊ မိမိ ပြည်တွင်းမှာကောဘယ် လောက်များများရနိုင်မလဲ၊ မိမိပို့ကုန်က စားသုံးသူအတွက်ဘေးကင်းပြီး အရည်အသွေးမြှင့်နိုင်အောင် ဘယ်လိုဆောင်ရွက်ကြမလဲ၊ ပြည်တွင်းမှာ တိုးချဲ့ထုတ်လုပ်ဖို့ ဖြစ်နိုင်လား၊ မိမိထုတ်ကုန်အတွက် ထုတ်လုပ်မှုအဆင့်ဆင့်မှာ နည်းပညာကို ပြောင်းလဲအသုံးပြုနိုင်ပြီလား၊ ဒီအချက်တွေက ဈေးကွက်ကို လွှမ်းမိုးစေတဲ့ အချက်တွေပဲ ဖြစ်ပါတယ်။

နံပါတ်(၃) အချက်လုပ်ဆောင်ရမှာက မိမိထုတ်ကုန်အတွက် မိမိပေးတဲ့ဝန်ဆောင်မှုကောင်းမွန်အောင် လုပ်ရပါမယ်။ ဈေးရောင်းတယ်ဆိုတာ တကယ်တန်းကျတော့ ဝန်ဆောင်မှုပေးနေတာပဲ ဖြစ်ပါတယ်။ နိုင်ငံတကာမှာ ကျင့်သုံးတဲ့ Incoterms တွေဆိုတာ ထုတ်လုပ်ရောင်းချသူရဲ့ ကုန်ပို့ဆောင်မှုဝန်ဆောင်မှုတွေပဲဖြစ်ပါတယ်။ နမူနာအနေဖြင့်ပြရမယ်ဆိုရင် EXW, FAS, FBO, CFR, CIF စတာတွေက ကုန်ပို့ဆောင်ရေး ဝန်ဆောင်မှုစနစ်ရဲ့ အစိတ်အပိုင်းတွေပဲဖြစ်ပါတယ်။ ဝန်ဆောင်မှုကောင်းရင်ကောင်းသလို စားသုံးသူဆီ အဆင်ပြေပြေနဲ့ ရောက်သွားမှာဖြစ်ပါတယ်။ အရေးကြီးတဲ့ ဝန်ဆောင်မှုတစ်ခုကတော့ ထုတ်လုပ်သူရဲ့ စိတ်စေတနာနဲ့ဆိုင်တဲ့ လုံခြုံစိတ်ချစေရမှုဖြစ်ပြီးတော့ စားသုံးသူများကို ကောင်းကျိုးချမ်းသာတွေပေးနိုင်သလို ဆိုးဆိုးရွားရွား ဒုက္ခလည်း ပေးနိုင်ပါတယ်။ ဒါကြောင့် မိမိပို့ကုန်ကိုရေရှည်မှာ စားသုံးသူအကျိုးကိုမျှော်ကိုးပြီး အကောင်းဆုံး ဝန်ဆောင်မှုပေးပြီး ထုတ်လုပ်နိုင်မှ ဈေးကွက်မှာ ခိုင်မြဲနေမှာ ဖြစ်ပါတယ်။ ဝန်ဆောင်မှုဆိုတဲ့အပိုင်းမှာ ထုတ်လုပ်သူရဲ့ အခန်းကဏ္ဍက သိပ်အရေးကြီးပါတယ်။ ကိုယ်ရဲ့ထုတ်ကုန်ကို သူများနဲ့ရေရှည်ပြိုင်နိုင်ဖို့ အရည်အသွေးကို အကောင်းဆုံး ဝန်ဆောင်မှုပေးရပါလိမ့်မယ်။ လတ်တလော အမြတ်အစွန်းတစ်ခုတည်းကို မကြည့်ဘဲ ရေရှည်ကို ထည့်တွက်လေ့ရှိတဲ့ လုပ်ငန်းရှင်တွေသာ အကောင်းဆုံးအနေအထားမှာ ရပ်တည်နေလေ့ ရှိကြပါတယ်။ ဂျပန်နိုင်ငံဟာ လူနေမှုအဆင့်မြင့်ကြောင်း လူတိုင်းသိရှိပြီးဖြစ်ပါတယ်။ အထူးသဖြင့် သူတို့စားသောက်တဲ့ အစားအသောက်ကို စားသုံးသူများအတွက် လုံခြုံစိတ်ချရတဲ့ အစားအသောက်များကိုသာ ထုတ်လုပ်လေ့ရှိကြတယ်။ ထုတ်လုပ်တဲ့အခါမှာ စည်းစနစ်က ခပ်တင်းတင်းထားလေ့ရှိပြီးတော့ ဈေးကလည်း ကြီးမားပါတယ်။ ဒါကြောင့် လုံခြုံစိတ်ချရတဲ့ အစားအသောက်တွေအဖြစ် ကျော်ကြားရတာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ ထုတ်လုပ်မှု တန်ဖိုးကြီးမားပါလေစေ စားသုံးသူအတွက် လုံခြုံစိတ်ချပြီး ရေရှည်ခံနိုင်မယ့် ကုန်ပစ္စည်းများထုတ်လုပ်နိုင်ဖို့ အကောင်းဆုံး ဝန်ဆောင်မှုပေးကြရမှာဖြစ်ပါတယ်။

**စာမျက်နှာ (၃၂) သို့**

# ကုန်သွယ်မှုဆိုင်ရာ အတားအဆီးများနှင့် ကျန်းမာရေးဆိုင်ရာ ဆေးဝါးများ

| မောင်ရင်မောင် |

ယခင်တစ်ပတ်မှအဆက်

**အဓိပ္ပာယ်ဖွင့်ဆိုချက်**

ကျန်းမာရေးသုံးဆေးဝါးနဲ့ ထုတ်ကုန်တွေ ဈေးချိုချိုသာသာနဲ့ ပြည်သူတွေ ဝယ်ယူသုံးစွဲဖို့ အခွန်အခတွေ လျှော့ချဖို့လိုတာနဲ့ ပတ်သက်လာရင် အခွန်အခတွေရဲ့ သဘောကို အရင်ပြောပြလိုပါတယ်။ ပြောရရင် နိုင်ငံအတွင်း ဝင်လာတဲ့ ကုန်ပစ္စည်းတွေအပေါ် အစိုးရက ကောက်ခံတဲ့ အကောက်အခွန်ဆိုင်ရာ ပေးသွင်းရန် ငွေများ (သို့မဟုတ်) အခွန်များအားလုံး ပါဝင်ပါတယ်။ ဒါတွေကတော့ သွင်းကုန်တန်ဖိုးတွေအပေါ် သတ်မှတ်တဲ့ အရိုးရှင်းဆုံး နှုန်းထားတွေလည်း ဖြစ်ပါတယ်။ အလွယ်အားဖြင့် ဥပမာပေးရရင် ဆေးဝါး A ကို နိုင်ငံခြားက တင်သွင်းရာမှာ စက်ရုံဈေးနှုန်းက တစ်ဒေါ်လာ ($1.00)ဖြစ်ပြီး နိုင်ငံတစ်နိုင်ငံကိုရောက်ရင် ၁၀ရာခိုင်နှုန်း အခွန်အခကောက်ခဲ့ရင် ဆေးဝါး A ရဲ့ တန်ဖိုးက ($1.10) ဖြစ်သွားပါမယ်။ ($0.10)ကတော့ တိုင်းပြည်ရဲ့ ဝင်ငွေဖြစ်ပါတယ်။

အခွန်အခမဟုတ်တဲ့ အတားအဆီးတွေ (Non-Tariff Barriers, NTBs)ကလည်း ပြဿနာ တစ်ရပ်ပါပဲ။ ဒီအခွန်အခမဟုတ်တဲ့ အတားအဆီးတွေမှာ အစိုးရက သွင်းကုန်ပစ္စည်းတွေအပေါ် ကန့်သတ်ဖို့ လုပ်တဲ့ လုပ်ငန်းတွေနဲ့ တားမြစ်ဖို့လုပ်တဲ့ လုပ်ငန်းစဉ်တွေ အားလုံး ပါဝင်ပါတယ်။ အထက်မှာဖော်ပြခဲ့တဲ့ အခွန်အခတွေမှ တစ်ပါး အစိုးရရဲ့ ပြဋ္ဌာန်း သတ်မှတ်ချက်များ ဖြစ်ပါတယ်။ NTBs တွေဟာ အသွင်အမျိုးမျိုးနဲ့ ရှိတယ်လို့ ဆိုပါတယ်။ ဒါတွေကတော့ အစိုးရက ကမကထလုပ်ပြီး တင်သွင်းတဲ့ ပစ္စည်းတွေအပေါ် ပြည်တွင်းက မိမိစိတ်ကြိုက် တင်ဒါတင်သွင်းသူတစ်ဦးကို တင်သွင်းစေတာကအစ ကုန်ပစ္စည်းထုပ်ပိုးမှုစနစ်မှာ ရှုပ်ထွေးတဲ့ ဘာသာစကားတွေ ရေးသားဖော်ပြစေပြီး တင်သွင်းခွင့်ပြုတာကအဆုံးများစွာ ပါဝင်တယ်လို့ ဆိုပါတယ်။

အခွန်အခများနဲ့ အခွန်အခမဟုတ်တဲ့ အတားအဆီးတွေနဲ့ ပတ်သက်ရင် နိုင်ငံအတွင်း ထုတ်ကုန် ပစ္စည်းတွေ တင်သွင်းမလာခင်မှာ လိုအပ်တဲ့ စည်းမျဉ်းစည်းကမ်းတွေကို ကြိုတင်သတ်မှတ် စီစဉ်ဆောင်ရွက်ဖို့ လိုပါတယ်။ ဒီလိုလုပ်ငန်းတွေကို စနစ်တကျ ရေးဆွဲဆောင်ရွက်ရင် နိုင်ငံအတွင်းမှာ ထုတ်လုပ်တဲ့ ကုန်ပစ္စည်းတွေကို တစ်ဖက်က တိုးတက်ထုတ်လုပ်နိုင်မှာဖြစ်သလို ပြည်ပကတင်သွင်းတဲ့ ကုန်ပစ္စည်းတွေအပေါ်မှာလည်း အသာစီးရနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် အခွန်အခနဲ့ အခွန်အခမဟုတ်တဲ့ အတားအဆီးတွေဟာ ဆေးဝါးထုတ်ကုန်ပစ္စည်းတွေနဲ့ ပတ်သက်လာရင် (WTO)၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO)၊ ကမ္ဘာ့ကုလသမဂ္ဂ ကုန်သွယ်မှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုညီလာခံ (UNCTAD) တို့ရဲ့ အာရုံစိုက်ခံရတဲ့အကြောင်းအရာများ ဖြစ်ကြပါတယ်။

**ဦးတည်ချက်**

တကယ်တော့ နိုင်ငံတွေအားလုံးဟာ အခွန်အခတွေကို မိမိတို့နိုင်ငံတွင်း ထုတ်လုပ်မှုလုပ်ငန်းတွေ အကျိုးကို ကာကွယ်ရန်၊ နိုင်ငံဝင်ငွေ တိုးတက်ရရှိရန်၊ အခြားနိုင်ငံက မိမိနိုင်ငံအပေါ် ကုန်သွယ်ရေးဆိုင်ရာ စည်းမျဉ်း စည်းကမ်းတွေ ဖောက်ဖျက်ပြီး ထိပါးလာရင် ကာကွယ်တားဆီးဖို့ပြင်ဆင်ပြဋ္ဌာန်း ကောက်ခံလေ့ရှိကြပါတယ်။ သို့သော်လည်း အခွန်အခနဲ့ ပတ်သက်ရင် တစ်ကမ္ဘာလုံးရဲ့ ဦးတည်ချက်လမ်းကြောင်းကတော့ အခွန်အခတွေ လျှော့ချရေးနဲ့ ပယ်ဖျက်ရေးလမ်းကြောင်း ဖြစ်နေပါတယ်။ အခွန်အခတွေ လျှော့ချရတဲ့ အချက်ကတော့ ကုန်သွယ်ရေးမြှင့်တင်ဖို့၊ ယှဉ်ပြိုင်ဖို့နဲ့ ဈေးနှုန်းကျဆင်းရေးပဲ ဖြစ်ပါတယ်။ တချို့သော ဒေသဆိုင်ရာထုတ်လုပ်မှုလုပ်ငန်းအချို့အနေနဲ့ကတော့ ဒီလိုအခြေအနေတွေကို အကျိုးရှိတယ်လို့တော့ ယူဆမှာမဟုတ်ပါဘူး။ ဘာကြောင့်ဆိုတော့ အခွန်အခလျှော့ကျသွားရင် သူတို့အနေနဲ့ အရည်အသွေးကောင်းပစ္စည်းတွေကို ဈေးနှုန်းချိုသာစွာနဲ့ တင်သွင်းလာမယ့် ပြည်ပက ထုတ်လုပ်သူတွေကို ယှဉ်ပြိုင်ကြရမှာ ဖြစ်တယ်လို့ ယူဆကြလို့ ဖြစ်ပါတယ်။

ကျန်းမာရေးကဏ္ဍဘက်က ကြည့်ရင်တော့ အခွန်အခတွေကို လျှော့ချလိုက်ရင် ပြည်သူနဲ့ အစိုးရရဲ့ ဝယ်လိုစွမ်းအား (Purchasing Power) တက်လာပြီး ရောင်းခွန်နှင့် အခြားဆေးဝါးဈေးနှုန်း အစိတ်အပိုင်းတွေကို ထိန်းချုပ်ထားနိုင်မယ်လို့ ဆိုကြပါတယ်။ တစ်ချိန်တည်းမှာပဲ ကျန်းမာရေးစနစ်အတွက် မရှိမဖြစ်လိုအပ်တဲ့ ဆေးဝါးတွေကို ပိုမိုရရှိနိုင်လာမှာ ဖြစ်ပါတယ်။ အချို့ကျတော့ အခွန်အခတွေကို လုံးဝပယ်ဖျက်ပစ်ဖို့ပြင်းထန်စွာ တောင်းဆိုတာလည်း ရှိပါတယ်။

**ဆက်လက်ဖော်ပြပါမည်။**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားကုန်သွယ်မှုဥပဒေနှင့် နိုင်ငံခြား ကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ

|သန်းသန်းနိုင်|

**ယခင်တစ်ပတ်မှအဆက်**

၂၄။ တင်ပို့သည့် စားသောက်ကုန်ထုတ်လုပ်သည့် ကုမ္ပဏီအနေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စားသောက်ကုန် လုံခြုံရေးဥပဒေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သွင်းကုန်/ပို့ကုန်ကုန်ပစ္စည်း ပိုးမွှားကင်းရှင်းကြောင်း ဥပဒေနှင့် အခြားစည်းမျဉ်းစည်းကမ်းများဥပဒေ၊ နည်းဥပဒေများကို ချိုးဖောက်ပါက သတ်မှတ်စည်းမျဉ်းများနှင့်အညီ အရေးယူရမည်။

၂၅။ နိုင်ငံတော်အရည်အချင်းလက်မှတ် ထုတ်ပေးရေးကော်မတီနှင့် ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာန ဝန်ထမ်းများအနေနှင့် မှတ်တမ်းတင်ရာတွင်၊ ကြီးကြပ်မှုလုပ်ငန်းများလုပ်ရာတွင် လုပ်ကိုင်ခွင့်ကို အလွဲသုံးစားလုပ်ခြင်း၊ ကိုယ်ကျိုးစီးပွားရှာခြင်း၊ တာဝန်မယူခြင်းများရှိပါက စည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူခံရမည်၊ အကယ်၍ ဥပဒေကို ချိုးဖောက်ခဲ့သော် တည်ဆဲဥပဒေနှင့်အညီ အရေးယူမည်။

**အပိုင်း (၄)-ပူးတွဲချက်**

၂၆။ တင်ပို့သည့် စားသောက်ကုန်ထုတ်လုပ်သည့် ကုမ္ပဏီအနေနှင့် နိုင်ငံခြားတွင် ကျန်းမာရေးအန္တရာယ် ကင်းရှင်းမှုအတွက် မှတ်ပုံတင်ရမည်ဆိုပါက (မှတ်ပုံတင်ထောက်ခံစာ) ကို သတ်မှတ်ချက်များနှင့်အညီရယူရမည်။ တရုတ်နိုင်ငံနှင့် တင်သွင်းသည့်နိုင်ငံ တောင်းဆိုချက်အရ ကုမ္ပဏီတည်ထားသော ဒေသရှိ ပိုးမွှားကင်းရှင်းကြောင်းစစ်ဆေးရေးဌာနသို့ ကုမ္ပဏီအနေနှင့်တင်ပြရမည်။ ထို့အတူ နိုင်ငံတော်အရည်အချင်း လက်မှတ်ထုတ်ပေးရေးကော်မတီမှ တစ်ပေါင်းတစ်စည်းတည်းစိစစ်ကာ သက်ဆိုင်ရာနိုင်ငံသို့ ထောက်ခံစာ ပေးပို့ရမည်။

၂၇။ ဤစည်းမျဉ်းစည်းကမ်းပါ တင်ပို့သည့် စားသောက်ကုန် ထုတ်လုပ်သည့် ကုမ္ပဏီအနေဖြင့် တင်ပို့သည့် စားသောက်ကုန်ထည့်သွင်းပစ္စည်း၊ စားသောက်ကုန်နှင့်ပတ်သက်သည့် အခြားအရာများ ထုတ်လုပ်သည့်၊ အချောကိုင်သည့်၊ သိုလှောင်သည့် ကုမ္ပဏီကိုမဆိုလိုပါ။

၂၈။ ဟောင်ကောင်၊ မကာအိုသို့ တင်ပို့သည့် စားသောက်ကုန် နယ်စပ်ဈေးတွင်ရောင်းချသည့် စားသောက်ကုန်၊ နယ်စပ်တွင်တင်သွင်း တင်ပို့သည့် စားသောက်ကုန်များအတွက် နိုင်ငံတော် ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာန သတ်မှတ်ချက်ရှိပါက သတ်မှတ်ချက်နှင့်အညီလုပ်ကိုင်ရမည်။

၂၉။ နိုင်ငံတော်အရည်အချင်းကြီးကြပ်ရေးနှင့် ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာနချုပ်ရုံးမှ စည်းမျဉ်းစည်းကမ်းကို တာဝန်ယူရှင်းလင်းသည်။

၃၀။ ဤစည်းမျဉ်းစည်းကမ်းကို ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်မှစ၍ ကျင့်သုံးသည်။ နိုင်ငံတော် အရည်အချင်းကြီးကြပ်ရေးနှင့် ပိုးမွှားကင်းရှင်းကြောင်းစစ်ဆေးရေးဌာနချုပ်ရုံးမှ ၂၀၀၂ ခုနှစ်၊ ဧပြီလ ၁၉ ရက်တွင် ထုတ်ပြန်သော (တင်ပို့သည့် စားသောက်ကုန် ထုတ်လုပ်သည့် ကုမ္ပဏီ မှတ်ပုံတင်ကြီးကြပ်ရေးစည်းမျဉ်းစည်းကမ်း) ကို ရုပ်သိမ်းသည်။

**ဝင်ထွက်မှုပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးစည်းမျဉ်းစည်းကမ်း**

ဝင်ထွက်မှုပိုးမွှားကင်းရှင်းကြောင်းစစ်ဆေးရေးစည်းမျဉ်းစည်းကမ်းကို ထုတ်ပြန်၍ ၂၀၀၀ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်တွင် ထုတ်ပြန်သည်။

**အပိုင်း (၁) အထွေထွေ**

၁။ ဝင်ထွက်မှုပိုးမွှားကင်းရှင်းမှု စစ်ဆေးရေးလုပ်ငန်းများ ထိရောက်စွာ ကျင့်သုံးနိုင်ရန်၊ ဂျူတီဆောင်မှုများ စနစ်တကျရှိစေရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သွင်းကုန်/ပို့ကုန် ကုန်ပစ္စည်းပိုးမွှားကင်းရှင်းရေးဥပဒေနှင့် နည်း ဥပဒေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သွင်းကုန်/ပို့ကုန်သက်ရှိပစ္စည်းပိုးမွှားကင်းရှင်းရေးဥပဒေနှင့် နည်းဥပဒေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စားသောက်ကုန်အန္တရာယ်ကင်းရှင်းရေးဥပဒေ စသည့် ဥပဒေစည်းမျဉ်း စည်းကမ်းများနှင့်အညီ ဤစည်းမျဉ်းစည်းကမ်းများကိုထုတ်ပြန်သည်။

၂။ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဝင်ထွက်မှုပိုးမွှားကင်းရှင်းမှုစစ်ဆေးရန် လျှောက်ထားတင်ပြရာတွင် ဤစည်းမျဉ်းစည်းကမ်းနှင့်လည်း ကိုက်ညီသည်။

၃။ စစ်ဆေးမှုအမျိုးအစား

(က)နိုင်ငံတော်ဥပဒေ၊ နည်းဥပဒေများမှ ဝင်ထွက်မှုပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာန (အောက်တွင် ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာနဟု အတိုကောက်ခေါ်ဆိုမည်၊) မှ ပိုးမွှားကင်းရှင်းမှု စစ်ဆေးရန် တာဝန်ပေးထားသည်များ။

(ခ) တင်သွင်းသည့်နိုင်ငံ (သို့မဟုတ်) ဒေသမှ ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးချက်ထောက်ခံစာ ပါရှိမှသာ တင်သွင်းခွင့်ပြုကြောင်း သတ်မှတ်ထားလျှင်။

(ဂ) နိုင်ငံတကာစည်းမျဉ်းများနှင့်အညီ ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးချက်ထောက်ခံစာပါရှိရမည်။

(ဃ)မူရင်းဌာန ကုန်ပစ္စည်းသက်သေထုတ်ပေးရန်နှင့် မူရင်းဌာနေ ထုတ်လုပ်ကုန်သက်သေထုတ်ပေးရန် လျှောက်ထားလျှင်။

၄။ စစ်ဆေးမှုခံယူမည့်သူအနေနှင့် ရေးသားဖြည့်စွက်ရန် သတ်မှတ်ချက်များနှင့်အညီ ရေးသားရမည် ဖြစ်ပြီး ဝင်ထွက်မှုပိုးမွှားကင်းရှင်းကြောင်းစစ်ဆေးမှုအတွက် တင်ပြရမည့် စာရွက်စာတမ်းများကို တင်ပြရမည်။ ထို့အတူ ပိုးမွှားကင်းရှင်းကြောင်းစစ်ဆေးမှုအတွက် ပေးရမည့် အခွန်အခများကို ပေးဆောင်ရမည်။

ဆက်လက်ဖော်ပြပါမည်။

# ထိုင်းနိုင်ငံ၏ စားသောက်ကုန်နှင့် လယ်ယာထွက်ကုန်များ တင်သွင်းမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စံချိန်စံညွှန်းများ

|ကျော်စိန်ဝင်း(ပြည်တွင်း/ပြည်ပ)|

**ယခင်တစ်ပတ်မှအဆက်**

**ကောင်းမွန်သော ထုတ်လုပ်မှုအလေ့အထများ လိုအပ်ချက်**

ထိုင်းနိုင်ငံရဲ့ Ministerial Notification No. 193, B.E. 2543 (2000) အရ ပြည်တွင်းမှာ ထုတ်လုပ်တဲ့ စားသောက်ကုန်တွေနဲ့ ပြည်ပမှ တင်သွင်းသူတွေအားလုံးအတွက် စားသောက်ကုန်ထုတ်လုပ်မှုနှင့် ထိန်းသိမ်းမှုအတွက် ကိရိယာတန်ဆာပလာနှင့် စားသောက်ကုန် ထုတ်လုပ်မှုနည်းလမ်းများကို ပြဋ္ဌာန်းထားပြီး ယင်းမှာအကျုံးဝင်တဲ့ ထုတ်ကုန် ၅၄ မျိုးရှိပါတယ်။ အဆိုပါထုတ်ကုန်တွေကတော့ မွေးကင်းစကလေးအစားအစာနှင့် မွေးကင်းစနှင့် ကလေးသူငယ်များအတွက် အစားအစာ၊ မွေးကင်းစနှင့် ကလေးများအတွက် ဖြည့်စွက်စာ၊ မွေးကင်းစနှင့် ကလေးများအတွက် ပြုပြင်ထုတ်လုပ်ထားသော နို့၊ ရေခဲ၊ သောက်ရေသန့်၊ အဖျော်ယမကာ၊ ချိပ်ပိတ်အစားအစာ၊ နွားနို့၊ မွေးမြူရေးနွားနို့၊ ရေခဲမုန့်၊ အနံ့အရသာထည့်ထားသော နို့၊ နို့ထွက်ပစ္စည်းများ၊ အစားအစာ ဖြည့်စွက်ပစ္စည်းများ၊ အစားအစာ အရောင်တင်ပစ္စည်းများ၊ အစားအစာတွင် အနံ့အရသာအဖြစ် သုံးသောပစ္စည်းများ၊ sodium cyclamate နှင့်၎င်းပါဝင်သော အစားအစာ၊ ခန္ဓာကိုယ်အလေးချိန်ထိန်းသည့် အစားအစာ၊ လက်ဖက်၊ ကော်ဖီ၊ ငံပြာရည်၊ water by-products from manufacturing of monosodium glutamate၊ သဘာဝကျောက်စက်ရေ၊ ရှာလကာရည်၊ တိရစ္ဆာန်နှင့် ဟင်းသီးဟင်းရွက်မှရသော အဆီနှင့် စားသုံးနိုင်သော ဆီ၊ မြေပဲဆီ၊ မလိုင်၊ ထောပတ်ဆီ၊ ထောပတ်၊ ဒိန်ခဲ၊ ကျွဲနို့မှ ပြုလုပ်သည့်ထောပတ်၊ ထောပတ်တု၊ တစ်ဝက်တစ်ပျက်ဆင့်တက် ပြုပြင်ထားသော စားသောက်ကုန်၊ အချိုသောအချဉ်ရည်များ၊ ဆီအုန်း၊ အုန်းဆီ၊ ဓာတ်ဆားဖျော်ရည်၊ ပဲပိစပ်နို့၊ ချောကလက်၊ ယို၊ ကျောက်ကျော၊ လိမ္မော်ယို၊ အထူးပြုလုပ်ထားသော အစားအစာ၊ ကြက်ဥသံပုရာ၊ ရွှိုင်ရယ်ဂျယ်လီနှင့် ယင်းထွက်ကုန်များ၊ ပဲပိစပ် ကစော်ဖောက် ထားသည့် ထွက်ကုန်များ၊ ပျားရည်၊ fortified rice၊ ဆန်ညိုမှ လုပ်သော ဂျုံမှုန့်၊ အစားအစာတွင် အနံ့အရသာထည့်သည့် ဆားရည်၊ အချဉ်ရည်၊ ပေါင်မုန့်၊ ပီကေနှင့်သကြားလုံး၊ ဆင့်တက်ပြုပြင်ထားသော ကျောက်ကျော၊ ကြက်သွန်ဖြူထွက်ကုန်များ၊ အရသာနှင့် ရနံ့ဖြည့်စွက်ပစ္စည်းများ၊ အေးခဲထားသော စားသောက်ကုန်များ ဖြစ်ကြပါတယ်။

အထက်ပါ စားသောက်ကုန်တွေကို ထိုင်းနိုင်ငံပြည်တွင်းမှာ ထုတ်လုပ်သူတွေဟာ သတ်မှတ်ထားတဲ့ ထုတ်လုပ်မှုနည်းစဉ်တွေကို လိုက်နာရန်လိုအပ်သလို ယင်းကုန်စည်များကို ထိုင်းနိုင်ငံတွင်းသို့ တင်သွင်းမယ့် Importers တွေဟာလည်း မိမိတို့ရဲ့ထုတ်ကုန်တွေဟာ ထိုင်းနိုင်ငံ GMP Law နဲ့ကိုက်ညီတဲ့စားသောက်ကုန်တွေဖြစ်ကြောင်းကို GMP Certificate တင်ပြနိုင်ရမှာ ဖြစ်ပါတယ်။ ထိုင်းနိုင်ငံဥပဒေနဲ့ ကိုက်ညီတဲ့ GMP၊ Codex ရဲ့GMP၊ HACCP နဲ့ ISO 9000 (သို့မဟုတ်) ၎င်းတို့နှင့်အလားတူကိုက်ညီတဲ့ GMP တွေကို ထိုင်းနိုင်ငံက လက်ခံမှာ ဖြစ်ပါတယ်။

**တံဆိပ်ကပ်ခြင်းဆိုင်ရာ လိုအပ်ချက်များ**

**စားသုံးသူထံတိုက်ရိုက်ရောင်းချသော စားသောက်ကုန်များအတွက် တံဆိပ်ကပ်ခြင်း**

စားသုံးသူများထံတိုက်ရိုက်ရောင်းချတဲ့ စားသောက်ကုန်တွေ အတွက် အောက်ဖော်ပြပါ တံဆိပ်ကပ်ခြင်းဆိုင်ရာလိုအပ်ချက်တွေကို ပြည့်မီရမှာဖြစ်ပါတယ်-

- စားသောက်ကုန်၏အမည်
- စားသောက်ကုန်၏ အမှတ်စဉ်
- ထုတ်လုပ်သူ (သို့မဟုတ်) ပြန်လည်ထုပ်ပိုးသူ၏ အမည်နှင့်လိပ်စာ
- မက်ထရစ်စနစ်ဖြင့် ဖော်ပြထားသော စုစုပေါင်းပါဝင်မှု
- အမှုန့်၊ အခြောက်၊ အခဲစသည့် စားသောက်ကုန်များအတွက် စုစုပေါင်းအလေးချိန်
- အရည်ဖြစ်လျှင် စုစုပေါင်းပမာဏ
- Semi-solid (သို့မဟုတ်) semi-liquid ဖြစ်လျှင် စုစုပေါင်း အလေးချိန် (သို့မဟုတ်) စုစုပေါင်းပမာဏ
- ချိပ်ပိတ်ထားသော စားသောက်ကုန်များ ဖြစ်လျှင် စုစုပေါင်းပါဝင်မှုနှင့် အရည်စစ်ထုတ်ပြီး အလေးချိန် (အရည်နှင့် ခွဲထုတ်၍မရသော စားသောက်ကုန်မှအပ)
- မစားသုံးမီ ရောစပ်ရန် (သို့မဟုတ်) ပျော်ဝင်ရန်လိုအပ်သော ထုတ်ကုန်များအတွက် အဓိကပါဝင်ပစ္စည်းများ၏ စုစုပေါင်းရာခိုင်နှုန်း
- တာရှည်ခံအောင်ပြုလုပ်ထားသည် ဟူသော ဖော်ပြချက်
-"သဘာဝဆိုးဆေးအသုံးပြုထားသည်" (သို့မဟုတ်) သဘာဝမဟုတ်သော ဆိုးဆေးအသုံးပြုထားသည် ဟူသော ဖော်ပြချက်
- -သဘာဝရနံ့ထည့်ထားသည် (သို့မဟုတ်) -သဘာဝမဟုတ် သောရနံ့ထည့်ထားသည် ဟူသောဖော်ပြချက်
- "သဘာဝမဟုတ်သော အချိုထည့်ထားသည်" ဟူသော ဖော်ပြချက်
- "သဘာဝမွှေးရနံ့" (သို့) "ဖန်တီးထားသည့်မွှေးရနံ့" ထည့်ထားသည်ဟူသော ဖော်ပြချက်
- ထုတ်လုပ်သည့် ခုနှစ်၊ လ၊ ရက်
- ရက်ပေါင်း ၉၀ ထက်ကျော်လွန်၍ ထိန်းသိမ်းထားနိုင်သည့် စားသောက်ကုန်အတွက် အရည်အသွေးကောင်းမွန်စွာ သုံးစွဲနိုင်မည့် ခုနှစ်၊ လ၊ ရက် ဖော်ပြချက်

ဆက်လက်ဖော်ပြပါမည်။

# အမေရိကန်မှ ဂျပန်နိုင်ငံသို့တင်သွင်းသည့် အမဲသားများအပေါ် ကန့်သတ်ချက်လျှော့ချပေးရန် အစီအစဉ်မရှိဟုဆို

အမေရိကန် ပြည်ထောင်စုမှ တောင်းဆိုလျက်ရှိသည့် အမဲသား တင်သွင်းမှုအပေါ် ကန့်သတ်ချက်များအား လျှော့ချပေးရန် အစီအစဉ်မရှိသေးကြောင်း ဂျပန်နိုင်ငံစိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး Mr. Ken Saito က ပြောကြားခဲ့ပါသည်။

ဂျပန်နိုင်ငံသို့ အမေရိကန်မှ တင်သွင်းသည့် အမဲသားများ တင်သွင်းမှုအပေါ် ကန့်သတ်ထားသည့် အကောက်ခွန်ဆိုင်ရာ အတားအဆီးများကိုလည်း ဖြေလျှော့ပေးရန် စဉ်းစားထားခြင်းမရှိသေးသည့်အတွက် အမေရိကန်ပြည်ထောင်စုနှင့် ဆွေးနွေးညှိနှိုင်းပြီး နားလည်မှုရရှိရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဝန်ကြီးက ပြောကြားခဲ့ပါသည်။ ဂျပန်နိုင်ငံသည် အမေရိကန်နိုင်ငံသို့ အမဲသား အများဆုံး တင်ပို့သည့်နိုင်ငံ တစ်နိုင်ငံဖြစ်ပါသည်။

ပစိဖိတ်ဒေသဖြတ်ကျော်ပူးပေါင်းဆောင်ရွက်မှု (တီပီပီ) သည် ဂျပန်နိုင်ငံ၏ အရေးပါသည့် ကုန်သွယ်မှုမဟာဗျူဟာဖြစ်ပြီး၊ ဂျပန်နှင့် အမေရိကန်အကြားနှစ်နိုင်ငံလွတ်လပ်သော ကုန်သွယ်မှုစာချုပ်ချုပ်ဆိုမှု ဆောင်ရွက်ရန် အစီအစဉ်မရှိကြောင်း ဝန်ကြီးက ပြောကြားခဲ့ပါသည်။

ဆန်ထုတ်လုပ်သူများအား အစိုးရက ထောက်ပံ့ကြေးပေးရာတွင် ဆန်အား အဓိက အစားအစာ ထုတ်လုပ်သူအဖြစ်မှ သမားရိုးကျ အစားအစာ ထုတ်လုပ်သူများအဖြစ် ပြောင်းလဲခဲ့ခြင်းကို ဝန်ကြီးကဆန့်ကျင်ခဲ့ပါသည်။ ထောက်ပံ့ကြေးပေးခြင်းသည် လယ်သမားများအား အကာအကွယ်ပေးခြင်း မဟုတ်ဘဲ ဆန်ထုတ်လုပ်မှုကို ထိန်းသိမ်းခြင်းဖြစ်၍ ဆန်ထုတ်လုပ်မှု ရပ်ဆိုင်းသွားပါက ပြန်လည်ဆောင်ရွက်ရန် အချိန်ယူရမည်ဖြစ်ကြောင်းနှင့် ဂျပန်ပြည်သူများအနေဖြင့် အနာဂတ်မျိုးဆက်များ အစားအစာဖူလုံရေးသည် အဓိကလိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။

ဂျပန်နိုင်ငံအနေဖြင့် အီးယူနှင့် လွတ်လပ်သော ကုန်သွယ်မှု စာချုပ်ညှိနှိုင်းမှုများသည် အပြီးသတ်အဆင့်ထိရောက်ရှိနေပြီး၊ အဆိုပါ ညှိနှိုင်းမှုများအရစိုက်ပျိုးရေးပစ္စည်းများ တင်သွင်းမှုအပေါ် နှစ်ဖက်ဖြေလျှော့မှုများပြုလုပ်ထားပါသည်။ ထို့ကြောင့် ဂျပန်ဘက်မှလည်းစိုက်ပျိုးရေးထွက်ကုန်များကို အီးယူဘက်သို့ တင်ပို့နိုင်ရန်အတွက် ဆောင်ရွက်နိုင်ကြောင်း သိရပါသည်။

**အိအိခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ တိုကျိုမြို့**

# ၂၀၁၈ ခုနှစ်အတွက် ကုန်သွယ်ရေးရည်မှန်းချက်ကို တရုတ်နိုင်ငံ မချမှတ်နိုင်သေး

တရုတ်နိုင်ငံအနေနဲ့နှစ်စဉ်ကျင်းပတဲ့ ကုန်သွယ်မှုညီလာခံအပြီးမှာ ၂၀၁၈ ခုနှစ်အတွက် ကုန်သွယ်ရေး မျှော်မှန်းချက်ပန်းတိုင်ကို မချမှတ်နိုင်သေးဘူးလို့ ထုတ်ပြန်လိုက်ပါတယ်။ ဒါ့အပြင် ၂၀၁၈ ခုနှစ်မှာလုပ်ဆောင်မယ့် ကုန်သွယ်ရေးလုပ်ငန်းတွေပေါ်မှာ နိုင်ငံတကာရဲ့ မမှန်းဆနိုင်တဲ့ သက်ရောက်မှုတွေကျရောက်လာနိုင်တယ်ဆိုတာကိုလည်း သတိပေးလိုက်ပါတယ်။ ဒါကြောင့် ၂၀၁၅ ခုနှစ်အတွက် တရုတ်နိုင်ငံရဲ့ ရည်မှန်းချက်တွေ ချမှတ်တဲ့အခါမှာ ကုန်သွယ်ရေးမျှော်မှန်းချက် ပန်းတိုင်ချမှတ်နိုင်ရေးကို အလေးထား ဆောင်ရွက်သွားမယ်လို့လည်း ထုတ်ပြန်ကြေညာခဲ့ပါတယ်။

တရုတ်နိုင်ငံရဲ့ ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr.Zhong Shan က မိမိတို့အနေနဲ့ ၂၀၁၇ ခုနှစ်အတွက် ချမှတ်ထားတဲ့ ကုန်သွယ်ရေးရည်မှန်းချက်ကိုမပြောင်းလဲဘဲ ၂၀၁၈ ခုနှစ်မှာ ကုန်သွယ်မှုတည်ငြိမ်စွာ တိုးတက်စေဖို့ လုပ်ဆောင်နေတယ်လို့ညီလာခံမှာ ပြောကြားခဲ့ပါတယ်။

၂၀၁၆ ခုနှစ်အတွက် ချမှတ်ခဲ့တဲ့ ပန်းတိုင်ဟာ ကုန်သွယ်ရေးတည်ငြိမ်စွာတိုးတက်ဖို့ အထိန်းအကွပ်မထားရေးဖြစ်ခဲ့ပြီး ၂၀၁၇ ခုနှစ်မှာ နိုင်ငံခြားကုန်သွယ်မှု ခိုင်မာတိုးတက်အောင် ဆောင်ရွက်ရေးကို ရည်မှန်းခဲ့ပါတယ်။ အကောက်ခွန်ရဲ့ထုတ်ပြန်ချက်အရ ၂၀၁၇ ခုနှစ်မှာ ကုန်သွယ်မှုဟာ တည်ငြိမ်စွာတိုးတက်နေပြီး ဇန်နဝါရီနဲ့ နိုဝင်ဘာလကြားမှာ ပို့ကုန်ကဏ္ဍဟာ ၈ ရာခိုင်နှုန်းတိုးတက်ခဲ့ကာ သွင်းကုန် ကဏ္ဍမှာ ၁၇ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရပါတယ်။ ဒါပေမဲ့ ၂၀၁၆ ခုနှစ်အတွက် ကုန်သွယ်ရေးကဏ္ဍရဲ့ နိုင်ငံခြားဝင်ငွေရရှိမှုဟာ ပို့ကုန်ကဏ္ဍမှာ ၇ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး သွင်းကုန်ကဏ္ဍမှာ ၅ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။

ကုန်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးဖြစ်တဲ့ Mr.Ren Hongbin က ၂၀၁၈ ခုနှစ်မှာ တရုတ်နိုင်ငံရဲ့ ပထဝီဝင်နိုင်ငံရေး အခြေအနေအရ ကုန်သွယ်ရေးအခြေအနေဟာ မတည်ငြိမ်မှုတွေရှိလာနိုင်ပြီး မသေချာမှုများစွာနဲ့ ရင်ဆိုင်နေရတယ်လို့ အလွတ်သဘောပြောကြားခဲ့ပါတယ်။ အမေရိကန်နိုင်ငံကလည်း တရုတ်နိုင်ငံရဲ့ပို့ကုန်တင်ပို့မှုကို စုံစမ်းစစ်ဆေးနေဆဲကာလမှာ ပို့ကုန်စုပုံတင်ပို့မှုအတွက် စျေးနှုန်းနှိမ့်ချကန့်သတ်ထားမှုကို ရပ်တန့်ပေးဖို့ငြင်းဆိုလိုက်ကြောင်းကိုတရုတ်နိုင်ငံမှ တရားဝင်ထုတ်ပြန်ထားပါတယ်။

ဆက်လက်ပြီး Mr.Ren Hongbin က တရုတ်နိုင်ငံဟာ ၂၀၁၇ ခုနှစ်ရဲ့ ကုန်သွယ်ရေးတိုးတက်မှုကဲ့သို့ ၂၀၁၈ ခုနှစ်မှာ တိုးတက်နိုင်ဖို့ ခက်ခဲတယ်လို့ပြောကြားခဲ့ပေမယ့် ကမ္ဘာ့စီးပွားရေး ပြန်လည်ကောင်းမွန်လာမှုနဲ့တရုတ်နိုင်ငံရဲ့ ကုန်သွယ်ရေး စီမံချက်တွေကြောင့် ၂၀၁၈ ခုနှစ်မှာကုန်သွယ်ရေး ကောင်းလာနိုင်တဲ့ အလားအလာတွေရှိတယ်ဆိုတာကို ထပ်လောင်းပြောကြားသွားပါတယ်။

ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးကတော့ ၂၀၁၈ ခုနှစ်အတွက် ကုန်သွယ်ရေးပန်းတိုင်ကိုဖော်ဆောင်နိုင်ဖို့အတွက် လက်ရှိမူဝါဒကို ဆက်လက်အကောင်အထည်ဖော်မယ်လို့ ပြောခဲ့ပါတယ်။ အဲဒီမူဝါဒတွေထဲမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဖိတ်ခေါ်ရန်၊ ပြည်တွင်းလုပ်ငန်းရှင်များနိုင်ငံရပ်ခြားတွင် စနစ်တကျရင်းနှီးမြှုပ်နှံနိုင်ရေး ကူညီပေးရန်၊ တရုတ်နိုင်ငံရဲ့ ကုန်သွယ်ရေးတိုးတက်စေဖို့ စီမံချက်တစ်ခုဖြစ်တဲ့ ပိုးလမ်းမကြီးတစ်လျှောက် ဆက်စပ်နိုင်ငံများနဲ့ ပူးပေါင်းကုန်သွယ်ရန် စသည်တို့ပါဝင်ပါတယ်။

Mr.Zhong Shan က ၂၀၁၅ ခုနှစ်မှာ တရုတ်နိုင်ငံရဲ့ကုန်သွယ်မှု အင်အားကြီးလာဖို့ဟာ နိုင်ငံရဲ့အခြေခံရည်မှန်းချက်ဖြစ်ကြောင်းနဲ့ နောက် ငါးနှစ်တာကာလမှာကုန်သွယ်ရေး ဝန်ကြီးဌာနအနေနဲ့ စားသုံးသူများ ကဏ္ဍကို ပိုမိုအလေးထားရန်၊ နိုင်ငံတကာ ကုန်သွယ်မှုမှာ အားကောင်းစွာ ယှဉ်ပြိုင်နိုင်ရန်နဲ့ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေ ညီမျှမှုရှိရန် လုပ်ဆောင်မှာ ဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။

**ကြည်သာသစ်နိုင်**

# တရုတ်နိုင်ငံမှ ပို့ကုန်သွင်းကုန်အချိုး မျှတစေရန်အတွက် သွင်းကုန် မြှင့်တင်ရေးဆောင်ရွက်လျက်ရှိ

တရုတ်နိုင်ငံသည် ပို့ကုန်သွင်းကုန် အချိုးမျှတမှုကို မြှင့်တင်ရန်အတွက် အချို့သော သွင်းကုန်ပစ္စည်းများအပေါ်တွင် ကောက်ခံသည့် သွင်းကုန်အခွန်များအား ဖယ်ရှားခဲ့ပြီးသွင်းကုန်မြှင့်တင်ရေး ဆောင်ရွက်ရန် အတည်ပြုခဲ့ပါသည်။

တရုတ်နိုင်ငံသည် လွတ်လပ်သော ကုန်သွယ်မှုဇုန်များကို တိုးချဲ့သွားမည်ဖြစ်ပြီး နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများကို ထိရောက်သော နည်းလမ်းများဖြင့် ကူညီဆောင်ရွက်သွားမည်ဟု ဒီဇင်ဘာ ၂၀ ရက်တွင် ကျင်းပခဲ့သော ဗဟိုစီးပွားရေး အလုပ်အမှုဆောင် ညီလာခံအပြီးတွင် ထုတ်ပြန်ခဲ့သည်။

ဗဟိုစီးပွားရေး အလုပ်အမှုဆောင် နှစ်ပတ်လည်ညီလာခံတွင် ယခုနှစ်လုပ်ငန်းများကို ပြန်လည်ဆန်းစစ်ပြီး နောက်လာမည့်နှစ်များတွင် စီးပွားရေးလုပ်ငန်းများတိုးတက်ရန်လမ်းစဉ်များ ချမှတ်ခဲ့ပါသည်။ အဆိုပါညီလာခံ၏ ကြေညာချက်အရ နိုင်ငံခြားသားများအတွက် တားမြစ်ကန့်သတ်ထားသော လိုင်စင်လျှောက်ထားရန် လိုအပ်သည့်ကုန်ပစ္စည်း အမယ်များအား သတ်မှတ်ရန် တွန်းအားပေးခဲ့ပါသည်။

လိုင်စင်လျှောက်ထားရန် လိုအပ်သော ကုန်ပစ္စည်းအမယ်များကို တဖြည်းဖြည်း လျှော့ချပေးမှာဖြစ်ပြီး ၎င်းနှင့်သက်ဆိုင်သော ဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့် ဉာဏဆိုင်ရာ မူပိုင်ခွင့် ကာကွယ်စောင့်ရှောက်မှုများအား မြှင့်တင်အားပေးမည်ဖြစ်သည်။

တရုတ်နိုင်ငံ ကွန်မြူနစ်ပါတီ ကွန်ဂရက်၌ တရုတ်နိုင်ငံသည် စီးပွားရေး ပြတင်းပေါက်များကို ပိတ်ထားမှာမဟုတ်ဘဲ ပိုမိုဖွင့်လှစ်ပေးမည်ဟု ပြောရေးဆိုခွင့်ရှိသူများက အလေးထား ပြောကြားခဲ့ပါသည်။

အမေရိကန် အကျိုးဆောင်အေဂျင်စီများကို ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများ လာရောက်လုပ်ဆောင်ရန်၊ တရုတ်နိုင်ငံဘဏ်လုပ်ငန်းများ၌ နိုင်ငံခြားသား ပိုင်ဆိုင်ခြင်း ကန့်သတ်မှုများကို ဖယ်ရှားရန်နှင့် လုံခြုံရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုအပေါ် ကန့်သတ်ချက်များအား မြှင့်တင်ရန် တရုတ်နိုင်ငံက ကတိပြုခဲ့ပါသည်။

ညီလာခံမှ ဆုံးဖြတ်ချက်များသည် အရှိန်အဟုန်ဖြင့် အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ခြင်းထက် အရည်အသွေး ဦးစားပေးသော ဖွံ့ဖြိုးတိုးတက်ခြင်းကို အကျိုးသက်ရောက်မှုများ ရှိစေမည်ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းများ ချမှတ်ခြင်း၊ စီပွားရေးမူဝါဒများ ချမှတ်ခြင်းနှင့် ယခုလက်ရှိ အခြေအနေကို လေ့လာပြီး နောင်လာမည့်ကာလများအတွက် ကျယ်ပြန့်သောစီးပွားရေးနည်းလမ်းများ ချမှတ်ခြင်းများသည် အရည်အသွေး ဦးစားပေးသော ဖွံ့ဖြိုးတိုးတက်ခြင်း၏ အခြေခံကျသော လိုအပ်ချက်များဖြစ်ပါသည်။

တရုတ်အစိုးရသည် ယခုနှစ်တွင် GDP ၆ ဒသမ ၅ ရာခိုင်နှုန်းရှိမည်ဟုခန့်မှန်းထားသော်လည်း ပထမသုံးလပတ်အတွင်းမှာပင် GDP ၆ ဒသမ ၉ ရာခိုင်နှုန်းထိ တိုးတက်လာခဲ့ပါသည်။

**အောင်ကိုကို**

# ဘရာဇီးနိုင်ငံမှ အီးယူနိုင်ငံများသို့ ငါးတင်ပို့မှုအား ယာယီဆိုင်းငံ့ထား

ဘရာဇီးနိုင်ငံအနေဖြင့် အီးယူနိုင်ငံများသို့ ငါးတင်ပို့မှုများကို ယာယီဆိုင်းငံ့ထားမည်ဟု ဘရာဇီးနိုင်ငံ စိုက်ပျိုးမွေးမြူရေးနှင့် ထောက်ပံ့ပေးရေး ဝန်ကြီးဌာနမှ ဒီဇင်ဘာလ ၂၆ ရက်က ထုတ်ပြန်ကြေညာခဲ့ပါသည်။

ဘရာဇီးနိုင်ငံ ငါးတင်ပို့မှုပိတ်ဆို့ခြင်းအပေါ် ကာကွယ် တားဆီးရန်အတွက် အီးယူကအစီအမံများ ကြိုတင်ဆောင်ရွက်ခဲ့ပြီး ငါးတင်ပို့မှုယာယီဆိုင်းငံ့ခြင်းကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၃ ရက်တွင် စတင်အသက်ဝင်မည်ဟု စိုက်ပျိုးမွေးမြူရေးနှင့် ထောက်ပံ့ပေးရေး ဝန်ကြီးဌာန၏ ထုတ်ပြန် ကြေညာချက်အရ သိရပါသည်။

ဘရာဇီးနိုင်ငံ ငါးမွေးမြူရေးကဏ္ဍအား အီးယူက စက်တင်ဘာလအတွင်း စစ်ဆေးဆောင်ရွက်ခဲ့ပြီး ငါးမွေးမြူရေးနှင့် ငါးဖမ်းယူခြင်းလုပ်ငန်းစဉ်များအားသီးခြားခွဲမထားရန် ဝေဖန်ခဲ့သည်။

ဘရာဇီးနိုင်ငံအနေဖြင့် အီးယူသို့ ငါးတင်ပို့မှုယာယီ ဆိုင်းငံ့ထားခြင်းနှင့်အတူ ကြိုတင်ပြင်ဆင်မှုအစီအမံများကို ချမှတ် ဆောင်ရွက်သွားမည်ဟုဆိုသည်။

ဘရာဇီးနိုင်ငံ၏ ငါးတင်ပို့မှုပမာဏသည် ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၈ သန်းအထိရှိခဲ့သည်ဟု စိုက်ပျိုးမွေးမြူရေးနှင့် ထောက်ပံ့ပေးရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်အရ သိရပါသည်။

**အောင်ကိုကို**

**စာမျက်နှာ (၃၀) ➤➤➤ မြန်မာ့ပို့ကုန် တစ်ခေတ်ဆန်းသစ်ကြပါစို့. . . . မှအဆက်**
**နီဂုံးချုပ်**

အထက်ပါအကြောင်းရာများဟာ ကျွန်တော်တို့နိုင်ငံ စီပွားရေးဖွံ့ဖြိုးတိုးတက်စေချင်လွန်းလို့ အကြံပေးခြင်း ဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံတွေနဲ့ယှဉ်တဲ့အခါမှာ ကျွန်တော်တို့မှာ အမြဲတမ်းရှုံးနိမ့်နေတာကို တွေးတွေးမိတဲ့အခါ နောက်ဆုံးစီးပွားရေးမှာ နောက်ကျလို့ဆိုတဲ့ အဖြေသွားတွေ့ပါတယ်။ လက်ရှိအနေအထားမှာလည်း စက်မှု မထွန်းကားသေးတော့ စိုက်ပျိုးရေးကို အခြေခံတဲ့ပို့ကုန်နဲ့ နိုင်ငံခြားငွေရှာနိုင်ဖို့ ကောင်းမယ်လို့ မြင်တဲ့အကြောင်း အချက်များကို တင်ပြလိုရင်းဖြစ်ပါတယ်။ ဒါကြောင့် အကောင်းဆုံးလုပ်ဆောင်ချက်တွေလုပ်နိုင်ဖို့ ကျွန်တော်တို့ တစ်ဦးချင်းရဲ့ ကိုယ်ရည်ကိုယ်သွေး မြှင့်တင်ကြဖို့လိုအပ်ပါတယ်။ ကိုယ်ရည်ကိုယ်သွေး မြှင့်တင်ခြင်းဟာ အခြေခံလိုအပ်ချက်ဖြစ်သလို ကျန်တဲ့တိုးတက်ရေးလုပ်ငန်းစဉ်တွေဟာလည်း ဒီအချက်ပေါ်မှာ တည်မှီနေတာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာပို့ကုန် တစ်ခေတ်ဆန်းသစ်နိုင်ဖို့ တစ်ဦးချင်းအရည်အသွေးမှအစ လုပ်ငန်းစဉ်တစ်ခုလုံးမှ အရည်အသွေးတွေကိုပါ မြှင့်တင်ကြပါစို့လို့ တိုက်တွန်းလိုက်ရပါတယ်။

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ၂၀၃၅ ခုနှစ်တွင် ကုန်သွယ်မှု၌ ကမ္ဘာ့အင်အားကြီးနိုင်ငံဖြစ်ရန် တရုတ်မျှော်မှန်း

တရုတ်သည် ၂၀၃၅ ခုနှစ်တွင် နိုင်ငံတကာ ကုန်သွယ်မှု၌ ကမ္ဘာ့အင်အားအကြီးဆုံးနိုင်ငံဖြစ်ရန် မျှော်မှန်းထားပြီး ကုန်စည်နှင့် ဝန်ဆောင်မှုတွင် အရည်အသွေး မြှင့်တင်ခြင်း၊ Inbound/Outbound ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း စသည့် လက်ရှိပြုပြင်ပြောင်းလဲမှုနှင့် ကုန်သွယ်မှုပုံသဏ္ဌာန်ပြောင်းလဲမှုများကို ဆက်လက်အရှိန်မြှင့်တင်မည်ဖြစ်ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောကြားပါသည်။

အဆိုပါ ရည်မှန်းချက်ပြည့်မီစေရန် ၂၀၂၀ ပြည့်နှစ်မတိုင်မီ တရုတ်၏ အဓိက ကုန်သွယ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်မည်ဖြစ်ကြောင်း၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတွင် ပြည်တွင်း အရင်းအမြစ်များအား ထိရောက်စွာအသုံးချမည်ဖြစ်ပြီး တရုတ်ကုမ္ပဏီများအား ပြည်ပသို့သွားရောက် ရင်းနှီးမြှုပ်နှံမှုကိုလည်း ဆက်လက်အားပေးမည်ဖြစ်ကြောင်း သိရပါသည်။ ၂၀၁၈ ခုနှစ်တွင် International Imports Exhibition ကို ရှန်ဟိုင်းတွင် ကျင်းပပေးမည်ဖြစ်သည့်အပြင် လာမည့် ငါးနှစ်အတွင်း နိုင်ငံတကာကုန်သွယ်မှုတွင် လွတ်လပ်သောကုန်သွယ်မှုသဘောတူစာချုပ်များ ဆက်လက်ချုပ်ဆိုနိုင်ရန်အတွက် အလေးပေးမည်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ်တွင် တရုတ်ကို နိုင်ငံတကာကုန်သွယ်မှုတွင် အရေးပါသည့်နိုင်ငံဖြစ်လာစေရန် ရည်မှန်းထားသော်လည်း ပြည်တွင်းလုပ်သားခကြီးမြှင့်ခြင်း၊ သဘာဝပတ်ဝန်းကျင်ညစ်နွမ်းမှု၊ နည်းပညာအခက်အခဲနှင့် အချို့နိုင်ငံများ၏ ကုန်သွယ်မှုဆိုင်ရာ အကာအကွယ်ပေးမှုဆိုင်ရာ ကိစ္စရပ်များအား ဖြေရှင်းရန်လိုအပ်နေကြောင်း ဖော်ပြထားပါသည်။ ကုန်သွယ်မှုအင်အားကြီးနိုင်ငံဖြစ်စေရန် အဓိကအားဖြင့် ကမ္ဘာ့ထိပ်တန်း ကုမ္ပဏီကြီးများ တရုတ်သို့ ဆက်လက်ဝင်ရောက် ရင်းနှီးမြှုပ်နှံရန်လိုအပ်ပြီး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတွင် မူဝါဒဖြေလျှော့ဆောင်ရွက်မှုများ၊ အခြေခံအဆောက်အအုံ ခိုင်မာမှုနှင့် ခေတ်မီသည့် ကွန်ရက်ဆက်သွယ်မှုများအား ဂရုပြုရန် ဆက်လက်ဖော်ပြထားပါသည်။ တရုတ်၏ ပြည်ပကုန်သွယ်မှုပမာဏမှာ ဇန်နဝါရီလမှ နိုဝင်ဘာလအထိ တရုတ်ယွမ် ၂၅ ဒသမ ၁၄ ထရီလီယံ (အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ ထရီလီယံ) ရှိခဲ့ပြီး ယခင်နှစ်ထက် ၁၅ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း အကောက်ခွန်ဌာနက ထုတ်ပြန်ထားပါသည်။ တရုတ်အနေဖြင့် ကုန်စည်အချို့အပေါ် အကောက်ခွန်လျှော့ချမှုများ ဆက်လက်ပြုလုပ်မည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းဖြေလျှော့မှုများ၊ Negative List များ ဆက်လက်လျှော့ချပေးမည်ဖြစ်ကြောင်း သိရပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

## WTO ဝန်ကြီးအဆင့် အစည်းအဝေးငယ်တစ်ခုကို လာမည့်နှစ် ဖေဖော်ဝါရီလတွင် အိန္ဒိယက လက်ခံကျင်းပမည်

(၁၁) ကြိမ်မြောက် WTO ဝန်ကြီးအဆင့် အစည်းအဝေးကို ဗျူနိုအေးရီးစ်မြို့၌ မကြာသေးမီက ကျင်းပပြီးစီးခဲ့ပြီဖြစ်ရာ စားနပ်ရိက္ခာဖူလုံရေးနှင့် အခြားသောကိစ္စရပ်များဆိုင်ရာ အထောက်အပံ့များ စုစည်းနိုင်ရန်အတွက် လာမည့်နှစ် ဖေဖော်ဝါရီလတွင် WTO အဖွဲ့ဝင်နိုင်ငံပေါင်း ၃၀ မှ ၄၀ ထိ ပါဝင်တက်ရောက်မည့် ဝန်ကြီးအဆင့် အစည်းအဝေးငယ်တစ်ခုကို အိန္ဒိယနိုင်ငံက လက်ခံကျင်းပရန်စီစဉ်နေကြောင်း အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီး Suresh Prabhu က ပြောကြားခဲ့သည်။ သို့သော် ယင်းအစည်းအဝေးနှင့်စပ်လျဉ်း၍ အစီအစဉ်အသေးစိတ်ကိုမူ ပြောကြားခဲ့ခြင်းမရှိကြောင်း သိရှိရပါသည်။

WTO အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုလွယ်ကူ ချောမွေ့စေရေး တွန်းအားပေးဆောင်ရွက်ရေး၊ e-commerce အတွက် စည်းမျဉ်းများပြင်ဆင်ရေးဆွဲရေး၊ ကျားမတန်းတူရှိမှု အခြေအနေများ မြှင့်တင်ရေးနှင့် ရေလုပ်ငန်းတွင် ထောက်ပံ့ကြေးများလျှော့ချရေးတို့ကို အကောင်အထည်ဖော်ရန်အတွက် လိုအပ်သည်များအားပြင်ဆင်ရန် ဖွံ့ဖြိုးပြီးနိုင်ငံများက အုပ်စုဖွဲ့နေခိုက် အဆိုပါအစည်းအဝေးကို အိန္ဒိယအနေဖြင့် အဆိုပြုကျင်းပခြင်းဖြစ်နိုင်ကြောင်း သိရှိရပါသည်။

Suresh Prabhu က အိန္ဒိယနှင့် အီးယူအကြား FTA နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးများနှင့် ဆွေးနွေးလျက်ရှိကြောင်း ပြောကြားခဲ့ပြီး၊ အီးယူဈေးကွက်သည် အိန္ဒိယ အထည်အလိပ်ကဏ္ဍအတွက် ကြီးမားသည့်ဈေးကွက်ဖြစ်ကြောင်း၊ အိန္ဒိယအနေဖြင့် အသစ်လက်မှတ်ရေးထိုးမည့် FTA တိုင်းအတွက် စံလုပ်ထုံးလုပ်နည်းတစ်ရပ် ထားရှိနိုင်ရေး ရေးဆွဲနေကြောင်း၊ အီးယူနှင့်သာမက ကနေဒါ၊ ဩစတြေးလျနိုင်ငံတို့နှင့် FTA စာချုပ်များချုပ်ဆိုနိုင်ရေးအတွက်လည်း ဆွေးနွေးနေကြောင်း ၎င်းက ပြောကြားခဲ့ပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ နယူးဒေလီမြို့**

## Make in India အစီအစဉ်ကို အားပေးမြှင့်တင်ရန်အတွက် လျှပ်စစ်ပစ္စည်းများအပေါ် သွင်းကုန်ခွန်များကို အိန္ဒိယအစိုးရက တိုးမြှင့်ကောက်ခံ

အိန္ဒိယအစိုးရသည် လျှပ်စစ်ပစ္စည်းများ တင်သွင်းမှုအပေါ် သွင်းကုန်ခွန်များကို ဖေဖော်ဝါရီလ ၁၄ ရက်က တိုးမြှင့်သတ်မှတ်လိုက်ရာ မိုဘိုင်းဖုန်း၊ တယ်လီဗေးရှင်း၊ ဒစ်ဂျစ်တယ်ကင်မရာ၊ မိုက်ခရိုဝေ့မီးဖိုများနှင့် LED မီးလုံးများအပါအဝင် အခြားသော လျှပ်စစ်ပစ္စည်းအများအပြားကို ပြည်ပမှတင်သွင်းရာ၌ ကုန်ကျစရိတ် ပိုမိုကြီးမြင့်လာမည်ဖြစ်ကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ သွင်းကုန်ခွန်တိုးမြှင့်လိုက်သည့်အတွက် အိန္ဒိယနိုင်ငံတွင် iPhone ကဲ့သို့ ပြည်ပမှတင်သွင်းရသည့် Apple ကုမ္ပဏီထုတ်ပစ္စည်းများမှာ ပိုမိုဈေးကြီးလာမည်ဖြစ်ကာ ပြည်တွင်းထုတ် Samsung ပစ္စည်းများနှင့် နှိုင်းယှဉ်ပါက ဈေးကွာဟမှုပိုများလာမည်ဖြစ်ကြောင်း၊ သွင်းကုန်ခွန်တိုးမြှင့်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ Apple ကဲ့သို့သော ကုမ္ပဏီများအနေဖြင့် အိန္ဒိယနိုင်ငံ၌ထုတ်လုပ်မှုများ လာရောက်ပြုလုပ်လာစေရန်နှင့် အစိုးရ၏ Make in India အစီအစဉ်ကို အားပေးမြှင့်တင်ရန်အတွက်ဖြစ်ကြောင်း သိရှိရပါသည်။

လတ်တလော ထုတ်ပြန်လိုက်သည့် သွင်းကုန်ခွန်နှုန်းထားများအရ မိုဘိုင်းဖုန်းများ တင်သွင်းရာ၌ ယခင်က အခြေခံသွင်းကုန်ခွန် ၁၀ ရာခိုင်နှုန်းသာရှိရာမှ ၁၅ ရာခိုင်နှုန်း တိုးမြှင့်သတ်မှတ်လိုက်ပြီး တယ်လီဗေးရှင်းများ တင်သွင်းမှုအတွက် ယခင်သွင်းကုန်ခွန် ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းသို့ တိုးမြှင့်သတ်မှတ်လိုက်ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ နယူးဒေလီမြို့**

# မြန်မာနိုင်ငံကုမ္ပဏီများဥပဒေသည် နိုင်ငံ၏စီးပွားရေးကို တိုးတက်စေရန်ရည်ရွယ်သည်ဟု အိုင်အမ်အက်ဖ်က သုံးသပ်

မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ကိုင်ရန်ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုအညွှန်းကိန်းသည် ကျဆင်းနေသည်ဟု မကြာသေးမီက ဆောင်ရွက်ခဲ့သည့်လေ့လာမှုများက ဖော်ပြကြသော်လည်း ယခုပြဋ္ဌာန်းလိုက်သည့် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအသစ်ကြောင့် တိုင်းပြည်စီးပွားရေးသည် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိလာနိုင်ကြောင်း အိုင်အမ်အက်ဖ်က သုံးသပ်ခဲ့သည်။

ပြည်တွင်းကုမ္ပဏီများ၏အကျိုးစီးပွားကို ထိခိုက်စေမှုမရှိဘဲ မြန်မာကုမ္ပဏီများတွင် နိုင်ငံခြားကုမ္ပဏီများ ပိုမိုပါဝင်လာစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအသစ်ကို ရေးဆွဲ ထုတ်ပြန်ခဲ့ပါကြောင်း၊ အဆိုပါဥပဒေအသစ်သည် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လတွင် စတင်အသက်ဝင်လာမည်ဖြစ်ပြီး ယင်းနောက်ပိုင်း၌ ပြည်တွင်းသို့နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ သိသိသာသာ စီးဝင်လာနိုင်ကြောင်း၊ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအသစ်အတွက် လိုအပ်သောနည်းဥပဒေ ထုတ်ပြန်ခြင်းနှင့် အွန်လိုင်းမှတ်ပုံတင်မှုလုပ်ငန်းစဉ်များကို ရေးဆွဲလျက်ရှိရာ၌ အမေရိကန် ကုမ္ပဏီတစ်ခု၏အကူအညီဖြင့် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လကုန်တွင် အပြီးသတ်နိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေအသစ်အရ ကုမ္ပဏီများဖွဲ့စည်းမှုအတွက် ပြည့်စုံမှန်ကန်သော သတင်းအချက်အလက်များကို ထောက်ပံ့ပေးရန်အတွက် ပထမဦးစွာ ရုံးဝန်ထမ်းများကို လိုအပ်သောလေ့ကျင့် သင်တန်းများပေးမည်ဖြစ်ကြောင်း၊ ကုမ္ပဏီမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ် တစ်ခုလုံးကို အွန်လိုင်းဖြင့် အပြီးဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောကြားခဲ့သည်။

ယခင် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအဟောင်းအရ မြန်မာကုမ္ပဏီတွင် နိုင်ငံခြားသားလုပ်ငန်းရှင်၏ အစုရှယ်ယာတစ်စုပါဝင်သည်ဖြစ်စေနိုင်ငံခြား ကုမ္ပဏီအဖြစ်သတ်မှတ်ထားပြီး ဥပဒေအသစ်သည် နိုင်ငံခြားသားလုပ်ငန်းရှင်၏ အစုရှယ်ယာပါဝင်မှုကို ၃၅ ရာခိုင်နှုန်းအထိ ခွင့်ပြုပေးမည့်အပြင် မြန်မာကုမ္ပဏီတစ်ခုအနေဖြင့် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ခွင့်ရရှိမည်ဖြစ်ကြောင်း၊ ဥပဒေအသစ်သည် မြန်မာကုမ္ပဏီနှင့် နိုင်ငံခြားကုမ္ပဏီတို့၏ အကျိုးတူပူးပေါင်းဆောင်ရွက်မှုတိုးတက်လာရေးကို တွန်းအားပေးမည်ဖြစ်ကြောင်း နေ့ရှင်းသတင်းစာတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအဟောင်းအရ ပုဂ္ဂလိကကုမ္ပဏီတစ်ခုထူထောင်ရန်အတွက် လူနှစ်ဦးလိုအပ်ပြီး အများပိုင်ကုမ္ပဏီတစ်ခုထူထောင်ရန်အတွက် လူခုနစ်ဦးလိုအပ်သည်။ သို့သော် ဥပဒေအသစ်တွင်မူ ပုဂ္ဂလိကကုမ္ပဏီတစ်ခု ထူထောင်ရန်အတွက် လူတစ်ဦးသာလိုအပ်ပြီး အများပိုင်ကုမ္ပဏီတစ်ခုထူထောင်ရန်အတွက် လူသုံးဦးသာ လိုအပ်သည်။

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအသစ်သည် SMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ပေးမည့်အပြင် မိသားစုပိုင်စီးပွားရေးလုပ်ငန်းများနှင့် စတင်တည်ထောင်စ လုပ်ငန်းများသည် ကုမ္ပဏီကြီးများအထိ ဖြစ်လာနိုင်ကြောင်း၊ ရိုးရှင်းလွယ်ကူသော စည်းမျဉ်းစည်းကမ်းများကြောင့် ကုန်ကျစရိတ်ကို လျှော့ချပေးပြီး တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသည့်စီးပွားရေးလုပ်ငန်းအများအပြားသည်လည်း တရားဝင်မှတ်ပုံတင်လာကြ၍ စီးပွားရေးလုပ်ငန်းဆိုင်ရာ အချက်အလက်များသည် တိကျမှန်ကန်လာမည်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအသစ်အရ ပြည်တွင်းကုမ္ပဏီများသည် နိုင်ငံခြားကုမ္ပဏီများနှင့် အလွယ်တကူပင် အကျိုးတူပူးပေါင်း ဆောင်ရွက်လာနိုင်ပြီး ရင်းနှီးငွေများ တိုးတက်လာခြင်းနှင့် နည်းပညာ လွှဲပြောင်းရယူနိုင်မှုများကိုလည်း မြှင့်တင်ပေးမည်ဖြစ်သည်။ ထို့ပြင်ဒေသတွင်း လုပ်ငန်းများအကြား ပြည်တွင်းလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်းကိုလည်း မြှင့်တင်ပေးမည်ဖြစ်သည်။

သက်တမ်းနှစ် ၁၀၀ ကျော်ရှိသည့် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကို ခေတ်နှင့်အညီ ဖြစ်လာစေရန်အတွက် ၂၀၁၃ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ဥပဒေအသစ်ကို ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလဆန်းပိုင်းက တရားဝင်ထုတ်ပြန်ခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**




# PPC

Property People Connection

**Under Management of Established Company " PPC Group of Companies" in Singapore**



## Property Services

- Property Management
- M & E Services
- Cleaning
- Security

## Renovation Service

- Renovation of Existing Building
- Painting, Roofing, Flooring, Ceiling
- Installation of Electricity & Plumbing
- Consultancy Services



## Real Estate Services

- Leasing, Purchasing & Selling

No. 22, 1st Floor (Left Room), Thida Road, Kyauk Myaung Gyi Quarter, Tamwe Township, Yangon, Myanmar.
Tel : 09-260258485, 09-776432964
Email : ppcmyanmar@gmail.com | Website : www.ppcmyr.net


EVER RICH GROUP CO.,LTD
ERG
* ဂျီအိုင် ဟော်လိုပိုက် (GI Hollow Pipe)
* စီချန်နယ် ( C Channel)
* ကြမ်းခင်းပြား (Floor Deck Sheet)
* အိုမီဂါ (Omega Channel)
* ကာလာသွပ်ပြား (Pre-painted GI Sheet)
* ယူဘင့် (U Beam)
* အိုင်ဘင့် (I Beam, H Beam) နှင့်
* အခြားအိမ်ဆောက်ပစ္စည်းများ
EVER RICH GROUP CO.,LTD စက်ရုံမှ တိုက်ရိုက် ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည်။
အမှတ်(၃၆/ဒီ)၊ လမ်းသစ်လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ၀၁-၉၆၆၅၇၁၇၊ ၀၁-၉၆၄၀၂၇၇၊ ၀၉-၁၀၀၈၈၇၂၀၊ ၀၉-၄၅၇၇၄၈၀၆၅၊ ၀၉-၉၇၆၇၀၀၂၅၀
အမှတ်(၄၁၇)၊ လှသီရိလမ်း နှင့် ကင်းဝန်မင်းကြီးလမ်းထောင့်၊ ရွှေလင်ဗန်းစက်မှုဇုံ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။ ၀၁-၆၁၇၁၄၉၊ ၀၉-၇၃၂၅၀၁၅၁၊ ၀၉-၇၉၆၁၈၈၁၄၁၊ ၀၉-၉၇၇၉၄၁၈၀၁၊ ၀၉-၄၅၇၇၄၈၀၆၄


JPM
CAR SALE CENTER
Merry Christmas
AND
HAPPY NEW YEAR
2018
Email - jpmautocenter@gmail.com
www.facebook.com/JPM Car Sale Center
မိတ်ဟောင်း/မိတ်သစ် အပေါင်း နှစ်သစ်မှစ၍ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာနှင့် စီးပွားလာဘ်လာဘများ တိုးပွားကြပါစေလို့
ကျွန်တော်တို့ JPM Car sale Center မှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။
HOT LINE
09 253008800
အရည်အသွေး ကောင်းမွန်သော ကားအမျိုးအစားစုံ စိတ်ကြိုက်ရွေးချယ်ဖို့ JPM နဲ့သာတိုင်ပင်ဖို့ . . .
အမှတ်(၄၂-အေ)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ (5 Movie ရုံးချုပ်အနီး၊ ရွှေထိုင်းစားသောက်ဆိုင်ရှေ့) Ph: 01 860 3921 ~ 22

# COMMERCE INTERNATIONAL

## အာဆီယံနှင့်တရုတ် အက်ဖ်တီအေအရ ကုန်ပစ္စည်းအမယ် ၄၀၀ ကျော်အား အခွန်နှုန်းထားများလျှော့ချ

အာဆီယံဒေသတွင်း နိုင်ငံများနှင့် တရုတ်နိုင်ငံတို့သည် လွတ်လပ်သော ကုန်သွယ်မှုဆိုင်ရာသဘောတူညီချက်စာချုပ်အရ အာဆီယံနှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်လျက်ရှိသည့် ကုန်ပစ္စည်း အမယ်ပေါင်း လေးရာကျော်အား ကောက်ခံလျက်ရှိသည့် အကောက်ခွန်နှုန်းထားများကို သုညရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းအထိ လျှော့ချကောက်ခံမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

အဆိုပါအစီအစဉ်ကို ၂၀၁၈ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်အကောင်အထည်ဖော်မည်ဖြစ်ပြီး အာဆီယံ-တရုတ်လွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ်၏ တစ်စိတ်တစ်ပိုင်းသော လုပ်ဆောင်မှုဖြစ်သည်ဟု ဆိုသည်။

ပထမဦးဆုံးအကြိမ်အဖြစ် သီးခြားကုန်စည်စာရင်းမှ ကုန်စည်ပေါင်း ၄၀၀ ကျော်ကိုအခွန်လျှော့ချလိုက်ခြင်းဖြစ်ကြောင်း၊ နောက်ဆုံးအဆင့်တွင်မူ ကုန်စည်များအားလုံးကို အခွန်ကင်းလွတ်ခွင့်ပြုမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံကုန်သွယ်ရေး ဒုတိယဝန်ကြီး Chutima Bunyapraphasara က ပြောကြားခဲ့သည်။

အဆိုပါ အရေးကြီးကုန်စည်များတွင် လယ်ယာထွက်ကုန်ပစ္စည်းများနှင့် သွင်းကုန်များ ပေါများလာခြင်းကြောင့် ပြည်တွင်းမှ လယ်သမားများအား ထိခိုက်မှု မဖြစ်စေရန် ကာကွယ်ပေးထားသော အခွန်နှုန်းထားမြင့်မားစွာကောက်ခံထားသည့် အဓိကကုန်စည်များ ပါဝင်နေကြောင်း ၎င်းက ပြောကြားခဲ့သည်။




"ဒါပေမယ့် ကုန်စည်ခွန်တွေကို လျှော့ချဖို့အတွက် ဆက်လက်ဆောင်ရွက်နေပါတယ်။ နှစ်ဦးနှစ်ဖက် မျှတအောင် ဆောင်ရွက်သွားမှာပါ။ လွတ်လပ်သော ကုန်သွယ်မှုဆိုင်ရာသဘောတူစာချုပ်ရဲ့ နောက်ထပ်ခြေလှမ်းတွေဟာ အာဆီယံနဲ့ တရုတ်နိုင်ငံတို့အကြားမှာ ကြီးမားတဲ့ ကုန်သွယ်မှုဆိုင်ရာတန်ဖိုးတွေကို ဖြစ်ပေါ်စေမှာပါ"ဟု Chutima Bunyapraphasara က ပြောကြားခဲ့သည်။

အာဆီယံနှင့် တရုတ်နိုင်ငံတို့သည် ၂၀၀၀ ပြည့်နှစ်မှစတင်ကာ လွတ်လပ်သော ကုန်သွယ်မှုဆိုင်ရာသဘောတူစာချုပ်ကို စတင်ခဲ့ကြပြီး ၂၀၀၄ ခုနှစ်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

လွတ်လပ်သော ကုန်သွယ်မှုဆိုင်ရာ သဘောတူစာချုပ်သည် နှစ်နိုင်ငံအကြား ကုန်သွယ်မှုကို တိုးမြှင့်စေခဲ့သည်။ အာဆီယံနှင့် တရုတ်နိုင်ငံတို့၏ ကုန်သွယ်မှုသည် ၂၀၀၆ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၆၅ ဒသမ ၈ ဘီလီယံရှိခဲ့ရာမှ ၂၀၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ဘီလီယံ ၄၅၀ အထိရှိလာခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင်အမေရိကန်ဒေါ်လာ တစ်ထရီလီယံအထိ ရောက်ရှိမည်ဟု ခန့်မှန်းထားကြောင်း ၎င်းက ပြောကြားခဲ့သည်။



## ဗီယက်နမ်နိုင်ငံသို့ ယခုနှစ်အတွင်း နိုင်ငံခြားသား ကမ္ဘာ့လှည့်ခရီးသည်များ စံချိန်တင်ရောက်ရှိ

ဗီယက်နမ်နိုင်ငံသို့ ယခုနှစ်အတွင်း နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များ စံချိန်တင်ရောက်ရှိခဲ့ရာ စုစုပေါင်းကမ္ဘာလှည့်ခရီးသွားဦးရေ ၁၂ ဒသမ ၉ သန်း ရောက်ရှိခဲ့ကြောင်း၊ ယင်းပမာဏသည် တစ်နှစ်ထက်တစ်နှစ်တိုးတက်လာခြင်းဖြစ်ပြီး ယခုနှစ်တွင် ၂၉ ဒသမ ၁ ရာ ခိုင်နှုန်းတိုးတက်လာခြင်းဖြစ်ကြောင်း အထွေထွေစာရင်းအင်းရုံး၏ထုတ်ပြန်ချက်ကို ကိုးကား၍ ဗီယက်နမ်သတင်းတွင် ဖော်ပြထားသည်။

ဝင်ရောက်လာသည့်ကမ္ဘာလှည့် ခရီးသည် ၁၂ ဒသမ ၉ သန်းအနက် ၁၀ ဒသမ ၉ သန်းမှာ လေကြောင်းခရီးဖြင့် ရောက်ရှိလာခြင်းဖြစ်ပြီး ၁ ဒသမ ၈ သန်းမှာ နယ်စပ်ဒေသများမှ ဖြတ်ကျော်ဝင်ရောက်လာခြင်းဖြစ်သည်ဟု ဆိုသည်။

ဗီယက်နမ်နိုင်ငံသို့ ဝင်ရောက်လာသည့် ကမ္ဘာလှည့်ခရီးသည်များအနက် ၉ ဒသမ ၇ သန်းသည် အာရှတိုက်အတွင်းမှဖြစ်ပြီး တစ်နှစ်ထက် တစ်နှစ်တိုးတက်လာခဲ့ကာ ယခုနှစ်တွင် ၃၄ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်ဟုဆိုသည်။

ထို့ပြင် ဥရောပမှ ဝင်ရောက်လာသူဦးရေမှာ ၁ ဒသမ ၈ သန်းရှိပြီး အမေရိကတိုက်လာရောက်သူဦးရေမှာ ၈၁၇၀၀၀ ဦးရှိကြောင်း၊ ဩစတြေးလျတိုက်မှ လာရောက်သူဦးရေမှာ ၄၂၀၉၀၀ရှိပြီး အာဖရိကတိုက်မှ လာရောက်သူဦးရေမှာ ၃၅၉၀၀ ရှိကြောင် အဆိုပါစာရင်းအင်းအဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံမှ ဝင်ရောက်လာသည့် တရုတ်လူမျိုးကမ္ဘာလှည့်ခရီးသွားဦးရေမှာ လေးသန်းကျော်ရှိပြီး ယခင်နှစ်ကထက် ၄၈ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း စာရင်းအင်းရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဗီယက်နမ်၏ ခရီးသွားလာရေးလုပ်ငန်း၏ အဆင့်အတန်းသည် ကမ္ဘာ့ခရီးသွားလာရေးလုပ်ငန်းဈေးကွက်တွင် တိုးတက်လျက်ရှိသည့်လုပ်ငန်းတစ်ခုဖြစ်သည်။ ဗီယက်နမ်ခရီးသွားလာရေးလုပ်ငန်းသည် ကမ္ဘာပေါ်တွင် အလျင်မြန်ဆုံးတိုးတက်လျက်ရှိသည့် လုပ်ငန်းတစ်ခုဖြစ်ပြီး ၂၀၁၇ခုနှစ်ထုတ်ပြန်ခဲ့သည့်စာရင်းများအရ နံပါတ် ၁၀ နေရာတွင်ရှိနေကြောင်း သိရသည်။

၂၀၁၇ခုနှစ်အတွင်း ပြည်တွင်းခရီး သွားပြည်သူပေါင်း ၇၃ သန်းကျော်ရှိပြီး ဝင်ငွေစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၄ ဘီလီယံ (ဗီယက်နမ်ဒေါင်ငွေ သန်း ၅၁၀) ရရှိခဲ့သည်။

မယ်သီတာ စုစည်းသည်

## ခရီးသွားလုပ်ငန်းစီမံကိန်းတွင် အသုံးပြုရန် အိန္ဒိယနိုင်ငံက ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း ၄၀ ချေးယူ

အိန္ဒိယနိုင်ငံအနေဖြင့် ဥတ္တရာပရာဒေ့ရှ်ပြည်နယ်မြောက်ပိုင်းရှိ ဒေသအား ခရီးသွားလုပ်ငန်းစီမံကိန်းအဖြစ် သတ်မှတ်ထားရှိရာ ယင်းစီမံကိန်းကို အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း ၄၀ ချေးယူခဲ့ကြောင်း တိုင်းမ်အော့ဖ်အိန္ဒိယသတင်းတွင် ဖော်ပြထား သည်။

ဥတ္တရာပရာဒေ့ရှ်ပြည်နယ် Pro- Poor Toruism Development Project အတွက် စာချုပ်ချုပ်ဆိုခဲ့ရာ အိန္ဒိယနိုင်ငံစီးပွားရေးဆိုင်ရာဌာနမှ တွဲဖက်အတွင်းရေးမှူး Sameer Kumar Khare နှင့် ကမ္ဘာ့ဘဏ်မှ Acting Country Director, John Blomquist တို့က လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ စီမံကိန်းကာလမှာ ငါးနှစ်သက်တမ်းဖြစ်ပြီး ကမ္ဘာ့ဘဏ်မှ ထုတ်ချေးငွေ အမေရိကန်ဒေါ်လာသန်း ၄၀ နှင့် ကျန်လိုအပ်သည့်ငွေများကို ပြည်နယ်ဖွံ့ဖြိုးရေးရန်ပုံငွေတို့မှ ကျခံသုံးစွဲမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးက ပြောကြားခဲ့သည်။

"ဒီစီမံကိန်းက ဒေသခံပြည်သူတွေရဲ့ လူမှုရေး၊ စီးပွားရေးနဲ့ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးတွေအများအပြားရရှိမှာဖြစ်ပါတယ်။ အဓိကရည်မှန်းထားတာကတော့ ပြည်တွင်းက လူမှုအဖွဲ့အစည်းတွေနဲ့ လုပ်ငန်းရှင်တွေဟာ ဥတ္တရာပရာဒေ့ရှ်ပြည်နယ်ကို ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာအောင်၊ ကမ္ဘာလှည့်ခရီးသည်တွေကို ဆွဲဆောင်မှုရှိလာအောင် လုပ်ဆောင်ပေးကြရမှာဖြစ်ပါတယ်"ဟု ၎င်းကပြောကြားခဲ့သည်။



The Commerce Journal
စီးပွားရေးသတင်းဂျာနယ်
http://www.commercejournal.com.mm
အထူးအချပ်ပို A
VOL .18, NO . 1
January 1, 2018

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၏ ၂၀၁၇ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် သမိုင်းမှတ်တိုင်များ

[ ရှင်မင်းအံ့(တန့်ဆည်) စုစည်းသည် ]

## ပြည်ပကုန်သွယ်မှုအခြေအနေ

မြန်မာနိုင်ငံ၏ ကုန်သွယ်မှုအခြေအနေဟာ တစ်နှစ်ထက်တစ်နှစ် တိုးတက်လျက်ရှိရာ ၂၀၁၇-၁၈ ဘဏ္ဍာနှစ် ဒီဇင်ဘာလကုန်အထိ ကုန်သွယ်မှုမြင့်မားတိုးတက်လာတာကို တွေ့ရှိရပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာတော့ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံနဲ့ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၂၁ ဘီလီယံ ကုန်သွယ်မှုပြုနိုင်ခဲ့တာကြောင့် စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၂၁ဘီလီယံဖြင့် ကုန်သွယ်မှုသမိုင်းတစ်လျှောက်အမြင့်ဆုံးတန်ဖိုးသို့ ရောက်ရှိခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလမှဒီဇင်ဘာလ ၂၂ ရက်အထိ) မှာတော့ ပို့ကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၉ ဒသမ ၉၉ ဘီလီယံနဲ့ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၂၆ ဘီလီယံရှိခဲ့တာကြောင့် စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ၂၃ ဒသမ ၂၅ ဘီလီယံ ဆောင်ရွက်နိုင်ခဲ့တာကြောင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကာလတူထက် ၃ ဒသမ ၇၈ ဘီလီယံ ပိုမိုဆောင်ရွက်နိုင်ခဲ့ကာ ကုန်သွယ်မှုသမိုင်းမှာ မှတ်တိုင်သစ်တစ်ရပ် ထပ်မံစိုက်ထူနိုင်မယ့် အလားအလာကောင်းကို တွေ့ရှိနေရပြီ ဖြစ်ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဒီဇင်ဘာလ ၂၂ ရက်ထိ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၆၄ ဘီလီယံတိုးတက်လာခဲ့သလို နယ်စပ်ကုန်သွယ်မှုမှာလည်း ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် ဒီဇင်ဘာလ ၂၂ ရက်ထိ အမေရိကန်ဒေါ်လာ ၅ ဒသမ ၆၀ ဘီလီယံထိ တိုးတက်လာခဲ့ပါတယ်။ ယခုနှစ်မှာတော့ (ဒီဇင်ဘာလ ၂၂ ရက်ထိ) မြန်မာနိုင်ငံရဲ့ ဆန်နှင့်ဆန်ကွဲ တင်ပို့မှုဟာ ယခင်နှစ်ကာလတူထက် တန်ချိန် ၁၅ သိန်းကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၄၅၄ သန်း ပိုမိုတင်ပို့နိုင်ခဲ့ပြီး လယ်ယာကဏ္ဍ တင်ပို့မှုရဲ့ အဓိကနေရာမှာ ရောက်ရှိနေကြောင်း တွေ့ရပါတယ်။ ဆန်နဲ့ ဆန်ကွဲတင်ပို့မှုဟာ ယခင်နှစ်က နယ်စပ်ကုန်သွယ်မှုမှာ တင်ပို့မှုအားလုံး၏ ၇၂ ရာခိုင်နှုန်း အဓိကတင်ပို့နိုင်ခဲ့ပြီး ယခုဘဏ္ဍာနှစ်မှာတော့ ပင်လယ်ရေကြောင်းမှတင်ပို့မှုဟာ ၄၈ ရာခိုင်နှုန်းနဲ့ နယ်စပ်ကုန်သွယ်မှုမှ တင်ပို့မှုဟာ ၅၂ ရာခိုင်နှုန်းဖြစ်တာကြောင့် ပင်လယ်ရေကြောင်းမှ ဆန်နှင့်ဆန်ကွဲ ပိုမိုတင်ပို့နိုင်ခဲ့တာကို တွေ့ရှိရပါတယ်။ ပင်လယ်ရေကြောင်းမှ ဆန်နှင့်ဆန်ကွဲ တင်ပို့တဲ့နိုင်ငံများအနေဖြင့်လည်း ယခင်နှစ်က ၂၉ နိုင်ငံသာတင်ပို့နိုင်ခဲ့ပြီး ယခုနှစ်မှာ ၄၉ နိုင်ငံ တင်ပို့နိုင်ခဲ့တဲ့အတွက် နိုင်ငံပေါင်း ၂၀ သို့ ဈေးကွက် တိုးချဲ့တင်ပို့နိုင်တဲ့အပြင် မြန်မာ့ဆန်တင်ပို့မှုမှာ စံချိန်သစ်တင်နိုင်ခဲ့ပါတယ်။

## ပို့ကုန်ပစ္စည်း ဖြေလျှော့ပေးမှုနှင့် ပြောင်းလဲမှုအခြေအနေများ

ပြည်တွင်းစက်ရုံများမှ ထုတ်လုပ်တဲ့ အေးခဲအသားများနဲ့ တိရစ္ဆာန်ထွက်ပစ္စည်းတွေကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရဲ့ ထောက်ခံချက်နဲ့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ပသို့ တင်ပို့ခွင့်ပြုခဲ့သလို ကျွဲ၊ နွားအရှင်များအား စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြည်ပသို့ တရားဝင်တင်ပို့ခွင့်ပြုခဲ့ပါတယ်။

## သွင်းကုန်ပစ္စည်း ဖြေလျှော့ပေးမှုနှင့် ပြောင်းလဲမှုအခြေအနေများ

တာချီလိတ်ဒေသနေပြည်သူများ ဈေးနှုန်းချိုသာစွာနဲ့ အဆင်ပြေစွာသုံးစွဲနိုင်ရန်အတွက် သံပုယိုသီးနဲ့ သရက်သီးများကို တစ်နှစ်ပတ်လုံးတင်သွင်း ခွင့်ပြုရန်၊ ကျန်နယ်စပ်စခန်းများရဲ့ သရက်သီးတင်သွင်းခြင်းကို မေလမှစက်တင်ဘာလအထိ တင်သွင်းခွင့်မပြုဘဲ အောက်တိုဘာလမှ ဧပြီလထိ တင်သွင်းခွင့်ပြုရန်၊ သံပုယိုသီးထွက်ရှိမှုနည်းပါးတဲ့ ဒီဇင်ဘာလ၊ ဇန်နဝါရီလနဲ့ ဖေဖော်ဝါရီလတို့တွင်သာ နယ်စပ်စခန်းအားလုံးမှ သံပုယိုသီး တင်သွင်းခွင့်ပြုမည်ဖြစ်ပြီး ကျန်ကာလများတွင် တင်သွင်းခွင့်မပြုရန်နှင့် အသီးတစ်မျိုးလျှင်လိုင်စင်တစ်စောင် အများဆုံးငါးတန်အထိသာ ခွင့်ပြုခဲ့ပါတယ်။






၂၀၁၈ ခုနှစ်အတွက် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခြင်းတွင် မော်တော်ယာဉ်ထုတ်လုပ်သည့်ခုနှစ်၊ သတ်မှတ်သည့်အမိန့်ကြော်ငြာစာကိုလည်း အောက်တိုဘာလ ၁၆ ရက်က ထုတ်ပြန်ခဲ့ပါတယ်။

## ပို့ကုန်၊ သွင်းကုန်လိုင်စင်ဆိုင်ရာပြင်ဆင်ပြောင်းလဲမှုများ

အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများအပါအဝင် စက်မှု ကုန်ထုတ်လုပ်ငန်းများ လုပ်ငန်းတည်ထောင်ဆောင်ရွက်ရာမှာ အထောက်အကူပြုစေဖို့အတွက် ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်သက်သာစေရန် အသုံးပြုနိုင်သည့် ပြုပြင်ထားခြင်းမရှိသော စက်ပစ္စည်း (Used Machine) တွေကို ၂၀၁၅ ခုနှစ်မှစပြီး နှစ်အလိုက်တင်သွင်းခွင့်ပြုခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် ဆက်လက်တင်သွင်းခွင့်ပြုခဲ့ပါတယ်။

၂၀၁၇ ခုနှစ်၊ ပြက္ခဒိန်နှစ်အတွက် မော်တော်ယာဉ်အရောင်းစင်တာ (Sale Centre) များတွင် ရောင်းချမယ့် မော်တော်ယာဉ်များကို တင်သွင်းရာမှာ လိုက်နာရမည့် စည်းကမ်းချက်များကိုလည်းကောင်း၊ ၂၀၁၇ ခုနှစ်၊ ပြက္ခဒိန်နှစ်အတွက် မော်တော်ယာဉ် အရောင်းပြခန်း (Show Room) များတွင် ရောင်းချရန် မော်တော်ယာဉ်တင်သွင်းရာမှာ လိုက်နာရမယ့် စည်းကမ်းချက်များကိုလည်းကောင်း၊ ၂၀၁၇ ခုနှစ်၊ ပြက္ခဒိန်နှစ်အတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံး စက်ယန္တရားနှင့် အရောင်းပြခန်း (Show Room) များမှာ ရောင်းချမယ့် ယာဉ်ယန္တရားများကို တင်သွင်းရာတွင် လိုက်နာရမယ့်စည်းကမ်းချက်များကိုလည်းကောင်း အမိန့်ကြော်ငြာစာ အသီးသီးနဲ့ ထုတ်ပြန်ခဲ့ပါတယ်။

ဒါ့အပြင် ဓာတ်မြေဩဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေး၊ ဆေးရုံသုံးကိရိယာနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအတွက် သတ်မှတ်ထားသည့် HS Code များအတိုင်း နိုင်ငံခြားသားကုမ္ပဏီများကို ကုန်သွယ်ခွင့်ပြုခဲ့သလို ပုဂ္ဂလိက လေကြောင်းလိုင်းတွေမှာ အသုံးပြုရန်လိုအပ်တဲ့ လေယာဉ်၏ မြေပြင်ဝန်ဆောင်မှု လုပ်ငန်းသုံး စက်ပစ္စည်းများရဲ့ H.S Code လိုင်းများအား ပြည်ပမှ တင်သွင်းရာတွင် သွင်းကုန်လိုင်စင်လျှောက်ထားခြင်းမှ ကင်းလွတ်ခွင့်ပြုကြောင်း အမိန့်ကြော်ငြာစာများကို ဇွန်လအတွင်း ထုတ်ပြန်ခဲ့ပါတယ်။

အထူးအချပ်ပို B သို့

The Commerce Journal
VOL .18, NO . 1, January 1, 2018

**အထူးအချပ်ပို A မှအဆက်**

ကုမ္ပဏီများမှ ဈေးနှုန်းနှင့် ကုန်ပစ္စည်းတန်ဖိုး မှန်ကန်ကြောင်း ဝန်ခံကတိဖြင့် စီးပွားရေးကျင့်ဝတ်နဲ့အညီ တင်ပြလာတဲ့ Invoice နဲ့ Sale Contract ပါ ဈေးနှုန်းများအတိုင်း ဈေးနှုန်းစိစစ်ခြင်း မပြုတော့ဘဲပို့ကုန်သွင်းကုန်လိုင်စင်များကိုခွင့်ပြုပေးခဲ့ပါတယ်။ ဒါပေမဲ့ ကုမ္ပဏီများအနေနဲ့ Invoice နှင့် Sale Contract တို့အား အတုအပပြုလုပ်ခြင်း၊ အချက်အလက်များအား မမှန်မကန်ဖော်ပြခြင်း၊တရားမဝင် ဆောင်ရွက်ခြင်း၊ ဈေးနှုန်းနှင့် တန်ဖိုးများအား အခွန်တိမ်းရှောင်ရန်ရည်ရွယ်၍ မမှန်မကန် ဆောင်ရွက်ထားကြောင်း စိစစ်တွေ့ရှိရပါက လိုင်စင်ခွင့်ပြုမှုအတွက် တင်ပို့/တင်သွင်းခဲ့သည့် ဈေးနှုန်းတွေကို ပြန်လည်စိစစ်ပြီး လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လယ်ယာသုံးစက်ကိရိယာများကို နိုင်ငံခြားဖက်စပ် ကုမ္ပဏီများမှ တင်သွင်းရောင်းချခွင့် (ကုန်သွယ်ခွင့်)ပြုတဲ့ H.S Code များဖြင့် ဖော်ပြထားတဲ့စာရင်းကို နိုဝင်ဘာလ ၁၇ ရက် ရက်စွဲနဲ့ ထုတ်ပြန်ကြေညာခဲ့ပါတယ်။

ပို့ကုန်လိုင်စင်လျှောက်ထားရယူရန် မလိုအပ်တဲ့ H.S Code 2012 Version အရ ကုန်စည်လိုင်း ၉၈၃ လိုင်းအား H.S Code 2017 Version အရ ကုန်စည်လိုင်း ၁၀၇၉ လိုင်းသို့ ပြောင်းလဲကျင့်သုံးတဲ့ အမိန့်ကြော်ငြာစာများကိုလည်း ထုတ်ပြန်ကြေညာခဲ့ပါတယ်။

သွင်းကုန်လိုင်စင်လျှောက်ထားရယူရန် လိုအပ်တဲ့ H.S Code 2012 Version အရ ကုန်စည်လိုင်း ၃၃၈၉ လိုင်းအား H.S Code 2017Version အရ ကုန်စည်လိုင်း ၄၈၁၈ လိုင်းသို့ ပြောင်းလဲကျင့်သုံးတဲ့ အမိန့်ကြော်ငြာစာများကိုလည်း ထုတ်ပြန်ကြေညာခဲ့ပါတယ်။

ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား HS Code ကုန်စည်လိုင်း ၈၃ လိုင်းအား နိုင်ငံခြားဖက်စပ်ကုမ္ပဏီ၊ နိုင်ငံခြားကုမ္ပဏီများအား တင်သွင်းရောင်းချခွင့်ပြုသည့် အမိန့်ကြော်ငြာစာကိုလည်း ဖြည့်စွက်ထုတ်ပြန်ခဲ့ပါတယ်။

## တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် (Individual Trading Card) ခွင့်ပြုပေးမှုအခြေအနေ

ကုန်သွယ်ရေး ဦးစီးဌာနအနေနဲ့ မြိတ်ခရိုင်အတွင်းရှိ ဒေသနေပြည်သူများအပြင် ထားဝယ်ခရိုင်အတွင်းရှိ ဒေသနေပြည်သူများအား ITC ကတ်ဖြင့် မောတောင်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်ခွင့် ပြုခဲ့ပါတယ်။

## နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေ




ပထမအကြိမ် အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအစည်းအဝေးကို ၂၀၁၇ ခုနှစ် ၊ ဇန်နဝါရီ ၁၈ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၃) ၌ ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက ဦးဆောင်၍ ကျင်းပခဲ့ရာ ဆက်စပ်ဌာနများမှ ကိုယ်စားလှယ် စုစုပေါင်း ၅၂ ဦးနှင့် World Bank Group မှ Senior Trade Economist Mr.Sjamsu Rahardja၊ WBG Consultant Mr. Hurrell Brian နှင့် Private Sector Specialist Mr.Jose Ricardo Silva တို့ ပါဝင်တက်ရောက်ခဲ့ပါတယ်။

မြန်မာနိုင်ငံရဲ့ ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်း လုပ်ငန်းစဉ်အတွက် ကနဦးဆောင်ရွက်ချက်တစ်ခုဖြစ်တဲ့ TPR Roundtable Workshop ကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၉ ရက်မှ ၁၁ ရက်အထိ နေပြည်တော်ရှိ Kempinski Hotel တွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံဘက်မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်ထူး ဦးဆောင်တက်ရောက်ခဲ့ပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Yonov Frederick Agah နှင့် အခြားကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ကိုယ်စားလှယ်များ၊ ဒေသတွင်းနိုင်ငံတွေဖြစ်တဲ့ လာအို၊ ကမ္ဘောဒီးယား၊ ဘင်္ဂလားဒေ့ရှ်နဲ့ နီပေါနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ အခြားဌာနဆိုင်ရာ ကိုယ်စားလှယ်များဖြစ်သည့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဘာသာရပ်ဆိုင်ရာတာဝန်ရှိသူများနဲ့ ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၁၀၀ ဦးခန့် တက်ရောက်ခဲ့ပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနနှင့် UNCTAD မှ ကိုယ်စားလှယ်အဖွဲ့တို့ ပူးပေါင်းညှိနှိုင်းစီစဉ်မှုဖြင့် မြန်မာနိုင်ငံတွင် Online အသုံးပြု၍ ကုန်သွယ်မှုပြုနိုင်ရေးလိုအပ်ချက်များကို အကဲဖြတ်နိုင်ရန်အတွက် e-Trade Readiness Assessment ကို နေပြည်တော်နှင့် ရန်ကုန်တို့တွင် ကျင်းပပြုလုပ်ခဲ့ပါတယ်။



အစိုးရဌာနများအကြား e-Trade ဆိုင်ရာလုပ်ငန်းစဉ်များကို ပိုမိုသိရှိ နားလည်သဘော ပေါက်စေရန်၊ မြန်မာနိုင်ငံ၏ e-Trade Readiness Assessment မှ လေ့လာတွေ့ရှိချက်များကို ဆွေးနွေးရန်နဲ့အီလက်ထရောနစ်နည်းပညာဆိုင်ရာ အထောက်အပံ့များရယူနိုင်ရေး အစိုးရဌာနများမှ နည်းလမ်းများသိရှိနားလည်စေရန် ရည်ရွယ်ချက်များဖြင့် အီလက်ထရောနစ်စနစ်ဖြင့် ကုန်သွယ်မှုပြုနိုင်ရေးအတွက် ဆက်စပ်ပြင်ပဌာန ၁၃ ခုနှင့် ကုန်သွယ်ရေးဦးစီးဌာနမှ တက်ရောက်သူ စုစုပေါင်း ၅၁ ဦးပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၇ခုနှစ်၊ ဒီဇင်ဘာ ၇ ရက်တွင် ရုံးအမှတ်(၃)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန တိုးချဲ့အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါတယ်။

ထိုင်းနိုင်ငံရှိကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာနိုင်ငံတကာအဖွဲ့အစည်း (International Institute for Trade and Development-ITD)ရဲ့အကူအညီနဲ့ ITD နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ပူးပေါင်းပြီး Myanmar's Digital Economy Preparation ဆိုင်ရာသင်တန်းကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်တွင် နေပြည်တော်ရှိ Lake Garden Hotel၌ သက်ဆိုင်ရာဌာနများမှ သင်တန်းသား ၁၀၀ ဦးဖြင့်လည်းကောင်း၊ စက်တင်ဘာလ ၂၀ ရက်တွင် ရန်ကုန်မြို့ရှိ Western Green Hill Hotel ၌ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနများမှ သင်တန်းသား ၁၀၀ ဦးဖြင့်လည်းကောင်း အသီးသီး ကျင်းပခဲ့ပါတယ်။

"Enhancing the Contribution of Preferential Trade Agreements to Inclusive and Equitable Trade: Myanmar" အလုပ်ရုံဆွေးနွေးပွဲကိုနေပြည်တော်ရှိ Hotel Royal ACE ၌ ၂၀၁၇ ခုနှစ် ဇွန် ၇ ရက်မှ ၉ ရက်ထိ UNESCAP နှင့် ပူးပေါင်းကျင်းပခဲ့ပါတယ်။



REX System ဆိုင်ရာ အသိပညာပေးသင်တန်းများကိုလည်း ရန်ကုန်မြို့ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ညီလာခံခန်းမ၌ (၈)ကြိမ်အထိဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသား စုစုပေါင်း ၄၈၄ ဦး တက်ရောက်ခဲ့ပါသည်။

National Trade Portal and Trade Repository Website တွင် အကောက်ခွန်မဟုတ်သော စီမံဆောင်ရွက်မှုများ ခွဲခြားချိတ်ဆက်ဖော်ပြပေးနိုင်ရေးနှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲအား နေ ပြည်တော်ရှိ Hilton Hotel တွင် ၂၀၁၇ခုနှစ် မတ်လ ၁၅ ရက်မှ ၁၆ ရက်အထိ EU-ARISE နှင့် ပူးပေါင်းကျင်းပခဲ့ပါတယ်။

အကောက်ခွန်မဟုတ်သော စီမံဆောင်ရွက်မှုများ (NTMs) နှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲအား နေပြည်တော်ရှိ Hilton Hotel တွင် ၂၀၁၇ ခုနှစ်၊ ဩဂုတ် ၂၉ ရက်တွင် GIZ နှင့် ပူးပေါင်းကျင်းပခဲ့ပါတယ်။

Workshop on Trade Diplomacy Program သင်တန်းအား နေပြည်တော်ရှိ Park Royal Hotel တွင် ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၉ ရက်မှ ၂၀ ရက်အထိ USAID နှင့် ပူးပေါင်းကျင်းပခဲ့ပါတယ်။

တတိယအကြိမ်မြောက် ပို့ကုန်ထိန်းချုပ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို နေပြည်တော်ရှိ Hilton Hotel တွင် ၂၀၁၇ ခုနှစ် ဇွန် ၅ ရက်မှ ၇ ရက်အထိ EU P2P နှင့် ပူးပေါင်းကျင်းပခဲ့ပါတယ်။

## ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နှစ်လတ်စီမံကိန်း (Medium Term Programme–MTP) အစီရင်ခံစာထုတ်ပြန်ခြင်း အခမ်းအနားကျင်းပ



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် World Bank Group တို့ပူးပေါင်း၍ မြန်မာနိုင်ငံ၏ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ရေးဆွဲထားသော နှစ်လတ်စီမံကိန်း Medium Term Programme (MTP) Report ထုတ်ပြန်ခြင်း အခမ်းအနားကို ၂၀၁၇ ခုနှစ်၊ မတ်လ ၃၀ ရက်တွင် နေပြည်တော်ရှိ Hilton Hotel ၌ကျင်းပခဲ့ရာ နိုင်ငံတော်ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်ခဲ့ပါတယ်။

## ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဆိုင်ရာ(၁၁) ကြိမ်မြောက် ဝန်ကြီးများအဆင့် ညီလာခံသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်



ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဆိုင်ရာ (၁၁)ကြိမ်မြောက်ဝန်ကြီးများအဆင့်ညီလာခံကို အာဂျင်တီးနားနိုင်ငံ၊ ဗျူနိုအေးရိစ်မြို့တွင် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ ၁၀ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့ပါတယ်။ အဆိုပါဝန်ကြီးများအဆင့် ညီလာခံဟာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှာ အမြင့်ဆုံးညီလာခံဖြစ်ပြီး နှစ်နှစ်လျှင်တစ်ကြိမ် ကျင်းပပြုလုပ်လေ့ရှိပါတယ်။

(၁၁) ကြိမ်မြောက် ဝန်ကြီးများအဆင့်ညီလာခံသို့ ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့ဝင် ၁၆၄ နိုင်ငံမှ ကိုယ်စားလှယ်များ၊ ကုန်သွယ်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိများ၊ ဝန်ကြီးများပါဝင်သော လူဦးရေ ၄၀၀၀ နီးပါးခန့် အတူတကွ ပါဝင်တက်ရောက်ခဲ့ပြီး ပြည်သူ့လူမှုအဖွဲ့အစည်း၊ စီးပွားရေးလုပ်ငန်းနှင့် ကမ္ဘာလုံးဆိုင်ရာသတင်းမီဒီယာများမှ ကိုယ်စားလှယ်များလည်း ပါဝင်တက်ရောက်လေ့လာခဲ့ကြောင်း သိရှိရပါတယ်။

**အထူးအချပ်ပို C သို့**

**အထူးအချပ်ပို B မှအဆက်**

အဆိုပါညီလာခံသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ကုန်သွယ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်း၊ ညွှန်ကြားရေးမှူး ဦးအောင်မင်းသိုက်နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန် ပေးစေလွှတ်ထားသော ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှ စီးပွားရေးသံမှူး ဦးညီညီအောင် အပါအဝင် စုစုပေါင်း မြန်မာကိုယ်စားလှယ်လေးဦး တက်ရောက်ခဲ့ကြပါတယ်။

## နှစ်နိုင်ငံကုန်သွယ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အခြေအနေ၊ နဝမအကြိမ် မြန်မာ-ဗီယက်နမ် ကုန်သွယ်ရေးပူးတွဲကော်မတီ အစည်းအဝေးကျင်းပ

နဝမအကြိမ် မြန်မာ-ဗီယက်နမ် ကုန်သွယ်ရေးပူးတွဲကော်မတီအစည်းအဝေးကို ဗီယက် နမ်နိုင်ငံ၊ ဟန္နိုင်းမြို့၌ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်မှာ ကျင်းပခဲ့ရာ မြန်မာဘက်မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်နှင့် ဗီယက်နမ်ဘက်မှ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး H.E Mrs.Ho Thi Kim Thoa တို့က ဦးဆောင်ကျင်းပခဲ့ပါတယ်။

အဆိုပါအစည်းအဝေးမှာ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေးနဲ့စပ်လျဉ်းတဲ့ မြန်မာနိုင်ငံမှ တိရစ္ဆာန်ထွက် ကုန်ပစ္စည်းများဗီယက်နမ်နိုင်ငံသို့ တင်ပို့နိုင်ရန် မှတ်ပုံတင်ခြင်း၊ မြန်မာနိုင်ငံ၏ သွင်းကုန်လိုင်စင်လျှောက်ထားရန် လိုအပ်သည့် ကုန်ပစ္စည်းစာရင်းအား လျှော့ချပေးရန်၊ ဗီယက်နမ်နိုင်ငံမှ ထုတ်လုပ်သော ဘိလပ်မြေများအား မြန်မာနိုင်ငံသို့တင်ပို့နိုင်ရန်၊ နှစ်နိုင်ငံကြား ကုန်သွယ်မှုမြှင့်တင်ရေးအတွက် ကုန်စည်ပြပွဲများကျင်းပရန်၊ စီးပွားရေးတွေ့ဆုံပွဲများနှင့် ကိုယ်စားလှယ်အဖွဲ့များစေလွှတ်ရန်၊ အကောက်ခွန်ဆိုင်ရာကိစ္စများ၊ ဘဏ်လုပ်ငန်းကိစ္စများ၊ လယ်ယာစိုက်ပျိုးရေး၊ သစ်တော၊ ရေထွက်ကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍနှင့် စွမ်းအင်ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။

## ပထမအကြိမ် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေး ပူးတွဲကော်မတီ အစည်းအဝေးကျင်းပ



ပထမအကြိမ် မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေး ပူးတွဲကော်မတီအစည်းအဝေးကို ၂၀၁၇ခုနှစ်၊ မတ်၂၃ရက်တွင် ထိုင်းနိုင်ငံ၊ တာခ့်ခရိုင်၊ မဲဆောက်မြို့၌ကျင်းပခဲ့ရာ မြန်မာဘက်မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းနှင့် ထိုင်းနိုင်ငံဘက်မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် Mrs.Duangporn Rodphayaတို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြပါတယ်။

အဆိုပါအစည်းအဝေးကျင်းပနိုင်ခဲ့ခြင်းကြောင့် နယ်စပ်ကုန်သွယ်မှုတိုးမြှင့်နိုင်ရေးအတွက် တရားမဝင်ကုန်သွယ်မှုကို ထိရောက်စွာ တားဆီးနိုင်ရန်လိုအပ်ကြောင်းကို နှစ်နိုင်ငံလုံးမှ အသိအမှတ်ပြုခဲ့ကြပြီး တားဆီးဆောင်ရွက်ရေးလုပ်ငန်းများဆောင်ရွက်ရာမှာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြတာကြောင့် မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအတွက် အခြေခံဖြစ်တဲ့ နယ်စပ်ကုန်သွယ်မှု တိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်ကိုပါ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

## ဆဋ္ဌမအကြိမ် မြန်မာ-အိန္ဒိယ ကုန်သွယ်ရေး ပူးတွဲကော်မတီ အစည်းအဝေးကျင်းပ

ဆဋ္ဌမအကြိမ်မြောက်မြန်မာ-အိန္ဒိယ ကုန်သွယ်ရေး ပူးတွဲကော်မတီအစည်းအဝေးကို အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့၌ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်တွင်ကျင်းပခဲ့ရာ မြန်မာဘက်မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် အိန္ဒိယနိုင်ငံဘက်မှ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဝန်ကြီး Smt.Nirmala Sitharamanတို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြပါတယ်။



အဆိုပါအစည်းအဝေး ကျင်းပခဲ့ခြင်းကြောင့် အိန္ဒိယနိုင်ငံဘက်မှ အခွန်လျှော့ချရေးအပါအဝင် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများ ပိုမိုတင်ပို့နိုင်ရေး၊ နှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေး၊ အိန္ဒိယနိုင်ငံမှ နည်းပညာအထောက်အပံ့ပေးရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး စတဲ့နယ်ပယ်တွေမှာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်တဲ့ ရလဒ်ကောင်းများရရှိခဲ့ပါတယ်။

## (၁၆) ကြိမ်မြောက် တရုတ်-မြန်မာ နယ်စပ်ကုန်စည်ပြပွဲနှင့် (၁၂) ကြိမ်မြောက် တရုတ်-မြန်မာ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေးကော်မတီအစည်းအဝေးများ ကျင်းပ



တရုတ်-မြန်မာနှစ်နိုင်ငံအကြား ကုန်သွယ်မှုပိုမိုတိုးတက်စေရန်နှင့် ကုန်သွယ်မှုဆိုင်ရာအခက်အခဲများ ပူးပေါင်းညှိနှိုင်းဖြေရှင်းနိုင်ရန်အတွက် နယ်စပ်ကုန်စည်ပြပွဲနှင့် နယ်စပ်ကုန်သွယ်မှုပူးပေါင်းညှိနှိုင်းရေးကော်မတီစည်းအဝေးကိုနှစ်စဉ် နှစ်နိုင်ငံအပြန်အလှန်အလှည့်ကျ ကျင်းပလျက်ရှိရာ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ ၂၆ ရက်မှ ၃၀ ရက်အထိ တရုတ်နိုင်ငံ၊ ရွှေလီမြို့တွင် (၁၆)ကြိမ်မြောက် တရုတ်-မြန်မာ နယ်စပ်ကုန်စည်ပြပွဲကိုလည်းကောင်း၊ (၁၂) ကြိမ်မြောက် တရုတ် - မြန်မာနယ်စပ်ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေးကော်မတီအစည်းအဝေးကိုလည်းကောင်း အောင်မြင်စွာကျင်းပနိုင်ခဲ့ပါတယ်။

## တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအကြား နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ဆောက်ရန်အတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့အကြား နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ဆောက်ရန်အတွက် နားလည်မှုစာချွန်လွှာကို ၂၀၁၇ ခုနှစ်၊ မေလ ၁၆ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့၌ မြန်မာဘက်မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးကိုယ်စား၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် တရုတ်ဘက်မှစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီး H.E Zhong Shan တို့ဦးဆောင်၍ လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။

## ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတို့အကြား ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့အကြား ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် မြန်မာနိုင်ငံ၊ နေပြည်တော်၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး Dr Tran Tuan ANH တို့က လက်မှတ်ရေးထိုးခဲ့ကြပါတယ်။

## မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ဆန်ကုန်သွယ်မှုဆိုင်ရာနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး




၂၀၁၇ ခုနှစ်၊ စက်တင်ဘာ ၇ ရက်မှာ နေပြည်တော်၌ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား G to G စနစ်ဖြင့် ဆန်ရောင်းဝယ်နိုင်ရေးအတွက် ဆန်ကုန်သွယ်မှုဆိုင်ရာနားလည်မှုစာချွန်လွှာကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စားနပ်ရိက္ခာဝန်ကြီးဌာန၊ ဝန်ကြီး H.E Mr.Advocate MD. Qamrual Islam တို့က လက်မှတ်ရေးထိုးခဲ့ကြပါတယ်။

## (၁၉) ကြိမ်မြောက် အာဆီယံယှဉ်ပြိုင်မှုဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့(AEGC) အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ



၂၀၁၇ ခုနှစ်အတွင်း ကျင်းပခဲ့တဲ့ (၁၉) ကြိမ်မြောက်နှင့် ၂၀ ကြိမ်မြောက် AEGC အစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများကို မြန်မာနိုင်ငံမှ အလှည့်ကျ ဥက္ကဋ္ဌနှင့် အိမ်ရှင်နိုင်ငံအဖြစ် ဆောင်ရွက်ခဲ့ရာ (၁၉) ကြိမ်မြောက် AEGC အစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများကို ၂၀၁၇ ခုနှစ်၊ ဧပြီ ၃ ရက်မှ ၆ ရက်အထိ ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ကျင်းပခဲ့ပါတယ်။

**အထူးအချပ်ပို D သို့**

The Commerce Journal

VOL .18, NO . 1, January 1, 2018

အထူးအချပ်ပို C မှအဆက်

## ယှဉ်ပြိုင်မှုဆိုင်ရာ အသိပညာပေးဟောပြောပွဲများကျင်းပ

ယှဉ်ပြိုင်မှုမူဝါဒဌာနခွဲမှ လက်ရှိမြန်မာနိုင်ငံယှဉ်ပြိုင်မှုဥပဒေ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ၊ ယှဉ်ပြိုင်မှုမူဝါဒနှင့် ဥပဒေ၏ အကျိုးကျေးဇူးများနှင့် စိန်ခေါ်မှုများကို နိုင်ငံမျက်နှာစာအလိုက် မြို့ကြီးများတွင် စီးပွားရေးလုပ်ငန်းရှင်များနှင့် အစိုးရဝန်ထမ်းများအား အသိပညာဖြန့်ဝေပေးလျက်ရှိရာ ၂၀၁၇ ခုနှစ်၊ မေ ၃၀ ရက်တွင် ပုသိမ်မြို့၊ ပုသိမ်ဟိုတယ်၌ လည်းကောင်း၊ ဩဂုတ် ၂၄ ရက်တွင် တမူးမြို့၊ ဧပရယ်မွန် ခန်းမ၌လည်းကောင်း ယှဉ်ပြိုင်မှုမူဝါဒနှင့် ဥပဒေအကျိုးကျေးဇူးများနှင့် စိန်ခေါ်မှုများ အကြောင်း ဆွေးနွေးပွဲများအား အသီးသီး ကျင်းပခဲ့ပါတယ်။

## မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုနည်းဥပဒေများအား ပြည်ထောင်စုဝန်ကြီးက အတည်ပြုလက်မှတ်ရေးထိုးခြင်း

မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုနည်းဥပဒေများအား ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၉ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ အတည်ပြုလက်မှတ်ရေးထိုးခဲ့ပါတယ်။

## e-Government ဆောင်ရွက်ထားရှိမှုအခြေအနေ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ e-Government လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စဉ်ဆက်မပြတ် အကောင်အထည်ဖော်နိုင်ရေး၊ ပိုမိုအဆင့်မြှင့်တင်နိုင်ရေးနှင့် နိုင်ငံတော်အဆင့် လိုက်ပါအကောင်အထည်ဖော်နိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

## ကုန်သွယ်မှုနှင့်ပတ်သက်သည့် ငွေကြေးပေးသွင်းမှုများအတွက် ဘဏ်အားလုံးမှ ပေးချေနိုင်သည့် MPU (Myanmar Payment Union) စနစ်ဖြင့် ဆောင်ရွက်မှုအခြေအနေ




စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တဲ့ ကုန်သွယ်မှုဆိုင်ရာ ငွေကြေးပေးသွင်းမှုအတွက် MPU စနစ်နှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းတင်ပြ ဆွေးနွေးသည့် MPU Awareness အစီအစဉ်အား ရန်ကုန်မြို့၊ UMFCCI တွင် ၂၀၁၇ ခုနှစ် မေလ ၂၂ ရက်တွင် လည်းကောင်း၊ ကိုယ်စားလှယ်များ (Agent) ထံသို့ အသေးစိတ် ရှင်းလင်းတင်ပြဆွေးနွေးပွဲ MPU Awareness အစီ




အစဉ်အား နေပြည်တော်(ရုံးချုပ်) တွင် ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၃ ရက်တွင်လည်းကောင်း ကျင်းပခဲ့ပြီး ကုန်သွယ်မှုနှင့်ပတ်သက်သည့် ငွေကြေးပေး သွင်းမှုများအတွက်ဘဏ်အားလုံးမှ ပေးချေနိုင်သည့် MPU (Myanmar Payment Union) စနစ်ဖြစ်သည့် POS (Point Of Sale) စက်များကိုအသုံးပြုပြီး MPU Card အသုံးပြု၍ ငွေကြေးများပေးသွင်းနိုင်ရန် ဆောင်ရွက်ခဲ့ပါတယ်။

## e-Government Conference & ICT Exhibition 2017 တွင် ပါဝင်ခင်းကျင်းပြသခဲ့မှု အခြေအနေ

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ (အိုင်စီတီ)ကဏ္ဍဟာ မြန်မာနိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက်အဓိကမောင်းနှင်အားတစ်ရပ်ဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင် နိုင်ငံတစ်ဝန်း သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်တို့ပူးပေါင်းပြီး e-Government Conference and ICT Exhibition 2017 ညီလာခံနှင့် ပြပွဲကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်မှ ၈ ရက်အထိ နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC2) တွင် ကျင်းပခဲ့ပါတယ်။




အဆိုပါ ညီလာခံနှင့် ပြပွဲအခမ်းအနားတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကိုယ်စားပြုအနေဖြင့် ကုန်သွယ်ရေးဦးစီးဌာနမှလည်း e-Government လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေသည့် Online အသုံးပြုပို့ကုန်သွင်းကုန်လိုင်စင်စနစ် Application များဖြစ်သော Import Export license permit System (IELPS), Border Trade Online System(BTOS), Fully Online System, e-payment System, Myanmar Payment Union(MPU), Registration System, Trade Data Reporting System များ၊ ရုံးလုပ်ငန်းစီမံခန့်ခွဲမှုစနစ်နှင့် ဝန်ထမ်းရေးရာစီမံခန့်ခွဲမှုစနစ်များ ဖြစ်သော DEMS (Document Exchange Management System), Employee Bio Data Information System (E-bis) rsm;ESifh DCCA Accounting System တို့နှင့်ပတ်သက်၍ စနစ်အသုံးပြုမှုများကိုလည်း လက်တွေ့ရှင်းလင်းပြသခဲ့ကြပါတယ်။

ညီလာခံနှင့်ပြပွဲပြသသည့် နှစ်ရက်တာကာလအတွင်းတွင် ပြည်တွင်း၊ ပြည်ပပညာရှင်များက e-Government နှင့် သက်ဆိုင်သည့် နည်းပညာဆိုင်ရာ စာတမ်းဖတ်ခြင်းများ၊ ဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး အစိုးရဝန်ကြီးဌာန အသီးသီးအနေဖြင့် ဝန်ကြီးဌာနများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ Website များ၊ Application Software များကိုလည်း ပါဝင်ပြသခဲ့ရာ အစိုး ရဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ CIO များ၊ အစိုးရဝန်ထမ်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ကွန်ပျူတာအသင်းမှ တာဝန်ရှိသူများ၊ အဖွဲ့အစည်းများ၊ ပညာရှင်များ၊ လုပ်ငန်းရှင်များနှင့် နည်းပညာပိုင်းဆိုင်ရာစိတ်ပါဝင်စားသူများ လာရောက်လေ့လာ ကြည့်ရှုခဲ့ကြပါတယ်။

## အကြိမ်(၂၀)မြောက် အာဆီယံယှဉ်ပြိုင်မှုဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့ (AEGC)အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအား ကျင်းပ

အကြိမ် (၂၀)မြောက် AEGC အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအား ပုဂံမြို့၊ ပုဂံဟိုတယ်တွင် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၂၀ ရက်မှ ၂၃ရက်အထိ ကျင်းပခဲ့ပါတယ်။



## ကုန်သွယ်မှုကဏ္ဍအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးကိစ္စများ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဟာ နိုင်ငံတကာနှင့် ရင်ပေါင်တန်း ကုန်သွယ်နိုင်မယ့် ပို့ကုန်လုပ်ငန်းရှင်နှင့် သွင်းကုန်လုပ်ငန်းရှင်တွေကို မွေးထုတ်ပေးရန် ရည်ရွယ်ပြီး ကုန်သွယ်မှုသင်တန်းကျောင်း (Trade Training Institute-TTI) ကို ရန်ကုန်မြို့၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်ရှိ ရန်ကုန်ပို့ကုန်/သွင်းကုန်ရုံး၌ ၂၀၁၂ ခုနှစ်၊ ဧပြီလတွင် စတင်ဖွင့်လှစ်ခဲ့ပါတယ်။

ကုန်သွယ်မှုသင်တန်းကျောင်းဟာ ရန်ကုန်မြို့မှာ ကျင်းပတဲ့ အိမ်ရာနှင့် အဆောက်အအုံပြပွဲ၊ ပညာရေးပြပွဲများတွင် ဝင်ရောက်ပြသခြင်း၊ Business Talk များကျင်းပခြင်း၊ ဂျပန်အပြည်ပြည်ဆိုင်ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) နှင့် ပူးပေါင်းပြီး မန္တလေးမြို့တွင် ရက်တိုကုန်သွယ်မှုသင်တန်းများပို့ချခြင်း၊ သင်တန်းတွင် ထူးချွန်သော သင်တန်းသူ၊ သင်တန်းသားများအား ထိုင်းနှင့် ဂျပန်နိုင်ငံသို့ လေ့လာရေးခရီးစေလွှတ်ခဲ့ပါတယ်။



ကုန်သွယ်မှုသင်တန်းကျောင်းအနေဖြင့် ၂၀၁၇ ခုနှစ်အထိ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုသင်တန်း အမှတ်စဉ် ၁၀ အထိ ဖွင့်လှစ်ခဲ့သလို အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုသင်တန်း (Weekend Course) ကိုလည်း အမှတ်စဉ် ၃ အထိ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် မန္တလေးမြို့တွင်လည်း ကုန်သွယ်မှုအခြေခံသင်တန်းကို အမှတ်စဉ် ၅ အထိ ဖွင့်လှစ်ပို့ချနိုင်ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်ကုန်အထိ ကုန်သွယ်မှုအခြေခံသင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၀၉၈ ဦးနှင့် ကုန်သွယ်မှုအဆင့်မြင့်သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၉၇ ဦးတို့ကို ကုန်သွယ်မှုကဏ္ဍအတွက် မွေးထုတ်ပေးခဲ့ပြီး ဖြစ်ပါတယ်။

ကုန်သွယ်ရေးဦးစီးဌာနအနေနှင့် ကုန်သွယ်မှု လွယ်ကူလျင်မြန်ချောမွေ့စေရေးအတွက် ၂၀၁၇ ခုနှစ်အတွင်း ဖြေလျှော့မှုများကို လုပ်ဆောင်ပေးခဲ့သလို ပို့ကုန်တိုးမြှင့်ရေးအတွက်ကိုလည်း နိုင်ငံတကာရှိ အဖွဲ့အစည်းအသီးသီးနှင့် ပေါင်းစပ်၍ လုပ်ဆောင်ပေးခဲ့ပါတယ်။

ဒါ့အပြင် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုပြုရာတွင် ပိုမိုအဆင်ပြေ ချောမွေ့စေရေးအတွက် အစိုးရအချင်းချင်း ညှိနှိုင်းမှုဖြင့် တရားမဝင်ကုန်သွယ်မှု ပပျောက်ရေးကို လုပ်ဆောင်ခဲ့ပြီး ကုန်သွယ်မှုတိုးတက်ရေးကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အဲဒီလို ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ၂၀၁၇-၁၈ ဘဏ္ဍာနှစ် ဒီဇင်ဘာလအထိ ကုန်သွယ်မှုပမာဏ မှတ်တိုင်သစ်တစ်ရပ် စိုက်ထူနိုင်ခဲ့သလို ဘဏ္ဍာနှစ်အကုန်မှာလည်း သမိုင်းမှတ်တမ်းဝင်နိုင်မယ့် အလားအလာကောင်းများကို မြင်တွေ့နေရပြီ ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။